ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

ပြည်သူ့ခေတ်

စကားပန်း

အကျဉ်းမှာ

ဒီချုပ် – နအဖ အကြားမှ နိုင်ငံရေးအာဏာပြဿနာ လွှန်ပွဲ	၁
၂၀ ရာစုမှ ၂၁ ရာစုသို့ ယူလာရသော မပြတ်သေးသည့် ပြဿနာများ	၅
ကူးတို့ဆိပ် မို့အိတ်ဖွင့်လိုက်သလိုဖြစ်မယ့် စစ်ပွဲ	၂၂
ထုတ်ပြန်ကြေညာချက်များ	၂၆
သဝဏ်လွှာ	၃၈
နိုင်ငံခြားသားကြောက်ရောဂါ	၄၀
ကိုလိုနီသစ်ဖြစ်တဲ့ ပုံစံနှစ်မျိုး	၄၅
နှစ်ပေါင်း ၁၃၁ နှစ် ရှိပြီဖြစ်တဲ့ အင်တာနေရှင်နယ်သီချင်း	၄၈
ဘားတော့ဘရက်နဲ့ သူ့ကဗျာ	၅၀
တရားမျှတမှုရဲ့ မဟာချောက်ကမ်းပါးကြီး (ဘာသာပြန်ကဗျာ)	၅၃
အမေရိကန်ခေတ် သို့မဟုတ် စစ်ခေတ်	၅၄
လူဆိုးတွေနဲ့ သူတိုင်ပင်	၅၇
ကမ္ဘာ့နိုင်ငံများ လက်တွဲညီညွတ်ကြရမည့် ကုလသမဂ္ဂနိုင်ငံရေး	၅၉
ANZUS အကြောင်း အမေးအဖြေ	၆၅
အရှေ့တောင်အာရှထဲ ကုလားအုတ်ခေါင်း ဝင်လာနေပြီ သတိရှိကြ	၆၈
နိုင်ငံတကာကွန်မြူနစ်တို့၏ ၂၁ ရာစု အမြင်များ	၇၀
အကြိမ်ပေါင်း ၆၃၇ ကြိမ် လုပ်ကြံခြင်း ခံရသူ	၇၂
မှတ်ချက်မလိုသော စကားများ	၇၄
နှစ်ဆယ့်တစ်ရာစုနှစ်၏ ပထမဆုံးနှစ်နဲ့ ဒီကမ္ဘာ	၇၇
သက္ကရာဇ် ၂၀၀၁ – ခုနှစ်အတွင်းက ဗမာပြည်	၇၉

အမှတ် (၂၁)

မတ်လ၊ ၂၀၀၂ ခုနှစ်။

ဒီ/ချူပ် – နအဖ အကြားမှ နိုင်ငံရေးအာဏာပြဿနာ လွန်ပွဲ

(ဗကပ နှင့် နေဝင်းစစ်အုပ်စု နှစ် ၆၀ ဆက်ဆံရေးမှကောက်ချက်)

ဤပန်ဆောက်ကတည်းက နေဝင်းစစ်အုပ်စု လောင်းလျှာများနှင့် ဗကပ ဆက်ဆံခဲ့ ရသည်။ လွတ်လပ်ရေးတိုက်ပွဲကာလ၊ ပြည်တွင်းစစ်ကာလမှ ယခုတိုင်ဆက်ဆံရခြင်းဖြစ်၍ နှစ် ၆၀ ခန့် ရှိပြီ။ ထိုဆက်ဆံမှုများကို အကျဉ်းရုံး တင်ပြပါသည်။ ကောက်ချက်လည်း ဆွဲပြပါသည်။ ပြိုင်ဘက်မှ ရန်ဘက်သို့ တိုးတက်သွားသည့်ဆက်ဆံရေး ဖြစ်ပါသည်။

ထို့ကြောင့် စစ်အုပ်စုနှင့် ယှဉ်ပြိုင်နေကြသော နိုင်ငံရေးအင်အားစုများအတွက် အကိုး အကားပြုရန် အသုံးတည့်နိုင်ပါသည်။

၂၀၀၂ ခုနှစ်တွင် အပြောင်းအလဲ ရှိမည်ဟု ကမ္ဘာက နိမိတ်ဖတ်ကြပါသည်။ သူတို့လိုချင်သည့်ဘက် ဆွဲ၍လည်း ပြောကြပါသည်။ မလေးရှား၏ ရပ်တည်မှုနှင့် လုပ်နေသော ကုလသမဂ္ဂကိုယ်စားလှယ်၏ ပြောစကားကိုယူ၍ နိမိတ်ဖတ်ကြခြင်း ဖြစ်ပါသည်။ ပြည်တွင်းပြည်ပ လူပြိန်းတွေမပြောနှင့် ဒီ/ချူပ် ပြောရေးဆိုခွင့်ရှိသူကပါ ဝင်၍နိမိတ်ဖတ်မိသဖြင့် အတော်ကလေး ဂယက်ထခဲ့ပါသည်။

ဆင်းရဲဒုက္ခအပေါင်းက လွတ်ချင်နေသော ပြည်သူလူထုကလည်း ဤတာရီတွင် အကောင်းဘက်သို့ ပြောင်းတော့မည်ဟု ထင်ခဲ့ကြပါသည်။ ဇန္နဝါရီ (၄) ရက်ကို မျှော်ခဲ့ကြပါသည်။ သို့သော် မျှော်ရက်ချိုး မနပ်ပါ။

ဤအခြေအနေတွင် ဗကပ က ဝင်ပြောသင့်ပြီဟု ထင်ပါသည်။ အနုအကြမ်း တလှည့်စီသုံးပြီး စကားပြောပွဲသို့အရောက် ပို့ထားရသည့်စစ်အုပ်စု နောက်ပြန်လှည့် သွားမည် စိုးသောကြောင့် ထုတ်ပြန်ချက်များ ထုတ်ပြီး "စကားပြောပွဲ" ကို အားပေးခဲ့ပါသည်။ ကြားကအဖျက်သဘော ဝင်ပြောသလို ဖြစ်မည်ကို ရှောင်ခဲ့ပါသည်။

ပြည်တွင်းသာမက ကမ္ဘာကိုပါ စစ်အုပ်စုက လှည့်ဖြားလာသောကြောင့် နေဝင်းစစ်အုပ်စုနှင့် နှစ် ၆၀ နီးပါးဆက်ဆံခဲ့သော သမိုင်းကို တင်ပြပါမည်။ ကောက်ချက်ဆွဲ၍ ပြပါမည်။

ဆက်ဆံရေးအစ။ ၁၉၄၃ အကုန် ၁၉၄၄ အတွင်း ဖြစ်ပါသည်။ ဂျပန်စစ်ရှုံးတော့မည်မှာ သေချာနေပါပြီ။ ဂျပန်နှင့် ကိုယ်ရောစိတ်ပါ ပေါင်းခဲ့သော ဗစိန် ထွန်းအုပ်ဂိုဏ်းသား ဗိုလ်နေဝင်း ဂနာမငြိမ် ဖြစ်လာပါသည်။ ဗိုလ်အောင်ဆန်းက ဘေးချိတ်ထားသည်ဟု ထင်ကာ မကျေမနပ် ဖြစ်နေကြသည့် ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး အစရှိသော ဗိုလ်များနှင့် ဗိုလ်နေဝင်းပေါင်းမိပါသည်။ ဤသည်ပင် နေဝင်းစစ်အုပ်စု၏ အစဖြစ်ပါသည်။

ဗိုလ်မောင်မာင်၊ ဗိုလ်အောင်ကြီး တို့မှာ ဗမာပြည် နိုင်ငံရေးလောကမှ ပင်မရေစီး (တို့ဗမာအစည်းအရုံး) နှင့်ကင်းကွာသူများ မဟုတ်ပါ။ ကွန်မြူနစ်တို့၏ ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုကို သိပါသည်။ ဗိုလ်အောင်ဆန်း၏ ကွန်မြူနစ်သံယောဇဉ်အကြောင်း သိပါသည်။ ကွန်မြူနစ်များ တပ်တွင်း၌လှုပ်ရှားနေသည်ကိုလည်း သိပါသည်။ ထို့ကြောင့် ကွန်မြူနစ်နှင့်အပြိုင်လုပ်ရန် ဗိုလ်နေဝင်းကို စီမံကိန်းချ၍ ဆရာမွေးပါသည်။ ဗိုလ်နေဝင်းမှာ နိုင်ငံရေးသိက္ခာ မရှိရုံမက ကိုယ်ကျင့်တရားပါ ပျက်နေသူ ဖြစ်ပါသည်။ ထို့ကြောင့်သူ့ကို နိုင်ငံရေးသိက္ခာ တင်ပေးကြရ၊ ဝိုင်းဝန်း၍ စိတ်ဓာတ်တင်ပေးကြရပါသည်။ ထိုအချိန်မှစ၍ ဗိုလ်နေဝင်းသည် ဗိုလ်အောင်ဆန်းကို ကလန်ကဆန် လုပ်ပံ့လာခြင်း ဖြစ်ပါသည်။ ဗိုလ်အောင်ဆန်းက သူ့ကိုမယုံပါ။ သခင်သန်းထွန်း၏ ပါတီတွင်းမိမိကိုယ်ကိုဝေဖန်ရေး စာတမ်းတွင် သူ့အမှားကြီးနှစ်ခုကို ဖွင့်ပြောဖူးပါသည်။ ဦးဘဖေကို ဖဆပလထဲကို သွင်းမိသည့်အမှား (ဗိုလ်အောင်ဆန်းက ဒီအချောင်သမားကြီးကို ဖဆပလထဲထည့်လို့ ကောင်းပါ့မလားဟု ဇဝေဇဝါ ဖြစ်နေသည်) နှင့် ဗိုလ်အောင်ဆန်းက ဗိုလ်နေဝင်းကို ပြင်းပြင်းထန်ထန် အရေးယူမည် လုပ်သောအခါ ဝင်၍ ဗိုလ်နေဝင်းကို ကာကွယ်ပေးခဲ့မိသည့်အမှားဟု တင်ပြပါသည်။ အင်္ဂလိပ်ပြန်ရောက်လျှင် စစ်တရားခံဖြစ်တော့မည် ထင်ပြီး ကြောက်နေသော ဗိုလ်နေဝင်းသည် ဗစိန် ထွန်းအုပ်တို့နှင့် လမ်းခွဲလိုက်နိုင်ပါသည်။ (ဗိုလ်အောင်ကြီးသည် ဗိုလ်နေဝင်းအပေါ် သူ့ကျေးဇူးရှိဖူးသည်ကို ခဏခဏပြောသဖြင့် ဗိုလ်နေဝင်း မကြည်ပါ။ အခြေခိုင်သောအခါ ဗိုလ်အောင်ကြီးကို ကန်ထုတ်ပါသည်။)

အတိုချုပ်သော် ဗိုလ်နေဝင်းသည် 'လက်ဝဲ' အုပ်စုတွင်းသို့ လျော့ရိလျော့ရဲ ဖွဲ့စည်းထားသော ဆိုရှယ်လစ်ပါတီမှတဆင့် ရောက်ပါသည်။ 'ဥဘဏ်ကြီးရှင်' ဦးကျော်ငြိမ်း၏ စီမံကိန်းဖြင့် ဦးသိန်းဖေ (မြင့်) က "လက်ဝဲညီညွတ်ရေး" လုပ်ရာတွင် ဥက္ကဋ္ဌ ဖြစ်လာပါသည်။ (ဗိုလ်ရန်အောင်တို့ကို ထောင်မှလွှတ်၍ "လက်ဝဲညီညွတ်ရေး" တမန်တော်အဖြစ် တောထဲသွားစေပါသည်။ ပြည်ထဲရေးဝန်ကြီး အမိန့်မပါဘဲ ဤသို့ မလုပ်နိုင်ပါ။ ဤအထောက်အထားအရ ဦးကျော်ငြိမ်း

စီမံကိန်းဖြစ်ကြောင်း သိသာပါသည်။)

၁၉၄၄ က ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး စီမံကိန်းကြောင့် လက်ဝဲ ဖြစ်လာသော ဗိုလ်နေဝင်းသည် ၁၉၄၈ ဦးကျော်ငြိမ်း စီမံကိန်းဖြင့် "လက်ဝဲညီညွတ်ရေး" ဥက္ကဋ္ဌ ဖြစ်လာပါသည်။ ဗိုလ်နေဝင်းသည် ထိုစဉ်က နိုင်ငံရေးအာဏာကို မမျှော်မှန်းဝံ့ပါ။ ကာကွယ်ရေးဝန်ကြီး နေရာမျှသာ မှန်းပါသည်။ ဦးကျော်ငြိမ်းတို့ကသာ နိုင်ငံရေးအာဏာရရေးကို မှန်းပါသည်။ ဦးနု၏ 'တာတေစနေသား' နှင့် ဦးသိန်းဖေ (မြင့်) ၏ 'ကျော်ငြိမ်း' ကိုဖတ်လျှင် 'ကျော်ငြိမ်းစီမံကိန်း' အပြည့်အစုံကို တွေ့ရပါမည်။ ဦးကျော်ငြိမ်းသည် ဦးနု၏ပျော့ကွက်နှင့် ဦးသိန်းဖေ (မြင့်) ၏ ပရမ်းပတာလုပ်ဟန်ကို အသုံးချ၍ ဗိုလ်နေဝင်းကို ကာကွယ်ရေးဝန်ကြီးဖြစ်အောင် လုပ်ပေးနိုင်ခဲ့ပါသည်။

သို့သော် လွယ်လွယ်တော့ မဟုတ်ပါ။ ဗိုလ်ဇေယျ တောခိုရပါသည်။ (ဗိုလ်) ဦးတင်ထွဋ် လုပ်ကြံခံရပါသည်။ [ဦးတင်ထွဋ်မှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်ပြီး စစ်ဗိုလ်လုပ်နေသူ ဖြစ်ပါသည်။ အပူတပြင်းလိုနေသော စစ်လက်နက်များ (အင်္ဂလိပ် လက်နက်) အိန္ဒိယထံမှရအောင် လုပ်ပေးနိုင်မည့်သူ ဖြစ်ပါသည်။ သူသည်ကာကွယ်ရေးဝန်ကြီး လုပ်နိုင်သူဖြစ်နေ၍ ရှင်းပစ်ရသည်။]

ဗိုလ်နေဝင်းကို စစ်တပ်အာဏာကိုင်ထားနိုင်သူဖြစ်အောင် ဆိုရှယ်လစ်များ ဝိုင်း၍ပင့်တင်ပေးလိုက်နိုင်ပါပြီ။

ဆက်ဆံရေးအလယ်။ ဖဆပလ (၂) ခြမ်းကွဲသည်မှ စပါသည်။ 'နိုင်ငံရေးအာဏာ' သန့်ရှင်းယူမလား – တည်မြဲယူမလား – ပြဿနာ ပေါ်ပါသည်။

အစဝိုင်းက 'နိုင်ငံရေးအာဏာ ပြဿနာ' မှာ အဓိကအားဖြင့် ဖဆပလနှင့် ကွန်မြူနစ်တို့၏ အားပြိုင်ပွဲဖြစ်ခဲ့ပါသည်။ ၁၉၅၈ တွင် ဖဆပလ ကွဲသောအခါ 'သန့်ရှင်း' 'တည်မြဲ' အားပြိုင်ပွဲအဖြစ် ပြောင်းသွားပါသည်။ ဦးနု၏ 'သန့်ရှင်း' က မြေပေါ်ကွန်မြူနစ်ဟု ဆိုသော 'ပမည်တ' အားကိုယူပြီး 'နိုင်ငံရေးအာဏာ' လက်မလွတ်အောင် လုပ်ပါသည်။

'တည်မြဲ' တို့ ဆွေ့ဆွေ့ခုန် မခံမရပ်နိုင် ဖြစ်ကြပါသည်။ 'ကျော်ငြိမ်းစီမံကိန်းကြီး' ရေစုန်မျောတော့မည်ကို စိုးရိမ်လာပါသည်။ ကာကွယ်ရေးဝန်ကြီးအာဏာဖြင့် တပ်တွင်းအင်အား စုစည်းမိပြီဖြစ်သော စစ်ဦးစီးချုပ် ဗိုလ်နေဝင်းကို 'နိုင်ငံရေးအာဏာ' အရယူနိုင်းပါသည်။ နေဝင်းအိမ်စောင့်အစိုးရပေါ်ပါသည်။ ဗိုလ်နေဝင်း၏လောဘကို တဆင့် တက်အောင် လုပ်ပေးသူများမှာ ဦးကျော်ငြိမ်းတို့ပင် ဖြစ်ပါသည်။ တည်မြဲက 'နိုင်ငံရေးအာဏာ' မရလျှင် တည်မြဲဝိုဏ်းသား ဗိုလ်နေဝင်း အာဏာရလျှင် ကျနပ်ပြီဟု ဖြောင်ပင်ကြွေးကြော်ကြပါသည်။ ဗိုလ်နေဝင်းကား 'အိမ်စောင့်အစိုးရ' ခေတ်တွင် 'နိုင်ငံရေးအာဏာ' ၏ အရသာ တွေ့သွားချေပြီ။ တိုင်းပြည်၏ ကံကြမ္မာကို အဆိုးဆုံးဘက်သို့ လှည့်စေတော့မည်။ ဖွတ်တကောင် မြစ်ထဲဆင်း မိပြီး မိချောင်းဖြစ်သည့်ကာလမှာ ၁၉၅၈ ခုနှစ် ဖြစ်သည်။

အိမ်စောင့်အစိုးရက ဗကပ ချေမှုန်းရေး ဇောက်ချလုပ်သည်။ သူတို့က မြေပေါ်ကွန်မြူနစ်ဟု ခေါ်သော ပမည်တကို ဖိနှိပ်သည်။ ပမည်တကား နာလန်မထူတော့ပါ။ ဗကပသည်လည်း ထိုကာလတွင် ရန်သူ့လက်ချက်ဖြင့် အထိနာဆုံးကာလ ဖြစ်ပါသည်။

"ဖြို့ပေါ်မှာ ကွန်မြူနစ်ရှာလို့ တောထဲသွား ပင့်ခိုင်းနေတာ မဟုတ်ဘူး၊ လက်နက်ချမယ်မပြောရင် သတ်ပစ်ခဲ့" ဟု တရားဝင်အမိန့်ထုတ်ပြီး ချေမှုန်းပါသည်။ ဗိုလ်သိန်း၊ ဗိုလ်အာဠာဝကတို့ကို အရှင်မိပြီးမှ သတ်ပါသည်။

KNU ကိုတော့ ဗကပချေမှုန်းရေး အတွက် ဆွဲဆောင်ပါသည်။ ဗိုလ်အောင်ကြီးတို့ KNU နှင့် (၃) ကြိမ် လျှို့ဝှက်ဆွေးနွေး ပါသည်။ ၁၉၄၈ က ဗကပကို 'အစိုးရ၏ ကရင်တပ်ရင်း' များဖြင့် ချေမှုန်းရေးလုပ်ခဲ့သလို ၁၉၅၈ တွင် KNU အကူအညီဖြင့် တမျိုးတဖုံလုပ်လိုခြင်း ဖြစ်ပါသည်။

ပမည်တ နာလန်မထူတော့ခြင်းမှာ နေဝင်းပေါ်လစီကြောင့် ဖြစ်ပါသည်။ ပြတ်သားသူကိုချေမှုန်း (ကိုကိုးကျွန်းပို့သည်)၊ မပြတ်သားသူ သိမ်းသွင်း (သူတို့အဖမ်းမခံရပါ။ နောင်တွင် မဆလကို အလုပ်အကျွေးပြုသူများ ဖြစ်လာသည်။)

၁၉၅၂ ခုနှစ်သည် 'နိုင်ငံရေးအာဏာ' ပြဿနာကြောင့် ထိပ်တိုက်တွေ့မှုအသစ် ဖြစ်လာပါသည်။ ဤတချီတွင် ထိပ်တိုက်တွေ့သူများမှာ ပထစ နှင့် ဖက်ဒရယ်မှ လက်ခံသူများကတဖက် နေဝင်းစစ်အုပ်စုက တဖက် ဖြစ်ပါသည်။

(၁၉၆၂၊ မတ်လ ၂ ရက်) မှာ နေဝင်းစစ်အုပ်စု မွေးဖွားလာသည့် တိုင်းပြည်အတွက် မကောင်းဆိုးဝါးနေ့ ဖြစ်ပါသည်။

ဆိုရှယ်လစ်ပါတီမှာ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲတွင် မရှုမလှ ရှုံးခဲ့ပါပြီ။ ဦးကျော်ငြိမ်းမှာ အမတ်အဖြစ်ပင် အရွေးမခံရပါ။ နေဝင်းသည် အမှီသစ်ရှာပါသည်။ ဦးနုကို တွေ့ပါသည်။ ဦးနုနှင့်ပေါင်းပြီး ဆိုရှယ်လစ်ထိပ်သီး ဗိုလ်အားလုံးကို နေဝင်းက တပ်မှထုတ်ပါသည်။ သံအမတ်၊ စစ်သံမှူးခန့်၍ ပြည်ပပို့ပါသည်။ (နိုင်ငံရေးအာဏာ မမြဲခင်က လုပ်နည်းပါ။ အာဏာမြဲတော့ တပ်မှထုတ်သူကို ထောင်ထဲပို့ပါသည်)

ဆိုရှယ်လစ်စစ်အုပ်စုမှ နေဝင်းစစ်အုပ်စုသို့ အလှည့်အပြောင်း

ဆိုရှယ်လစ်ဗိုလ်များကို တပ်ထုတ်ရသည်မှာ မလွယ်ပါ။ ဗိုလ်အောင်ကြီး သစ္စာဖောက်မှုနှင့် ဦးနုကို အယုံသွင်းနိုင်မှုကြောင့် လုပ်နိုင်ခြင်း ဖြစ်ပါသည်။

ဗိုလ်နေဝင်း၏လုပ်ဟန်မှာ တခုကို ထိုးနှက်ဖို့ တခုကိုကပ်ခြင်း ဖြစ်သည်။ သူ့တွင် ကိုယ်ပိုင်နိုင်ငံရေးသြဇာ မရှိမှန်း၊ ပုဂ္ဂလိကစရိုက်မကောင်းမှန်း သူကိုယ်တိုင် သိပါသည်။ ထို့ကြောင့်ပင် အမှီရှာရသည်။ ဆိုရှယ်လစ်ဗိုလ်များကို ဖြုတ်စဉ် ဦးနုကို မှီရသည်။

ဦးနုကို မည်မျှကပ်၍ပလီခဲ့သနည်း ဆိုသည်ကို အတိအကျမသိပါ။ သို့သော် ဦးနုကို အယုံသွင်းနိုင်ခဲ့သည်မှာ သေချာသည်။ ၁၉၆၂ မတ်လ ၂ ရက် ညက အဖမ်းခံနေရသောဦးနုက ဗိုလ်နေဝင်းအတွက် ပူပင်ခဲ့ရှာသည်။ ဗိုလ်နေဝင်းကိုပါ ဆိုရှယ်လစ်စစ်အုပ်စုက ဖမ်းထားပြီဟု ထင်ခဲ့ရှာသည်။ (တာတေစနေသားကြည့်)

ပထစများ '၁၉၆၀ ရွေးကောက်ပွဲ' အောင်ပွဲရသောအခါ ဝန်ကြီးချုပ်ဦးနု၏ အိမ်အတွင်း မဏ္ဍပ်ကြီးထိုးပြီး အောင်ပွဲခံကြသည်။ တဦးပြီးတဦးထပြီး ဆိုရှယ်လစ် စစ်ဗိုလ်များ၏ ဘက်လိုက်မှုကို စွဲချက်တင် ကြသည်။ ဆိုရှယ်လစ်စစ်ဗိုလ်များ ဦးစီးသည့် တပ်မတော်ကို အဓိကရန်သူဟု ကြေညာကြသည်။ (ဤသို့ပြောနေကြသည်ကို ဦးနုက သူမကြားပါ၊ မသိပါဟု ဖြောင်လိမ်သည်။ အသံခွဲစက်ဖြင့် အော်နေပြီး သတင်းစာတွေထဲ ပါနေသည်ကို မုချသူသိ

ရမည်။)

ဗိုလ်နေဝင်းအတွက်တော့ ဆိုရှယ်လစ်ပါတီကို သစ္စာဖောက်ရမည့်အချိန်ကောင်းမှန်း သိသွားပါသည်။ ထို့ကြောင့် ဆိုရှယ်လစ်စစ်ဗိုလ်များကို အစုလိုက်ထုတ်ပစ်လိုက်သည်။ ဗိုလ်တယောက်က နေဝင်းကို ငိုယိုတောင်းပန်သည်ဟု ကြားရသည်။ နေဝင်း၏စရိုက်သည် လူမိုက်ဂိုဏ်း ဂိုဏ်းချုပ်၏စရိုက် ဖြစ်သည်။ ရက်စက်စရာရှိလျှင် သူမတူအောင် ရက်စက်သည်။ ကတိကို လွယ်လွယ်ပေးပြီး လွယ်လွယ်ဖျက်သည်။ စကားကို တောင်စဉ်ရေမရပြောပြီး လူတွေကို လှည့်စားသည်။ ဆိုခဲစေမြဲစေမဟုတ်။

၁၉၆၂ တွင် နိုင်ငံရေးအာဏာကို ရလိုက်သော်လည်း နိုင်ငံရေးတည်ငြိမ်မှု မရှိပါ။ ဦးနုနှင့်အပေါင်းပါများကို ထောင်ထဲထည့်ထား နိုင်သော်လည်း ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ကို ငြိမ်အောင်မလုပ်နိုင်သေးပါ။ ကျောင်းသားများ (ဗကသ) ကလည်း ၇ ရက်ဇူလိုင်တွင် အားစမ်းခဲ့သည်။ အကြမ်းဖက်နှိမ်နင်းနိုင်သော်လည်း စစ်အုပ်စု သွေးလန့်နေသည်။ (ယခုအထိ တစ်တရားခံ လွှဲချနေကြသည်ကို ကြည့်ပါ)

ကျောင်းသားများသည် အခြေခံအားဖြင့် လက်ဝဲအင်အားစုများဖြစ်ရာ သူတို့ကို ချွေးသိပ်ဖို့လိုသည်။ လက်ယာအင်အားစု ဗဆွေ၊ ကျော်ငြိမ်းတို့ကို ထောင်ထဲပို့ရန် လိုသည်။ မိမိအနီးမှ နံပါတ် (၂) ဗိုလ်အောင်ကြီး ကလည်း ဦးဗဆွေတို့နှင့် ခြေရှုပ်နေသည်။ ဆိုရှယ်လစ်ဗိုလ် (ဟောင်း) များလည်း နိုင်ငံခြားရောက်၊ နိုင်ငံခြားအဆက်အသွယ်ရှိနေသည်။ စိတ်မချရ။ မောင်မောင်၊ အောင်ကြီး ဆိုရှယ်လစ်စစ်အုပ်စု ပြန်ပေါ်နိုင်သည်။

မြို့ရှင် ဂျပန်ကလည်း စစ်တပ်က အာဏာ ရေရှည်သိမ်းမထားရန် တိုက်တွန်းနေသည်။ အိမ်နီးချင်းတရုတ်ပြည်ကလည်း ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ ဗကပနှင့် စေ့စပ်ဆွေးနွေးရန် တိုက်တွန်းနေသည်။

ဤသို့ဖြင့် အကြံသမားနေဝင်းသည် လက်ဝဲနှင့်ပေါင်းပြီး လက်ယာကိုထိုးနှက်ရန် 'စေ့စပ်ဆွေးနွေးပွဲ' လုပ်ခဲ့ပါသည်။

ဗကပနှင့် ဆွေးနွေးပွဲလုပ်ရန် အပူတပြင်း လိုအပ်နေသဖြင့် (ဒါမှ ဗဆွေ၊ ကျော်ငြိမ်းနဲ့ အပေါင်းပါတွေ ထောင်ထဲထည့်နိုင်မယ်) အလျှော့ပေးမှုများ လုပ်ပါသည်။ သူ့အသံလွှင့်ဖိတ်ခေါ်ချက်ကိုပင် တည်းဖြတ်ခွင့်ပေးပါသည်။ တရုတ်ပြည်ရောက် ခေါင်းဆောင်များကို ပြန်လာခွင့်ပေးပါသည်။ ဗိုလ်ဇေယျ၊ သခင်ဗသိန်းတင်တို့နှင့် နှစ်ကိုယ်ကြား စကားများ ပြောပါသည်။ သခင်သန်းထွန်းနှင့် "ယုံကြည်မှုတည်ဆောက် " ပါသည်။

ဆွေးနွေးပွဲအောင်မြင်၍ ဗကပသာရန်ကုန်ရောက်လာလျှင် သူတို့ထူထောင်သည့် မဆလပါတီကို လွှဲအပ်ပေးတော့ မယောင်ယောင်၊ သူကတပ်သို့ပြန်ပြီး နိုင်ငံရေးထဲဝင်မစွက်တော့ မယောင်ယောင်ပြော၍ မှာပါသည်။ (သခင်သန်းထွန်း၏၂၀၊ ၈၊ ဖဲ့ရက်စွဲပါ နေဝင်းထံပေးစာကြည့်)

သခင်သန်းထွန်းသည် ဦးသိန်းဖေမြင့်လို ပြောတိုင်းယုံသူ မဟုတ်ပါ။ လက်တွေ့နိုင်ငံရေးတွင် ကျွမ်းကျင်သူဖြစ်ပါသည်။ ထို့ကြောင့် ခြေလှမ်းပေါင်းမြောက်မြားစွာလှမ်းပြီး နေဝင်းကို အကဲစမ်းပါသည်။ ရဲဘော်ဌေးခေါင်းဆောင်သည့် ပဏာမကိုယ်စားလှယ်အဖွဲ့ လွှတ်ပါသည်။

ဗိုလ်နေဝင်းသည် သူထောင်ထဲထည့်ချင်သောသူများကို ထည့်နိုင်ပြီး တိုင်းပြည်တခုလုံးကိုလည်း "ငြိမ်းချမ်းရေး" "လှည့်ကွက်ဖြင့်" ဖမ်းစားထားနိုင်သဖြင့် ပေါ်လစီချက်ချင်းပြောင်းကာ စေ့စပ်ဆွေးနွေးပွဲကိုဖျက်လက်ဝဲအင်အားစုများကိုဖမ်း လုပ်ပါသည်။ 'ငါးမရလည်း ရေချိုးပြန်မယ်' ဟု သဘောထားကာ စေ့စပ်ရေးလုပ်ခဲ့ခြင်း ဖြစ်သည်။ ဗဆွေ၊ ကျော်ငြိမ်းနဲ့အပေါင်းပါများ ထောင်ထဲထည့်ပြီး ပြီဖြစ်၍ ရေချိုးပြီးပြီ။ ထို့ကြောင့် စေ့စပ်ဆွေးနွေးပွဲကို ဖျက်ပါသည်။

နေဝင်းစစ်အုပ်စု လုပ်ဟန်သည် လှည့်ကွက်လုပ် အချိန်ဆွဲရေး၊ အဆင်ပြေသလို စခန်းသွားရေး ဖြစ်ပါသည်။ ဗိုလ်နေဝင်း၏ တပည့်သားမြေးများလည်း ဤအတိုင်းပင် လုပ်နေပါသည်။

သူတို့ကား ပြည်ချစ်နိုင်ငံရေး သမားများ မဟုတ်ပါ။ နိုင်ငံရေးအာဏာကို တပ်မက်သော စစ်ဗိုလ်များသာ ဖြစ်ပါသည်။

နိုင်ငံရေးသမားကွဲလျှင် လူထုထောက်ခံမှုရရန် နိုင်ငံရေးအရ အပြန်အလှန်စွဲချက်တင်ကြပါသည်။ (၁၉၄၆ ဖဆပလ ကွန်မြူနစ် အကွဲနှင့် ၁၉၅၈ ဖဆပလ အကွဲကို ကြည့်)

အာဏာသိမ်းစစ်ဗိုလ်များကွဲလျှင် အပြန်အလှန်စွဲချက် မတင်ပါ။ ပုတ်သင်ဥပေါ်မည် စိုးကြပါသည်။ နိုင်ငံရေးအရ ကွဲခြင်းမဟုတ်၍ ပြောစရာလည်း မရှိပါ။ ပြောဖို့လိုသည်လည်း မထင်ပါ။ သူတို့သည် လူထုထံမှ မဲတောင်းမည့်သူများ မဟုတ်၍ လူထုကို ရှင်းလင်းတင်ပြနေစရာမလိုဟု သဘောထားပါသည်။ လူထုဆိုသည်မှာ အာဏာဖြင့် ငြိမ် – ဝပ် – ပိ – ပြား အောင် လုပ်ထားရမည့် သူများဟုသာ ယူဆကြပါသည်။

သူတို့သည် နိုင်ငံရေးအာဏာကို သိမ်းခဲ့သည့် ၁၉၈၈ ခုနှစ်တွင် လူထုအုံကြွစအခါက အကြမ်းဖက်နှိမ်ခဲ့သည်။ နှိမ်မရဘဲ လူထုနှင့် မျိုးချစ်ပြည်ချစ် တပ်မတော်သားများ ပူပေါင်းမိမလို ဖြစ်သွားသည်။ ဤကိစ္စတွင် မျိုးချစ်တပ်မှူးဟောင်းများ၏အခန်း အရေးပါပါသည်။

သူတို့သည် ဗိုလ်အောင်ဆန်းလို နိုင်ငံရေးသမားမှ စစ်ဗိုလ်ဖြစ်လာသူများ ဖြစ်ကြသည်။ နိုင်ငံရေးအငွေ့အသက် မကုန်သေးပါ။

နိုင်ငံရေးသမားမှ စစ်ဗိုလ်ဖြစ်လာသူများ နဝတ – နအဖ စစ်အုပ်စုတွင် မရှိပါ။ နေဝင်းက နိုင်ငံရေးစစ်ဗိုလ်ကို အပြတ်ရှင်းထားပြီး ဖြစ်သည်။ ကြေးစားစစ်ဗိုလ်များကို မျိုးဆက်သစ်အဖြစ်ရွေးပြီး စစ်တပ်အာဏာအပ်ခဲ့ပြီး ဖြစ်ပါသည်။

နဝတ – နအဖသည် နေဝင်းစစ်အုပ်စု ပထမခေတ်ကလို နိုင်ငံရေးကစားရန် မလိုပါ။ ထို့ကြောင့် တိုင်းရေးပြည်ရေး၊ နိုင်ငံရေးစကား မပြောပါ။ ("ငြိမ်းအဖွဲ့" များကို တို့နိုင်ငံရေးသမားမဟုတ်ဘူး၊ နိုင်ငံရေးစကားလာမပြောနဲ့၊ နိုင်ငံရေးအစိုးရဖြစ်မှ ပြောကြဟု အမြဲတမ်း နှုတ်ပိတ်ပစ်လေ့ ရှိပါသည်။)

သူတို့အလေးထားသည်မှာ 'နိုင်ငံရေး အာဏာ' ပြဿနာ ဖြစ်ပါသည်။ 'နိုင်ငံရေး အာဏာ' အတွက်ပင် ဒီ/ချုပ်နှင့် စကားပြောနေခြင်း ဖြစ်ပါသည်။ ဒီ/ချုပ်နှင့် နအဖ 'နိုင်ငံရေးအာဏာ' ကို မည်သူက ကိုင်တွယ်မလဲဆိုသော ပြဿနာကို မရှင်းနိုင်သမျှ ဘာမှဖြစ်မြောက်မည် မဟုတ်ပါ။

ဗိုလ်နေဝင်းသည် အာဏာပိုင်ရှင်အစစ်အမှန်သည် ပြည်သူလူထုဖြစ်သည်ဟု ပြောခဲ့ပါသည်။ နောက်မှ လုပ်ချင်ရာ လုပ်ပါသည်။ သူလည်းတခါက နိုင်ငံရေးသမားစစ်ဗိုလ်ဖြစ်ခဲ့သောကြောင့်ပါ။

ယခု 'ကြေးစားစစ်အုပ်စု' မှာ ဤသို့ပင် မပြောဝံ့ပါ။ သူတို့က ပို၍လက်တွေ့ကျပါသည်။ သူတို့ရေးထားသော အခြေခံဥပဒေကို ဒီ/ချူပ် သို့ အတင်းထိုးပေးနေပါသည်။ ဒီ/ချူပ်နှင့် နအဖ ကြားမှ ပြဿနာမှာ ယုံကြည်မှုတည်ဆောက်ရေး ပြဿနာ မဟုတ်ပါ။ 'နိုင်ငံရေး အာဏာ' ပြဿနာ (အခြေခံဥပဒေ ဘယ်သူဆွဲမလဲ ဘယ်လိုဆွဲမလဲ ပြဿနာ) ဖြစ်ပါသည်။ လက်တွေ့ အာဏာကိုင်ထားသူက အဓိကလား– မဲဆန္ဒအရ၊ တရားဥပဒေအရ အာဏာပိုင်ခွင့်ရသူက အဓိကလား – ဆိုသော ပြဿနာ ဖြစ်ပါသည်။

ဒီ/ချူပ်၏ ဆုံးဖြတ်ချက် (၇) ချက်မှာ တောင်းဆိုချက်ချည်း ဖြစ်ပါသည်။ တောင်းနေရသူသည် အာဏာပိုင် မဟုတ်ပါ။

၂၅ ရာခိုင်နှုန်း ဒီလောက်လိုချင်လှတာ ပေးလိုက်ပါဟု ပြောသူများသည် 'နိုင်ငံရေးအာဏာ' သဘော နားမလည်သူများ ဖြစ်ပါသည်။

စစ်အုပ်ချုပ်ရေးမှ ဒိုင်အာခီ – ၉၁ ဌာနအုပ်ချုပ်ရေးသို့ တဆင့်ခြင်းသွားသော နှစ် (၅၀) ကျော် အင်္ဂလိပ် လုပ်ခဲ့သည့်နည်းကို 'ကြေးစားစစ်အုပ်စု' လုပ်နေခြင်း ဖြစ်ပါသည်။ ၉၁ ဌာနအုပ်ချုပ်ရေးတွင် ၂၅ ရာခိုင်နှုန်းကို အင်္ဂလိပ်က မယူပါ။ အမတ်နေရာအားလုံး ၁၃၂ မှာ ကုလားအမတ် (၈)၊ အင်္ဂလိပ်အမတ် (၃) နဲ့ အင်္ဂလိပ်ကပြား (၂) ယောက်ကိုပဲ အပိုင်ယူထားသည်။ ထိုအမာခံအမတ်များနှင့် လွှတ်တော်ကို ခြယ်လှယ်သွားပါသည်။ ၁၉၃၈ မှ ၁၉၄၁ အထိ သုံးလေးနှစ်အတွင်း အစိုးရအဖွဲ့ (၃) ဖွဲ့ ပြောင်းစေခဲ့ပါသည်။ (ဒေါက်တာဗမော်၊ သာယာဝတီဦးပု၊ ဂဠုန်ဦးစော) ဘုရင်ခံက ဗီတိုကိုင်ထားပါသည်။ ယခုစစ်အုပ်စုက ဗီတိုအာဏာ ယူထားပါသည်။

ဗကပ က 'အာဏာပြဿနာ' ကို လွယ်လွယ်မစဉ်းစားပါ။ ဗိုလ် (ဒေါက်တာ) မောင်မောင် အချိန်ဆွဲနေစဉ်က စစ်အုပ်စုက စစ်ရေးပြင်ဆင်မှုများ ကျိတ်ပြီးလုပ်နေသည်ကို ဗကပ က ကိုယ့်နည်းနှင့်ကိုယ် သိနေခဲ့ပါသည်။ ဗိုလ် (ဒေါက်တာ) မောင်မောင်ပြောတာ လက်ခံလိုက်ရင် အကောင်းသားဟု တချို့ပြောနေသံ ကြားရပါသည်။ နအဖပေးသလောက်နှင့် တင်းတိမ်လိုသောသူများထံမှ အာဘော် ဖြစ်ပါသည်။

နအဖ အချိန်ဆွဲနေပါသည်။ တဖက်က စစ်တပ်ကို ပြင်နေပါသည်။ အကောင်းဘက် ဖြစ်နိုင်သလို အဆိုးဘက်သို့ သွားနိုင်ပါသည်။

'နိုင်ငံရေးအာဏာ' ပြဿနာ မပြေလည်သမျှ ဘာကိုမှစိတ်ချ၍ မရပါ။ 'နိုင်ငံရေးအာဏာ' ပြဿနာ ပြေလည်ဖို့

(၁) စစ်အုပ်စု (နအဖ) ကို ဖျက်သိမ်းရမည်။ နောက်ထပ် 'န' တလုံး (နဝတ၊ နအဖ အပြီးတွင် နိုင်ငံတော်ဖြင့် စသော အဖွဲ့တဖွဲ့) မလိုတော့ပါ။

(၂)စစ်အစိုးရ ဖျက်ရမည်။ ဒီမိုကရေစီအစိုးရဖြင့် အစားထိုးရမည်။

(၃) တပ်မတော်ကို ပြုပြင်ရမည်။

ဤ (၃) ခု မရှိလျှင် စိတ်မချရပါ။ ဗိုလ်နေဝင်းမရှိရုံမျှဖြင့် စစ်အုပ်စု ပျောက်မသွားနိုင်ပါ။ ပြည်သူများ သတိရှိရမည် ဖြစ်ပါကြောင်း။ ။

****

ဒီ/ချူပ်နှင့် နအဖ 'နိုင်ငံရေးအာဏာ' ကို မည်သူက ကိုင်တွယ်မလဲဆိုသော ပြဿနာကို မရှင်းနိုင်သမျှ ဘာမှဖြစ်မြောက်မည် မဟုတ်ပါ။

ပုဂံ ရာဇဝင် ပုဂံသို့
ယူလာရန်သော
ဖေါ်ပြတော်သေးသည့်ပြဿနာများ



ပြည်တွင်းစစ်ပြဿနာ

အထက်ပါခေါင်းစီးဖြင့် ပြဿနာများကို တခုချင်းတင်ပြသွားပါမည်။ ယခုအပတ်တွင် "ပြည်တွင်းစစ်ပြဿနာ" ကို တင်ပြလိုက်ပါသည်။

စာတည်းအဖွဲ့။

အစီရင်ခံသူရဲ့အမှာ။

ပြည်တွင်းစစ် ပြဿနာဟာ မျိုးဆက်သစ်များ ဖြေရှင်းရမည့် အဓိက ပြဿနာ ဖြစ်ပါတယ်။ ပါတီတွင်း မျိုးဆက်သစ်များသို့ သိလိုက် မီလိုက်သမျှကို ပုဂ္ဂလိက အစီရင်ခံစာအဖြစ် တင်ပြတာ ဖြစ်ပါတယ်။ ဒီမိုကရေစီတော်လှန်ရေး မျိုးဆက်သစ်များလည်း (စိတ်ဝင်စားလျှင်) ဖတ်ရန် ပြည်သူ့အာဏာတွင် ဖော်ပြလိုက်ပါတယ်။

ပြည်တွင်းစစ်အကြိုနဲ့ အစပိုင်း ကာလများကကိစ္စများကို အဓိကဇာတ်ဆောင်များ ဖြစ်ကြတဲ့ ဦးနု၊ ဦးသိန်းဖေ (မြင့်) နဲ့ ဦးကျော်ငြိမ်းတို့သာ ရေးခဲ့ပါတယ်။ အခြားတဖက်က ခေါင်းဆောင်ကြီးများ မရေးနိုင်ခဲ့ပါ။

နု၊ သိန်း၊ ငြိမ်းတို့ကလည်း သူတို့ ရေးခဲ့စဉ်ကာလက သူတို့ရဲ့ နိုင်ငံရေးလိုအပ်ချက်အရသာ ရေးခဲ့တာ ဖြစ်နေပါတယ်။ တခုလုံးလှမ်းခြုံပြီး သုံးသပ်ခဲ့တာ မဟုတ်ပါ။

ဦးသိန်းဖေ (မြင့်) ရဲ့ "ကျော်ငြိမ်း" စာအုပ်မှာ ဦးကျော်ငြိမ်းက "နဲဝင်းနိုး" ဆိုတာပဲ ရေးပါတယ်။ ဦးသိန်းဖေ (မြင့်) ကလည်း ဦးကျော်ငြိမ်းလက်ခံနိုင်တာပဲ ရေးပါတယ်။ သူ့စာအုပ်အဖွင့်မှာပါသလို 'ပက်လက်ကုလားထိုင်မှာ အမြဲနှံ့သားမျက်နှာချင်းဆိုင်၍ထိုင် – စမ္ပဲ့ပြန်ခြင်း' ဆိုတာဟာ ရှေးဟောင်းနှောင်းဖြစ် ပြောရုံသက်သက် မဟုတ်ပါ။

ဦးနုကို အရှုံးပေးလိုက်ရတဲ့ အမတ်ပြိတ်နှစ်ဦး ဦးနုကို ဆန့်ကျင်ဖို့ နိုင်ငံရေးတိုက်ကွက် ရှာကြတာ၊ ညှိနှိုင်းကြတာ ဖြစ်ပါတယ်။ စာအုပ်ရေးတဲ့နှစ်က (၁၉၆၁) ခုနှစ်ပါ။ ဦးနု (ပထစ) အစိုးရတက်နေချိန် ဖြစ်ပါတယ်။ နေဝင်းစစ်အုပ်စုလည်း အာဏာမသိမ်းရသေးပါ။ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ရွှေ အစရှိတဲ့ စစ်ဗိုလ်ကြီး (၁၃) ယောက်ကို တပ်ကထုတ်ပြီးကာစ ဖြစ်ပါတယ်။ ဗိုလ်မောင်မောင်ဟာ ဦးကျော်ငြိမ်းနဲ့ လုပ်ဖော်ကိုင်ဖက်ဆိုတာလည်း သတိပြုသင့်ပါတယ်။

အဲဒီ နိုင်ငံရေးနောက်ခံနဲ့ ရေးတဲ့ စာအုပ်ဖြစ်လို့ ယထာဘူတ မကျတာ၊ အဖြစ်မှန်နဲ့မကိုက်တာတွေ အများကြီး ပါနေပါတယ်။

ဦးကျော်ငြိမ်းရဲ့ နဲဝါနိုးကြည့်ရင်လည်း သူ့နိုင်ငံရေးရပ်တည်ချက်ကို ခုခံကာကွယ် လျှောက်လဲနေတာ ဖြစ်ပါတယ်။ သူဟာ ဘာကြောင့် လူမှုနှံများရတယ်၊ ဦးနုက လူပေါ်လူဇော်လုပ်တယ်ဆိုတာကို ပေါ်အောင် ရေးပါတယ်။

ဦးနုက ၁၉၇၈ ခုနှစ်မှာ "တာတေ စနေသား" ရေးပြန်တော့လည်း ကွန်မြူနစ်ဆန့်ကျင်ရေးမှာ သူသာလျှင် စိတ်ချရတယ်ဆိုတာ နယ်ချဲ့သမားတွေ အထူးသဖြင့် အမေရိကန်သိအောင် ရေးဖို့က အဓိကဖြစ်နေပါတယ်။ ပြည်တွင်းစစ် ဖြစ်တဲ့ကိစ္စကို ဦးသိန်းဖေ (မြင့်)၊ ဦးကျော်ငြိမ်းတို့နဲ့ တလေသံတည်း ရေးပါတယ်။ ပြည်တွင်းစစ် စတင်လုပ်ခဲ့တာတော့ သူမဟုတ်ဘူးလို့ ငြင်းပါတယ်။

ဗိုလ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်ဗသိန်းတင်တို့က ရေးမသွားနိုင်ကြပါ။ ဗိုလ်အောင်ဆန်းက လက်ဝဲညီညွတ်ရေးပျက်တာကိုပဲ မြင်သွားရသူပါ။ သခင်သန်းထွန်း၊ သခင်ဗသိန်းတင်တို့ကသာ ၁၉၄၈ ပြည်တွင်းစစ် ပြဿနာကို ပိုပြီးအတွင်းကျကျ ရေးနိုင်မှာ ဖြစ်ပါတယ်။

ပြည်တွင်းစစ် ပြဿနာ ဖြေရှင်းရမယ့်တာဝန်ဟာ မျိုးဆက်သစ်ရဲ့ ပခုံးပေါ်ရောက်နေပါပြီ။ ကွန်မြူနစ်တို့ဘက်က အမြင်ကို မိမိအနေနဲ့ သိလိုက်မီလိုက်သမျှ ရေးပါတယ်။ မှီငြမ်းကိုးကားရန်သာ ဖြစ်ပါတယ်။

အစီရင်ခံသူ။

ပြည်တွင်းစစ် ပြဿနာ၏ ဇာစ်မြစ်

ဗမာပြည်ကို လွတ်လပ်ရေးပေးရင် ပြည်တွင်းစစ် ဖြစ်လိမ့်မယ်လို့ စပြောသူက ချာချီ (Churchill) ပါ။

သူကလည်း စော၊ စိန်၊ မော် (ဦး

စော၊ သခင်ဗစိန်၊ ဒေါက်တာဗမော်) အားကိုးနဲ့ ပြောတာပါ။

သူပြောသလိုမဖြစ်ခဲ့ပါ။ လက်ဝဲညီညွတ်ရေးရဲ့အင်အား၊ ပြည်သူတွေရဲ့အင်အား ရှိနေလို့ မဖြစ်တာပါ။

ပြည်တွင်းစစ်ဖြစ်တာက လက်ဝဲညီညွတ်ရေး ပြိုကွဲတော့မှ ဖြစ်ပါတယ်။ လက်ဝဲညီညွတ်ရေးသာ မပြိုကွဲရင် ပြည်တွင်းစစ်ကို ဘယ်သူတွေကပဲ လှုံ့ဆော်နေနေ မဖြစ်နိုင်ပါ။ ဒါဟာ ဗမာပြည်ရဲ့ထူးခြားချက် ဖြစ်ပါတယ်။

လက်ဝဲညီညွတ်ရေး ပြိုကွဲတဲ့ဇာတ်လမ်း

သခင်စိုး

လွန်ခဲ့တဲ့ နှစ် ၆၀ ကျော်က ဖြစ်ခဲ့တဲ့ဇာတ်လမ်းမို့ ဇာတ်ရည်လည်အောင် ရှည်ရှည်ရေးရပါမယ်။ မူကွဲတွေလည်း ရှိနိုင်တာဖြစ်လို့ ပုဂ္ဂလိကတင်ပြချက်အဖြစ်ပဲ သဘောထားပါ။ အဓိကဇာတ်ကောင် ခေါင်းဆောင်ကြီးတွေ မရှိတော့လို့လည်း တင်ပြရတာ စိတ်မသန့်ပါ။

ဒါပေမဲ့ ပြဿနာဖြေရှင်းမယ့်သူတွေ သိထားမှ အဖြေရှာနိုင်မှာဖြစ်လို့ တာဝန်အရ တင်ပြပါတယ်။

လက်ဝဲညီညွတ်ရေး စပြီးပြိုကွဲတာ (ဗကပ) ထဲကပါ။ ၁၉၄၆ မှာပါ။ ဘရောက်ဒါဝါဒသွင်းလာသူလို့ စွပ်စွဲခံရတဲ့ ဦးသိန်းဖေ (မြင့်) နဲ့ သခင်စိုး (သူ့ကိုယ်သူ ဘရောက်ဒါဝါဂါမ ဖျက်ဆီးခံလိုက်ရတဲ့ အပျိုစင်လို့ သတ်မှတ်သူ) ရဲ့ ပဋိပက္ခက စပါတယ်။ ဘရောက်ဒါဝါဒကို အကြောင်းပြုပြီး တိုက်ကြတာပါ။ ဂိုဏ်းဂဏတွေနဲ့ပေါင်းပြီးတော့ မကျေနိုင်မချမ်းနိုင် တိုက်ကြပါတယ်။ အတွင်းပိုင်း ကျိတ်ပြီးတိုက်နေရာက ပဋိပက္ခကို မကြိတ်ချေနိုင်ဘဲ ပေါက်ကွဲသွားတာပါ။ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုအရ အများစုကြီးက သခင်ဗဟိန်း၊ ဦးသိန်းဖေ (မြင့်)၊ သခင်သန်းထွန်းတို့ရဲ့ ခေါင်းဆောင်မှု ခံယူပါတယ်။ အဲဒီတော့ သခင်စိုးက သူ့လူတချို့နဲ့ ပါတီခွဲထောင်ပါတယ်။ သခင်စိုးက ဗကပ ကိုရော၊ ဖဆပလ ကိုပါ ထောင်တိုက်ပါတယ်။

ဗကပ ကို တိုက်ရင် သိန်းသန်း (သိန်းဖေ၊ သန်းထွန်း) ကို ဦးတည်ပါတယ်။ အချောင်သမားလို့ ဆဲပါတယ်။ ဖဆပလ ကို တိုက်ရင် ဗိုလ်အောင်ဆန်းကို ဦးတည်ပါတယ်။ ဂျပန်နဲ့ပေါင်းသူ၊ "ဆောင်ကြာမြိုင်ဗိုလ်ချုပ်" လို့ သူကဆဲပါတယ်။ ဗိုလ်အောင်ဆန်းက ဘုရားဒေါင်လို့ ပြန်ပက်ပါတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ကို မတိုက်ပါဘူး။ ဘေးမဲ့ပေးပါတယ်။ အလေးထားစရာလို့ မထင်လို့ပါ။

"ဆွေငြိမ်း" တို့ကလည်း သူတို့အပြစ်နဲ့သူတို့ပို့ သိမ်ငယ်နေပါတယ်။ ဟဲဗီးဝိတ် အတန်း တက်မထိုးသေးပါ။ ဦးနုကိုတော့ နိုင်ငံရေးထဲ အတင်းဆွဲခေါ်ထားရချိန်ပါ။ တနေ့မှာ ဝန်ကြီးချုပ်ဖြစ်မယ့်သူလို့ ဘယ်သူမှ မထင်ခဲ့ပါ။ အဖြစ်အပျက်တခု တင်ပြပါမယ်။

ဖဆပလ ဗဟိုက အထက်ဗမာပြည်သို့ စည်းရုံးရေး ပထမဆုံးဆင်းစဉ်က အဖြစ်အပျက်ကလေးပါ။

ဗိုလ်အောင်ဆန်း၊ သခင်သန်းထွန်း (ဥက္ကဋ္ဌနဲ့အထွေထွေအတွင်းရေးမှူး) ခေါင်းဆောင်ပြီး ဆင်းလာတာပါ။ ဦးကျော်ငြိမ်း၊ ဦးဘဖေ၊ ဦးမြ (၂) မြ စသူများ ပါလာပါတယ်။ တမျိုးသားလုံးစည်းလုံးညီညွတ်ရေးဖို့ စည်းရုံးရေးဆင်းတာပါ။ ကိုလိုနီခေတ်ဟောင်း နိုင်ငံရေးသမားကြီးတွေကို အစည်းအဝေးခေါ်၊ ဖဆပလ သဘောထားရှင်းပြကြတာပါပဲ။ အဓိကရှင်းပြသူက ဗိုလ်အောင်ဆန်းနဲ့ သခင်သန်းထွန်းပါ။ ကျန်တဲ့ခေါင်းဆောင်တွေက ဘာမှဝင်မပြောပါဘူး။ ဦးဘဖေပဲ တခါဝင်ပြောပါတယ်။ နိုင်ငံရေးလုပ်တဲ့ ဆရာတော်တပါးက 'ဗမာပြည်နဲ့အင်ဒိုနီးရှား ဘယ်သူအရင် လွတ်လပ်ရေးရမလဲ' လို့ မေးပါတယ်။ ဗိုလ်အောင်ဆန်း၊ သခင်သန်းထွန်း (အထူးသဖြင့်သခင်သန်းထွန်း) တို့က စပြီးရှင်းပြပါတယ်။ အမျိုးသားစည်းလုံးရေးရှိသူက အရင်လွတ်လပ်ရေးရမယ် ဆိုတဲ့ သဘော ရှင်းနေတုန်း ဦးဘဖေက နိုင်ငံရေးသမားဟောင်းချင်းမို့ ခြေမြင်ပြီး "ဆရာတော်မေးတဲ့ မေးခွန်းက 'academic question ' ပဲ၊ ဖြေစရာမလိုဘူး" ဆိုတဲ့သဘော ပြောလိုက်ပါတယ်။ သခင်သန်းထွန်းလည်း ဆက်ရှင်းစရာမလို၊ အဲဒီဘုန်းကြီးလည်း ငြိမ်သွားပါတယ်။ (နောက်ပိုင်း လွတ်လပ်ရေးရပြီးတော့ အဲဒီဆရာတော် ဖဆပလမှာ တွင်ကျယ်နေပါတယ်)

ဦးကျော်ငြိမ်းကတော့ ဘာတခုမှ ဝင်မပြောပါ။ သူက ညပိုင်း "လက်ဝဲ" အချင်းချင်း (လက်တွေ့လုပ်နေကြတဲ့ ကေဒါတွေနဲ့ အစည်းအဝေး၊ ဦးဘဖေ၊ ဦးမြတို့ မပါဘူး) ဆွေးနွေးပွဲမှာ ပြောပါတယ်။ သူပြောတာက ဖဆပလ ဆိုင်းဘုတ်နဲ့ ဗကပဆိုင်းဘုတ်ယှဉ်ပြီး အဆောက်အဦတခုတည်းမှာ တင်ထားတာကို ကန့်ကွက်တာပါ။

ဗိုလ်အောင်ဆန်းက "တကယ်လုပ်တဲ့လူ နေရာရမှာပဲ" လို့ ပိတ်ပြောလိုက်တော့ ငြိမ်သွားပါတယ်။ စောဒကမတက်ပါ။

သခင်စိုး၊ ဗိုလ်အောင်ဆန်း အပြန်အလှန်အပုပ်ချပွဲ (သခင်စိုးက စတာ) ကျမှ ဗိုလ်အောင်ဆန်းကို ပစ်ပြီးထောက်ခံကာ ဦးကျော်ငြိမ်းတို့ ဆရာမွေးပါတယ်။ ဖဆပလ ကွန်မြူနစ်ကွဲတော့ သူတို့ပိုပြီး တွင်ကျယ်လာပါတယ်။ အထွေထွေအတွင်းရေးမှူးနေရာကို အပိုင်စီးကြပါတယ်။

နိုင်ငံရေးအမွေဆိုတာမှာ ကောင်းမွေရော ဆိုးမွေပါ ရှိပါတယ်။ သခင်စိုးရဲ့ ဂိုဏ်းဂဏက ဆိုးမွေပါ။ ဖဆပလ အတွင်း လက်ယာဂိုဏ်းကို အားတက်စေပါတယ်။ ဦးသိန်းဖေ (မြင့်) ရဲ့ သခင်စိုးအပေါ်ထားတဲ့ တန်ပြန် ဂိုဏ်းဂဏကလည်း (ဗကပ) ကို မနာလိုမရှုစိမ့် ဖြစ်နေတဲ့ ဆိုရှယ်လစ်ပါတီကို အားတက်စေတာပါပဲ။ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်စုဟာ ဖက်ဆစ်တော်လှန်ရေးမှာ မတက်ကြွခဲ့ပါဘူး။ အချောင်ခိုပါတယ်။ ဒါလူတိုင်းအသိပါ။ (ဗကပ) ထဲက အလံနီခွဲထွက်တော့ (ဗကပ) သိက္ခာကျပါတယ်။ ဆိုရှယ်လစ်ပါတီအတွက် အကွက်ကောင်းပါ။ သူတို့က ဦးသိန်းဖေ (မြင့်) ကို စည်းရုံးရမယ့်ပစ်မှတ်ထား ချဉ်းကပ်ပါတယ်။

[(စကားချပ်) ဘရောက်ဒါဝါဒ အကြောင်းပြုပြီး "ရှားစောင်းစေးနဲ့မျက်ချေး" ဖြစ်နေတဲ့ သခင်စိုးနဲ့ ဦးသိန်းဖေ (မြင့်) တို့ဟာ နောက်ဆုံးတော့ မဆလ ခြံထဲ ရောက်ကြပါတယ်။ သူတို့ချင်း စည်းလုံးမိကြပါတယ်။ သင့်မြတ်စွာအတူနေကြပါတယ်။ ဗိုလ်နေဝင်းကို အားတက်သရော အလုပ်အကျွေးပြုကြပါတယ်။ သက်တမ်းအတိုင်းနေပြီး သေဆုံးသွားကြပါတယ်။ ပါတီရဲ့သမိုင်းမှာ အထွေထွေ

အတွင်းရေးမှူးသုံးယောက်၊ ဥက္ကဋ္ဌသုံး ယောက် ခေါင်းဆောင်ခဲ့ပါတယ်။ ပထမဆုံး အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းက ရန်သူ့ လက်ချက်နဲ့ ကျဆုံးပါတယ်။ "ကြက်ခေါင်းဆိတ် မခံ" ဖြစ်ကြတဲ့ သခင်စိုးနဲ့ ဦးသိန်းဖေ (မြင့်) နှစ်ယောက်ပဲ သစ္စာဖောက်ဖြစ်ပြီး (မဆလ) ကို အလုပ်အကျွေးပြုသွားကြပါတယ်။ ဥက္ကဋ္ဌ နှစ်ယောက် (သခင်သန်းထွန်းနဲ့ သခင်ဇင်) က ရန်သူ့လက်ချက်နဲ့ ကျဆုံးပါတယ်။ ဥက္ကဋ္ဌ တယောက် (သခင်ဗသိန်းတင်) က အခြေအနေအရ ပြည်ပမှာ ကွယ်လွန်ခဲ့ပါတယ်။]

အလံနီက ဂိုဏ်းခွဲတော့ ဖဆပလ ထဲက လက်ယာဂိုဏ်း တစခန်းထသလို ဗမာပြည်ဆိုရှယ်လစ်ပါတီကလည်း တဖြည်းဖြည်းချင်း လက်ယာဘက်သို့ တိမ်းညွတ်သွားပါတယ်။ ဖဆပလက ဘုရင်ခံအမှုဆောင်အဖွဲ့ထဲ ဝင်မိတော့ အလိုတော်ရှိ ဦးတင်ထွဋ်နဲ့ ပေါင်းမိပါတယ်။ ပိုပြီးလက်ယာဘက် ယိမ်းပါတယ်။ အင်္ဂလိပ်နဲ့စေ့စပ်ရေးကို တက်တက်ကြွကြွ လုပ်ပါတယ်။ "ရရင်ရ မရရင်ချ" ဆိုတဲ့ ဗိုလ်အောင်ဆန်းလမ်းစဉ်ကိုတောင် မရဲတရဲ ဆန့်ကျင်ပါတယ်။ "ချရေး" ကို ပယ်ပြီး "ရရေး" ကို ဇောက်ချလုပ်ပါတယ်။ (ဗကပ) က "ချရေး" ကို ဇောင်းပေးပါတယ်။ ဗိုလ်အောင်ဆန်း ကျဆုံးတော့ သူတို့လွတ်လွတ် ကျွတ်ကျွတ် လက်ယာယိမ်းသွားကြပါတယ်။ ဦးနုကို မှုစရာလို့ သူတို့ဘယ်တုန်းကမှ သဘောမထားပါ။

(ဗကပ) နဲ့ ဗိုလ်အောင်ဆန်းတို့ လုပ်နေတဲ့ ဖဆပလ ကွန်မြူနစ် ညီညွတ်ရေး (လက်ဝဲညီညွတ်ရေး ပြန်လည်တည်ဆောက်ရေး) လည်း ဗိုလ်အောင်ဆန်းကျဆုံးလို့ သဲထဲရေသွန် ဖြစ်ရပါတယ်။ လွတ်လပ်ရေး မရခင်က ဆိုရှယ်လစ်ပါတီက ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးကို ဟန်ပြကိုင်စွဲပြီး (ဗကပ) ကို အညွှန့်ချိုးဖို့ လုပ်ပါသေးတယ်။ အညွှန့်ချိုးတဲ့နည်းက အများစုက ဆုံးဖြတ်ထားတာကို မဝေဖန်ရဆိုတာပါ။ ဖဆပလ တပ်ပေါင်းစုဟာ တူတာတွဲလုပ်၊ မတူတာခွဲလုပ်ဖို့ ဖွဲ့ထားတာပါ။ ပါတီမဟုတ်ပါဘူး။ မတူရင် ဝေဖန်ခွင့် ရှိရမှာပါ။

လွတ်လပ်ရေးရတော့ အညွှန့်ချိုးရေးက တဆင့်တက်ပြီး (ဗကပ) ချေမှုန်းရေး လုပ်ပါတယ်။ (ဗကပ) အညွှန့်ချိုးရေးနဲ့ ချေမှုန်းရေးဟာ အနှစ်သာရအရ ပြောရင် "လက်ဝဲအင်အားစု" ဆန့်ကျင်ရေးပါပဲ။

နောက်တော့ တခြားလက်ဝဲအင်အားစု ပြည်သူ့ရဲဘော်တွေ၊ တပ်တွင်း လက်ဝဲသမားတွေ (ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်သိန်း၊ ဗိုလ်လှမော်၊ ဗိုလ်စိုးမောင် စသူများ) တောခိုကြရပါတယ်။ နောက်ဆုံးမှာတော့ ဆိုရှယ်လစ်ပါတီထဲက လက်ဝဲအင်အားစုတွေတောင် ဖဆပလ အစိုးရရဲ့ အတိုက်အခံ ဖြစ်သွားရပါတယ်။ သူတို့ဟာ မြေပေါ် "ကွန်မြူနစ်" လို့ စွပ်စွဲခံရပြီး အနှိမ်ခံကြရပါတယ်။

အဲဒီကာလက အရေးကြီးဖြစ်စဉ်တချို့ တင်ပြပါမယ်။

"လက်ဝဲပြန်လည်ညီညွတ်ရေး" ကို ဗိုလ်အောင်ဆန်းလုပ်ခဲ့သလို ဦးနုနဲ့ ဦးသိန်းဖေ (မြင့်) တို့ လုပ်ခဲ့ပါသေးတယ်။

ဦးနုက "နုမူ" ဆိုတာ တင်ပြပြီး "လက်ဝဲညီညွတ်ရေး" လုပ်ပါတယ်။ "ရဲဘော်မူ" ဆိုတာကို ပြည်သူ့ရဲဘော်က စင်ပြိုင်တင်ပါတယ်။ ဆိုရှယ်လစ်ပါတီက ခြေထိုးဖျက်ဆီးပါတယ်။

"နုမူ" လုပ်စက အင်္ဂလိပ်က ဦးနုရဲ့ 'ပရိယာယ်ဝေဝုစ် ' ကို နားမလည်ပါဘူး။ 'ဗမာပြည် နီသွားပြီ ' လို့ ထင်ပါတယ်။ နောက်မှ ဦးနုရဲ့လှည့်ကွက်ဆိုတာ သိသွားပါတယ်။ ပြည်သူ့ရဲဘော်ကတော့ ဗိုလ်အောင်ဆန်း မရှိတော့ကတည်းက အဖမဲ့သား ဖြစ်နေတာပါ။ ဆိုရှယ်လစ်ပါတီက နုမူ၊ ရဲဘော်မူ ပဋိပက္ခမှာ ပြည်သူ့ရဲဘော်ကို မဖျက်သိမ်းနိုင်တော့ (၂) ခြမ်းခွဲပစ်လိုက် ပါတယ်။ အနည်းစုကို သိမ်းသွင်း၊ အများစုကြီးကို တောထဲမောင်းပို့ပါတယ်။

ဗိုလ်အောင်ဆန်းရှိစဉ်က ပြည်သူ့ရဲဘော်ကို ဆိုရှယ်လစ်ပါတီ မထိရဲပါဘူး။ ၁၉၄၇ အထွေထွေရွေးကောက်ပွဲမှာ ဗိုလ်အောင်ဆန်းက ပြည်သူ့ရဲဘော်ဗိုလ်တွေကို လွှတ်တော်ထဲ အမတ်အဖြစ် ပို့ပေးထားတာ မနည်းပါဘူး။

[စကားချပ်။ တော်လှန်ရေးကနေ ပေါက်ဖွားလာတဲ့ တပ်ကို အမတ်နေရာ ပေးတာနဲ့ တလက်ကိုင်ကြေးစားတပ်အတွက် အမတ်နေရာတောင်းတာ (အမတ် လေးပုံတပုံ တောင်းတာ) အနှစ်သာရချင်း မတူပါဘူး။]

ပြည်သူ့ရဲဘော်အမတ်က ဆိုရှယ်လစ်ပါတီအမတ်နဲ့ အင်အားချင်းဆတူလောက် ဖြစ်နေတာကို ဆိုရှယ်လစ်တွေ မနှစ်မြို့ပါဘူး။ "သိန်းဖေမြင့်၏ ကျော်ငြိမ်း" စာအုပ်မှာ ဦးကျော်ငြိမ်းက ပြည်သူ့ရဲဘော်ကို ကမ္ဘာ့ဗဟုသုတ ဘာမှမရှိသူတွေလို့ ရေးတာကို ကြည့်ပါ။ ပြည်သူ့ရဲဘော်ကို အမြန်ဖျက်သိမ်းဖို့လည်း သူလုပ်ခဲ့တာကို ဝန်ခံထားပါတယ်။

နုမူ ရဲဘော်မူ အငြင်းပွားမှုကို ချက်ကောင်းယူပြီး လက်ဝဲအင်အားစု ပြည်သူ့ရဲဘော်ကို ဖဆပလထဲက မောင်းထုတ် တာထဲပို့ ချေမှုန်းရေးလုပ်ခဲ့ပါတယ်။ ဒီလိုညစ်ပတ်နည်းမျိုးကို (ဗကပ) အပေါ်လည်း ၁၉၄၈ မတ်လက လုပ်ခဲ့ဖူးပါတယ်။ ဖဆပလ ကွန်မြူနစ်ညီညွတ်ရေး ဆွေးနွေးဖို့ဆိုပြီး ကွန်မြူနစ်ပါတီကယုံကြည်လောက်တဲ့ လူတွေပါတဲ့အဖွဲ့ ဖွဲ့ပါတယ်။ ဆွေးနွေးပွဲရက်ချိန်း သူတို့ပေးပါတယ်။ ပြီးတော့ အဲဒီရက်မှာပဲ ပြည်ထဲရေးဝန်ကြီးက ပါတီခေါင်းဆောင်စုကိုဖမ်းဖို့ ဝရမ်းထုတ်ထားပါတယ်။ တကယ်က မျှားခေါ်ပြီး ဖမ်းဖို့ပါ။

ဦးနု "လက်ဝဲညီညွတ်ရေး" နဲ့ နိုင်ငံရေးကစားတာနဲ့ မရှေးမနှောင်း ဦးသိန်းဖေ (မြင့်) ကစားပါတယ်။

ဦးသိန်းဖေ (မြင့်) ရဲ့ "လက်ဝဲညီညွတ်ရေး" လုပ်နည်းကတမျိုး ဖြစ်ပါတယ်။ ဗစိန် ထွန်းအုပ် လက်ယာဂိုဏ်းသား ဗိုလ်နေဝင်းကို ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးတို့က လက်ဝဲစာရင်းဝင်ဖြစ်အောင် လုပ်ပေးခဲ့ပြီး၊ ဦးသိန်းဖေ (မြင့်) က ဗိုလ်နေဝင်းကို လက်ဝဲသမားထိပ်သီးဖြစ်အောင် လုပ်ပေးကာ အာဏာသိမ်းခိုင်းတာပါပဲ။ ဦးသိန်းဖေ (မြင့်) ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေဟာ သံသယဖြစ်စရာချည်းပါပဲ။ တို့ဗမာအစည်းအရုံးခေတ်က ဦးသိန်းဖေ (မြင့်) ဟာ ပုလိပ်သတင်းပေးပဲလို့ ဗိုလ်နေဝင်းက အတိအကျ စွပ်စွဲပါတယ်။ ပုလိပ်မင်းကြီး ပရက်စကော့ကားပေါ် တက်လိုက်သွားတာ သူ့မျက်မြင်ပဲလို့ "ဝိကင်းဆွေးနွေးပွဲ ၁၉၇၉" တုန်းက ပြောပါတယ်။ တိတ္ထရင်းမြင်တာလို့တော့ မပြောပါ။

အခုကိစ္စမှာလည်း ဦးသိန်းဖေ (မြင့်) က ဦးကျော်ငြိမ်းနဲ့ ညှိပြီးလုပ်တာလို့ သံသယရှိစရာပါ။ ဗိုလ်နေဝင်းကို ကာကွယ်ရေးဝန်ကြီးအသေအလဲခန့်ချင်နေတဲ့ ဆိုရှယ်လစ်ပါတီက ဦးသိန်းဖေ (မြင့်) ကို အသုံးချပြီးလုပ်တဲ့ လှည့်ကွက်လို့ ထင်ရပါတယ်။

စစ်အုပ်စုဝင်တွေ ရေးတဲ့ပြောတဲ့ထဲမှာ ဗိုလ်ဇေယျကို ကာကွယ်ရေးဝန်ကြီး မလုပ်ရလို့ တောခိုသူဖြစ်အောင် ရေးကြပြောကြပါတယ်။ ဗိုလ်ဇေယျလုပ်တာက ဗိုလ်

နေဝင်း (ဆိုရှယ်လစ်) ကာကွယ်ရေးဝန်ကြီး မဖြစ်ဖို့ပါ။

ဦးကျော်ငြိမ်းက ဗိုလ်နေဝင်းကို ကာကွယ်ရေးဝန်ကြီးခန့်ဖို့ ဦးနုကို စည်းရုံးပြီးသားပါ။ ဦးနုရေးတဲ့ 'တာတေစနေသား' မှာ ပါပါတယ်။

ပြည်တွင်းစစ်ကို အပြုတ်တိုက်ရေးလမ်းစဉ်နဲ့ တိုက်မယ့်သူ၊ နိုင်ငံတော်စစ်တပ်ကို ဆိုရှယ်လစ်ပါတီရဲ့ တလက်ကိုင်တပ်ဖြစ်အောင် လုပ်မယ့်သူဟာ ဗိုလ်နေဝင်းပါ။ ဦးကျော်ငြိမ်းဟာ လူရွေးကောင်းပါတယ်။ ဗိုလ်ဇေယျရှိနေရင် ဗိုလ်နေဝင်းကို ကာကွယ်ရေးဝန်ကြီးထားဖို့ မလွယ်ပါ။ ပြည်တွင်းစစ်ကို ဆိုရှယ်လစ်ပါတီအလိုကျ တိုက်ပေးမယ့်သူမဟုတ်လို့ ဗိုလ်ဇေယျကို ပယ်ရပါမယ်။

ဦးသိန်းဖေ (မြင့်) ရဲ့ "လက်ဝဲညီညွတ်ရေး" က လက်တွေ့အရတော့ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်သိန်း၊ ဗိုလ်လှမော်၊ ဗိုလ်စိုးမောင်စတဲ့ လက်ဝဲဆန်တဲ့၊ ဆိုရှယ်လစ်မဟုတ်တဲ့ ရဲဘော်တွေ တောခိုရတာပါပဲ။ ဗိုလ်နေဝင်း တလက်ကိုင်တပ်ဖြစ်ဖို့ လမ်းရှင်းပေးလိုက်သလို ဖြစ်သွားပါတယ်။

ဦးနု

နောက်တော့ ဦးသိန်းဖေ (မြင့်) ကိုယ်တိုင်လည်း ဦးကျော်ငြိမ်းက အိမ်ကိုဖိတ် ကားလွှတ်ခေါ်ပြီး အိမ်ဝက စောင့်ဖမ်းခိုင်းတာ ခံရပါတယ်။ ထောင်ထဲခဏာရောက်ပြီး ထောင်ကလွှတ်တော့ ဘေးမဲ့နိုင်ငံရေးသမား ဖြစ်သွားပါတယ်။ အလွန်ကို မသက်ာစရာကြီးပါ။

ဦးနု၊ ဦးသိန်းဖေ (မြင့်) တို့ရဲ့ "လက်ဝဲညီညွတ်ရေး" လှည့်ကွက်တွေ ပြီးကတည်းက မြို့ပေါ်မှာ "လက်ဝဲညီညွတ်ရေး" လုပ်တာမရှိတော့ပါ။ ပုံစံသစ်နဲ့ လက်ဝဲညီညွတ်ရေးသာ ရှိပါတော့တယ်။ ဘယ်သူကမှလည်း ဗဆွေ ကျော်ငြိမ်း ဆိုရှယ်လစ်ပါတီကို လက်ဝဲအင်အားစုလို့ မသတ်မှတ်တော့ပါ။

"လက်ဝဲညီညွတ်ရေး" ပျက်ရုံနဲ့ ပြည်တွင်းစစ်ဖြစ်တာဟာ ဗမာပြည်ရဲ့ ထူးခြားတဲ့ အခြေအနေနဲ့ အချက်အလက်တွေကြောင့် ဖြစ်ပါတယ်။

ဗမာပြည်ရဲ့ထူးခြားတဲ့ အခြေအနေနဲ့ အချက်အလက်ကဘာလဲ။ ဒီကိစ္စကို ဆက်ပြီး တင်ပြပါမယ်။

ထူးခြားတဲ့ အခြေအနေနဲ့အချက်အလက်

ဗမာပြည် နိုင်ငံရေးဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ အိန္ဒိယနဲ့ လမ်းကြောင်းချင်း အခြေခံကနေပြီး ကွဲသွားပါတယ်။ ဟိုတုန်းကတော့ နိုင်ငံရေးချင်းတွဲနေတာပါ။ ကိုလိုနီချင်း တူကြလို့ပါပဲ။ ဟိုက အဟိ သ (Ahimsa) ဆို၊ ဒီက အဟိ သ။ ဟိုက ဟုမ္မရူး (Home - rule) ဆို၊ ဒီက ဟုမ္မရူး။ နောက်က လိုက်လုပ်ပါတယ်။

ဒါပေမဲ့ ဒုတိယကမ္ဘာစစ်ဖြစ်တော့ တသီးတခြားလုပ်ကြဖို့ ဖြစ်လာပါတယ်။ နိုင်ငံခြားအဆက်၊ လက်နက်ရရာရေသောက်မြစ် ရှာကြတော့ ဟိုမှာ ဆူဘတ်ချန်ဒရာဘို့စ် (Subhash Chandra Bose) တယောက်ပဲ ထွက်ရှာပါတယ်။ ဗမာပြည်မှာက တို့ဗမာအစည်းအရုံး လက်ဝဲဂိုဏ်းနဲ့ ကျောင်းသားသမဂ္ဂရော လက်ယာဂိုဏ်းပါ လူငယ်အင်အားစုတိုင်း ထွက်ရှာပါတယ်။ ဟိုက ဂျာမဏီနဲ့အဆက်ရပြီးမှ ဂျပန်ရောက်ပါတယ်။

ဗမာက ဂျပန်နဲ့အရင်တွေ့ပါတယ်။ တွေ့ပုံကလည်း တမျိုးဆန်းပါတယ်။

လက်ဝဲဂိုဏ်းက အားလုံးသိတဲ့အတိုင်း တရုတ်ပြည်သွားတာပါ။သခင်အောင်ဆန်း၊ သခင်လှဖြိုင်အကြောင်းက အတော်များများရေးထားလို့ လူတိုင်းသိပြီးပါ။ ထပ်မရေးတော့ပါ။ သခင်ဗဟိန်းခရီးလည်း ဒဂုန်တာရာရေးလို့ သိပြီးပါပြီ။

အများမသိကြတဲ့ကိစ္စ ရေးပါမယ်။ ကိုဗဟိန်းဟာ သူကိုယ်တိုင်သွားမရတော့ သွားလို့ရတဲ့ ရဲဘော်တယောက် လွှတ်ပါတယ်။ ရောက်ပါတယ်။ တရုတ်ကွန်မြူနစ်က တရုတ်ပြည်မြောက်ပိုင်းမှာ ဂျပန်ကို တိုက်နေရတာပါ။ လက်နက်ကူဖို့ မဖြစ်နိုင်ပါ။ အတွေးအခေါ်နဲ့ စာနာထောက်ခံတာပဲ ကူညီနိုင်ပါတယ်။ ကိုဗဟိန်းလွှတ်လိုက်တဲ့ ရဲဘော်နဲ့ကျွန်တော်တို့ အဆက်ပြန်ရပုံကလည်း ဆန်းပါတယ်။ (ဗကပ) နဲ့မရပါ။ အရင်ဆုံးရတာက ဦးနု၊ ဗိုလ်အောင်ကြီး တို့နဲ့ပါ။

ဦးနုနဲ့ ချီအင်လိုင်း ဝန်ကြီးချုပ်ချင်း ဆွေးနွေးပွဲမှာ စကားပြန်အခက်အခဲဖြစ်နေလို့ လျှို့ဝှက်ပြီးနေရတဲ့ ကိုဗဟိန်းလွှတ်တဲ့ ရဲဘော်က ဝင်ဘာသာပြန်ပေးရပါတယ်။ ဝါးခယ်မသား ချင်းပေမယ့် ဦးနုက မမှတ်မိပါ။ ဦးနုနဲ့ပါသွားတဲ့ ဗိုလ်အောင်ကြီးက ချက်ချင်းမှတ်မိပါတယ်။ တတ္တသိုလ်မှာ တရုတ်ကပြားချင်းမို့ သူတို့ချင်း သိကြပါတယ်။ ဒီလောက်နဲ့တော့ မှတ်မိဖို့ မလွယ်ပါဘူး။ ကွဲသွားတာကြာပါပြီ။ ချက်ချင်း မှတ်မိစေတာက ဂျပန်ခေတ်မှာ ဗိုလ်အောင်ကြီးက အဲဒီရဲဘော် နှမနဲ့ရတယ်။ သူ့ဇနီးက တရုတ်ပြည်သွားတဲ့ သူ့အစ်ကို စစ်ပြီးလည်း ပြန်မရောက်၊ စာလည်း မလာလို့ တနေရာရာမှာ သေပြီလို့ ထင်နေတယ်။ သေချာအောင်စုံစမ်းခဲ့ဖို့ မှာလိုက်တယ်။ ဒါကြောင့် တွေ့တွေ့ချင်း မှတ်မိတာပါ။

ဟိုတုန်းက အကူအညီကို တကယ်ပေးမယ်ဆိုပေးနိုင်တာက ကေအမ်တီ (KMT) ပါ။ အင်္ဂလိပ်က ခေါ်သွင်းလို့ KMT တပ်မကြီးတွေ ဗမာပြည်ထဲ ရောက်ကြပါတယ်။ တောင်ဂူမန္တလေး လမ်းတလျှောက် ဂျပန်ကို ခံတိုက်ကြပါတယ်။ မနိုင်လို့ဆုတ်လာရင်း KMT ရဲ့ ထုံးစံအတိုင်း လူထုဆီက လုယက်ပါတယ်။ ကျောက်သံပတ္တမြားနဲ့ ရွှေပဲ လုတာပါ။

မန္တလေးမှာ ဘုရားကြီးကရွှေ ခွာဖို့ လုပ်ပါတယ်။ မအောင်မြင်ပါ။ စစ်ကိုင်းတောင်ရိုးမှာတော့ အများကြီးရသွားပါတယ်။ လုပ်ပုံက သင်းပါတယ်။ တပြည်လုံးက သူဌေးတွေ လာခိုနေတဲ့ စစ်ကိုင်းတောင်ရိုးမှာ လူကြီးတွေ အစည်းအဝေးခေါ်ပါတယ်။ လူကိုပြန်ပေးဆွဲပြီး ရွှေ၊ ကျောက်သံပတ္တမြား ကြေးပစ်ပြီး ရွေးခိုင်းပါတယ်။ ပြေးရင်းလွှားရင်း ပြန်ပေးဆွဲတာ ဆိုတော့ နေ့ချင်းပြီး ရွေးယူခိုင်းတာပါ။ မပေးနိုင်လို့ ငွေတိုက်ဝန်ထောက် ဦးရွှေသား အသတ်ခံလိုက်ရပါတယ်။

သူဌေးတွေက ပေးနိုင်လို့ လွှတ်ပါတယ်။ တရုတ်ပြည်မှာတော့ ငွေတိုက်အရာရှိဆိုတာ သူဌေးအကြီးဆုံးပါ။ အဲဒီစံချိန်နဲ့

တောင်းလို့ ကိုလိုနီ ငွေတိုက်ဝန်ထောက် မပေးနိုင်ပါ။ တဆွေလုံးတမျိုးလုံး လိုက်စုပြီး သွားရွေးတော့ တောင်းသလောက်မပြည့်လို့ သတ်ခဲ့ပါတယ်။ လူလည်းသတ်၊ ရသလောက်လည်း ယူသွားပါတယ်။

သခင်နု၊ သခင်စိုး၊ သခင်မြသွင်တို့ KMT တပ်နဲ့ လိုက်သွားတဲ့အကြောင်းတော့ လူသိများပါတယ်။ KMT ဗိုလ်ချုပ်က ထားပစ်ခဲ့ ထောင်ထဲပြန်ထည့်ခဲ့တဲ့ အကြောင်းလည်း လူသိများပါတယ်။

ဒီလိုဘာကြောင့်လုပ်ခဲ့သလဲ ဆိုတာတော့ ရေးကြတာ မတွေ့ပါ။ သီပေါ ဂျပန်သိမ်းသွားလို့ ဆိုတာပဲ ရေးကြပါတယ်။

စဉ်းစားကြည့်ပါ။

– ချန်ကေရှိတ် KMT ဟာ တရုတ်ကွန်မြူနစ်ကို တိုက်နေတာပါ။ ဗမာကွန်မြူနစ်ကို မကူညီနိုင်ပါဘူး။ (သခင်နုလည်း 'လူမဲ့တို့ထွက်ရပ်လမ်း' ဘာသာပြန်ထားသူပါ။ KMT ကတော့ ကွန်မြူနစ်ထဲ စာရင်းသွင်းမှာပါ။)

– ခေါ်မရလို့ လွှတ်ခဲ့တာလည်း မဟုတ်ပါ။ ထောင်ထဲ ပြန်ထည့်ပါတယ်။ အင်္ဂလိပ်အငြိုအငြင် မခံချင်ပါဘူး။

– အဲဒီ KMT တပ်တွေတော့ တရုတ်ပြည် ပြန်ရောက်ပါတယ်။ လုသွားတဲ့ ရွှေတွေ၊ ရတနာတွေလည်း ပါသွားပါတယ်။ (နု၊ စိုး၊ သွင်) ကို ခေါ်ချင်ရင် ခေါ်သွားနိုင်လျက်နဲ့ ထားခဲ့တာ ရှင်းပါတယ်။

– နောက်ပိုင်းမှာ ဦးသိန်းဖေ (မြင့်) ချုံကင်းရောက်တော့လည်း မကူညီပါ။

တို့ဗမာအစည်းအရုံး လက်ယာဂိဏ်းကတော့ ဖက်ဆစ်ဂျပန်ပဲ ရှာတာပါ။ သူတို့က မာ့က်စ်ဝါဒ ဆန့်ကျင်ပါတယ်။ နစ်ရှေး (Nietzsche) အဆိုအမိန့်ကို လက်ခံပါတယ်။ နာဇီဝါဒ အားကျပါတယ်။ သူတို့ ဂျပန်ရောက်သွားတာဟာ ရောက်ချင်တဲ့နေရာ ရောက်တာပါ။ နောက်တော့လည်း ဖက်ဆစ်ကို မတော်လှန်ပါ။ ဂျပန်စစ်ရှုံးတော့ အင်္ဂလိပ် အလိုတော်ရှိဖြစ်ပြီး နိုင်ငံရေးဇာတ် သိမ်းသွားပါတယ်။

စော (ဦးစော)၊ စိန် (သခင်ဗစိန်)၊ မော် (ဒေါက်တာဗမော်) "စောစိန်မော်" အဖြစ်တွဲမိပြီး ဖဆပလ ဆန့်ကျင်ရေးလုပ်ရင်း ဇာတ်သိမ်းပါတယ်။

သူတို့ဇာတ်သိမ်းတာဟာ ကိုလိုနီခေတ် လက်ယာဂိဏ်း လုံးဝချုပ်ငြိမ်းတာပါပဲ။ လက်ယာဂိဏ်းဟောင်းနေရာကို ဆွေငြိမ်းလက်ယာဂိဏ်းသစ် ယူလာပါတယ်။

လက်နက်နဲ့စစ်ပညာ မမျှော်လင့်တဲ့နေရာကရခြင်း

ဂျပန်၊ အင်္ဂလိပ် နဲ့ (အမေရိကန်တောင်ပါသေး) အဲဒီက ရပါတယ်။ ဖောချင်းသောချင်း ရတာကတော့ စစ်မြေပြင်ကပါ။ အင်္ဂလိပ်အပြေးနဲ့၊ ဂျပန်အပြေးမှာ ရပါတယ်။

စစ်ပြီးတော့ ကိုလိုနီပြန်လုပ်မယ့် အစီအစဉ်ရှိထားတဲ့ အင်္ဂလိပ်က ဂျပန်တော်လှန်ရေးတပ်တွေဆီက လက်နက်ပြန်သိမ်းပါတယ်။ အထက်ဗမာပြည်မှာဆိုရင် စကတည်းက လက်နက်ငှားတယ်ဆိုပြီး ငှားရတာပါ။ မြို့သိမ်းမိတော့ သူတို့တပ်ထဲဝင်ပါ၊ ဗိုလ်တွေကို နဂိုရာထူးအတိုင်း ထားမယ်။ အားလုံးကို သူ့စနစ်အတိုင်း လစာပေးမယ်လို့ မြှူဆွယ်ပါတယ်။ မဝင်ဘူးဆိုမှ ငှားထားတဲ့ လက်နက်အားလုံး ပြန်အပ်ခိုင်းပါတယ်။ လက်ပစ်ဗုံး တလုံးတောင် မချန်ပါ။

သခင်အောင်ဆန်း

သူကွပ်ကဲမှုနဲ့ ဂျပန်ကိုတိုက်တဲ့ တခြားလူမျိုးစုတပ်တွေဆီက လက်နက်ပြန်သိမ်းတယ် မကြားမိပါဘူး။

အင်္ဂလိပ်က လက်နက်ကိစ္စမှာ အကဲဆတ်ပေမယ့် အမေရိကန်ကတော့ ဂရုမထားပါဘူး။ သူက ဇည့်သည်ပဲ၊ စစ်နိုင်ဖို့ပဲ ပဓာန။ ထုတ်ပေးတဲ့လက်နက် စေ့စေ့စပ်စပ်ပြန်မသိမ်းပါ။ စစ်ပြီးတော့လည်း သူတို့လက်နက်တွေကို ကျင်းထဲ ထည့် ဓာတ်ဆီလောင်း မီးရှို့ပြီး မြေပြန်ဖုံး ထားခဲ့တာပါ။ အလေးခံပြီး ပြန်ယူမသွားပါဘူး။

(အဲဒီလက်နက်တွေ တော်လှန်ရေးက ပြန်သုံးနိုင်ပါတယ်။ ဘူးနွယ် (spring) တွေပဲ သုံးမရပါ။ ကြက်ပေါင်ကြိုးတပ်ပြီးပစ်ရင် ရပါတယ်။ စစ်ပြီးတာမကြာသေးလို့ ပြောင်းတွေ၊ ကိုယ်ထည်သံတွေ ကောင်းပါသေးတယ်)

အနောက်တိုင်းသားတယောက် ရေးတဲ့စာအုပ်ရဲ့ နောက်ဆက်တွဲမှာ အမေရိကန် (၁၀၁) နဲ့ အင်္ဂလိပ် (၁၃၆) တပ် တာဝန်ခံ အရာရှိတွေကိုယ်တိုင်ရေးတဲ့စာ ပါပါတယ်။ အဲဒီစာမှာ လက်နက်ထုတ်ပေးတဲ့ စာရင်းတချို့ ပါပါတယ်။ ဖတ်ကြည့်ရင် သူတို့ရဲ့သဘောထား သိနိုင်ပါတယ်။

၁၀၁ တပ်မှူးရေးတဲ့စာမှာ သူတို့အတွက်တော့ ရယ်စရာ။ ဗမာပြည်အတွက်တော့ နာကျည်းစရာတခုကို တွေ့ပါတယ်။

သူရေးပုံက ဗမာပြည်မြောက်ပိုင်း တိုင်းရင်းသားတွေက စစ်အတွင်း ကူညီခဲ့တာ အတွက် သူကောင်းပြုတံဆိပ်ပေးဖို့ တောင်းကြကြောင်း သူကအထက်ကိုတင်ပြပြီး အိန္ဒိယမှာ ရွှေတံဆိပ်ကြီးတွေလုပ်ပြီး ပေးခဲ့ကြောင်း၊ စစ်မှာကူညီခဲ့တာကို အသိအမှတ်ပြုတယ်လို့ အဓိပ္ပာယ်ရတဲ့ CMA တံဆိပ်ပေးခဲ့ကြောင်း (CMA ဆိုတာ Citation of Military Assistance) စစ်ကြေးနန်းရိုက်ရာမှာ ကော်မာ (comma) ကို အတိုကောက် CMA လို့ သုံးကြောင်း။ ဒါကြောင့် သူတို့ချင်းတော့ CMA တံဆိပ်ကို 'ကော်မာ' လို့ပဲ နောက်ပြောင်ကြကြောင်း ရေးပါတယ်။

အမေရိကန်က ကိုလိုနီပြန်လုပ်ဖို့လာတာ မဟုတ်လို့ မျက်နှာလွဲခဲ့ပစ် လုပ်နိုင်ပါတယ်။ အင်္ဂလိပ်ကတော့လုပ်လို့ မရပါ။ အဲဒီတံဆိပ်ကိုလည်း အသိအမှတ်မပြုပါ။

နိုင်ငံရေးအဆက်နဲ့ လက်နက်ရှာလိုက်ရတာ လက်နက်က ရမယ့်ရတော့ တော်လှန်ရေးသမားသာမက လယ်သမားတွေပါ ရကြပါတယ်။

စစ်လက်နက်ပညာကို လယ်သမား ကတော့ ကျောင်းကရတာ မဟုတ်ပါ။ လက်တွေ့က ရပါတယ်။ ဒီတိုနေတာ (detonator) ယမ်းကို အပ်နဲ့ထွင်လို့လက်ပြတ်၊ ဗုံးကိုတူနဲ့ထုလို့

တကျောင်းလုံး ဘုန်းကြီး၊ ကိုရင်၊ ကျောင်းသားတွေ ပျံလွန်သေဆုံးကြပြီးမှ ပညာရကြပါတယ်။ လက်နက်ငယ်ကတော့ စနစ်တကျသာမရှိတာ လယ်သမား အတော်များများ ပစ်တတ်ကြပါတယ်။ မတော်တဆ သေနတ်ထွက်လို့ သေတာလည်း မနည်းပါ။ ဘာပဲပြောပြော လက်နက်ကို ကိုင်တတ်သုံးတတ်ကြတဲ့ လယ်သမားတွေ လက်နက်ရကြပါတယ်။

၁၉၄၅ မှ ၁၉၄၈ ထိ ဗမာပြည်အခြေအနေ

ဗမာပြည် ကွန်မြူနစ်ပါတီဟာ တရားဝင် (ဥပတွေင်း) ပါတီ ဖြစ်နေပြီ။ "လက်ဝဲညီညွတ်ရေး" ကို ကျော်ရိုးပြတဲ့ ဖဆပလ အဖွဲ့ကြီး ရှိနေပြီ။ ဖက်ဆစ်တော်လှန်ရေးအတွင်း စစ်ကိုဦးစီးတဲ့ အတွေ့အကြုံရှိ ကေဒါတွေ ရှိနေပြီ။

အင်္ဂလိပ်ကိုလိုနီအစိုးရ ပြန်လာတယ်။ သူတို့နဲ့ ပါလာတာက နိုင်ငံရေးစိမ်ကိန်း၊ စီးပွားရေးစိမ်ကိန်းတွေပဲ။ အိန္ဒိယမှာ စစ်ပြေးအစိုးရအဖြစ်နေရင်း ဆင်းမလား (Simla) မှာ စိမ်ပြေနပြေ ရေးဆွဲလာတဲ့ စီမံကိန်းတွေ ဖြစ်တယ်။

ဒါပေမဲ့ သူတို့စီမံကိန်း (project) တွေဟာ အတွေးအခေါ်ဟောင်းတွေနဲ့ ဆွဲထားတဲ့ စီမံကိန်းတွေ ဖြစ်နေတယ်။ ဗမာပြည်ကို ပြန်သိမ်းပြီးရင် စက်မှုလက်မှုလုပ်ငန်းတွေ ဘယ်လိုလုပ်လိုက်မယ်၊ ကောက်ပဲသီးနှံ စီမံကိန်းကဘယ်လို၊ သစ်ထုတ်လုပ်ရေးကို ဘယ်ပုံလုပ်လိုက်မယ်ဆိုတဲ့ စီမံကိန်းတွေချည်းပဲ။ စစ်အတွင်းလက်လွတ်သွားသမျှကို အတိုးချပြီး အင်္ဂလိပ်နယ်ချဲ့ ကုမ္ပဏီတွေ သွေးစုပ်ဖို့ စီမံကိန်းချည်း ဖြစ်တယ်။ စီမံကိန်းတွေကို ဘုတ် (Boards) အဖွဲ့တွေနဲ့ စီမံဆောင်ရွက်ဖို့ပဲ။

နိုင်ငံရေးစီမံကိန်းကတော့ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုတွေကို ဖိနှိပ်ဖို့နဲ့ တဖြည်းဖြည်းချင်း ဒိုမီနီယံအုပ်ချုပ်ရေးဆီသို့ သွားဖို့ ဖြစ်တယ်။

အင်္ဂလိပ်နဲ့ ပြည်သူ ထိပ်တိုက်တွေ့ကြတဲ့ကာလက ၁၉၄၅ နဲ့ ၁၉၄၆ စက်တင်ဘာလအထိ ဖြစ်တယ်။

၁၉၄၆ စက်တင်ဘာ အုံကြွမှု နောက်ပိုင်းမှာ လက်ဝဲညီညွတ်ရေး ပြိုကွဲတယ်။ နောက် ၁၉၄၇ နှစ်ဆန်းမှာ လက်ဝဲညီညွတ်ရေးကို ပြန်လည်တည်ဆောက်ဖို့ လုပ်တယ်။ အလားအလာကောင်းတယ်။ ဗိုလ်အောင်ဆန်းကျဆုံးပြီးတဲ့နောက်မှာ ကောင်းတဲ့အလားအလာတွေ တဖြည်းဖြည်းချင်း ကွယ်ပျောက်ကုန်တယ်။ လက်ဝဲညီညွတ်ရေး ပြိုကွဲမှုက ပြည်တွင်းစစ်ဆီသို့ ဦးတည်ခဲ့ပြီ။

ဖဆပလကို လက်ယာအင်အားစုတွေ တစတစအုပ်စီးမိလာနေပြီ။ ဆင်းမလား စီမံကိန်းတွေကို ဗိုင်ခံပြီးဆွဲခဲ့တဲ့ ဦးတင်ထွဋ် ဖဆပလမှာ လူတွင်ကျယ် ဖြစ်လာတယ်။ ဗမာပြည်ဆိုရှယ်လစ်ပါတီကလည်း လက်ဝဲဝါဒကို စွန့်ပစ်နေပြီ။ လက်ယာဘက်သို့ ရွေ့လျားနေပြီ။

နိုင်ငံရေးမှာ အဲဒီလိုပြောင်းလဲနေချိန်မှာ တပြည်လုံးရဲ့ အခြေအနေကလည်း အလွန်ကို တင်းမာနေတဲ့ကာလ ဖြစ်တယ်။

ဘုတ်အဖွဲ့မျိုးစုံရဲ့ ဖြစ်ညစ်သွေးစုပ်မှုကို လယ်သမားတွေ၊ အလုပ်သမားတွေ ခံနေရတယ်။ စစ်အတွင်း မွဲပြာကျနေတာမှာ ထပ်ပြီး 'လဲရာသူခိုးထောင်း' ခံရတော့ လယ်သမားသူပုန်တွေ ပေါ်လာတယ်။ အလုပ်သမား သပိတ်တွေ ပေါ်လာတယ်။

လယ်သမားသူပုန်ဆန်ဆန် ဓားပြဂိုဏ်းကြီးတွေ ပေါ်နေတယ်။ အင်အားရာချိုရှိတဲ့၊ အမြောက်စိန်ပြောင်း စက်သေနတ်တွေ ရိုင်ဖယ်တွေ အပြည့်ရှိတဲ့ ဓားပြဂိုဏ်းတွေပဲ။ စစ်ပြီးကတည်းက ရှိနေတာ ဖြစ်တယ်။

ဒီဓားပြဂိုဏ်းကြီးတွေက ခွာစစ်ဆင်တဲ့ဂျပန်နဲ့ ထိုးစစ်ဆင်တဲ့အင်္ဂလိပ် အကြိတ်အနယ်တိုက်ခဲ့တဲ့ စစ်တလင်းဒေသတွေမှာ ပေါ်နေတာ ဖြစ်တယ်။ ဇရာဝတီ မြစ်ကူးတိုက်ပွဲကြီးတွေ တိုက်ခဲ့ရာဒေသမှာ ဖြစ်တယ်။

မတ်လ ၂၇ ဖက်ဆစ် တော်လှန်ရေး ဖြစ်တော့ ဂျပန်ကပြေးစစ် ဖြစ်သွားပြီ။ အင်္ဂလိပ်က လိုက်စစ်။ အဲဒီတော့ စစ်မြေပြင်ကို မရှင်းနိုင်ဘဲ အင်္ဂလိပ်က အတင်းလိုက်သွားတယ်။ လက်နက်ခဲယမ်းတွေ ပြန့်ကျဲကျန်ရစ်တယ်။ အဲဒီလက်နက်တွေကို ဆင်းရဲသားလယ်သမားတွေရပြီး ဓားပြဂိုဏ်းကြီးတွေ ပေါ်တာပဲ။

မြေသန်းတင့်ရေးလို့ ရှင်မတောင်ခင်မောင်ဂိုဏ်းကို လူသိများပါတယ်။ အဲဒီလို ဂိုဏ်းမျိုးက ဆယ်ခုမက ရှိပါတယ်။

ဒီလယ်သမားသူပုန်ဆန်တဲ့ ဓားပြဂိုဏ်းတွေဟာ နိုင်ငံရေး နလပိန်းတုံးတွေ မဟုတ်ပါ။ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ် ရှိပါတယ်။ ဖဆပလကို ထောက်ခံပါတယ်။ ရှေးတုန်းက "မင်းလောင်း" လှုပ်ရှားမှုလိုလည်း မဟုတ်ပါ။ သူတို့ရဲ့ အတွေးအခေါ်က ခေတ်မီတော်လှန်ရေးဆန်ပါတယ်။ သူတို့အခြေခံတဲ့ ဒေသလူထုကို အလုပ်အကျွေးပြုပါတယ်။ တခြားဒေသ အစိုးရအုပ်ချုပ်ရေးရှိရာ ဒေသကိုသာ သွားဓားပြတိုက်ပါတယ်။

အင်္ဂလိပ်အုပ်ချုပ်ရေး ပုလိပ်က သူတို့ကို မယှဉ်ဝံ့ပါ။ စစ်တပ်နဲ့နှိမ်ရပါတယ်။ ဒါပေမဲ့ နိုင်ငံရေးမတည်ငြိမ်တော့ အင်္ဂလိပ်က စစ်တပ်ကို ခဏခဏ ထုတ်မသုံးနိုင်ပါဘူး။ တခါတလေမှ သုံးပါတယ်။ ဒါကြောင့် လယ်သမားသူပုန်ဆန်တဲ့ ဓားပြဂိုဏ်းတွေဟာ ကြာလေကြီးလေ ဖြစ်လာပါတယ်။

ဖဆပလဟာ ဘုရင်ခံအမှုဆောင်အစိုးရအဖွဲ့မှာ ပါသွားတော့ အင်္ဂလိပ်ရဲ့ ပေါ်လစီအတိုင်း ဓားပြဂိုဏ်းကို နှိမ်ပါတယ်။ ရွာမီးရှို့ပါတယ်။ ဆိုရှယ်လစ်တွေဦးစီးတဲ့ "အထူးလက်နက်ကိုင် ပုလိပ်တပ်ဖွဲ့" ဆိုတာတွေနဲ့ နှိမ်နင်းတာပါ။

ကွန်မြူနစ်ပါတီရဲ့ ပေါ်လစီက သူတို့ပေါ်လစီနဲ့ မတူပါဘူး။ ကွန်မြူနစ်ပေါ်လစီက

– ဘုတ်အဖွဲ့တွေရဲ့ သွေးစုပ်မှုကြောင့် ချွတ်ခြုံကျနေတဲ့ ဆင်းရဲသားလယ်သမားတွေရဲ့ ဂုန်းကန်မှုလို့ သဘောထားပါတယ်။ နှိမ်နင်းရေးထက် ဖျောင်းဖျပညာပေးရေးကို အဓိကထားပါတယ်။

– မှားယွင်းတဲ့နည်းနဲ့ နယ်ချဲ့ကို တုံ့ပြန်ကြတာဖြစ်တယ်။ သူတို့ကို တော်လှန်တဲ့နည်း ပေးအပ်ရမယ်လို့ သဘောထားပါတယ်။

ဆင်းရဲသားလယ်သမားတွေရဲ့ ဒုက္ခကို ကွန်မြူနစ်တွေက ကြည့်နေလို့ မဖြစ်ပါဘူး။ သူတို့ဟာ ဂျပန်တော်လှန်ရေးတုန်းက ကူညီခဲ့သူတွေပါ။ သူတို့ရဲ့အခက်အခဲ ဖြေရှင်းပေးရပါမယ်။ ဒါကြောင့် အတော်တပ်ချီတက်ပွဲလုပ်ပါတယ်။ လိုအပ်ရင် (SAMB) ဂိုဒေါင်ထဲက စပါးလုပါတယ်။ "ခေါင်းပါးရေးလမ်း" ဖောက်ဖို့ တောင်းဆိုပါတယ်။ ("ခေါင်းပါးရေးလမ်း" ဆိုတာက တော်နေသူတွေ ကိုယ့်တူရွင်း၊ ပေါက်ပြားနဲ့လာပြီး လမ်းဖောက်ကြ။ အစိုးရက နေ့တွက်လုပ်ခအဖြစ် ဆန်ထုတ်ပေး။ အဲဒီလိုနဲ့ မိသားစုအတော်ဘေးကို နွေရာသီအတွက် ကျော်လွှားရတာဖြစ်တယ်။ ဆန်တွေက အစိုးရဂိုဒေါင်ထဲချည်း စုနေလို့ လုပ်ရတဲ့ တိုက်ပွဲပါ။) စစ်ကြီးအပြီးမှာ ဆန်ဈေးကကောင်း၊ ဆန်က

လည်း ရောင်းကောင်းနေလို့ အင်္ဂလိပ်က ဆန်တွေ ပြည်ပချည်း ထုတ်ရောင်းနေတယ်။ ပြည်တွင်းမှာ ငတ်တယ်။

၁၉၄၅ က ၁၉၄၆ စက်တင်ဘာ အထိ ဆိုရှယ်လစ်ပါတီနဲ့ သိပ်ပြီးပြဿနာ မဖြစ်ခဲ့ပါဘူး။ ဆိုရှယ်လစ်ပါတီက သူတို့သာ မလုပ်တာ အင်္ဂလိပ်နဲ့ အတိုက်အခံလုပ်နေရတဲ့ကာလမို့ ကွန်မြူနစ်ပါတီ လုပ်တာကို ထောက်ခံခဲ့တယ်။ ၁၉၄၆ စက်တင်ဘာနောက်ပိုင်း ဖဆပလက အစိုးရအဖွဲ့ထဲဝင်မိတော့ တမျိုးဖြစ်သွားတယ်။ ကွန်မြူနစ်တွေလုပ်တာဟာ သူတို့ကို တိုက်တာပဲလို့ ထင်လာတယ်။

လယ်သမားတွေ တော်နေတယ်ဆိုတာကို သူတို့မယုံပါဘူး။ (အခုစစ်အစိုးရအပါအဝင် အစိုးရအဆက်ဆက်ကလည်း မယုံကြပါဘူး။) ကွန်မြူနစ်က လူတွေတော်နေပြီပြောပြီး တိုက်ပွဲဆင်ချင်လို့ လုပ်တာလို့ ထင်ပါတယ်။ သူတို့ အခြေခံထားတဲ့ လူတချို့ မတော်တာကိုကြည့်ပြီး အားလုံးမတော်ဘူးလို့ ထင်ကြပါတယ်။ ဒါဟာ လူတန်းစားရပ်ခံချက်ပြဿနာ၊ လူတန်းစားအမြင် ပြဿနာ ပါပဲ။

ဦးသိန်းဖေ(မြင့်)

"လက်ဝဲညီညွတ်ရေး" ကို အလေးထားတဲ့ ဗိုလ်အောင်ဆန်းရှိတုန်းက ပြဿနာ မကြီးခဲ့ဘူး။ သူမရှိတော့ ပြဿနာက ကြီးလာတယ်။

လက်ယာဆိုရှယ်လစ်တွေက အင်္ဂလိပ် အလိုမကျမှာနဲ့ ဖဆပလထဲ တွင်ကျယ်လာတဲ့ အလိုတော်ရှိ ဦးတင်ထွဋ်တို့လို လူတွေရဲ့ ထောက်ခံမှု မရမှာဘဲ စိုးကြတယ်။ "လက်ဝဲညီညွတ်ရေး" ကို စတေးပြီး "လက်ယာညီညွတ်ရေး" ကို တည်ဆောက်ကြတော့တယ်။

လွတ်လပ်ရေးရလာတော့ ကွန်မြူနစ်ပါတီကို အပြတ်ရှင်းပစ်ဖို့ အချိန်တန်ပြီလို့ ဆိုရှယ်လစ် လက်ယာဂိုဏ်းက ထင်လာတယ်။ အပြတ်ရှင်းရင် ဦးသိန်းဖေ (မြင့်) ရဲ့ ထောက်ခံမှုရမယ်။ အင်္ဂလိပ်ရဲ့ အားပေးမှုရမယ်။ (၆ လ) ရှင်းလိုက်ရင် ပြတ်မယ်လို့ထင်ပြီး ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း အစီအစဉ်နဲ့ ကွန်မြူနစ်ပါတီကို အလစ်အငိုက် တိုက်ခဲ့တာ ဖြစ်တယ်။ ပုဒ်မ (၅) ဟာ ပြည်ထဲရေးဝန်ကြီးရဲ့ ဝရဇိန်လက်နက်ပဲ။

နောက်ပိုင်းကျတော့ ဝန်ကြီးနှစ်ဦး ဦးတင်ထွဋ်နဲ့ ဗိုလ်စိန်မှန် ဝန်ကြီးအဖြစ်က နုတ်ထွက်ပြီး ဗိုလ်လုပ်ကာ တိုက်ကြတယ်။ ဒါဟာ အင်္ဂလိပ်အလိုတော်ရိနဲ့ လက်ယာဆိုရှယ်လစ်တို့ရဲ့ "ညီညွတ်မှု" ပြယုဂ်ပါပဲ။

ပြည်တွင်းစစ် စတုန်းက အင်္ဂလိပ်စစ်မစ်ရှင် ရှိနေပါတယ်။ အင်္ဂလိပ်အလိုတော်ရိ ဦးတင်ထွဋ်က ဗိုလ်တင်ထွဋ်လုပ်ဖို့ လိုပါတယ်။ ဦးတင်ထွဋ်မှာ စစ်တိုက်တဲ့ အတွေ့အကြုံ မရှိပါ။ ဒါပေမဲ့ အင်္ဂလိပ်ရဲ့ ထောက်ခံမှုရအောင် သူသာလုပ်နိုင်တယ်။ ဂေါ်ရခါးစစ်သား နီပေါကနေ စုနိုင်တယ်။

ပြည်တွင်းစစ်အစပိုင်းမှာ အစိုးရခိုင်းသမျှ လုပ်တဲ့တပ်က လူမျိုးစုတပ်တွေနဲ့ ဂေါ်ရခါးတပ်တွေပဲ။ ရွာတွေမီးရှို့၊ လူတွေသတ်တာကို သူတို့က ကြေးစားစိတ်နဲ့ ဗမာလူမျိုးမုန်းတီးရေးစိတ် ပေါင်းပြီး အပြတ်သားဆုံး လုပ်ကြပါတယ်။ ဒါပေမဲ့ စစ်ဗိုလ်တွေက လက်ရဲဇက်ရဲ လုပ်နေတာ မဟုတ်ပါ။ "ဥပဒေ" အရ လုပ်တယ်လို့ဖြစ်အောင် အရေးပိုင် (ခရိုင်ရာဇဝတ်တရားသူကြီး) က စစ်တပ်အကူအညီတောင်း၊ စစ်တပ်ကပစ်သတ် ဆိုတာဖြစ်အောင် စီစဉ်ပါတယ်။

(ဥပမာ) ပျဉ်းမနားမှာ အရေးပိုင် 'စည်သူအောင်ဖေ' က စစ်ဆင်ရေးကြီးတိုင်းမှာ လိုက်ပါရပါတယ်။ 'စည်သူအောင်ဖေ' သံချပ်ကာကားပေါ်ကနေ ဟောပြောနေတဲ့ပုံကို အဲဒီခေတ်က ထုတ်တဲ့ သတင်းစာမှာ တွေ့နိုင်ပါတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံတုန်းကလည်း အဲဒီပုံမျိုးပါပဲ။ အရေးပိုင် (ခရိုင်ရာဇဝတ်တရားသူကြီး) က အုံကြွမှုကို နှိမ်နင်းဖို့ စစ်တပ်ကို အကူအညီတောင်း စစ်တပ်က အကြမ်းဖက်နှိမ်ပါတယ်။

ဗိုလ်အောင်ကြီးကလည်း ၁၉၈၈ အရေးတော်ပုံတုန်းက တံတားနီအရေးအခင်းမှာ အဲဒီလို ဥပဒေအတိုင်း စစ်တပ်က မလုပ်လို့သာ အပြစ်တင်ပါတယ်။ သူ့စာကို မှတ်မိကြမယ် ထင်ပါတယ်။

ဥပဒေကို လက်တလုံးခြားလှည့်ပြီး လုပ်နေရတာ အရစ်ရှည်တယ်။ ခက်လည်း ခက်တယ်။ ဒါကြောင့် လွယ်အောင် အခုတော့ တိုင်း၊ ခရိုင် အုပ်ချုပ်ရေးတာဝန်ခံတွေအဖြစ် စစ်ဗိုလ်တွေကိုပဲ ထားပါတယ်။ 'စည်သူအောင်ဖေ' လို 'ကြားလူ'မလိုအောင် လုပ်ထားပါတယ်။

စစ်ဆင်ရေးဆင်းတဲ့ စစ်ဗိုလ်တိုင်း လူသတ်လိုင်စင် ရနေပါတယ်။

ဦးနု၊ ဦးကျော်ငြိမ်းတို့ တွက်ခဲ့သလို ပြည်တွင်းစစ်ကလည်း ၆ လနဲ့ မပြီးပါ။ အနှစ် (၅၀) ကျော်တဲ့အခုအထိ မပြီးပါ။

လက်ဝဲညီညွတ်ရေး ပျက်ပြားခြင်းနဲ့ ဘရောက်ဒါဝါဒအမှား ဆက်စပ်မှု

ဖက်ဆစ် တော်လှန်ရေးအတွင်း တည်ဆောက်ခဲ့တဲ့ "လက်ဝဲညီညွတ်ရေး" ကို ကျောရိုးပြုပြီး ဖဆပလကို တိုးချဲ့ဖွဲ့စည်းခဲ့တယ်။ ပြန်လာတဲ့ အင်္ဂလိပ်ကို အမျိုးသား ညီညွတ်ရေးနဲ့ ရင်ဆိုင်ဖို့နဲ့ လုံးဝလွတ်လပ်ရေးသို့ ချီတက်ဖို့ ဖြစ်တယ်။ ဒီစည်းရုံးရေးလမ်းစဉ်ဟာ မှန်ကန်ပါတယ်။ မျိုးချစ်ပါတီက ဟင်္သာတဦးမြ၊ ဓားမပါတီက ပျော်ဘွယ်ဦးမြ၊ ငါးပွင့်ဆိုင် ဦးဘဖေ စသူတွေကို တိုးချဲ့စည်းရုံးခဲ့ပါတယ်။ ဒါလည်း မှန်ပါတယ်။

နိုင်ငံရေး အင်အားစုတိုင်းကို ဖဆပလ အလံအောက် ရောက်အောင်လုပ်တဲ့ စည်းရုံးရေးလမ်းစဉ်ဟာ အခြေခံအားဖြင့် မှန်ပါတယ်။ မှားတာက သူတို့ရဲ့နိုင်ငံရေး အမြင်တွေကို တိုက်ပွဲမဆင်တာပါပဲ။ ဒီလို ဖြစ်တာဟာ "ဘရောက်ဒါဝါဒ" အတွေးအခေါ်ကြောင့်ပဲ။ ဖဆပလထဲမှာ ဒိုမီနီယံလောက်နဲ့ တင်းတိမ်နိုင်သူတွေနဲ့ အင်္ဂလိပ်ပေးမယ့်ရာထူးမက်သူတွေ အများကြီးပါလာပါတယ်။ သူတို့ကို လက်ဝဲညီညွတ်ရေးတပ်ဦးက အတွေးအခေါ်ရေးအရနဲ့ စည်းရုံးရေးအရ ပြတ်ပြတ်သားသား ခေါင်းဆောင်ရပါမယ်။

ယူဂန်ဒါ (Uganda) ထောင်ပြန်

ဂဠုန်ဦးစော၊ ဂျပန်ထောင်ပြန် ဒေါက်တာ ဗမော်နဲ့ ဂျပန်က သံအမတ်ခန့်နယ်နှင်ရာက ပြန်လာတဲ့ သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ကိုလည်း စည်းရုံးပါတယ်။ သူတို့က ဖဆပလထဲ မဝင်ဘဲ "စောစိန်မော် " ဂိုဏ်း ထောင်ပါတယ်။ ဖဆပလနဲ့ စင်ပြိုင်လုပ်ပါတယ်။ ဖဆပလကို အပြင်ကနေ ဖြိုခွဲပါတယ်။ ဘုရင်ခံအလိုက္ခ လုပ်ကြပါတယ်။

ဘုရင်ခံက အစိုးရအဖွဲ့ (ဘုရင်ခံ အမှုဆောင်အဖွဲ့) ဖွဲ့တော့ ရာထူးတွေပေးဖို့ ကမ်းလှမ်းပါတယ်။ ဖဆပလက မူပေါ်အခြေခံပြီး တောင်းဆိုချက်တင်တယ်။ စောစိန်တို့ကတော့ ဝမ်းမြောက်ဝမ်းသာ လက်ခံတယ်။ (ဒေါက်တာဗမော်ကို အင်္ဂလိပ်က မကြည်ဖြူပါဘူး။ ရာထူးမပေးပါဘူး။) သူတို့လက်ခံရုံနဲ့ အားမရဘဲ ဖဆပလထဲရောက်နေတဲ့ သူတို့ဂိုဏ်းသားတွေပါ ဆွဲတယ်။ တချို့ပါကုန်ကြတယ်။

ကျန်ရစ်သူက ဦးမြ နှစ်မြန့် ဦးဘဖေ စသူတို့ပဲ။ သူတို့က သူတို့အကြောင်းနဲ့သူတို့ မပါတာဖြစ်တယ်။ သူတို့က စောစိန်မော်အောက် ပြန်မရောက်ချင်ဘူး။ ဦးဘဖေကတော့ ဒေါက်တာဗမော်နဲ့ ကမ္ဘာရန် ဖြစ်နေလို့ပဲ။ ဘာပဲပြောပြော သူတို့ရဲ့ရပ်တည်မှုကို ကြိုဆိုသင့် ပါတယ်။ ဖဆပလထဲရှိတဲ့ လက်ယာဂိုဏ်းအဖြစ် လေးစား ရမှာ ဖြစ်တယ်။ စောစိန်မော် အလိုတော်ရှိ လက်ယာဂိုဏ်းထဲ ရောက်မသွားတာဟာ ကောင်းမှုပြုတာလို့ သတ်မှတ်ရပါမယ်။

ဦးကျော်ငြိမ်း

ဖဆပလထဲက လက်ဝဲဂိုဏ်းသာ ညီညွတ်နေရင် သူတို့ဘာအန္တရာယ်မှ မပေးနိုင်ပါဘူး။ ဦးဘဖေက ဒိမိနီယံရလည်း ကျေနပ်မယ်လို့ ပြောနေပေမယ့် ဖဆပလ ဆုံးဖြတ်ချက် လိုက်နာပြီး လုံးဝလွတ်လပ်ရေးလို့ ပြောနေ တာပါ။

ဆိုရှယ်လစ်ပါတီထဲက ဗိုလ်အောင်ကြီးတို့လို စစ်ဗိုလ်တွေက (ဗကပ) ရဲ့ ဘရောက်ဒါဝါဒအမှား ရောင်ကို မလွတ်တမ်းဆွဲလေ့ ရှိပါတယ်။ သူတို့ဆရာတွေကတော့ မဆွဲပါ။ သူတို့ ၁၉၄၇ – ၄၈ မှာ လုပ်တာနဲ့ လွတ်လပ်ရေးယူခဲ့တာဟာ ဘရောက်ဒါဝါဒ အဆို အမိန့်အတိုင်း လိုက်လုပ်ခဲ့တာပဲ ဆိုတာကို သိလို့ပါ။ အလိုတော်ရှိ လက်ယာဂိုဏ်း (ဟောင်း) သာယာဝတီ ဦးပုကတော့ လွတ်လပ်ရေးကို ဂန္ဒီဝါဒအရ လုပ်ခဲ့လို့ ရတာလို့ ရေးပါတယ်။ ဘရောက်ဒါဝါကို စာရင်းမသွင်းပါဘူး။

ဘရောက်ဒါဝါဒကြောင့် (ဗကပ) ထဲမှာ အကွဲအပြဲဖြစ်တာ မှန်ပေမယ့် ကွန်မြူနစ် ဆိုရှယ်လစ်ကွဲတာ အဲဒါကြောင့်မဟုတ်ပါ။ လက်ဝဲညီညွတ်ရေးပြိုကွဲတာဟာ ဆိုရှယ်လစ်ပါတီက လက်ယာဘက်ရွေ့သွားလို့ ဖြစ်ပါတယ်။ ဦးသိန်းဖေ (မြင့်) ရဲ့ 'ကျော်ငြိမ်း' စာအုပ်ထဲမှာ ဦးကျော်ငြိမ်းက သူ့တသက် အကြီးဆုံးအမှားက ဆိုရှယ်လစ်ပါတီက မှော်စိဝါဒကို လက်ခံနေတာ ကို မတွန်းလှန်ခဲ့မိတာပဲလို့ပြောကြောင်း ပါပါတယ်။

ဦးကျော်ငြိမ်းကလည်း သူ့နိဒါန်းမှာ ငြင်းမထားပါဘူး။ စကတည်းက ဆိုရှယ်လစ်ပါတီကို ဥရောပက ဆိုရှယ်ဒီမိုကရက်တစ် ပါတီတွေလို လက်ယာပါတီအဖြစ် ဖွဲ့ခဲ့ရရင် အကောင်းသား လို့ ပြောတာပါ။

ဒါက ဦးကျော်ငြိမ်း စိတ်ကူးယဉ်တာပါပဲ။ လက်ဝဲအလံမလွှင့်ရင် ဆိုရှယ်လစ်ပါတီဟာ ဖဆပလထဲ ရောက်မှာတောင် မဟုတ်ပါဘူး။ ဗိုလ်အောင်ဆန်းရော (ဗကပ) ကပါ သူတို့ကို နေရာ ပေး ဆက်ဆံတာက လက်ဝဲအလံလွှင့်ထားလို့ပါ။ ဗိုလ်အောင်ဆန်း မရှိမှ လက်ဝဲအလံကို သူတို့ လွှင့်ပစ်ရဲတာပါပဲ။

တူဖြစ်ခိုက်နာနာနှက်ချင်သူများ

၁၉၄၈ ခုနှစ်ဟာ လွတ်လပ်ရေးရတဲ့နှစ်နဲ့ ပြည်တွင်းစစ် စဖြစ်တဲ့နှစ်အဖြစ် သမိုင်းတွင် နေပါလိမ့်မယ်။

ပြည်တွင်းစစ် ဘာကြောင့်ဖြစ်သလဲဆိုတာမှာ ပြည်တွင်းအခြေအနေနဲ့ အကြောင်း အချက်က အဓိက ဖြစ်ပါတယ်။

ဇဒါးနော့ဗ် အစီရင်ခံစာကြောင့်လို့ ဦးနု၊ ဦးကျော်ငြိမ်းတို့က ပြောပါတယ်။ ဦးနုက မဆီမဆိုင် ညစ်ညစ်ပတ်ပတ် ဇဒါးနော့ဗ် ဗမာ ပြည်ချစ်တာ "ဒို့ ဗိုလ်ချုပ်အောင်ဆန်း ပြဲနေ သလောက်ရှိတယ်" လို့ ရေးပါတယ်။ ဇဒါး နော့ဗ် အစီရင်ခံစာက နယ်ချဲ့စနစ် ကိုလိုနီဝါဒ ဆန့်ကျင်ရေးကို ရေးထားတာပါ။ ပြည်ချစ်ဝါဒ ရေးတာ မဟုတ်ပါဘူး။ ရုရှားတယောက်ဟာ ရုရှပြည်ချစ်ဝါဒပဲ ရှိမှာပေါ့။ ဗမာပြည် ပြည်ချစ်ဝါဒ မရှိနိုင်ပါ။ ဦးနုရဲ့စာအုပ်က စစ်အေးခေတ် ကာလ ရေးတာဆိုတော့ "မော်စကိုတပည့်" "ပီကင်းတပည့် " ဆိုတာတွေပါတာ မဆန်းပါ။ (အခု စစ်အေးလွန်ကာလမှာတော့ (ဗကပ) က "ပီကင်းတပည့်" မဟုတ်တော့ဘူးလို့ ဆိုနေကြ ပြန်ပြီ။)

ဦးနုက ပြည်တွင်းအကြောင်း အချက်တခုကို ထည့်ရေးပါတယ်။ ဦးကျော်ငြိမ်း ရဲ့ "ကိုယ်က ဦးအောင်ချရေး" လုပ်ဟန် ရေးပါတယ်။ ဦးကျော်ငြိမ်းအပြောကို အခြေခံတဲ့ "လန်ကြုတ်" ဇာတ်လမ်းကလေး 'ကပိုင်က အဖြစ်အပျက်' ကို ဦးနုက သက်သေပြပါတယ်။

မကြာခင်ကထုတ်တဲ့ လူထုဦးလှ နှစ် (၉၀) ပြည့် စာအုပ်ထဲက "ပြည်ထောင်စု လမ်းသွယ်က မောင်နု" ဆောင်းပါး ဖတ်ရတော့ မှ ဦးနုရဲ့ပရိယာယ်ကို သိရပါတယ်။ တကယ်က "နံပါတ်တစ်တရားခံ" နေရာကို ဦးကျော်ငြိမ်း လွှဲပေးနေတာကိုး။ (တကသ အဆောက်အဦ ကိစ္စမှာ နံပါတ်တစ်နေရာ ဗိုလ်နေဝင်းက ဗိုလ်အောင်ကြီးကို လွှဲပေးနေသလိုမျိုး။)

ဘယ်သူလုပ်လုပ်ပါ။ ပြည်တွင်းစစ် တကယ်ဖြစ်ခဲ့ပါတယ်။ အစိုးရရဲ့ ပေါ်လစီတွေ ကပဲ ပြည်တွင်းစစ်ဖန်တီးတာပါ။ ပေါ်လစီကို ချတဲ့လူနဲ့ ပေါ်လစီကို အကောင်အထည် ဖော်တဲ့လူက ဘယ်သူတွေလဲ။ ပေါ်လစီက ဘာ တွေလဲ။ ဒီကိစ္စ အရေးကြီးပါတယ်။ ပြဿနာ ရှင်းချင်ရင် ပေါ်လစီကို ကိုင်ရပါမယ်။ လူက တချိန်ချိန်မှာ သေပါတယ်။ ဒါပေမဲ့ လူသေရုံနဲ့ ပေါ်လစီမသေပါ။ ကျန်ရစ်ပါတယ်။ ပေါ်လစီ သေမှ ပြဿနာပြေပါတယ်။

ပေါ်လစီချသူတွေဟာ ဗိုလ် အောင်ဆန်း မရှိတဲ့ခေတ်မှာ ဆိုရှယ်လစ် ပါတီပါ။ ဒါကြောင့် ကြာကြာဝါးမှ ခါးမှန်းသိပြီး ဦးနု ဖဆပလကို ခွဲခဲ့ရတာ မဟုတ်လား။

ဆိုရှယ်လစ်ပါတီမှာ ဦးနောက်

အလှူပ်ရှားဆုံးသူက ဦးကျော်ငြိမ်းပါ။ ဒါကြောင့် ဦးနုက "နံပါတ်တစ်" နေရာ ပေးနေတာပါပဲ။ ဒါပေမဲ့ ဝန်ကြီးချုပ်ဆုံးဖြတ်မှ ပေါ်လစီဖြစ်တာပါ။ ဦးနုကပယ်ရင် ပေါ်လစီဖြစ်မလာနိုင်ပါဘူး။

လွတ်လပ်ရေးရတော့ ဖဆပလ အစိုးရက အင်္ဂလိပ် ချခဲ့တဲ့ပေါ်လစီကိုပဲ ဆက်လုပ်ပါတယ်။ အောက်ခြေသိမ်း ပြောင်းလဲမှု လုံးလုံးမလုပ်ပါ။

သူတို့ လှုပ်လှုပ်ရှားရှား အလုပ်ဆုံးက လူစားထိုးရေးပါ။ ဘုရင်ခံအမှုဆောင် အဖွဲ့ကို ဖဆပလဝန်ကြီးအဖွဲ့နဲ့ အစားထိုးတာ၊ ဘုရင်ခံနေရာ သမ္မတနဲ့အစားထိုးတာ လုပ်ပြီး တဲ့နောက် ပြန်သွားတဲ့ အင်္ဂလိပ်တွေ၊ ကုလားတွေရဲ့ရာထူးကြီးနေရာတွေ အစားထိုးရပါတယ်။ တချို့ရာထူးက ပညာအခြေခံတဲ့ ရာထူး၊ အတွေ့အကြုံ အခြေခံတဲ့ရာထူးတွေပါ။ ဒီနေရာမျိုးမှာ နဂိုရှိရင်းစွဲ တိုင်းရင်းသား ဗျူရိုကရက်တွေနဲ့ပဲ အစားထိုးပါတယ်။ ပညာမင်းကြီး၊ တိုင်းမင်းကြီး၊ ဟိုမင်းကြီး ဒီမင်းကြီး စသဖြင့် အစားထိုးရင် အဲဒီဌာနက တိုင်းရင်းသား ဝါရင့်အရာရှိနဲ့ အစားထိုးပါတယ်။ အခုခေတ်လို တန်မတန် ရာမရာ မစဉ်းစားဘဲ စစ်ဗိုလ်နဲ့ အစားမထိုးပါဘူး။

နိုင်ငံရေးလုပ်တဲ့ သမဂ္ဂကျောင်းသားကို "လူမိုက် " လို့ ကြိမ်းမောင်းခဲ့တဲ့သူက ပညာမင်းကြီး ဖြစ်လာပါတယ်။ လယ်သမား သူပုန် ကြိုးပေးခဲ့သူက တရားသူကြီးချုပ် စသဖြင့် ဖြစ်လာပါတယ်။ "လွတ်လပ်ရေး အရသာ" သူတို့စတင်ခံစားကြပါတယ်။ ဖဆပလ ဝန်ကြီးချုပ်၊ ဝန်ကြီးတွေကို သူတို့ အရိုအသေ အလွန်ပေးပါတယ်။ ဒါဟာ ဖဆပလ ဆိုရှယ်လစ်တွေနဲ့ ဗျူရိုကရက်များရဲ့ မဟာမိတ်ဖွဲ့မှုကြီးပါပဲ။ ဖဆပလမှာ တော်လှန်တဲ့ လက္ခဏာ မကျန်တော့ပါဘူး။

လစ်လပ်သွားတဲ့ ဘုတ်အဖွဲ့ဝင် နေရာနဲ့ ကော်မတီနေရာတွေက နိုင်ငံရေးနေရာတွေပါ။ ဆိုရှယ်လစ်တွေနဲ့ ဦးနုရဲ့ အပေါင်းအသင်းတွေအတွက် "ရှယ် " နေရာတွေပါပဲ။ စစ်ဗိုလ်တွေက အစိုးရအမှုထမ်းတွေဖြစ်နေလို့ အဲဒီ ဓာတ်တော်ဝေခန်းမှာ မပါကြရပါ။ သူတို့ နိုင်ငံရေးနေရာတွေနား မကပ်နိုင်ပါဘူး။ စစ်တပ်ထဲပြန်မတ်ဘဲ နိုင်ငံရေးဝင်လုပ်တဲ့ BIA. BDA ဗိုလ်ဟောင်းတွေ "လွတ်လပ်ရေးအရသာ" ခံစားကြတာကြည့်ပြီး မနာလိုရုံမှတပါး ဘာမှ မတတ်နိုင်ပါ။

"ဝန်ကြီးလုပ်နေတဲ့ သခင် – – ဟာ BDA တုန်းက ဗိုလ်ဘယ်သူပဲ၊ သူက ဌက်ဖျားပိုး ဦးနောက်ထဲဝင်ပြီး ရူးသွားတာ –အခုသူက ဝန်ကြီးဖြစ်နေတယ်၊ သူလာရင် တို့က အလေးပြုနေရတယ် " လို့ ဗိုလ်မှူးကြီးတချို့က မကျေမချမ်း ပြောပါတယ်။ သူတို့လုပ်တာမျိုး တို့လည်း လုပ်တတ်တယ်ဆိုတဲ့စိတ် အဲဒီကတည်းက ပေါ်နေပါပြီ။

ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌကြီးက သိန်း ၄၀ ဘုံးတာ အဲဒီခေတ်ကပါပဲ။ SAMB တို့ STB တို့ RTB တို့ ဆိုတဲ့ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးဘုတ်အဖွဲ့၊ နိုင်ငံတော် သစ်လုပ်ငန်းဘုတ်အဖွဲ့၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဘုတ်အဖွဲ့စတဲ့ ဘုတ်တွေဟာ ဖဆပလ ဆိုရှယ်လစ်တွေရဲ့ စားကျက်တွေပါပဲ။ ဆိုရှယ်လစ်နဲ့ ဆိုရှယ်လစ်မဟုတ်တဲ့ ဖဆပလတို့ရဲ့ စားကျက်လုပွဲတွေ တခြိမ်းခြိမ်း ဖြစ်ပါတယ်။ (၁၉၅၈) ခုနှစ် ဖဆပလ အကွဲဟာ အဲဒီက မြစ်ဖျားခံပါတယ်။ စစ်အာဏာသိမ်းပွဲရဲ့ မြစ်ဖျားကလည်း အဲဒီကပဲ စပါတယ်။

လွတ်လပ်ရေးအရသာ မြိန်မြိန်ရှက်ရှက် ခံစားနေရင်း တို့ကိုဘယ်သူ လက်ညှိုးထိုးမလဲ၊ ဘယ်သူဝေဖန်မလဲလို့ မျက်စိဒေါက်ထောက် ကြည့်ပါတယ်။ ဝေဖန်ရင် သူတို့ရဲ့ "ရန်သူ" တွေ ဖြစ်ကြတော့တာပါပဲ။

ဥပဒေတွင်းရန်သူကို ရှင်းဖို့က "ပြည်ထဲရေးဝန်ကြီး" တာဝန်။ ထောင်ထဲမရောက်ဘဲ တောထဲရောက်ရင် အပြတ်ရှင်းဖို့က "ကာကွယ်ရေးဝန်ကြီး" တာဝန်။ ဒါကြောင့်ပဲ ဒီနှစ်ဌာနကို ဆိုရှယ်လစ်က လက်မလွတ်အောင် လုပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးနေရာကို လွတ်လပ်ရေး မရခင်ကတည်းက သူတို့ရထားပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်နေဝင်းရအောင် ဦးသိန်းဖေ (မြင့်) ကို ဘယ်လိုအသုံးချခဲ့တယ်ဆိုတာ ရှေ့မှာတင်ပြပြီးပါပြီ။

ပြည်ထဲရေးဌာနကို ဗိုလ်ခင်မောင်လေး၊ သခင်သာခင်တို့ ကိုင်တော့လည်း ဦးကျော်ငြိမ်းချခဲ့တဲ့ ပေါ်လစီပဲဆက်လုပ်ပါတယ်။

အဲဒီပေါ်လစီက "တူဖြစ်ခိုက် နာနာနှက် " ပေါ်လစီပါ။ (သူတို့ဟာ ပေအဖြစ် ခံရတော့ အသည်းနုပါတယ်။ ဗိုလ်ခင်မောင်လေးက လူထုဦးလှကို ထိခြင်းငါးပါးနဲ့ ကန်တော့ပြီး သံဝေဂရသွားပါတယ်။ သခင်သာခင်က ပြည်ပပြေးနိုင်ဖို့ (ဗကပ) ကို အကူအညီတောင်းသူ ဖြစ်သွားပါတယ်။ ဦးကျော်ငြိမ်းလည်း နောက်ပိုင်းမှာ သံဝေဂ ရသွားပါတယ်။)

(ဗကပ) ဟာ ဘယ်နေရာရောက် ရောက် ရဲရဲဝေဖန်ပါတယ်။ ဝေဖန်တဲ့နည်းနာ ပြောင်းရင်သာ ပြောင်းမယ် ဝေဖန်ရေးကို မလျော့ပါ။ ဒါကြောင့် (ဗကပ) ဟာ ဖဆပလ အစိုးရရဲ့ နံပါတ်တစ်ရန်သူ ဖြစ်သွားပါတယ်။

ဦးသိန်းဖေ (မြင့်) ကတော့ ဦးနု၊ ဦးကျော်ငြိမ်းတို့လို ဇာဒါးနော့ဗ်ကို စွဲချက်မတင်ပါဘူး။ သူက (ဗကပ) ရဲ့ အထွေထွေအတွင်းရေးမှူးတောင် လုပ်ခဲ့သူပဲ။ နု – ငြိမ်းတို့လို ဗလန်းပြောလို့ မဖြစ်ပါ။ ဇာဒါးနော့ဗ်၊ စတာလင် စသူတွေကြောင့် ဗမာပြည်မှာ ပြည်တွင်းစစ်ဖြစ်ရတယ်ပြောလျှင် လူရယ်စရာပဲ ဖြစ်မှာကို သူသိပါတယ်။

သူက ရဲဘော်ဂိုရှယ်ကို ဦးတည်တယ်။ သခင်သန်းထွန်း၊ သခင်ဗသိန်းတင်တို့ရဲ့ "ဂိုဏ်းဂဏာဝါဒ" ကို ထိုးနှက်တယ်။ [(စကားချပ်) ဗိုလ်နေဝင်းလည်း ဦးသိန်းဖေ (မြင့်) ထံမှ (ဗကပ) ၏ "ဂိုဏ်းဂဏာဝါဒ" ဆိုသည်ကို ငှားရမ်းတရုတ်ပြည်သွားတိုင်း သုံးလေ့ရှိတယ်။ တရားဝင်ဆွေးနွေးရာတွင်ကား မသုံးပါ။ မှတ်တမ်းမဝင်သည့် ဘေးပန်းတွင် လှိုင်လှိုင်သုံးလေ့ရှိတယ်။]

"ဂိုဏ်းဂဏာဝါဒ" (ဗကပ) တွင် ရှိနိုင်ပါတယ်။ ဒါပေမဲ့ "ပြည်တွင်းစစ်" ဖြစ်စေတဲ့ ဂိုဏ်းဂဏာအထိ ဘယ်သူ့ဆီကလာသလဲ။ ပြည်သူ့ရဲဘော်၊ RBA (တော်လှန်တဲ့ ဗမာ့တပ်မတော်) တောခိုရတာကော (ဗကပ) ရဲ့ "ဂိုဏ်းဂဏာ" ကြောင့်လား။ ဒါကို ဦးသိန်းဖေ (မြင့်) ရေးမသွားပါ။ သူ့ကိုယ်သူ ဝေဖန်ရေးလုပ်သလိုလိုနဲ့ လျှောချလိုက်တယ်။ လက်နက်နဲ့ အာဏာသိမ်းတဲ့နည်းဘက် သွေဖီသွားမိလို့ ဟု သုံးသပ်လိုက်တယ်။ အမှားကို တည်နဲ့ တမနက်ခင်းမှာ အမှားမြင်လိုက်တယ်လို့ ဆိုပါတယ်။

ဦးသိန်းဖေ (မြင့်) က ဦးကျော်ငြိမ်းလိုလည်း စတာလင်သေပြီးနောက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေရေး လမ်းစဉ်သစ်ကြောင့် အိန္ဒိယ၊ မလေး၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့က ရဲရဲဝံ့ဝံ့လက်နက်ချတယ်။ (ဗကပ) က ပြည်တွင်းစစ် ဆက်တိုက်နေတယ်လို့ မရေးပါ။ ဦးကျော်ငြိမ်းဟာ ဟိုတိုင်းပြည်တွေက သမိုင်းကြောင်းတွေ မသိဘဲ ရမ်းတုတ်လိုက်ကြောင်း သူသိလို့ ဖြစ်ပါလိမ့်မယ်။

နိုင်ငံခြားရေးဝန်ကြီး ခဏခဏ လုပ်ခဲ့တဲ့ ဦးကျော်ငြိမ်းဟာ လက်နက်ခဲယမ်း ရေသောက်မြစ်ရဖို့ပဲ အင်္ဂလိပ်၊ အမေရိကန်ဆီကို သွားခဲ့ပါတယ်။ အိန္ဒိယအကြောင်း လေ့လာခဲ့ဟန် မတူပါဘူး။ အဲဒီတိုင်းပြည်မှာ ပြည်တွင်းစစ် ဘယ်တုန်းကမှ မဖြစ်ပါ။

(ဗကပ) ဟာ ပြည်တွင်းစစ် နှစ် (၅၀) အတွင်းမှာ "အစိုးရက ချီးမြှင့်တဲ့" ဘွဲ့ထူး ဂုဏ်ထူးတွေ သိပ်ရခဲ့ပါတယ်။

'မော်စကိုတပည့်' ဘွဲ့ကို စရပါတယ်။ 'ပီကင်းတပည့်' ဘွဲ့က ၁၉၆၇ နောက်ပိုင်းမှ ရပါတယ်။ အခုတော့ အဲဒီဘွဲ့တွေ မရှိတော့ပါ။ 'ပီကင်းတပည့်' ဘွဲ့တော့ အမေရိကန်က ပြန်ယူပြီး တခြားပေးလိုက်ပါတယ်။

ဖဆပလအစိုးရခေတ်မှာ (သကသ) သောင်းကျန်းသူဘွဲ့ ရပါတယ်။ (နဝတ) က ပြန်သိမ်းသွားပါတယ်။ ဝ တွေ၊ ကိုးကန့်တွေ၊ ကချင်တွေ၊ ပအိုဝ်တွေ၊ မွန်တွေကို (သကသ) လို့ သွားခေါ်ရင် မိုးမီးလောင်မှာမို့ ပြန်သိမ်း သွားတာ ဖြစ်ပါတယ်။

(နဝတ) က (ဗကပ) ဆီက ပြန်သိမ်းတဲ့ထဲမှာ "အမျိုးသား သစ္စာဖောက် " ဘွဲ့လည်း ပါသွားပါတယ်။ NLD ကို ပေးပါတယ်။ (အခုတော့ စကားပြောပွဲ လုပ်တုန်းမို့ ပြန်သိမ်းထားပါတယ်။)

ဗိုလ်နေဝင်း

မူးယစ်ဆေးဝါး လုပ်တယ်ဆိုတဲ့ 'ဘိန်းရာဇာ' ဘွဲ့ကတော့ (ဗကပ) ဆီက ပြန်သိမ်းပါတယ်။ တခြားဘယ်သူ့မှလည်း မပေးဝံ့လို့ သူတို့ပဲ ယူထားကြပါတယ်။

(ဗကပ) ရတဲ့ဘွဲ့ထဲမှာ "ဓမ္မန္တရာယ် " ဘွဲ့လည်း ပါပါတယ်။ ဒါကတော့ ကမ္ဘာမှာ ပေးနေကျဘွဲ့ပါ။

ပြည်တွင်းစစ်ကို ဇဒါးနေ့ဝ် (ရုရှားကွန်မြူနစ်)၊ ရာနာဒီဗေး (အိန္ဒိယကွန်မြူနစ်) တို့ကြောင့် ဖြစ်လေဟန် ပြောကြရေးကြခြင်းဟာ (ဗကပ) ကို ပြည်တွင်းစစ် တရားခံအဖြစ် လုပ်ကြံစွပ်စွဲချင်လို့ပါပဲ။

ဗမာပြည် ပြည်တွင်းစစ်ဟာ ပြည်တွင်းဖြစ်စစ်စစ် ဖြစ်ပါတယ်။ ဗမာပြည်ရဲ့ စစ်ပြီးခေတ် အခြေအနေကို ချုပ်ကြည့်လိုက်ရင်

(၁) (ဗကပ) ဟာ စစ်တိုက်တဲ့အတွေ့အကြုံရှိတဲ့ပါတီ၊ ပြည်သူ့ရဲဘော်ကလည်း ဦးကျော်ငြိမ်း အဆိုအရဆိုရင် ၁၉၄၇ ခုနှစ်မှာ တော်လှန်ရေးလုပ်ခဲ့တဲ့ ရဲဘော် (၂၀၀၀) လောက်နဲ့ တပ်ဖွဲ့ဝင် (၂၀၀,၀၀၀) လောက် ရှိတယ်။ အစိုးရတပ်ထဲမှာလည်း ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်စတဲ့ ဆိုရှယ်လစ်ပါတီကို မလိုလားတဲ့ တပ်မှူးကြီးတွေ၊ တပ်မှူးတပ်သားတွေ ရှိနေတယ်။ သူတို့က လက်ဝဲတွေ ပြည်ချစ်ဝါဒီတွေပဲ။

(၂) ဖက်ဆစ်တော်လှန်ရေးတုန်းက အချောင်ခိုနေကြပြီး လောလောဆယ် အာဏာကို လက်ဝါးကြီးအုပ်ထားတဲ့ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်စုက အကြမ်းဖက်ဖိနှိပ်လာတယ်။

(၃) အလုပ်သမား၊ လယ်သမား၊ ဓနရှင်ပေါက်စတွေ တော်လှန်ရေးစိတ် အလွန်နိုးကြားနေချိန်ဖြစ်တယ်။

(၄) အင်္ဂလိပ် နဲ့စေ့စပ်ပြီးရထားတဲ့ 'လွတ်လပ်ရေး' က စိတ်ကြိုက်မဟုတ်ဘူး။ အင်္ဂလိပ်နှောင်ကြိုးတွေ တန်းလန်းနဲ့ ဖြစ်နေတယ်။ လက်ယာအင်အားစုတွေ၊ အလိုတော်ရိတွေ၊ ဗျူရိုကရက်ကြီးတွေကို ဖဆပလ အစိုးရက ချော့ပြီးပေါင်းနေရတယ်။

(၅) ကျေးလက်မှာ စစ်လက်ကျန်လက်နက်တွေ ရှိနေတယ်။ လယ်သမားသူပုန်ဆန်တဲ့ ဓားပြဂိုဏ်းကြီးတွေ ရှိနေတယ်။

ဒီလို အခြေအနေမှာ (ဗကပ) နဲ့ တခြားတော်လှန်ရေး အင်အားစုတွေကို တယောက်မှ မကျန်အောင် ရှင်းပစ်နိုင်ရင်တောင် ပြည်တွင်းစစ်က ပေါက်ကွဲလာမှာပဲ။

အထက်ပါ အခြေအနေမျိုး အိန္ဒိယမှာ အရှေ့တောင်အာရှ တိုင်းပြည်တွေမှာ မရှိဘူး။ အဲဒီလို အခြေအနေရှိတဲ့ ဗမာပြည်မှာ "ကိုယ်ကဦးအောင်ချရေး" ဟာ အလုပ်မဖြစ်နိုင်ပါဘူး။

ပေါ်လစီဟူသမျှ ဦးကျော်ငြိမ်းကလို့ပြောရင် တရားမျှတမှုမရှိပါ။ ဟုတ်လည်းမဟုတ်ပါ။ နိုင်ငံရေးအကွက်ဆင်တာ သူဖြစ်နိုင်ပါတယ်။ သူတို့ထဲမှာ ဦးနှောက်အလှုပ်ရှားဆုံးက သူပါ။ ပြည်ထဲရေးကိစ္စ သူ့လက်သူ့ခြေပါ။ ကာကွယ်ရေး၊ လုံခြုံရေး သူ့အခန်းအဓိက မဟုတ်ပါ။ "မူ" ကိုပဲ သူချုပါတယ်။

နိုင်ငံခြားရေးမှာလည်း "မူ" ကိုသာ ကိုင်ပြီး ဦးတင်ထွဋ်ကို လွှဲထားပါတယ်။ တောင်သူလယ်သမားကိစ္စကျတော့ သခင်တင်တို့ အပိုင်စားရာနယ်ပယ်ပါ။ ကုလားအုပ်ကျောပေါ် နောက်ဆုံးကောက်ရိုးတစ တင်ပေး (သတင်းစာတိုက်ရိုက်ချိုး) တာမှာ သူ့ပရောဂ ပါပါတယ်။ တိုက်ရိုက်တော့မပါပါဘူး။ ဒဂုန်တာရာရဲ့ ဂျာနယ်ကျော်မမလေး ရုပ်ပုံလွှာမှာ ဦးကျော်ငြိမ်းလို့ မပြောပါ။ ခြောက်လုံးပြူး ခါးကြားထိုးထားသူလို့ ဆိုပါတယ်။

ဦးကျော်ငြိမ်းက "အတိုက်အခံ ဟူသမျှ ချေမှုန်းကြ" ဆိုတဲ့ဆောင်ပုဒ် ချမှတ်သူနဲ့ ဆော်သြသူအဖြစ် တာဝန်ရှိပါတယ်။ (ဗကပ) ချေမှုန်းရေး အကွက်ဆင်သူအဖြစ် တာဝန်ရှိပါတယ်။

တခြားသတင်းစာတိုက်တွေ ရိုက်ချိုးအပြီးမှာ ကွန်မြူနစ်ပါတီရဲ့ "ပြည်သူ့အာဏာ" ဂျာနယ်နဲ့ "ကွန်မြူနစ်နေ့စဉ်" သတင်းစာတိုက် ရိုက်ချိုးဖို့အစီအစဉ် ရှိပါတယ်။

ယူနီဖောင်းချွတ်ထားတဲ့ စစ်သားအုပ်နဲ့ ပုဂ္ဂလိက သတင်းစာတိုက် ရိုက်ချိုးလို့ ဖြစ်ပေမယ့် (ဗကပ) ကို အဲဒီလိုလုပ်လို့ မဖြစ်တာ ဦးကျော်ငြိမ်းသိပါတယ်။ ဒါကြောင့် ဗိုလ်နေဝင်းကိုအရဆွယ်ပြီး စစ်တပ်အင်အားနဲ့ (ဗကပ) ဌာနချုပ် (ပုံနှိပ်တိုက်ရှိတယ်) ဝင်သိမ်းဖို့ စည်းရုံးခဲ့တာပါ။ (ဗကပ) ဌာနချုပ်မှာ လက်နက်အပြည့်အစုံနဲ့ တပ်ရင်းတရင်း လျှို့ဝှက်ချထားတယ်လို့ ဗိုလ်နေဝင်းကိုပြောပြီး စည်းရုံးတာပါ။

ဗိုလ်နေဝင်းက "ကိုကျော်ငြိမ်း ဒီအပေါင်ဆိုင် (ဗကပ ဌာနချုပ်ဟာ အရင်က အပေါင်ဆိုင်) ပေါ် ဘယ်နှယ်လုပ်ပြီး တပ်ရင်းတရင်း နေနိုင်ပါ့မလဲ" လို့ ပြန်ပြောရတယ်လို့ ဗိုလ်နေဝင်းကိုယ်တိုင် ပြောပါတယ်။

တကယ့်အဖြစ်မှန်က ပုဂ္ဂလိက သတင်းစာတိုက်တွေ ရိုက်ချိုးခံရတဲ့နေ့က ယူနီဖောင်းချွတ်လူအုပ်ကြီးလာရင် ရင်ဆိုင်ဖို့ ပါတီဌာနချုပ်က ရဲဘော်တချို့နဲ့ စမ်းချောင်းလူငယ်တွေပဲ စုစည်းထားခဲ့ပါတယ်။ အဲဒီနေ့က ထိပ်တိုက်မတွေ့ပါ။

နောက်မှလိုရမယ်ရ သခင်တင်ထွန်း အစီအစဉ်နဲ့ ပျဉ်မနားကရဲဘော် လေးငါးယောက် ခေါ်လိုက်ရတာ ဖြစ်တယ်။ လက်နက်ယူလာလို့ မဖြစ်ပါ။

(ဗကပ) ကို ချိုးဖို့ဆိုရင် ယူနီဖောင်း

ချုတ်လူအုပ်နဲ့ မဖြစ်ပါ။ ဥဏ်နီဥဏ်နက် များတဲ့ ဦးကျော်ငြိမ်းဟာ တပ်တွင်း ဆိုရှယ်လစ်တွေနဲ့ မုချတိုင်ပင်ရပါမယ်။ လက်တွေ့အလုပ်ဖြစ်ရေးဝါဒသမား ဗိုလ်နေဝင်းက (ဗကပ) နဲ့တွေ့တုန်း အပိုအမိုပြောတယ်ထား– မတ်လ ၂၈ အလစ်ဖမ်းပွဲ စီမံကိန်းကို သူသိနိုင်ပါတယ်။ တခြားဆိုရှယ်လစ်ဗိုလ်တွေလည်း သိနိုင်ပါတယ်။

အဖြစ်အပျက်က (၅၄) နှစ် ရှိပါတော့မယ်။ ချေးခြောက်ရေနှုးနေတာ မဟုတ်ပါ။ အဲဒီခေတ်က ဆိုရှယ်လစ်ပါတီထိပ်သီးတွေ အခုမရှိတော့ပေမယ့် ဆိုရှယ်လစ်ဗိုလ်တွေ ကျန်နေပါသေးတယ်။ တစုတစည်းတည်းတော့ မဟုတ်၊ ဟိုရောက်ဒီရောက်ပါ။ နိုင်ငံရေးပါတီတွေ (တချို့အစိုးရပါတီ၊ တချို့အတိုက်ခံပါတီ) ထဲမှာ ရှိနေပါတယ်။ မျိုးဆက်သစ်က ပြည်တွင်းစစ်ပြဿနာ ရှင်းမယ်ဆိုရင် သူတို့အကူအညီ ရဖို့လိုလို့ ရေးနေခြင်း ဖြစ်ပါတယ်။

ကြာလေရှုပ်လေဖြစ်တဲ့ ဗမာပြည် ပြည်တွင်းစစ်

ချာချီအဖို့ကတော့ BIA. PBF အန္တယ် ဖဆပလဆိုရင် ဝဲဝဲယာယာ သူတို့နဲ့ မစေ့စပ်ရေးပဲ။ စေ့စပ်ရင် "စောစိန်မော်" ကိုပဲ စိတ်ချတယ်။ သူတို့က အလိုတော်ရိုက်ဏီး၊ ပြည်တွင်းက အလိုတော်ရိအားလုံး သူတို့အောက်မှာ ရှိတယ်။ သူတို့နဲ့ စေ့စပ်ရင် အင်္ဂလိပ်အတွက် ပိုအကျိုးရှိမယ်လို့ မြင်တယ်။

ဖဆပလနဲ့စေ့စပ်ပြီး လွတ်လပ်ရေးပေးခဲ့တာကို အင်္ဂလိပ်ခေါင်းမာဂိုဏ်း ချာချီ၊ တောင်တန်းသားမိတ်ဆွေ စသူများက မကျေနပ်ဘူး။ ပြည်တွင်းအလိုတော်ရိတွေကလည်း အင်္ဂလိပ်က သူတို့အပေါ် သစ္စာဖောက်သွားတယ်လို့ ထင်ပါတယ်။

ချာချီဟောကိန်းထုတ်တဲ့ "ပြည်တွင်းစစ်" မျိုး မဖြစ်ခဲ့ပေမယ့် "လက်ဝဲညီညွတ်ရေး" ပြိုကွဲပြီး ပြည်တွင်းစစ်ဖြစ်တော့၊ ပြည်တွင်းစစ်ဟာ ကျယ်ပြန့်သွားတယ်။ ရည်မှန်းချက်အမျိုးမျိုးနဲ့တိုက်တဲ့ ပြည်တွင်းစစ်ဖြစ်သွားတယ်။

ကွန်မြူနစ်နဲ့ တခြားလက်ဝဲအင်အားစုတွေက ပြည်သူ့ဒီမိုကရေစီအတွက် တိုက်တာ (အဲဒီထဲမှာလည်း အမြင်တညီတည်း မဟုတ်)

လူမျိုးစု အင်အားစုတွေက ရည် ရွယ်ချက်တမျိုး (သူတို့လည်း တညီတည်းမဟုတ်) ဒါကြောင့် ပြည်တွင်းစစ် ပြဿနာကို ဖြေရှင်းဖို့ဟာ တခုကောင်းနဲ့ မရှင်းနိုင်ပါဘူး။ ဘက်စုံဖြေရှင်းမှုရမယ့်ကိစ္စ ဖြစ်ပါတယ်။

ရန်သူ့ဘက်ကလည်း ဒီလိုပဲ။ ဖဆပလအစိုးရ (၁၀) နှစ်မှာ ဦးနု တမျိုး၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းကတမျိုး၊ စစ်တပ်ကတမျိုးပဲ။ ပြည်တွင်းစစ်ပြဿနာ ဖြေရှင်းချင်ပုံချင်း တညီတည်း မဟုတ်ဘူး။ ဆိုရှယ်လစ်နဲ့ စစ်တပ်က အပြတ်ချေမှုန်းရေးက တပြားသားမလျှော့ဘူး။

နောက် နေဝင်းရဲ့စစ်အစိုးရ ဖြစ်လာတော့ ပါလီမန်အစိုးရလို ဟိုညှိဒီညှိ လုပ်နေစရာ မလိုတော့ဘူး။ ဗိုလ်နေဝင်းခေါင်းငြိမ့်ရင် ပြီးတယ်။ ဒါကြောင့် သူ့ခေတ်မှာ နှစ်ခါတောင် "စေ့စပ်ဆွေးနွေးပွဲ" လုပ်နိုင်ခဲ့တာပဲ။

"ပြည်တွင်းစစ်" မှာ ပါဝင်ပတ်သက်လာတဲ့ နိုင်ငံခြားအင်အားစုများကိစ္စမှာ အပြောင်းအလဲတွေ ရှိပြန်တယ်။

သခင်သန်းထွန်း

ဗမာပြည် ပြည်တွင်းစစ်မှာ စိတ်ဝင်စားသူက ကြာလေများလေ ဖြစ်လာတယ်။ ချာချီနဲ့ 'တောင်တန်းသား မိတ်ဆွေများ' ချည်း မဟုတ်တော့ဘူး။ ချာချီက မရှိတော့ဘူး။ သူ့ပါတီကလည်း ဗမာပြည်အရေးကို ရေးကြီးခွင်ကျယ် သဘောမထားတော့ဘူး။ 'တောင်တန်းသားမိတ်ဆွေများ' ကတော့ အိုနာကျိုးကန်း ဖြစ်သူပဲ ကျန်တယ်။ KIO က ဦးဘရန်ဆိုင်း ၁၉၈၀ နှစ်တွေထဲမှာ အင်္ဂလန်သွားတွေ့တော့ အိုမင်းမစွမ်းတွေ၊ အင်္ဂလိပ်အထက်လွှတ်တော်မှာ လော့ဒ် (Lord) တွေ ဖြစ်နေတယ်။ ဗမာပြည်အရေး သူတို့ဦးနှောက်ထဲမှာ မရှိတော့ဘူး။ သိပ်လည်း စိတ်မဝင်စားတော့ဘူး။

၁၉၉၀ နှစ်တွေမှာ ပြည်ပက စိတ်ဝင်စားသူတွေက အလွန်များလာတယ်။ (ဗကပ) အနေနဲ့ အားလုံးကို မသိပါ။ သိတာလည်း မဖော်ပြလိုပါ။ ကျွန်တော်တို့ မိတ်ဆွေတွေ၊ ရဲဘော်တွေဟာ အခြေအနေကိုကြည့်ပြီး စခန်းသွားနေရလို့ ဖြစ်ပါတယ်။ အခုတင်ပြချင်တာက "ပြည်တွင်းစစ်ပြဿနာ" ဖြေရှင်းရေးမှာဝင်ပြီး သြဇာပေးချင်တဲ့၊ ပါဝင်ပတ်သက်ချင်တဲ့၊ အကြံပေးချင်တဲ့၊ ဆေးမြီးတိုပေးချင်တဲ့လူတွေ များတဲ့အကြောင်းပါ။ ဆေးမြီးတိုနဲ့တည့်သွားရင် ဂုဏ်ယူပြောဆို၊ မတည့်လို့သေရင် အလုပ်မဖြစ်ဘူးဆိုတဲ့ ပညာတခုတော့ တိုးတာပဲလို့ သဘောထားမယ့် သူတွေလည်း များပါတယ်။ အခုခေတ်က စစ်အေးလွန်ခေတ်ပါ။ သတင်းနည်းပညာ (IT) ခေတ်။ ဟိုခေတ် ဒီခေတ် ဆိုတာကြီးပါ။

ဗမာပြည်ကလူတွေ ပြည်ပထွက်နေတာလည်း များပါတယ်။ အိမ်ခင်တတ်တဲ့လူမျိုးတွေ နိုင်ငံခြားထွက် အလုပ်လုပ်နေရပါတယ်။

အခု ပြည်တွင်းစစ်ကို နိုင်ငံခြားစစ်မျက်နှာတခုဖွင့်ပြီး တိုက်နေကြရပါတယ်။ အင်တာနက်ပေါ်ကတိုက်ပွဲ၊ စစ်အစိုးရက တင်လိုက်တဲ့သတင်းမှားတွေ စသဖြင့် ရှုပ်ထွေးပွေလီတဲ့ ပြည်တွင်းစစ် ဖြစ်လာနေပါတယ်။

တမယ်ကောင်း ဆေးတဖုံနဲ့ ပြည်တွင်းစစ်ပြဿနာ မရှင်းနိုင်တော့ပါဘူး။

ပြည်တွင်းစစ် တာရှည်ရခြင်း၏အကြောင်း

အရှုံးအနိုင်ပြတ်မသွားဘဲ နှစ် (၅၀) ကျော် ရှည်ကြာရခြင်းရဲ့အကြောင်းက နှစ်ဘက်စလုံးမှာ ရှိပါတယ်။ အပြတ်ချုပ်စ်လိုက်ဖို့ နှစ်ဘက်စလုံးက အားထုတ်ကြတာပါပဲ။ ဖဆပလ က (၆) လအတွင်း အပြုတ်တိုက်ရေးလုပ်သလို (ဗကပ) ကလည်း "၂ နှစ်အတွင်း စစ်နိုင်ရေး" လုပ်ပါတယ်။ ဘယ်သူမှ မအောင်မြင်ပါ။

ဖဆပလအစိုးရဘက်ကလည်း PVO. RBA နဲ့ KNU ကိစ္စတွေ ဆက်တိုက်လို ပေါ်နေလို့ (ဗကပ) ကို အပြုတ်တိုက်ပစ်ဖို့ မလွယ်ပါ။ ရန်ကုန်အစိုးရအဖြစ်တောင်

ရောက်သွားပါတယ်။ (ဗကပ) ကလည်း ကိုရီးယားစစ် ဖြစ်တဲ့နှစ်က "၂ နှစ်အတွင်း စစ်နိုင်ရေး" လုပ်ပါတယ်။ လုပ်ကြည့်ပြီး မဟန်တော့လို့ ရပ်လိုက်ရပါတယ်။

အစိုးရကို လက်နက်ကိုင် တိုက်ကြတဲ့ အင်အားစုတွေမှာ ဘုံရန်သူရှိပေမယ့် ဘုံလုပ်ငန်းစဉ် (အနိမ့်ဆုံးလုပ်ငန်းစဉ်) မရှိပါ။ အခြေအနေက ဘယ်လိုပဲပေးနေပါစေ ရန်ကုန် အစိုးရကို အပြုတ်ချပစ်ဖို့ အခွင့်မသာခဲ့ပါ။

ဘာကြောင့် အခွင့်မသာသလဲ ဆိုတာဟာ ဗမာပြည်တော်လှန်ရေးရဲ့ ထူးခြားချက်ကြောင့်ပါ။

ဘာတွေထူးခြားသလဲ ဥပမာတချို့ ပြပါမယ်။

(ဗကပ) PVO. RBA တို့ တပ်ပေါင်းစုဖွဲ့မိပါတယ်။ လက်ဝဲတပ်ပေါင်းစုလို့ ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ လမ်းစဉ်တွေတူအောင် ညှိမရပါ။ (အလံနီကို တပ်ပေါင်းစုအင်အားထဲ မထည့်နိုင်တာက သူ့ရဲ့ ဂိုဏ်းဂဏာကြောင့်ပါ။ အလံနီဟာ ဂိုဏ်းတခုအဖြစ်ကနေ လူထုအခြေခံရှိတဲ့ နိုင်ငံရေးအင်အားစုအဖြစ် ဘယ်တုန်းကမှ မတက်ခဲ့ပါ။ နောက်ဆုံးဇာတ်သိမ်းတဲ့အထိ ဂိုဏ်းကလေးအဖြစ်က မတက်ခဲ့ပါ။ နေဝင်းစစ်အုပ်စုက တောထဲမှာ တမင်မွေးထားတယ်လို့ ထင်စရာတွေ အများကြီး ရှိပါတယ်။ သူ့ကိစ္စကို ရေးမှာမဟုတ်လို့ ချန်ခဲ့ပါမယ်။)

တော်လှန်ရေး အင်အားစုတွေဟာ ကျေးလက်ကို အခြေခံရတော့ မြေယာနဲ့ ကျေးလက်ပေါ်လစီ ရှိရပါတယ်။ (ဗကပ) ပေါ်လစီကတမျိုး၊ PVO ပေါ်လစီကတမျိုး ဖြစ်ကြပါတယ်။

(ဗကပ) ပေါ်လစီက ဆင်းရဲလယ်သမားနဲ့ ကျေးလက်ပစ္စည်းမဲ့အလွှာကို အလွန်အကျွံမှီခို အလုပ်အကျွေးပြုထားတဲ့ လမ်းစဉ်ဖြစ်နေပါတယ်။ "မြေတွေ အကုန်သိမ်းအကုန်ဝေ" ဆိုတော့ အလတ်လယ်သမားနဲ့ ချမ်းသာလယ်သမားပိုင် မြေတွေပါ အသိမ်းခံရပါတယ်။ မြေပြန်ဝေတော့ ဆင်းရဲတွေက မြေဝေစုများများ ရသွားပါတယ်။ မြေမဲ့ယာမဲ့ကလည်း မြေမရှိရာက မြေပိုင်ဖြစ်သွားပါတယ်။ အလတ်နဲ့ချမ်းသာကတော့ သိမ်းသွားတဲ့မြေထက် လျှော့ပြီးရရုံမက လက်ငုတ်မြေကောင်းတွေ လက်လွှတ်ပြီး မြေညံ့တွေရကြပါတယ်။

"ဆင်းရဲ အခြေခံ၊ အလတ် မဟာမိတ်ပြု၊ ချမ်းသာကြားထား၊ မြေရှင်ဦးတည်တိုက်ရေး" မူနဲ့ မကိုက်ပါဘူး။ ဆင်းရဲအခြေခံမိပေမယ့် အလတ်မဟာမိတ်ပြုရေးနဲ့ ချမ်းသာကြားထားရေး မဟုတ်တော့ပါဘူး။

PVO ရဲ့လမ်းစဉ်က တမျိုးပါ။ အလတ်နဲ့ချမ်းသာလယ်သမား အလုပ်အကျွေးပြုရေး ဖြစ်နေပါတယ်။ ဆင်းရဲနဲ့ မြေမဲ့ယာမဲ့လယ်သမားကို ဘုံရင်းအတိုင်း ရှိစေပါတယ်။

ဒီလို ပေါ်လစီနှစ်ခု စင်ပြိုင်ဖြစ်နေတာနဲ့ နယ်မြေအငြင်းပွားမှုတွေ ပေါင်းမိတော့ အချင်းချင်း စစ်တိုက်ကြရတဲ့အထိ ဖြစ်ပါတယ်။

အဲဒီတုန်းက ရေနံမြေက ကိုယ့်လက်ထဲရောက်လုနီး ဖြစ်နေပါတယ်။ အင်္ဂလိပ်ပိုင် ကုမ္ပဏီကြီး (BOC) က "နုအက်တလီစာချုပ်" အရ တရားဝင်ရှိနေပါတယ်။ ဒီကုမ္ပဏီကို နိုင်ငံပိုင်လုပ်ရေးပေါ်လစီမှာ PVO နဲ့ (ဗကပ) မကွဲပါ။ (ဦးဘဖေက ဗိုလ်နေဝင်းကို စစ်တပ်အာဏာသိမ်းပွဲလုပ်ဖို့ BOC ရဲ့ ကိုယ်စားလှယ်လုပ်ပြီး ချဉ်းကပ်တယ်ဆိုတာ အဲဒီအချိန်ကပါ။ ဗိုလ်နေဝင်း မလုပ်ရဲပါ။ ဦးဘဖေကို ဖွင့်ချပါတယ်။ အဲဒီကတည်းက ဦးဘဖေ နာလန်မထူတော့ပါ။)

RBA နဲ့ (ဗကပ) က ပေါ်လစီ ဆိုင်ရာ အငြင်းပွားမှုမရှိပါ။ တောထဲရောယောင်ပါလာတဲ့ ဗိုလ်တင်ထွန်းအောင်တို့ ကြံစည်မှုကို ဖြိုခွင်းရတာပဲ ရှိပါတယ်။

KNU နဲ့ ပြဿနာကျတော့ ပိုပြီး ရှုပ်ပါတယ်။ PVO နဲ့ မြေယာပေါ်လစီကွဲတာက ပြင်ဆင်လိုက်နိုင်ပါတယ်။ (ဗကပ) က လွန်နေတာလျှော့၊ PVO ကလည်း ဆင်းရဲလယ်သမား အခြေခံရေးလုပ်လိုက်တော့ ပြေလည်သွားပါတယ်။

KNU နဲ့ ပြဿနာကတော့ အခုအထိ ပြေလည်တယ် ပြောမရပါ။ နောက်ပိုင်း စစ်အစိုးရခေတ်မှာ ပေါ်လာတဲ့ လူမျိုးစုအခြေခံလက်နက်ကိုင် အင်အားစုတွေနဲ့ ကျတော့ မဖြေရှင်းနိုင်တဲ့ ပြဿနာကြီး ဖြစ်လာပါတယ်။

ကွန်မြူနစ်ပါတီက လူတန်းစားနဲ့ လူတန်းစားတိုက်ပွဲကို ယုံကြည်ပါတယ်။ လူမျိုးတိုင်းမှာ လူတန်းစားကွဲပြားမှု ရှိတယ်လို့ သတ်မှတ်ပါတယ်။ သက်ဆိုင်ရာလူမျိုးဟာ ဘယ်စနစ်ထဲရောက်နေသလဲ။ ကျေးပိုင်ကျွန်ပိုင် အဆင့် ရောက်နေရင် ကျွန်ပိုင်နဲ့ ကျေးကျွန်လူတန်းစား ရှိမှာပါပဲ။

ပဒေသရာဇ်စနစ် အဆင့်ဆိုရင် ပဒေသရာဇ်မြေရှင်နဲ့ လယ်သမားလူတန်းစား ရှိနေပါလိမ့်မယ်။ ရောင်းကုန်ထုတ်လုပ်ရေး အဆင့်ရောက်နေရင်တော့ ဓနရှင်နဲ့ အလုပ်သမား၊ အတိုးကြီးစားနဲ့ မြီစားရှိမှာပါပဲ။

အဲဒီအယူအဆကို လူမျိုးစုအဖွဲ့တိုင်းလောက်က လက်မခံပါ။ သူတို့မှာ လူမျိုးပဲ ရှိတယ်။ လူတန်းစားမရှိဘူးလို့ ဆိုပါတယ်။ ရှမ်းက ရှမ်းအမျိုးသားရေးဝါဒ၊ ကချင်က ကချင်အမျိုးသားရေးဝါဒ ဒါပဲလိုတယ်လို့ ယူဆကြပါတယ်။ ရန်သူက ဗမာလူမျိုးပဲလို့ သတ်မှတ်ပါတယ်။ (နောက်တော့ ဗမာစစ်အစိုးရလို့ ပြင်ပါတယ်။)

KIO ခေါင်းဆောင်တွေနဲ့ တပ်ပေါင်းစုဆွေးနွေးပွဲတခုမှာ ဒီကိစ္စပေါ်ပါတယ်။ သူတို့က (-ism) (ဝါဒ) တွေကြောင့် ခက်နေတာလို့ ပြောပါတယ်။ သူပြောချင်တာက (Communism. Socialism) ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ အဲဒီဝါဒတွေကို ဆိုလိုတာပါ။ ခင်ဗျားတို့လည်း -ism ရှိတာပဲဆိုတော့ မရှိဘူး ငြင်းပါတယ်။ Nationalism လေလို့ပြောမှ ဟုတ်တယ်လို့ ပြောပါတယ်။

ဒါတွေကြောင့် ဗမာပြည် တော်လှန်ရေးမှာ "ပြည်သူ့ဒီမိုကရေစီ" လို့ ကွန်မြူနစ်တွေကပြော၊ သူတို့က "အမျိုးသားဒီမိုကရေစီ" လို့ ပြော မလိုအပ်ပဲ ငြင်းနေကြရပါတယ်။

NDF ဆိုတာ ဗမာမပါပဲ ဖွဲ့ကြပါတယ်။ သူတို့အနေနဲ့ (ဗကပ) က ဗမာထဲမှာ လူတန်းစားရေးလုပ်တာတော့ ကြိုက်ပါတယ်။ ဗမာချင်းတိုက်ပွဲမှာ အမြတ်ထုတ်နိုင်လို့ပါ။ သူတို့ကတော့ အမျိုးသားရေးပဲ လုပ်မယ်လို့ ဆိုပါတယ်။ ဗမာက BIA လုပ်ခဲ့သလို သူတို့လည်း - IA တွေ ဖွဲ့ကြပါတယ်။ (SSIA. KIA စသဖြင့်)

အခုတော့ မျိုးဆက်သစ်တချို့က ဗမာမပါရေးသာ မကတော့ပါ။ ဗမာစကား မပြောရေး၊ အင်္ဂလိပ်ဘာသာကို ဘုံဘာသာ လုပ်ရေးအထိပြောသံ ကြားရပါတယ်။ စိတ်ကူးယဉ်တာပါပဲ။ စိတ်ကူးယဉ်ခွင့် လူတိုင်းမှာရှိလို့ ဇွေမယူနိုင်ပါ။

တခါတုန်းက (KNUP) ဖွဲ့ပါတယ်။ သူတို့က လူတန်းစားနဲ့ လူတန်းစားတိုက်ပွဲသဘောတရားကို လက်ခံပါတယ်။ (ဗကပ) နဲ့ အတော်ကလေး နီးစပ်ခဲ့ဖူးပါတယ်။

ကွန်မြူနစ်တို့ရဲ့ အယူအဆက နိုင်ငံရေးလှုပ်ရှားမှုတိုင်းဟာ ပေါ်လစီတခုခုကို လုပ်နေတာလို့ ယူဆပါတယ်။ အသိရှိစွာ

ဖြစ်စေ၊ အသိမဲ့စွာဖြစ်စေ လုပ်နေကြတာချည်း ပါပဲ။ ပေါ်လစီတိုင်းဟာလည်း လူတန်းစား တခုခုကို ကိုယ်စားပြုတာ အလုပ်အကျွေးပြုတာ ချည်းပါပဲ။ တမျိုးသားလုံးကို ကိုယ်စားပြု တယ်လို့ ပြောကောင်းပြောပါလိမ့်မယ်။ မဟုတ်ပါ။ စစ်အစိုးရက "အမျိုးသားရေး တာဝန်" "အမျိုးသားနိုင်ငံရေး" လို့ ပြောနေ တာမျိုးပါပဲ။

"ရန်ကုန်အစိုးရ ဖြစ်နေပြီ" ပြုတ်ကျ ဖို့ တဲတဲကလေးလိုတယ်။ ဘာကြောင့် အဲဒီ တုန်းက (ဗကပ)၊ RBA. PVO. KNU ပေါင်းပြီး ရန်ကုန်မသိမ်းသလဲလို့ မျိုးဆက်သစ် တချို့က ပြစ်တင်ချင်ကြပါတယ်။

ပြောသလောက်မလွယ်ပါ။ စဉ်းစား နိုင်အောင် အဲဒီတုန်းက အခြေအနေ လိုသ လောက် တင်ပြပါမယ်။

၄၈ ခုနှစ် တနှစ်လုံး ပါတီက ထိုးစစ် တွေ ကြံ့ကြံ့ခံနေရပါတယ်။ ထိုးတဲ့တပ်တွေက ကရင်၊ ကချင်၊ ချင်း၊ ဂေါ်ရခါး တပ်တွေပါ။ သူတို့ပဲ ဖဆပလ အစိုးရအမိန့်နာခံပါတယ်။ ဗမာတပ်တွေက တချို့တောခို၊ တချို့ကပျက်၊ ဗိုလ်တချို့က သုံ့ပန်းဖြစ်၊ ဗိုလ်တချို့က "စစ် ဆိုရင် ရေတောင်စစ်မသောက်ချင်ဘူး" လို့ ပြောပြီး ဘုန်းကြီးဝတ်ပါတယ်။

၄၉ မှာ ကရင်တပ်တွေ တောခိုမှ (ဗကပ) အသက်ရှူချောင်ပါတယ်။ ကရင်တပ် တွေ မန္တလေးတက်လာပါတယ်။ မန္တလေး ရောက်ခါနီး မြစ်ငယ်တံတားရောက်တော့ တန့်သွားပါတယ်။ အစိုးရတပ်၊ PVO နဲ့ ဆိုရှယ်လစ်တပ်တွေက မြစ်ငယ်တဖက်ကမ်းက ခံနေပါတယ်။

ဦးစီးလာတဲ့ ကရင်တပ်မှူးတွေဆီ ပါတီက စစ်ရေးတပ်ပေါင်းစု ယာယီဖွဲ့ဖို့ ကမ်းလှမ်းပါတယ်။ တချိန်တည်းမှာ အစိုးရ ဘက်က တိုက်နေတဲ့ PVO တပ်ကို (ဗကပ၊ PVO ၊ ကရင်) စစ်ရေးပူးပေါင်းပြီး မန္တလေး အရယူဖို့ ကမ်းလှမ်းပါတယ်။ PVO က ဆိုရှယ် လစ်ကို မုန်းတီးနေလို့ ပထမတော့ လက်ခံသလို ပြန်စာပေးပါတယ်။

တရားဝင် သုံးဖွဲ့ လက်မှတ်ထိုး ကြေညာချက်ထုတ်မယ်လုပ်တော့ PVO က လိပ်ပြာမသန့်လို့ နောက်ဆုတ်သွားပါတယ်။ (ဗကပ) နဲ့ ကရင်တပ်ပဲ လက်မှတ်ထိုးထုတ်ပြန် လိုက်ရပါတယ်။ တခုကောင်းသွားတာက PVO က မန္တလေးစစ်မျက်နှာကနေ သူ့ သဘောနဲ့သူ ဆုတ်သွားပါတယ်။ ကွန်မြူနစ်နဲ့ ကရင်တပ်ကို ခံမတိုက်ပါ။ ကျန်ခဲ့တဲ့ အစိုးရတပ် (ချင်းတပ်) နဲ့ ဆိုရှယ်လစ်တပ်က မန္တလေးက မခံဝံ့ပါဘူး။ ဒါကြောင့် လွယ်လွယ်ပဲ မန္တလေး သိမ်းမိပါတယ်။

KNU ထူထောင်မယ့် ကော်သူး လေပြည်ထဲမှာ မန္တလေးမပါပါ။ ကရင်က မန္တလေးကို ကြာရှည်သိမ်းထားဖို့ လာတာ လည်း မဟုတ်ပါ။ မေမြို့မှာ လက်နက်ဖြုတ် အဖမ်းခံထားရတဲ့ ကရင်တွေကို ကယ်ထုတ်ဖို့ပဲ လာတာပါ။ သူတို့ရဲ့ စစ်ရေးတာဝန်ပြီးတော့ ပြန်ပါတယ်။

(ဗကပ) ကလည်း အာဃာတ မထားဘဲ လက်တွဲဖို့ ဦးအောင်ကမ်းလှမ်း ပါတယ်။ "ရန်ကုန်အစိုးရ" ဘဝ ရောက်သွား ရတာ မန္တလေး ကျသွားလို့ပါပဲ။

နောက်တော့ အစိုးရက မန္တလေး ပြန်သိမ်းပါတယ်။ မန္တလေးမြို့သိမ်းရာမှာ PVO တွေ ပါလာပါတယ်။ အဲဒီအခါ ဒုတိယအကြိမ် မန္တလေးကို တော်လှန်ရေးတပ်က တခါထပ် သိမ်းပါတယ်။ အစိုးရတပ်ထဲက ဗိုလ်လှဖေတို့ အင်အားတွေရယ် (ဗိုလ်လှဖေဆိုတာ ရဲဘော် ချစ်ကောင်း၊ ရဲဘော်အုန်းမောင်၊ မန်းဝင်းမောင် တို့ရဲ့ အိန္ဒိယခရီးမှာပါတဲ့ ဗိုလ်လှဖေပါ။) PVO ရယ်၊ (ဗကပ) ရယ် သုံးဖွဲ့ပေါင်းပြီး သိမ်းတာပါ။ ဒါက နိုင်ငံရေးတပ်ပေါင်းစုပါ။ မန္တလေးမှာ ကြာကြာမနေနိုင်ပါ။ ပြန်ဆုတ်ခဲ့ရပါတယ်။

စစ်ရေးသဘောတူညီချက် ယာယီ ယူပြီး မန္တလေးသိမ်းသလို ရန်ကုန်သိမ်းလို့ မဖြစ်ပါ။ အနိမ့်ဆုံးနိုင်ငံရေးလုပ်ငန်းစဉ် ရှိမှ ဖြစ်ပါမယ်။ ရန်ကုန်က မြို့တော်ပါ။ အင်္ဂလိပ် စစ်မစ်ရှင်လည်း ရှိပါတယ်။ သံရုံးတွေလည်း ရှိပါတယ်။ "ရန်ကုန်သိမ်းမိခဲ့သော်" ဆိုတာနဲ့ စဉ်စားကြည့်ပါ။

(ဗကပ) က အသံလွှင့်ရုံသိမ်းပြီး "နေ အက်တလီစာချုပ် ပယ်ဖျက်လိုက်တယ်။ ဗြိတိသျှ စစ်မစ်ရှင်ထွက်သွားပါ။ BOC နိုင်ငံ ပိုင်သိမ်းလိုက်ပြီ။ မြေရှင်စနစ် ဖျက်သိမ်းလိုက်ပြီ။ "လယ်လုပ်သူတွေလယ်ပိုင်ကြ" လို့ ကြေညာ တယ် ဆိုပါတော့ KNU သဘောတူပါ့မလား။

နောက်တမျိုး KNU က အသံလွှင့် ရုံသိမ်းပြီး ကော်သူးလေပြည် ထူထောင် ကြောင်းကြေညာ၊ ဗြိတိသျှ ဓနသဟာယထဲ ပြန်ဝင်မယ်လို့ ပြော၊ ကော်သူးလေပြည်ထဲ ဘယ်ဒေသတွေ ပါတယ်လို့ ကြေညာရင် (ဗကပ) ကရော၊ တခြားအဖွဲ့တွေ၊ ပါတီတွေ ကပါ လက်ခံနိုင်မှာ မဟုတ်ပါ။ ကော်သူးလေ ပြည်ရဲ့ အဝန်းအဝိုင်းကို KNU တွေက ပြော ထားပြီးသားပါ။ လျှို့ဝှက်ချက် မဟုတ်ပါ။

ဒါက ၁၉၄၉ ကို ဥပမာပေးတာပါ။ ၁၉၆၉ ဦးနုတို့တောခိုတော့ တရုတ်ပြည်က ဆင်းလာတဲ့ အနီလှိုင်း အရှေ့တောင်အာရှ မပြန့်အောင် ထိုင်းဗမာနယ်စပ်မှာ တာရိုးကြီး တည်ဆောက်ပြီး ကာကွယ်ဖို့ လုပ်ကြတယ်။ (ဗကပ) က အနီလှိုင်းစီးနေတယ်။ ဦးနုတို့က အနီလှိုင်းတားနေတယ်။ ဒါလည်း အနိမ့်ဆုံး လုပ်ငန်းစဉ် မရှိတာကြောင့် ဖြစ်တာပဲ။ စစ်အေးခေတ်မှာ အဲဒီလို အနိမ့်ဆုံးလုပ်ငန်းစဉ် ရှိဖို့ကလည်း မလွယ်ပါဘူး။

နောက် ဦးနုတို့၊ ဗိုလ်လက်ျာတို့ အခက်အခဲတွေ့တယ်ဆိုတာ ကြားပါတယ်။ သူတို့မှန်းချက်နဲ့ နှမ်းထွက်မကိုက် ဖြစ်နေပြီ။ KNU နဲ့ ပဋိပက္ခတွေဖြစ်နေပြီဆိုတာ ကြားပါ တယ်။ ဒါလည်း အနိမ့်ဆုံးလုပ်ငန်းစဉ် သူတို့ထဲ မရှိကြလို့ပါပဲ။

လက်နက်ကိုင် တိုက်နေသူများမှာ ဘုံလုပ်ငန်းစဉ်မရှိရင် ပြည်တွင်းစစ်က တာရှည် ပါလိမ့်မယ်။ ဥပဒေတွင်းက အကြမ်းမဖက်ရေး လမ်း လိုက်နေသူများမှာ ဘုံလုပ်ငန်းစဉ်မရှိရင် ဒီမိုကရေစီ ရေစုန်မျောပါမယ်။ ၁၉၈၈ က သာဓကကိုပဲ ကြည့်ပါ။ (ယာယီ) (ကြားဖြတ်) အစိုးရ မဖွဲ့နိုင်ပါ။ ဒီမိုကရေစီ ဖခင်ကြီးကတမျိုး၊ ရာသက်ပန် ဝန်ကြီးချုပ်ကတမှံ ဖြစ်ပြီး စစ် အုပ်စုကပဲ စားသွားပါတယ်။

ဗမာပြည် ပြည်တွင်းစစ်အပေါ် ကမ္ဘာ့စနစ်၏ အကျိုးသက်ရောက်မှု

ဗမာပြည် ပြည်တွင်းစစ်ဟာ "ပြည် တွင်းဖြစ်စစ်စစ် " ဖြစ်ပါတယ်။ ပြည်တွင်း ပကတိအခြေအနေနဲ့ ပြည်တွင်းပကတိ အချက် အလက်တွေကြောင့် ဖြစ်ခဲ့တဲ့ ပြည်တွင်းစစ်ပါ။ ဘယ်သူ့ယောဂမှ မပါပါဘူး။ ဒါပေမဲ့ ကမ္ဘာ့ စနစ်ရဲ့ အကျိုးသက်ရောက်မှု ရှိတန်သလောက် ရှိပါတယ်။

ဗမာပြည် ပြည်တွင်းစစ်ရဲ့ သမိုင်းကို ပြန်ကြည့်ရင် ကမ္ဘာ့စနစ်သုံးမျိုးရဲ့ အကျိုး သက်ရောက်မှု ရှိတာတွေ့နိုင်ပါတယ်။

ပထမဆုံးစနစ်က နယ်ချဲ့ကမ္ဘာ့

စနစ်ပါ။ ဒါပေမဲ့ နေဝင်ချိန်စနစ်ဖြစ်လို့ သိပ်ကြာကြာ မဖြတ်သန်းရပါဘူး။ ချာချီတို့ ဒေါ်မန်စမစ်တို့က အသိရှိစွာဖြစ်စေ၊ အသိမဲ့စွာဖြစ်စေ လက်နက်တွေတော့ ဖြန့်ပေးခဲ့ပါတယ်။ ပြည်တွင်းစစ်ကို လက်နက်ရှိသူမှ တိုက်နိုင်ပါတယ်။

ဒုတိယစနစ်က စစ်အေးခေတ် ကမ္ဘာ့စနစ်ပါ။ အစ အလယ် အဆုံး ဖြတ်သန်းခဲ့ရပါတယ်။ စစ်အေးခေတ်ကို ဖြတ်သန်းကြတာမှာ တိုင်းပြည်တခုနဲ့တခု မတူပါဘူး။ ထိုင်းက တမျိုးပါ။ အမေရိကန်ဘက် ပြတ်ပြတ်ရပ်ပြီး ဖြတ်သန်းခဲ့တယ်။ နောက်ကျမှ တဖြည်းဖြည်း ခွာတယ်။ ဒါပေမဲ့ ဘယ်တုန်းကမှ ကြားနေဂိုဏ်း ထဲမပါခဲ့ပါ။ အခု ပုံစံသစ်အာဆီယံ (ASEAN) ခေတ်မှာတောင် အမေရိကန်နဲ့ပဲ နီးစပ်ပါတယ်။

ဗမာပြည်ကတော့ တမျိုး။ အိန္ဒိယနဲ့ တရုတ်ကြား နေရတဲ့တိုင်းပြည်ဆိုတော့ ထိုင်းလုပ်သလိုလုပ်လို့ မရပါဘူး။ ၁၉၄၈ ကနေ ၁၉၅၀ ခုနှစ်တွေရဲ့ အစပိုင်းအထိ အမေရိကန်နဲ့ ရင်းနှီးလိုပါတယ်။ ဒါပေမဲ့ ပြတ်ပြတ်လည်း မရပ်ရဲပါ။ အိန္ဒိယ (နေရူး) နဲ့ တရုတ် (ချိုအင်လိုင်း) တို့ နှစ်ဘက်ညှပ်ပြီး ဆွဲဆောင်လို့ ဘက်မလိုက်ကြားနေ ဖြစ်လာပါတယ်။ ငြိမ်းချမ်းစွာ ယှဉ်တွဲနေရေး မူကြိုး (၅) ချက်ကို ကမကထ ပြုသူထဲ ပါလာပါတယ်။

ဒီလိုဖြစ်တာ တိုင်းပြည်နဲ့ ပြည်သူအတွက်တော့ အကျိုးရှိပါတယ်။ အမေရိကန်ရော ဆိုဗီယက်ပါ ကြားနေတာကို နှစ်သက်ကြတာ မဟုတ်ပါဘူး။ အထူးသဖြင့် အမေရိကန်က မနှစ်သက်ပါဘူး။ ကြားနေတယ်ဆိုတာ သိက္ခာမဲ့တာပဲလို့ သူကထင်ပါတယ်။ ကမ္ဘာကြီးမှာ အမေရိကန်ဂိုဏ်း၊ ဆိုဗီယက်ဂိုဏ်းနဲ့ ကြားနေဂိုဏ်းကြီး ရှိနေတာ ကောင်းပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို တစုံတရာ ထိန်းသိမ်းနိုင်တာ ဖြစ်လို့ပါပဲ။

ဗမာပြည်အစိုးရတွေမှာ ပြည်တွင်းစစ်တိုက်ဖို့ လက်နက်ရေသောက်မြစ် မခက်ခဲပါဘူး။ ရန်ကုန်အစိုးရခေတ်ကပဲ ယာယီခက်ခဲခဲ့ပါတယ်။ ဒါလည်း အိန္ဒိယက ဝင်ဖြေရှင်းပေးခဲ့ပါတယ်။ နောက်တော့ လုံးဝမခက်တော့ပါဘူး။ ငွေရှိဖို့ပဲလိုပါတယ်။

(ဗကပ) အတွက်ကတော့ စစ်လက်ကျန် ဂျပန်လက်နက်တွေ ဟောင်းမြင်းပျက်စီးတော့၊ ကျည်ဆံမရှိတော့ ကြာလေခက်လေပါပဲ။ လက်နက်တလက်၊ ကျည်တတောင့်၊ ငွေတကျပ် ပြည်ပ ဘယ်ဆီကမှ မရခဲ့ဖူးပါဘူး။ ဇဒါးနော့ဝ် မြောက်ပေးတာဆိုရင် သူတို့ကို ဆိုဗီယက်က ကူရမှာပေါ့။ မကူပါဘူး။ (ဗကပ) ကို ကူတာ အသက်ဆက်ပေးတာဟာ ဖဆပလ အစိုးရပါပဲ။ ပြည်သူ့ရဲဘော်တို့၊ RBA တို့ ပေါ်လာလို့၊ KNU ပေါ်လာလို့ ဂျပန်သေနတ်တွေ အနားပေးပြီး အင်္ဂလိပ်လက်နက်နဲ့ အသက်ဆက်ခဲ့တာပါပဲ။ လက်နက်တလက်၊ ကျည်တတောင့်၊ ငွေတကျပ်ကို ကိုယ်အား ကိုယ်ကိုး ရှာခဲ့တာဖြစ်ပါတယ်။ ဘယ်သူ့ဆီကမှ မရပါဘူး။

ကွန်မြူနစ်ချင်း ကျိတ်ပြီးပေးမယ် မထင်ပါနဲ့။ တီးတိုးကဆိုရင် တပ်မဟာ တခုစာလက်နက် ဖဆပလအစိုးရကိုပဲ ပေးပါတယ်။ ယူဂိုဆလပ်စိန်ပြောင်းကို အတော်ကြာကြာ သူတို့စစ်တပ် သုံးခဲ့တာပါပဲ။

ကရူးရှက်ဝ်ကလည်း အတွေးအခေါ်အရ၊ နိုင်ငံရေးအရ ဖဆပလအစိုးရကိုပဲ ထောက်ခံပါတယ်။ ဒါကြောင့်လည်း ကရူးရှက်ဝ်ကို ဦးကျော်ငြိမ်းက အမှမ်းတင်ပြီး ဦးသိန်းဖေ (မြင့်) က ကိုးကွယ်ပါတယ်။

တီးတိုးဖြစ်ဖြစ်၊ ကရူးရှက်ဝ်ဖြစ်ဖြစ် ဖဆပလအစိုးရကို ကူတာက သူတို့ရဲ့ နိုင်ငံရေးအကျိုးကြည့်ပြီး ကူတာပါ။ ဆိုရှယ်လစ်ဂိုဏ်း အတွင်းက ပဋိပက္ခမှာ ဗမာပြည်ကို အသုံးချတာပါပဲ။

ဘာပဲဖြစ်ဖြစ် မူကြိုး (၅) ချက် ချမှတ်တာကို ကြိုက်ပါတယ်။ တိုင်းပြည်နဲ့ပြည်သူကို အကျိုးပြုတာဖြစ်လို့ လိုလားနှစ်သက်ပါတယ်။

မူကြိုး (၅) ချက် ကျေးဇူးကြောင့် အိန္ဒိယနဲ့ တရုတ် ခဏထပြီး စစ်တိုက်ကြတော့ တောင် ဗမာပြည်ကို ဘယ်သူကမှ ယမ်းချေးမပန်းခဲ့ပါဘူး။ ကြားညှပ်မခံရလို့ မူကြိုး (၅) ချက်ကို ကျေးဇူးတင်စရာပါပဲ။

ဒါပေမဲ့ သမိုင်းရဲ့လှည့်ကွက် ပြောရမလား၊ ရယ်ရတယ် ပြောရမလား (ဗကပ) လက်နက်တွေ ဒလဟောရအောင် လုပ်ပေးတာက ဗိုလ်နေဝင်း ဖြစ်ပါတယ်။ စစ်တိုက်နေသူတိုင်း လက်နက်ရချင်တာ ဓမ္မတာပါ။ ရရင် ဘယ်သူမယူဘဲနေမလဲ။ ယူတာပေါ့။ ဗိုလ်နေဝင်း တွက်ကိန်းမှားလို့ (ဗကပ) လက်နက်တွေ မကြိုဖူးအောင် ရပါတယ်။

ဗိုလ်နေဝင်းဟာ တွက်ကိန်းသမားပါ။ ဗိုလ်အောင်ကြီးပြောသလို ၁၉၆၇ ခုနှစ်က ကွန်မြူနစ်တရုတ်ပြည် ဆန့်ကျင်ရေး၊ တရုတ်လူမျိုး ဆန့်ကျင်ရေး လုပ်တာဟာ နေဝင်းရဲ့ ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ မှတ်ချက်ပေးလိုက်တဲ့စကားကို အောက်ခြေက ပေါ်လစီ လုပ်လိုက်လို့ဆိုတာ လုံးဝမဟုတ်ပါဘူး။ အမှုပေါ့အောင် ပြောတာပါ။ ဓားစာခံရှာပြီး နေဝင်း လွတ်အောင် လုပ်ပေးတာပါ။

ဗစိန် ထွန်းအုပ် ဂိုဏ်းသားကနေ ဆိုရှယ်လစ်ဖြစ်တာ၊ ဦးဘဖေ၊ ဦးသိန်းဖေ (မြင့်) တို့ အာဏာသိမ်းဖို့ အခါပေးတာကို ငြင်းပယ်တာ၊ ၁၉၅၈ မှာ ခဏပဲ အာဏာသိမ်းပြီး ရွေးကောက်ပွဲလုပ်ပေး စစ်တန်းလျားပြန်တာ၊ ၁၉၆၂ မှာကျမှ အပြီးအပိုင် မလွှတ်တမ်း အာဏာသိမ်းတာ၊ ဒါတွေလုပ်တာဟာ တွက်ကိန်းသမားမှ လုပ်တတ်ပါတယ်။ အချိန်ကောင်း ရွေးတတ်တာပြတဲ့သာဓကတွေပါပဲ။

၁၉၆၇ ခုနှစ်က ကိစ္စဟာ ဆန်ကိစ္စနဲ့ အတော်ဘေးကြောင့် ထွက်ပေါက်ရှာတာပဲလို့ ပြောကြတာဟာ နေဝင်းကို ကာကွယ်ကြတာပါ။ အဲဒီ ဆန်ကိစ္စက အဓိကမဟုတ်ပါဘူး။ ဆန်ကိစ္စက လူထုပါအောင် လှုံ့ဆော်ဖို့သုံးတဲ့ ပရိယာယ်ပါ။ နေဝင်းက တွက်ချက်ပြီး ထလုပ်လိုက်တာပါ။ သေနင်္ဂဗျူဟာ ဘက်ပြောင်းမှုကြီး လုပ်လိုက်တာပါပဲ။

နေဝင်းရဲ့တွက်ကိန်း (သေနင်္ဂဗျူဟာအရ တွက်ချက်မှုက)

(၁) မူကြိုး (၅) ချက် ဖျက်ပြီး အမေရိကန်ဘက် ပြတ်ပြတ်သားသား ကပ်ဖို့အချိန်ရောက်ပြီ။ ၁၉၆၀ ခုနှစ်ကစပြီး ဗီယက်နမ် ပြဿနာမှာ အမေရိကန်က ပါနေတယ်။ စစ်အရှိန်လည်း မြင့်ပြီးရင်းမြင့်နေတယ်။ အမေရိကန် နိုင်မှာပဲ။ သူက ဘယ်တုန်းကမှ စစ်ရှုံးဖူးတာ မဟုတ်ဘူး။ နိုင်တဲ့ဘက်ဝင်ပေါင်းမှ အမြတ်ထွက်မယ်။

(၂) အင်ဒိုနီးရှားနဲ့ မလေးမှာ တရုတ်ဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး လုပ်ခဲ့ကြလို့ အမေရိကန်က ဆုချခံရတယ်။ အမေရိကန်က သူဌေးဆိုတော့ ဘီလ်ဂိုလ်ဂိုက် ရကြတယ်။ အာရှကျားတွေ ဖြစ်လာတော့မယ်။ သူတို့လို အခုလုပ်ထားမှ နေရာကျမယ်။ အမေရိကန် စျေးကွက်ထဲဝင်ရောင်းရရင် စားပေရော့ တသက်လုံး။

(၃) ပြည်တွင်း ကွန်မြူနစ်ပြဿနာ၊ ပြည်တွင်းစစ် ပြဿနာကို ကြားနေရေးတွေ၊ မူကြိုး (၅) ချက်တွေနဲ့ လုပ်နေရင် အမြစ်ပြတ်မှာ မဟုတ်ဘူး။ အမေရိကန်ဘက် ပြတ်ပြတ်ရပ်တဲ့

နိုင်ငံတွေမှာ အမြစ်ဖြတ်ပစ်နိုင်နေပြီ။

နေဝင်းက အဲဒီသုံးချက် တွက်ပြီး လုပ်ခဲ့တာပါ။

မူကြီး (၅) ချက်တာရိုးကို ချိုးပေးလိုက်တော့ အနီဒီလှိုင်းကြီး ဒလဟောစီးဆင်းလာတယ်။ ဗိုလ်အောင်ကြီးရဲ့ "နယ်စပ်ကနေ ပဲခူးရိုးမအထိ 'ဟိုချီမင်းလမ်း' ဖွင့်ခွင့် (ဗကပ) ကို မပေးလိုက်ပါနဲ့၊ တရုတ်နဲ့အမြန်ချဉ်းကပ်ပါ။ ဦးနုနဲ့သူ့ကို တရုတ်ပြည်လွှတ်ပါ။ ဟိုတုန်းက သူတို့ မော်စီတုန်းကို တက်ပြောခဲ့လို့ တရုတ်ပြည်ရောက် (ဗကပ) တွေကို ဗမာပြည် ပြန်ခွင့် မပေးဘဲထားခဲ့ဖူးတယ်။ အခုလည်း (ဗကပ) ကို မကူညီဘဲ ပြန်ခေါ်အောင်လုပ်ဖို့ သူတို့ (နု၊ အောင်ကြီး) ကို လွှတ်ပါလို့ စာရေးခဲ့တယ်။

ဗိုလ်အောင်ကြီးစာကို မရခင်ကတည်းက တွက်ကိန်းမှားသွားပြီဆိုတာ နေဝင်းသိပါတယ်။ ဒါကြောင့် တရုတ်ပြည်ကို အမျက်ဖြေစကားတွေ ပြောနေတာပါပဲ။ ဆိုဗီယက်က တရုတ်ပြည် ချောက်ကျအောင် နေဝင်းကို ဒီကိစ္စ ကုလသမဂ္ဂ တင်စေချင်တယ်။ တရုတ်က ကုလသမဂ္ဂထဲ မဝင်နိုင်သေးချိန် ဖြစ်တယ်။ (၁၉၇၁ ကျမှ ဝင်ခွင့်ရတာ)

နေဝင်းအတွက် လွဲသွားတာက နိုင်ငံကြီးတွေရဲ့ နိုင်ငံရေးကို တွက်ချက်ရတာ ဖြစ်လို့ပဲ။ ဗမာပြည်နိုင်ငံရေးကို တွက်ရတာက လွယ်တယ်။ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးသိန်းဖေ (မြင့်)၊ ဦး – – ၊ ဗိုလ် – – ၊ သခင် – – စသူတွေ ဘယ်လိုတုံ့ပြန်မယ် ဆိုတာကို တွက်ရတာ လွယ်ပါတယ်။ ပြီးတော့လည်း အာဏာရယ်၊ ထောက်လှမ်းရေးရယ်၊ ပုလိပ်ရယ်၊ ထောင်ရယ်ကလည်း ကိုယ်ပိုင်မဟုတ်လား။

အခုတွက်ရတာက ကြီးငါးကြီးထဲက သုံးကြီး (အမေရိကန်၊ ဆိုဗီယက်၊ တရုတ်) ကို တွက်ရတာပဲ။ သူတို့ဘာလုပ်နေတယ်၊ ဘာလုပ်လိမ့်မယ်၊ ဘာတွေဖြစ်မယ်ဆိုတာ တွက်ဖို့ ဆိုတာ မလွယ်ပါဘူး။

နေဝင်းတွက်ကိန်းမှားတော့ အမေရိကန်ရဲ့ဆုမရဘဲ တရုတ်ရဲ့ ဒဏ်ပေးတာပဲ ခံရပါတယ်။ ၁၉၆၇ ဆိုတာ တရုတ်ပြည်မှာ ယဉ်ကျေးမှုတော်လှန်ရေး စဖြစ်ပြီး အရှိန်ရနေချိန်ပါ။ ပြည်ပအန္တရာယ် သိပ်သတိထားနေပါတယ်။ ဗီယက်နမ်စစ်မီး ကျယ်ပြန့်လာမလားဆိုတာ စောင့်ကြည့်နေချိန် ဖြစ်ပါတယ်။ တရုတ်ပြည်က အလွန်အကဲဆတ်နေချိန်မှာ သွားပြီးရန်စသလိုလုပ်မိလို့ ဒုက္ခတွေ့တာပါ။ ဌေးရော ဥပဒေရော တိုးသွားလို့ ဒဏ်ချခံရတာပါပဲ။

ဗမာပြည်က အင်ဒိုနီးရှား၊ မလေးတို့လို ရေမြေခြားနေတာ မဟုတ်ပါ။ ရေမြေတကြော တည်း ဖြစ်ရုံမက နယ်စပ်မှာ လက်နက်ကိုင်တပ်မျိုးစုံ ရှိနေပါတယ်။ အစိုးရစစ်တပ်နဲ့ နားလည်မှု ရထားတဲ့ KMT တပ်တွေ ရှိနေပါတယ်။ KMT ဆန့်ကျင်တဲ့ တပ်တွေလည်းရှိပါတယ်။

ဒဏ်ချဖို့ အချက်အလက်ကလည်း အဆင်သင့်ရှိနေလို့ လွယ်တာပါ။ အဓိက အကျဆုံး အချက်က ဗမာပြည်မှာ ပြည်တွင်းစစ် ဖြစ်နေတာပါ။ ငြိမ်းချမ်းစွာယှဉ်တွဲနေရေး မူကြီး (၅) ချက် ချမှတ်လိုက်လို့ (ဗကပ) ခေါင်းဆောင်တွေနဲ့ ကေဒါတွေ အများကြီး တရုတ်ပြည်ထဲမှာ သောင်တင်နေပါတယ်။ KNU နဲ့အတူတောခို၊ ကချင်ပြည် (ဝန်ပေါင်) တိုင်းပြည်ထူထောင်ရေးအတွက် PNDF ဖွဲ့ပြီး တိုက်ရာကနေ တရုတ်ပြည်ထဲ ပြေးဝင်သွားတဲ့ ဗိုလ်နော်ဆိုင်းတပ်ကလည်း ရာချီရှိနေတယ်။ သူတို့ကလည်း တရုတ်ပြည်ရဲ့ ပညာပေးမှုကြောင့် တော်လှန်ရေးပညာ ရနေတယ်။ အဓိမြေပြန်ပြီး တပွဲတလမ်း စမ်းချင်နေကြတယ်။

မူကြီး (၅) ချက်တာရိုးကို နေဝင်းကချိုးပေးလိုက်တော့ အဲဒီရဲဘော်တွေ ပြန်နိုင်သွားပါတယ်။ ဗမာပြည်တော်လှန်ရေးသမားက ဗမာပြည် ပြန်တာပါ။ အဲဒီကတဆင့် အနီဒီလှိုင်းကြီး ဖြစ်လာတာပါပဲ။

သခင်ဗသိန်းတင်

ဗိုလ်အောင်ကြီးဟာ သူဘာကောင်မှ မဟုတ်မှန်း သိပါတယ်။ ဒါကြောင့် ဦးနုကို ရှေ့တင်ပြီး တရုတ်ပြည်သွားဖို့ စီမံကိန်းချတာပါ။

ဦးနုကလည်း ခေတ်သစ်ရှင်ဒီသာပါမောက် တာဝန် မယူစဲ့ပါဘူး။ သူ့မှာလည်း သူ့စီမံကိန်း ရှိနေပါတယ်။ အက်ဒဝပ်လောရုံ စီမံကိန်းပါ။ ထိုင်းဗမာနယ်စပ်သွားပြီး အနီဒီလှိုင်းတားဖို့ တာရိုးကြီးဆောက်ဖို့ စီမံကိန်းပါ။ အရှေ့တောင်အာရှကို အနီရောင်မလှမ်းစေဖို့ လုပ်တဲ့စီမံကိန်းကြီးမို့ လုပ်ပေါ်တယ်လို့ ဦးနုထင်ပါတယ်။ အမေရိကန် အကူအညီလည်း ဒလဟောရလာမယ်လို့ ထင်ပါတယ်။

ရှေ့တန်းမှာ နေဝင်းက "အနီလှိုင်း" တား၊ နောက်တန်းက ဦးနုက တာရိုးသစ်ဆောက်၊ စီမံကိန်းတခုလုံးရဲ့ ညွှန်ချုပ်က အမေရိကန်။

ဦးနုမှာ ခေါင်းဆောင်မှုအင်အား တောင့်ပါတယ်။ အက်ဒဝပ်လောရုံရဲ့ စည်းရုံးရေးကြောင့် ထိပ်သီးတွေ စုမိပါတယ်။ အစိုးရအဖွဲ့ တဖွဲ့စာရှိတဲ့ခေါင်းဆောင်တွေ စုမိတာပါ။ နိုင်ငံခြားမှာသွားပြီး အခြေချနေသူတွေတောင် လန်းဆန်းတက်ကြွလာပါတယ်။ အမေရိကန် အကူအညီ သာ ရလို့ကတော့ မိုးဒူးနဲ့တိုက်မယောင်ပါပဲ။ ဒါပေမဲ့ လူထုလက်မခံပါ။ အမေရိကန်ဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် ဝင်လာမှာ လက်မခံနိုင်ပါ။ စစ်အတွင်း ဂျပန်နဲ့ပေါင်းပြီး အင်္ဂလိပ်တိုက်၊ အင်္ဂလိပ်နဲ့ပေါင်းပြီး ဂျပန်တိုက်တာကို (၃) နှစ်အတွင်း လုပ်နိုင်ပါတယ်။ နောက် (၃) နှစ်အတွင်း လွတ်လပ်ရေးရပါတယ်။ စစ်အေးခေတ်မှာ ဒီလောက်လွယ်မှာ မဟုတ်ပါ။ လွယ်လွယ်ထွက်သွားမှာ မဟုတ်ပါ။

စီမံကိန်းကြီးထဲပါနေတဲ့ ဇာတ်ကောင်တွေမှာ ကိုယ်စီရည်မှန်းချက် ရှိပါတယ်။ ဗိုလ်နေဝင်းကလည်း မဆလ တပါတီစစ်အာဏာရှင်စနစ်က မလျော့နိုင်၊ ဦးနုကလည်း ပါလီမန်ဒီမိုကရေစီကို အပွန်းမခံနိုင်၊ KNU. NMSP တို့ကလည်း ရည်မှန်းချက်ကိုယ်စီ ရှိနေတော့ 'ညွှန်ချုပ် ' လည်း ဘာမှမတတ်နိုင်ပါ။

(ဗကပ) ရဲ့ အနီလှိုင်းကိုစီးရေးကလည်း "ပါတီတွင်းတော်လှန်ရေးလမ်းစဉ် " ကြောင့် ရှေ့မတိုးနိုင်။ အနီလှိုင်းတားရေးဘက်ကလည်း တညီတညွတ်တည်းမရှိ အဓိလယ်လယ်ဖြစ်နေခိုက်မှာပဲ –

တရုတ်ပြည်က သေနင်္ဂဗျူဟာ အကွက်တကွက် ရွှေ့လိုက်ပါတယ်။ ၁၉၇၁ ကစ်ဆင်ဂျာရဲ့ လျှို့ဝှက်တရုတ်ပြည်ခရီးနဲ့ အမေရိကန်သမ္မတရဲ့ တရားဝင် ၁၉၇၂ ခရီးပါ။ ရဲဘော်မော်စီတုန်း၊ ရဲဘော်ချိုအင်လိုင်းတို့ ရွှေ့လိုက်တဲ့အကွက်ပါ။ တရုတ်ပြည်ကို အမေရိကန်ရဲ့ သေနင်္ဂဗျူဟာ မိတ်ဖက်အဖြစ် ပြောင်းသွားစေတဲ့အကွက် ဖြစ်ပါတယ်။ စစ်အေးခေတ်မှာ နေရာယူမှုအသစ် ဖြစ်သွားစေပါတယ်။ တရုတ်ရော အမေရိကန်ပါ သဘောတူလို့ သေနင်္ဂဗျူဟာ မိတ်ဖက်ဖြစ်ကြ

တာပါ။

"အနီလှိုင်း" တားဖို့ အမေရိကန်က တာရှိုးသစ်ဆောက်ဖို့ မလိုတော့ပါဘူး။ ဦးနုတို့ "အိမ်ပြန်" ရုံမှတပါး တခြားလုပ်စရာ မရှိတော့ပါဘူး။ ဗိုလ်နေဝင်းရဲ့ အိမ်ပြန်ခဲ့ဖို့ ခေါ်သံကို သူပစ်ပယ်လို့ မဖြစ်တော့ပါ။

တရုတ်နဲ့ အမေရိကန် နေရာယူမှု အသစ် ဖြစ်မယ်ဆိုတာကို ဘယ်သူမှ မမှန်းနိုင်ခဲ့ပါဘူး။ ဆိုဗီယက်က ဒေါ်အပွဆုံးပါ။ ဆိုဗီယက်ကို ပိုပြီးထိပါတယ်။

ဗိုလ်နေဝင်းလည်း အာပတ်ဖြေဖို့ တရုတ်ပြည် အကြိမ်ကြိမ် သွားပါတော့တယ်။ တကြိမ်မှာတော့ ဝန်ကြီးချုပ်ချင်း ဆွေးနွေး စရာတွေ ဆွေးနွေးပြီးလို့ ဗမာပြည် ပြန်ခါနီးမှာ ဥက္ကဋ္ဌမော်ကို သွားနှုတ်ဆက်ပါတယ်။ လုပ်နေကျထုံးစံမို့ လုပ်တာပါ။ နှစ်ဘက် ထူးထူးထွေထွေပြောလေ့ မရှိပါ။

ဒီတခါမှာတော့ မထင်မှတ်ဘဲ ရဲဘော်မော်စီတုန်းက ဗမာပြည်ပြည်တွင်းစစ် ပြဿနာ ဖြေရှင်းဖို့ (ဗကပ) နဲ့ (မဆလ) ဥက္ကဋ္ဌချင်းစကားပြောဖို့ တိုက်တွန်းပါတယ်။ ဗိုလ်နေဝင်းကလည်း သူ့အနေနဲ့ စကားပြောဖို့ သဘောတူကြောင်း၊ သူ့လူတွေနဲ့တိုင်ပင်ပြီး နှစ်ဘက်ဆွေးနွေးဖို့ တရားဝင် အကြောင်းပြန်မယ့်အကြောင်း ပြောပါတယ်။

ရဲဘော်ဟွကိုဖုန်းလက်ထက်၊ ရဲဘော်တိန့်ရှောင်ဖင် လက်ထက်လည်း အဲဒီလိုပဲ အကြိမ်ကြိမ်တိုက်တွန်းခဲ့ပါတယ်။ ၁၉၇၉ နဲ့ ၁၉၈၀ ခုနှစ်ကျမှ "စကားပြောပွဲ" လုပ်ဖြစ်တာပါ။

ကမ္ဘာ့စနစ်က ဗမာပြည် ပြည်တွင်းစစ်ကို ဘယ်လိုအကျိုးသက်ရောက် စေသလဲ ဆိုတာသိဖို့ အသေးစိတ်တင်ပြတာပါပဲ။

ကိစ္စတွေက ပြီးခဲ့ပါပြီ။ ထပ်တကျော့ ပြန်လာမှာ မဟုတ်ပါ။ ဒါပေမဲ့ ကမ္ဘာ့စနစ် အပြောင်းအလဲဟာ မမျှော်လင့်ဘဲ ဖြစ်တတ်ကြောင်းကို အတွေ့အကြုံနဲ့ သင်ခန်းစာထုတ်ယူဖို့ လိုပါတယ်။

စစ်အေးခေတ်တုန်းက အိန္ဒိယက ဗမာပြည်နဲ့ သိပ်မပတ်သက်ခဲ့ပါဘူး။ စစ်အေးခေတ်လို့ ပီပီပြင်ပြင်မဖြစ်ခင်တုန်းက "ရန်ကုန်အစိုးရ" ကို ကယ်ခဲ့ပြီးနောက် မူ (၅) ချက်နဲ့ပဲ ဗမာပြည်ကို ထိန်းထားပါတယ်။ အဓိကအာရုံပြုတာက စင်တိုး (CENTO) ထဲ ပါနေတဲ့ ပါကစ္စတန်ပါ။

တရုတ်ကတော့ သမိုင်းအမွေအဖြစ် ကွန်မြူနစ်ချင်းစိတ်ခတ်အရ ဆက်ဆံပါတယ်။ ဆီးတိုး (SEATO) ရှိနေတာ၊ ဗီယက်နမ်စစ် ဖြစ်နေတာကလည်းရှိတော့ ဗမာပြည်အရေးကို စိတ်ဝင်စားပါတယ်။ မူကြီး (၅) ချက်ကို နှစ်ဘက်ကထိန်းသိမ်းဖို့ အလွန်အမင်း လိုလားပါတယ်။ ဒါကြောင့် ပြည်တွင်းစစ်ထဲ ဝင်မပါမိအောင် အလွန်သတိထားပါတယ်။ (ဗကပ) ကို ကျည်တတောင့်၊ လက်နက် တလက် မကူသလို အစိုးရဘက်ကိုလည်း လက်နက် ကျည်မရောင်းပါဘူး။ စစ်ဝတ်စုံ ချုပ်နိုင်တဲ့ပိတ်၊ စစ်ဖိနပ်တောင် မရောင်းခဲ့ပါဘူး။

မူကြီး (၅) ချက်ပြန်ပြီး ထိန်းကြတာရယ်၊ စစ်အေးလွန်ခေတ် ရောက်တာရယ်က မရှေးမနှောင်းဖြစ်ပါတယ်။ နယ်စပ်မှာ ပြည်တွင်းစစ် မရှိစေချင်ရုံမက နိုင်ငံရေးလည်း တည်ငြိမ်စေချင်တဲ့ဆန္ဒ သိပ်ကိုပြင်းပြပါတယ်။

စစ်အေးလွန်ကာလရောက်တာနဲ့ တရုတ်ပြည်ရဲ့ ပြုပြင်ရေးနဲ့ တံခါးဖွင့်ရေး ကလည်း မရှေးမနှောင်း ပေါ်တာပါ။ ဒါကြောင့် ရောင်းနိုင်တာအားလုံးရောင်း၊ ဝယ်နိုင်တာ အားလုံး ဝယ်ပါတယ်။

မူကြီး (၅) ချက် ပျက်နေတုန်းက (ဗကပ) ကို ကူညီနေတုန်းကဆိုရင် 'သစ်တတို၊ စပါးတစ္ဒေ' မဝယ်ပါ။ (ဗကပ) က စပါးထွက်တဲ့ ဒေသကနေ တရုတ်ပြည်ဖြတ်ပြီး စားစရာ မလုံလောက်တဲ့ ဝ နယ်ကို ဆန်သယ်ပါရစေ၊ ဗမာပြည် မြောက်ဖျားမှာ အလေ့ကျပေါက်ပြီး တောထနေတဲ့ သစ်တွေ ရောင်းပါရစေလို့ အကြိမ်ကြိမ်ပြောခဲ့ပါတယ်။

တို့ကူတာဟာ ဗမာပြည်က ဆန်တွေ၊ သစ်တွေ လိုချင်လို့ကူတာလို့ အပြောခံရမယ်။ ဒါကြောင့် သစ်တတို၊ စပါးတစ္ဒေ တရုတ်ပြည်ထဲ မသွင်းပါနဲ့၊ ဝနယ် သယ်သွားတဲ့စပါး လူတွေသိမှာမဟုတ်ဘူး၊ တရုတ်ပြည်ထဲ သွင်းတာပဲသိကြမှာဆိုပြီး ယတိပြတ်ပယ်ချပါတယ်။ ရဲဘော်ချိုအင်လိုင်းကိုယ်တိုင် ပယ်ချတာပါ။ ဝနယ်မှာ စားစရာမရှိရင် ဆန်ပေးမယ်ဆိုပြီး ဆန်တွေ နှစ်တိုင်းပေးနေပါတယ်။

မူကြီး (၅) ချက် ပြန်ဖြစ်လာတာဟာ နယ်စပ်က လူမျိုးစုရဲဘော်တွေကို ငြိမ်းချမ်းရေးအဖွဲ့ [ဒီစကားလုံးက (ဗကပ) သာသုံးတာပဲ၊ စစ်အစိုးရက တတ်နိုင်သမျှရှောင်တဲ့ ဝေါဟာရပါ] တွေ ဖြစ်စေတာပါပဲ။ နယ်စပ်အရောင်းအဝယ်တွေလည်း ဖွံ့ဖြိုးလာစေပါတယ်။ ရောင်းကြဝယ်ကြတာမှာ ဘာတွေရောင်းပြီး ဘာတွေဝယ်တယ်ဆိုတာ ဗမာစီးပွားရေး မဂ္ဂဇင်းတွေမှာ တွေ့နိုင်ပါတယ်။

လွတ်လွတ်လပ်လပ် ရောင်းကြဝယ်ကြတော့ ဒါကို အမေရိကန်က မလိုလားပြန်ဘူး။ စစ်အေးခေတ်တုန်းက သူတို့ ပြောခဲ့ဟောခဲ့တာတွေကို ၁၈၀ ဒီဂရီ လှည့်ပစ်လိုက်တယ်။ ပိတ်ရမယ် ဆို့ရမယ် ဖြစ်လာတယ်။

ကမ္ဘာကြီးက ဒီတခုတည်းပါပဲ။ လည်မြဲလည်နေပါတယ်။ ဒါပေမဲ့ စစ်အေးလွန်ကာလ ရောက်လာတော့ တမျိုးဖြစ်လာတာပါပဲ။ တရုတ်ပြည်ဟာ သေနင်္ဂဗျူဟာ မိတ်ဖက်လား၊ ပြိုင်ဘက် (ရန်ဘက်လို့ မသုံးဝံ့သေးဘူး) လား၊ တယောက်တမျိုး ပြောလာပါတယ်။ စစ်အေးခေတ်တုန်းကတော့ မိတ်ဖက်၊ စစ်အေးလွန်ခေတ်မှာ ပြိုင်ဘက် ဗလောင်းဗလဲ လုပ်ပါတယ်။

အဲဒီလို ဗလောင်းဗလဲ အမေရိကန် လုပ်တာကို ဖာဖို့ထေးဖို့ ကြိုးစားနေကြသံကြားရပါတယ်။ ကွန်မြူနစ်နဲ့ ဖက်ဆစ် အတူတူပဲလို့ ပြောသံ ကြားရပါတယ်။ ကလေးကတောင် မတူဘူးဆိုတာ သိနေတဲ့ကိစ္စကို ဘာ့ကြောင့် ဗလောင်းဗလဲ ဖြစ်လာသလဲ ဆိုတော့ အမေရိကန် ဆရာကြီးကိုယ်တိုင်က ဗလောင်းဗလဲလုပ်လို့ပါပဲ။ ကိုယ့်မိတ်ဆွေတွေ ပြောတာကို တာဝန်အရ ပြောတာတွေပဲလို့ သဘောထားလိုက်ပါတယ်။

စစ်အစိုးရကို ဖက်ဆစ်လို့ (ဗကပ) က ဘယ်တုန်းကမှ မပြောပါ။ ဘာကြောင့်လဲ ဆိုတော့ ဖက်ဆစ်စနစ်က နယ်ချဲ့လက်ပါးကြီး အုပ် အရင်းရှင်ကြီးတွေက မွေးထုတ်တဲ့ဝါဒ၊ နယ်ချဲ့နိုင်ငံတွေမှာသာ ပေါ်နိုင်တဲ့စနစ် ဖြစ်လို့ပါ။ ဗမာပြည်လို ကိုလိုနီမဖြစ်အောင် ရှောင်နေရတဲ့တိုင်းပြည်မှာ ဖက်ဆစ်စနစ် မပေါ်နိုင်လို့ပါပဲ။ ဖက်ဆစ်ဆန်တာတော့ ရှိပါတယ်။ ဗမာ့နည်းဗမာ့ဟန် ဖက်ဆစ်ဝါဒပဲဖြစ်မယ့် အလားအလာ ရှိပါတယ်။

စစ်အေးလွန်ခေတ်ဟာ ခဏပဲ ရှိမှာပါ။ ကမ္ဘာ့စနစ်သစ်တခု အနေးနဲ့အမြန် မပေါ်မီ ယာယီရှိတဲ့ ကာလကလေးပါပဲ။ ခွင့်လုံးကျွတ်နိုင်လိုက်ပြီထင်တဲ့ အမေရိကန်နဲ့ အနိုင်အရှုံးမရှိတဲ့ပွဲလို့ထင်တဲ့ အင်အားကြီးနိုင်ငံတွေ လွန်ဆွဲနေချိန်ဖြစ်ပါတယ်။

ဗမာပြည်အနေနဲ့ အနေတတ်ရမယ့် ကာလ ဖြစ်ပါတယ်။

သဘောထားမှန်ကြမှ ပြည်တွင်းစစ် ရပ်နိုင်လိမ့်မယ်။

စစ်မြေပြင်မှာ မရန်ိုင်တာကို စားပွဲပေါ်မှာ တောင်းနေကြလို့တော့ ဘာမှ ဖြစ်မလာနိုင်ပါ။ ဦးကျော်ငြိမ်းစခဲ့တဲ့ 'သန္ဓေသားဖျက်ချရေး' ပေါ်လစီ အလုပ်မဖြစ်ခဲ့ဘဲ ပြည်တွင်းစစ်က အသက်ငါးဆယ်ကျော်ပါပြီ။

(ဗကပ) အနေနဲ့ စေ့စပ်ဆွေးနွေးပွဲတခါနဲ့ စကားပြောပွဲတခါ လုပ်ခဲ့ပါတယ်။ စေ့စပ်ဆွေးနွေးပွဲတုန်းက ဖြစ်စဉ်တွေက ဦးအောင်စောဦးရဲ့ နှစ် ၅၀ စာအုပ်မှာ ပါပါတယ်။ ပြည့်စုံပါတယ်။ စကားပြောပွဲကိုတော့ စစ်အစိုးရက ဘာမှ မထုတ်ပြန်ပါ။ အပြီးအပိုင်ဖျက်သိမ်းတယ်ဆိုတာပဲကြည်ပါတယ်။

၁၉၆၃ စေ့စပ်ဆွေးနွေးပွဲတုန်းက ဘာအခြေခံဥပဒေမှ မရှိပါ။ ၁၉၄၇ အခြေခံဥပဒေ ဖျက်သိမ်းထားပါတယ်။ စကားပြောပွဲကျတော့ အခြေခံဥပဒေရှိပါတယ်။ ဒါပေမဲ့ မဆလ တပါတီသာရှိရမယ့် ဥပဒေပါ။ (ဗကပ်) အတွက်သာမက မဆလ ကလွဲလို့ တခြား ဘယ်ပါတီမှ မရှိနိုင်ပါ။

အဲဒီစကားပြောပွဲပျက်တော့ ပြည်တွင်းစစ် တကယ်ရပ်ချင်ရင် ရပ်နိုင်မယ့် နည်းလမ်းကို (ဗကပ) က ရှာပါတယ်။ ပါတီစုံဒီမိုကရေစီ အခြေခံဥပဒေရှိမှဖြစ်မယ်လို့ သိလို့ တင်ပြပါတယ်။ ၁၉၈၀ ခုနှစ်မှာပါ။

၁၉၈၈ အုံကြွမှုကြီး အထွတ်အထိပ် ရောက်နေတုန်းက ပြည်တွင်းစစ်ရပ်စဲရေး နည်းလမ်းတခု ပေါ်လာတယ်ထင်လို့ မြို့ပေါ်က အင်အားစုတွေ အားလုံးစုစည်းပြီး ကြားဖြတ် ခေါ်ခေါ် ယာယီခေါ်ခေါ် ညွှန့်ပေါင်းအစိုးရ တခုပေါ်ရင် (ဗကပ) က အဲဒီအစိုးရကို ထောက်ခံမှာပါ။ အစိုးရတပ်ထဲကလည်း ယာယီအစိုးရကို ထောက်ခံမယ့်သူတွေ တွေ့ထားပါတယ်။ အဲဒီလိုဆိုရင် ပြည်တွင်းစစ်ကို လူထုနည်းနဲ့ ရပ်ပစ်နိုင်လိမ့်မယ် ထင်ခဲ့ပါတယ်။

ဗိုလ်အောင်ကြီးနဲ့ ဦးနုထွက်ပြီး ပွဲဖျက်ကြလို့ ယာယီဒီမိုကရေစီ ညွှန့်ပေါင်းအစိုးရဖွဲ့ရေး ပျက်ပါတယ်။ ပြည်တွင်းစစ် ရပ်စဲရေး အလားအလာပါ ပျက်စီးသွားပါတယ်။

အခု ခြေလှမ်းသုံးလှမ်းပေါ်လစီ ချထားပါတယ်။ ၁၉၈၈ နောက်ပိုင်းပေါ်လာတဲ့ NLD. DPNS. ABSDF ဗကသ စတဲ့ အဖွဲ့တွေ အရင်ဆုံးဆွေးနွေး၊ နောက် ငြိမ်းအဖွဲ့တွေနဲ့ ဆွေးနွေး၊ တတိယ ခြေလှမ်းကျမှ (ဗကပ) ဆွေးနွေးကြဖို့ပါပဲ။ ဒါဟာ ပြည်တွင်းစစ်ရပ်စဲရေးကို တရစ်ချင်းလုပ်သွားဖို့ ရည်ရွယ်လို့ တင်ပြတာပါ။

ပြည်တွင်းအခြေအနေကို အကဲဖြတ်ပြီး ပြည်တွင်းစစ်ရပ်စဲရေး နည်းလမ်းတွေ (ဗကပ) က ရှာနေဦးမှာပါပဲ။

ပြည်တွင်းစစ် ရပ်ချင်တဲ့ သဘောထား ဘက်အားလုံးမှာရှိကြမှ ရပ်လို့ ရပါလိမ့်မယ်။

ငါတို့နိုင်ပြီးပြီ၊ စေ့စပ်စရာမလို ဆိုတဲ့သဘောထား ထားနေရင် ဘာမှဖြစ်လာမှာ မဟုတ်ပါ။

အဲဒီလို နိုင်လိုက်ပြီလို့ ထင်တာဟာ နဝတ နအဖ မှ မဟုတ်ပါ။ ၁၉၅၀ နှစ်တွေတုန်းကတည်းက ဖဆပလလည်း ထင်ခဲ့တာပါ။ ကောက်သင်းကောက်စရာပဲ ကျန်တယ်လို့ ပြောပါတယ်။ စိုက်တာရိတ်တာက သုံးလေးနှစ်၊ ကောက်သင်းကောက်တာက နှစ် ၄၀ ကျော် ဆိုတော့ လူရယ်စရာပဲ ဖြစ်ပါလိမ့်မယ်။

အခုလည်း ပြည်တွင်းစစ် ရပ်တာ မဟုတ်ကြောင်း "ငြိမ်းအဖွဲ့" တွေ ရှိနေတာက ပြပါတယ်။ ခြံထဲကကြက် ရိုက်စားထားတဲ့ ခွန်ဆာအဖွဲ့ကိုတောင် ပြတ်အောင်နိုင်လိုက်ပါသလား။ မနိုင်ဘူးဆိုတာ စစ်အစိုးရ သိပါတယ်။

အမေရိကန်ထွက်ပြီး ကျွတ်ကိုက်လို့ သေတဲ့မသာအဖြစ် နတ်သံနှောသွားတဲ့ ဗိုလ်အောင်ကြီးလည်း အပြတ်မနိုင်တာမှန်းသိပါတယ်။ သူပြောတဲ့ "ကျွတ်" တွေဆိုတာ အများစုက သူတို့ ၁၉၅၅ က ၁၉၅၈ အထိ လုပ်ခဲ့တဲ့ လက်နက်ချပွဲကြီးတွေမှာ ပါနေတဲ့ အောက်ခြေက ရဲဘော်တွေ မဟုတ်ပါလား။

သဘောထားမမှန်ကြရင် ဘယ်ဘက်ကမှားမှား ပြည်တွင်းစစ် မရပ်နိုင်ပါ။ အရှုံးအနိုင်ပြတ်အောင် တိုက်ကြရမှာပါပဲ။

နိဂုံး

အခုတင်ပြခဲ့တာဟာ (ဗကပ) ထဲက တယောက်ရဲ့ ပုဂ္ဂလိကအမြင်ပါ။ မျိုးဆက်သစ်တွေခေတ်မှာ ပြည်တွင်းစစ် ပြဿနာပြေလည်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်တွဲပြီး (၁၃) နှစ်ခရီး ဖြတ်သန်းခဲ့ပါပြီ။ ရှေ့မှာ မျိုးဆက်သစ်များချည်း ချီတက်ကြရပါမယ်။

ကမ္ဘာ့စနစ်သစ်လည်း မရှိသေး၊ ပြည်တွင်းနိုင်ငံရေးလည်း မတည်ငြိမ်သေးတဲ့ အချိန်မှာ အခြေအနေတွေ ရှုပ်ရှုပ်ထွေးထွေး ရှိပါလိမ့်မယ်။

၁၉၃၈ ကနေ ၁၉၄၈ ဆယ်နှစ်ကာလဟာလည်း ရှုပ်ထွေးခဲ့ပါတယ်။ အရှုပ်ထဲကနေ ပြည်တွင်းစစ် ပေါက်ကွဲခဲ့ပါတယ်။ ဒါကိုလည်း သင်ခန်းစာယူသင့်တာယူ၊ အတွေ့အကြုံ ဆက်ခံသင့်တာ ဆက်ခံကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ။

ပြည်တွင်းစစ်ပြဿနာ ဖြေရှင်းရမယ့်တာဝန်ဟာ မျိုးဆက်သစ်ရဲ့ ပခုံးပေါ် ရောက်နေပါပြီ။

စာ တည်း အ ဖွဲ့ အ မှာ

ကူးတို့ဆိပ်မှို့ဘိတ်မှုင့် လိုက်သလိုဖြစ်မယ့် စစ်ပွဲ

(၁)

အမေရိကန် သမ္မတက "၂၁ ရာစုရဲ့ဗွေဆော်ဦးစစ်ပွဲ" လို့ ကင်ပွန်းတပ်လိုက်တယ်။ အမေရိကန် နာမည်ကြီးသတင်းစာရဲ့ နာမည်ကြီးသတင်းစာဆရာက "တတိယကမ္ဘာစစ်" လို့ ခေါ်လိုက်တယ်။ အဲဒီစစ်ပွဲ စဖြစ်ခဲ့ပါပြီ။

အမေရိကန် နိုင်ငံရေးလောကကလည်း သမ္မတကို မြှောက်ပေးကြပါတယ်။ ၂၀၀၂ ခုနှစ်နဲ့ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲတွေကို မျှော်ကြည့်ပြီး သူ့ထက်ငါ "မျိုးချစ်စိတ် " ပြိုင်ကြပါတယ်။ ဆီးနိတ်လွှတ်တော်ကဆိုရင် ၉၈ မဲ ၀ မဲနဲ့ "သမ္မတက လိုအပ်သင့်တော်တဲ့အင်အား အားလုံး" ကို သုံးခွင့် ဓားလွတ်အပ်လိုက်ပါတယ်။ ၁၉၆၄ တုန်းကလိုတော့ "စစ်နိုင်" ဖို့ ဆိုတာမျိုး ပါမလာပါ။ အဲဒီတုန်းက ဆုံးဖြတ်ချက်က ဗီယက်နမ်စစ်ပွဲနိုင်ဖို့ လိုအပ်သလို အားလုံးလုပ်ဖို့လို့ ဆိုပါတယ်။ ဒီတခါတော့ ရန်သူက အကြမ်းဖက်လုပ်ကြံရေးဝါဒဆိုတော့ နိုင်ဖို့သိပ်မလွယ်ဘူးဆိုတာသိလို့ နိုင်ဖို့ဆိုတာကို မထည့်ပုံပေါ်ပါတယ်။ တချို့ကတော့ အမိုက်ခံပြီး မကန့်ကွက်ဘဲ သမ္မတကို ချောက်တွန်းလိုက်တာများလား မဆိုနိုင်ပါ။ သမ္မတကတော့ စစ်ပွဲကကြာမယ်၊ နိုင်မယ်၊ ကြားနေတွေ အလိုမရှိ၊ ဟိုဘက်ဒီဘက် ကြိုက်ရာရွေးလို့ မိုက်မိုက်ကန်းကန်း ကြွေးကြော်ပါတယ်။

ခရုကို ခါးတောင်းကျိုက်ပြီးဖမ်းသလို အိုစမာဘင်လာဒင်ကို ဖမ်းဖို့ဆိုပြီး အာရှ အလယ်ပိုင်းကို တပ်တွေ၊ လေယာဉ်တွေ၊ လေယာဉ်တင်သင်္ဘောတွေ အဆမတန်ပို့ပါတယ်။ ရှေးခေတ်ကလို သမီးကညာပေးရင်ပေး၊ မပေးရင်တိုင်းပြည်ပေးလို့ အာဖဂန်တွေကို ရာဇသံပေးပါတယ်။ ဟိုကတင်းခံနေတော့ စစ်တိုက်ပါတယ်။

၂၁ ရာစုကို ဗိန်းဗောင်းတိုက်ပြီး အမေရိကန်က ဝင်ခဲ့ပါပြီ။

(၂)

၁၉ ရာစုကို ကမ္ဘာကြီးဝင်ခဲ့တုန်းက အဖြစ်တွေကို သတိရစရာပါပဲ။ အဲဒီတုန်းက ဗိန်းဗောင်းတိုက်ဝင်ခဲ့တာက အင်္ဂလိပ်ပါ။ အခုလို အမေရိကန်နောက်က မဟုတ်ပါဘူး။ သူက ဦးဆောင်ပါတယ်။ သူက နပိုလီယံစစ်ပွဲမှာ အောင်နိုင်ခဲ့သူဆိုတော့ ပြိုင်ဘက်ကင်းပါတယ်။

မကြာခင်ကပဲ ယိုးဒယားကဘာကြောင့် ကိုလိုနီမဖြစ်ဘဲ ဗမာပြည်က ဖြစ်ရသလဲ ဆိုတာကို စောကြောကြတာ ကြားရပါတယ်။ သူတို့တတွေ နပိုလီယံစစ်ပွဲအပြီး လုပ်ခဲ့တဲ့ ဗီယင်နာကွန်ဂရက် (Congress of Vienna 1814 - 15) ကို လေ့လာရင် ရှင်းသွားမှာပါ။

'ဗီယင်နာကွန်ဂရက် ' အပြီး အာရှ ကိုလာတဲ့ နယ်ချဲ့သမားတွေထဲမှာ အင်္ဂလိပ်ကို ပြိုင်နိုင်တဲ့သူ မရှိပါဘူး။ ပြိုင်ဘက်ပြင်သစ်က ရှုံးထားပါတယ်။ ဒတ်ချ်ကလည်း အားပျော့ ပါတယ်။ အင်္ဂလိပ်နဲ့ မပြိုင်နိုင်ပါ။ (အခု အမေ ရိကန်နဲ့ အင်္ဂလိပ်လိုပါပဲ) ရထားတာကလေး ကုတ်ထားဖို့ပဲ ပြင်သစ်နဲ့ ဒတ်ချ်တို့က စဉ်းစား ပါတယ်။ ပြင်သစ်က ဗီယက်နမ်၊ လော၊ ကမ္ဘော ဒီးယား။ ဒတ်ချ်က အင်ဒိုနီးရှားကို ရထားတာပဲ တင်းတိမ်ရမယ့် အနေအထားပါ။ ဗမာပြည်ကို ပြင်သစ်က ထိုးကျွေးပြီး အင်္ဂလိပ်ရဲ့မြားဦး တရုတ်ဘက် လှည့်စေခဲ့ပါတယ်။ ဒါက ဟိုတုန်းက အခြေအနေကို အကြမ်းဖော်ပြတာပါ။

(၃)

အခု အမေရိကန်က ၁၉ ရာစု အင်္ဂလိပ်ရဲ့ အနေအထားမျိုး မရှိပါဘူး။ အင်္ဂလိပ်က နပိုလီယံစစ်ပွဲမှာ အပြတ်နိုင်ပါတယ်။ နပိုလီယံကို တကျွန်းပို့ပစ်နိုင်ပါတယ်။ သူ့မဟာမိတ် ရုရှားနဲ့ ပရပ်ရှားကိုလည်း အရှေ့ဥရောပနဲ့ သူတို့အနီးတဝိုက်ပဲ ထိုးကျွေးထားပါတယ်။ အဲဒီတဝိုက်ပဲ လှုပ်ရှားအောင် လုပ်ထားနိုင်ပါတယ်။ အဲဒီတုန်းက စစ်ရေးစစ်ရာ သိပ္ပံနဲ့အတတ်ပညာကလည်း ကမ္ဘာ တခုလုံးသို့ အလှမ်းမကျယ်နိုင်တဲ့အချိန် ဖြစ်ပါတယ်။

အဲဒီလို အခြေအနေမှာ အင်္ဂလိပ်က အာရှမှာ ထင်တိုင်းကြဲခဲ့ပါတယ်။ လန်ဒန်နဲ့ပဲရစ် နိုင်ငံခြားရေးဝန်ကြီးတွေ စာအပြန်အလှန် ပေးရုံနဲ့ ဗမာပြည်ပြဿနာက အဖြေထွက် သွားတဲ့ခေတ် ဖြစ်ပါတယ်။

သီပေါမင်းကို ကြက်ကလေး ငှက်ကလေးဖမ်းသလို အင်္ဂလိပ်ကဖမ်းသွားတယ်လို့ ဟိုတုန်းက တင်စားဟောပြောခဲ့ကြပါတယ်။ အခုပြန်စဉ်းစားကြည့်တော့ အဲဒီကြက်ငှက် ဖမ်းတာလောက်တောင် မခက်ခဲ့ပါဘူး။ ကြက်ကပြေး ငှက်ကပျံနိုင်ပါတယ်။ သီပေါမင်းက

ငုတ်တုတ်အဖမ်းခံရရှာတာပါ။ ဗမာပြည်ထဲမှာ အင်္ဂလိပ် အလိုတော်ရိတွေ့ကလည်း တပုံတပင် ရှိနေလို့ သူ့အတွက်လွတ်လမ်း မရှိရှာပါဘူး။

မသဒ္ဓါရေစာ ရှင်ဘုရင်တက်လုပ်နေရသူကို ပဒေသရာဇ်အသိုင်းအဝိုင်းက ဝိုင်းပြီးနှစ်ကြပါတယ်။ ဘယ်မင်းညီမင်းသားက ဘာလုပ်ခဲ့တယ်ဆိုတာကို လေ့လာကြည့်ပါ။ အထင်ကြီးတဲ့သားနဲ့ အင်္ဂလိပ်က နန်းတင်မယ် ထင်ခဲ့ကြတာတောင် ရှိပါတယ်။

အထင်နဲ့အမြင် ပါစင်အောင်လွဲပြီး အင်္ဂလိပ်က ဗမာပြည်ကို ကုလားပြည်အောက် သွင်းလိုက်ပါတယ်။ ကုလားပြည်ရဲ့ ပြည်နယ်ဖြစ်တာ နှစ်ပေါင်း ၅၀ ကျော် ပါတယ်။ 'စစ်အေး' မှာ အမေရိကန်က အပြတ်နိုင်လိုက်ပါသလား။ မနိုင်ပါဘူး။ ဒါကိုအကျယ်ချဲ့ပြောစရာမလိုအောင် ရှင်းနေပါတယ်။ တခြားမကြည့်ပါနဲ့။ ကျူးဘားဆိုတာ သူ့အိမ်နားမှာပါ။ ဒုတိယကမ္ဘာစစ်အပြီးမှာ ထူထောင်ထားတဲ့ ကမ္ဘာ့ကုလသမဂ္ဂ ဆိုတာကလည်း သူ့အိမ်ထဲမှာပါ။ 'ဂျဝ' အဖြစ်အပျက်မှာ ပြိုကျသွားတဲ့ WTC နဲ့ မဝေးပါဘူး။ ကုလသမဂ္ဂရှိနေတာက ၁၉၄၅ ကမ္ဘာ့အခင်းအကျင်းဟောင်း ဆက်ပြီး ရှိနေတာကို ပြပါတယ်။ အမေရိကန်က ကုလသမဂ္ဂကို ဘေးချိတ်ချင်ပေမယ့် မချိတ်ဝံ့ပါဘူး။

၁၉ ရာစု အင်္ဂလိပ်က ဗီယင်နာကွန်ဂရက် ဆုံးဖြတ်ချက်နဲ့ ကမ္ဘာအစွန်အဖျားအထိ လူတွင်ကျယ် လုပ်နိုင်ခဲ့ပါတယ်။ ကုလသမဂ္ဂ ဆိုတာမျိုးလည်း မရှိပါဘူး။ မောင့်သဘော ထင်တိုင်းကြပါ။

(၄)

ကွန်မြူနစ်တွေ အစိုးရိမ်ဆုံးက ကိုယ့်အားကိုယ်မကိုးဘဲ ပြည်ပအားကိုးမိမှာကိုပဲ ဖြစ်ပါတယ်။ "သူအဖျက်သမားပါ" ဆိုပြီး ကိုယ့်သူထိုး သူ့ကိုယ်ထိုး လုပ်ကြမှာကိုပဲ စိုးရိမ်ပါတယ်။

အိန္ဒိယနဲ့ ပါကစ္စတန်ပဲ ကြည့်ပါ။ သူတို့ချင်း သမိုင်းကြွေး ရှင်းချင်နေကြပါတယ်။ အိန္ဒိယက ပိုကဲပါတယ်။ ၁၉၄၅ အခင်းအကျင်းမှာ သူကကိုလိုနီဖြစ်နေလို့ ကြီးတကြီး မဖြစ်လိုက်ရဘဲ ကိုလိုနီတပိုင်းတရုတ်ပြည်က ကြီး (၅) ကြီးထဲပါတာကို ဘဝင်မကျပါဘူး။ အမေရိကန်ကလည်း ဒီပျော့ကွက်ကို နှိက်နေတာပါ။ ပါကစ္စတန်က မူဆလင်နိုင်ငံလည်းဖြစ်၊ တာလီဘန်နဲ့လည်း ရင်းနှီး၊ အိုစမာ ဘင်လာဒင်ကို ကျွေးမွေးပြုစုခဲ့တာထဲလည်း ပါခဲ့တော့ အိန္ဒိယလက်ညှိုးထိုးစရာ ဖြစ်နေပါတယ်။

ရန်ဖြစ်ထားတဲ့ကျောင်းသားတွေ ဆရာကို တိုင်ကြတောကြတာနဲ့ တူလှပါတယ်။ (စစ်အစိုးရကလည်း လက်နက်ကိုင် တော်လှန်ရေး အင်အားစုတွေဟာ "အကြမ်းဖက်သမား" တွေပါလို့ တိုင်ချင်တောချင်ဟန် ရှိတယ်)

အိုစမာရော တာလီဘန်ပါ ပါကစ္စတန်က မွေးပေးတာဆိုပေမယ့် အမေရိကန်ရဲ့ ကိုယ်စား မွေးပေးခဲ့ရတာပါ။ CIA ကိုယ်စား ပါကစ္စတန် ထောက်လှမ်းရေးက လုပ်ပေးထားရတာပဲ။ ပါကစ္စတန်မှာ မြေပြင်က ဝေဟင်ပစ်တဲ့လက်နက်မျိုး ပေးနိုင်တဲ့ခွန်အား မရှိပါဘူး။

သမ္မတကာတာလက်ထက် လုံခြုံရေးအကြံပေးလုပ်ခဲ့တဲ့ ဘရက်ဇင်စကီးက အင်တာဗျူးမှာ ပြောခဲ့တာ သိပ်ရှင်းပါတယ်။ (တနေရာမှာ ဘာသာပြန်ပြီး ဖော်ပြထားပါတယ်)

အခုကိစ္စက "ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက် " လို့ အမေရိကန် ဒေါကန်နေတာပါ။

(၅)

ဘုရှ်က အကြမ်းဖက်ဂိုဏ်းတွေကို အပြတ်ရှင်းပစ်မယ်၊ ဘာမယ်ညာမယ် ပြောတာတွေဟာ သူလုပ်နိုင်လို့ပြောတာ မဟုတ်ပါဘူး။ ကမ္ဘာ့လက်ဝါးကြီးအုပ် အရင်းရှင်ကြီးတွေကို နိုင်ငံရေးအရလည်း ကမ္ဘာလှမ်းခြုံရေး (globalization) လုပ်မှာပါလို့ အာမခံနေတာ ဖြစ်ပါတယ်။

အကြမ်းဖက်ရေးဟာ နိုင်ငံရေးအရ ချစ်သူမုန်းသူ ရှိနေတဲ့ကမ္ဘာကြီးမှာ ဘယ်တော့မှ ကွယ်ပျောက်မှာ မဟုတ်ပါဘူး။ ဒါကို ဘုရှ် သိမှာပါ။ ဘယ်တော့မှ မဆုံးနိုင်တဲ့ ဂျာအေးသူ့အမေရိက် ဇာတ်ခင်းမိတာပဲ ဖြစ်ပါလိမ့်မယ်။ ရေမြေဆုံးအောင် လိုက်တိုက်ရင် ပဋိပက္ခတွေ ပွားတာပဲ ဖြစ်ပါလိမ့်မယ်။

ဘုရှ်ရဲ့အတွေးကလည်း ၂၀၀၂ – ၂၀၀၄ ရွေးကောက်ပွဲဆီမှာပါပဲ။ အဲဒီ ရွေးကောက်ပွဲမှာ ရလဒ်ကောင်းရင် ပိုပြီး အတင့်ရဲလာပါလိမ့်မယ်။ မကောင်းရင်တော့ လေသံလျော့သွားနိုင်ပါတယ်။ သူ့ပြည်တွင်း စီးပွားရေးက ကောင်းလှတာ မဟုတ်ပါဘူး။ အမေရိကန် မီဒီယာတွေက ဖုံးဖိဖာထေးပြီး ဘုရှ်ကိုကာကွယ်ပေးနေရတာ ဖြစ်ပါတယ်။

(၆)

အမေရိကန်နောက်မှာ ဂျူနီယာပါတနာကလေး (အင်္ဂလိပ်) ပါလာပါတယ်။ အမေရိကန်အာဏာရဖြို့ဝန်ရဲ့ လက်ထောက်ပါဆိုတဲ့ ဩစတြေးလျကလည်း ချိုသွေးနေပါတယ်။

အင်္ဂလိပ်ရော ဩစတြေးလျပါ ဗမာပြည်ရဲ့နိုင်ငံရေးမှာ ကျင်လည်ခဲ့တဲ့ လက်ဟောင်းကြီးတွေ ဖြစ်ပါတယ်။ ဗမာပြည်ထဲမှာ သူတို့ရဲ့ လူမှုအခြေခံတွေ ရှိပါတယ်။ အမေရိကန်ဟာ အဲဒီလက်ဝဲရံ လက်ယာရံတွေနဲ့ ဗမာပြည်နိုင်ငံရေးမှာ ဝင်မွှေနိုင်ပါတယ်။

သတိပြုဖို့က ဒီတခါ အမေရိကန်ထွက်လာတာဟာ ဒီမိုကရေစီတွေ၊ လူ့အခွင့်အရေးတွေနဲ့ မဟုတ်ပါဘူး။ "အကြမ်းဖက်ဝါဒဆန့်ကျင်ရေး" နဲ့ပါ။ အလွန်ဇဝေဇဝါဖြစ်နိုင်တဲ့ မရေမရာ ရည်ရွယ်ချက်ပါပဲ။

ဒါကြောင့်လည်း အိန္ဒိယက "အကြမ်းဖက်ဂိုဏ်း" စာရင်းတွေ တင်ပြပါတယ်။ ဟိန္ဒူကြီးစိုးရေးဝါဒီ BJP အစိုးရ အာဏာရနေတာဆိုတော့ ပိုဆိုးပါတယ်။ မူဆလင် အခွင့်အရေးအတွက် တိုက်ပွဲဝင်သူတွေ၊ လူမျိုးစုလက်နက်ကိုင် အင်အားစုတွေပါ "အကြမ်းဖက်စာရင်း" ထဲ ဝင်နေပါတယ်။

ကက်ရှမီးယား ပြဿနာဟာ အိန္ဒိယ ပါကစ္စတန် နှစ်နိုင်ငံကြားက အဓိကပြဿနာပါ။ အိန္ဒိယနဲ့ပါကစ္စတန် စစ်ပွဲဖြစ်မဖြစ်ဆိုတာ အမေရိကန်အပေါ် တည်နေသလို ဖြစ်နေပါတယ်။ အာဖဂန်ကိစ္စ မပြတ်သေးလို့ အခုတော့ စစ်ဖြစ်မှာကို လိုလားပုံမပေါ်ပါဘူး။ အာဖဂန်ကိစ္စ ပြတ်သွားရင် တမျိုးဖြစ်နိုင်ပါတယ်။

ဗမာပြည်ရဲ့အိမ်နီးချင်း တရုတ်ပြည်မှာလည်း ထိုင်ဝမ်ပြဿနာ ရှိနေပါတယ်။ ဒီပြဿနာကလည်း ၂၀ ရာစုက ယူလာတဲ့ ပြဿနာပါ။ ဒီပြဿနာ ကြီးထွားလာရင်လည်း တဒုက္ခပါ။ အမေရိကန်အပေါ်ပဲ တည်နေတဲ့ ပြဿနာပါ။

ကမ္ဘာမှာ လူဦးရေအများဆုံး နံပါတ်တစ်နဲ့ နံပါတ်နှစ် ကြားမှာနေရတဲ့ ဗမာပြည်ဟာ အနေတတ်ရပါမယ်။ သမိုင်းသင်ခန်းစာတွေလည်း ရှိထားခဲ့ပြီးပြီပဲ။

(၇)

၁၉ ရာစုကစပြီး ရာဇဝင်ချိုပြီး ပြောနေရတာက ဗမာပြည်ဟာ ဘယ်တိုင်းပြည်

နဲ့မှ မတူတဲ့ ပထဝီအနေအထား ရှိနေလို့ပါ။ နီပေါက ဗမာပြည်လိုပဲ နိုင်ငံကြီးနှစ်ခုကြား နေရတယ်ဆိုပေမယ့် သူက ကုန်းတွင်းပိတ် နိုင်ငံပါ။ ဗမာပြည်က ရှည်လျားတဲ့ ပင်လယ်ကမ်းခြေ ရှိပါတယ်။ မရှည်ရှည်အောင် သဘာဝမိခင်က နှစ်ဆစ်ချိုး သုံးပိုင်းရှိအောင် ဖန်တီးထားပါတယ်။ ပင်လယ်ကြီး ကာဆီးထားတာဟာ အိန္ဒိယကို ဗတ်စကိုဒါဂါမာ (Vasco da Gama) မရောက်ခင်ကတော့ အားကောင်းချက် ဖြစ်ပါတယ်။ ဒါပေမဲ့ ခေတ်သစ်မှာ အားနည်းချက် ဖြစ်သွားပါတယ်။

ရန်ကုန်ဟာ ရန်ကုန်တဲ့နေရာ မဟုတ်ခဲ့ပါ။ မဟာဗန္ဓုလရဲ့ ဘဝကံကြမ္မာကို ဖန်တီးလိုက်တဲ့ ရန်ကုန်ပါ။

မဟာဗန္ဓုလ ကျဆုံးပြီးကတည်းက ဗမာပြည်ဟာ ရန်သူကို အနိမတုနိုင်တော့ပါ။ မဟာဗန္ဓုလ ကျဆုံးတာကို ချက်ကောင်းယူပြီး ဗန္ဓုလနဲ့ ဆန့်ကျင်ဘက်ဂိုဏ်းဖြစ်တဲ့ သာယာဝတီမင်းသား အာဏာသိမ်းခဲ့ပါတယ်။

ပဒေသရာဇ် အုပ်စိုးသူတွေဟာ ရန်သူကို တစည်းတလုံးတည်း အန်တုဖို့ထက် လက်ရှိမင်းစစ်ရုံးတာကို ချက်ကောင်းယူ အာဏာသိမ်းဖို့ပဲ စိတ်ကူးကြပါတယ်။

စစ်အုပ်စုထဲမှာလည်း အဲဒီအကျင့် ဆိုးမျိုးကို မလုပ်ဘူးလို့ ဘယ်သူမှ အာမခံနိုင်မယ် မထင်ပါ။

(၈)

အမျိုးသားနိုင်ငံတွေနဲ့ ဖွဲ့စည်းထားတဲ့ကမ္ဘာမှာ ကမ္ဘာ့စနစ်တခုခု ရှိနေမှ ဖြစ်ပါတယ်။ အခုတော့ အားလုံးလက်ခံထားတဲ့ ကမ္ဘာ့စနစ်သစ် မရှိသေးပါ။ ကုလသမဂ္ဂ ရှိနေပေမယ့် ဂျပန်ခေတ် မီးရထားဂါတ်ဗိုလ်လို အမေရိကန်လုပ်သမျှ နောက်ကလိုက်ပြီး အလံစိမ်းပြနေရတာ တွေ့ရပါတယ်။ အမေရိကန်က နေတိုး (NATO) ကိုသာ စည်းရုံးမိရင် ဘာမဆို လုပ်မယ့်သဘော ရှိနေပါတယ်။

အခု အမေရိကန်ရဲ့ ထင်ရာစိုင်းမှုဟာ အာရှဘက်ကူးလာနေပါတယ်။ မတန်တဆ အင်အားတွေ အိန္ဒိယသမုဒ္ဒရာမှာ စုစည်းပါတယ်။ တချို့ကလည်း အမေရိကန် ယမ်းချေးပန်းမှာ ကြောက်ကြပါတယ်။ အမေရိကန်က "ကြားနေမလိုချင်ဘူး" လို့ ကြိမ်းထားတာကိုး။ နိုင်ငံတကာက ကျောင်းသားလူငယ်တွေပဲ အမြော်အမြင်ရှိရှိ ရဲရဲ့ဝံ့ဝံ့ ဆန့်ကျင်နေပါတယ်။

အာဆီယံကတော့ သူတပေါက်ကိုယ်တပေါက် လုပ်နေကြ ပြောနေကြပါတယ်။ နိုင်ငံတကာ့ခွင်မှာ အထီးကျန် တကောင်ကြွက် ဖြစ်နေတဲ့ ဗမာပြည်ကတော့ ပြောကိုမပြောဝံ့တာပါ။ ဒီအတိုင်း ကြာရှည်နေသွားလို့ ရမယ် ထင်ပါသလား။ တပ်မတော်ထဲက ပြည်ချစ်တပ်မှူးတပ်သားများ စဉ်းစားစေချင်ပါတယ်။ ဖိလစ်ပိုင်မှာ အမေရိကန်တပ် ရောက်နေပါပြီ။ ထိုင်း (ယိုးဒယား) ကကော စိတ်ချရရဲ့လား။ စစ်အုပ်စု အစိုးရအဆက်ဆက်ကြောင့် ဗမာပြည် ပြည်သူပြည်သား သန်းချီပြီး နိုင်ငံခြားရောက်နေတယ်ဆိုတာ သတိပြုပါ။ BIA တုန်းက ယိုးဒယားမှာလူစုတာ ရာဂဏန်းရတယ်။ အခုစုရင် သောင်းချီပြီး ရနိုင်တယ်။ တပ်မတော်တခုလုံးက စစ်အုပ်စု ကြိုးဆွဲရာ ခံနေကြရင် တိုင်းပြည်ဒုက္ခတွေ့နိုင်တာကို စဉ်းစားကြစေချင်တယ်။

(၉)

အမေရိကန် လုပ်နေတာဟာ "အကြမ်းဖက်မှု ဆန့်ကျင်ရေး" လို့ ဗမာပြည် ကွန်မြူနစ်များ မမြင်ပါဘူး။ အိုစမာဘင်လာဒင်ကို အကြောင်းပြပြီး "ဝင်ရိုးတခုတည်း ကမ္ဘာ့စနစ် " ကို အကြမ်းဖက် အကောင်အထည်ဖော်နေတာလို့ မြင်ပါတယ်။ မရဲတရဲ သွေးတိုးစမ်းကြည့်နေတာပါ။ အကြီးဆုံး အကြမ်းဖက်သမားဟာ အမေရိကန်ပါ။

စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို နိုင်ငံရေးဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ကျားကန်ဖို့ သံလက်သီးကို ထုတ်ပြလာတာပါ။ နာမည်ကျော် အမေရိကန်ဆောင်းပါးရှင်တဦး ရေးသလို ပါပဲ။ ဈေးကွက်ကို မမြင်ရတဲ့လက်က ထိန်းညှိတယ်။ အဲဒီလက်က မထိန်းညှိနိုင်ရင်တော့ သံလက်သီးက ထိန်းညှိတယ်။ မက်ဒေါနယ် (အသားညှပ်မုန့်ကုမ္ပဏီ) နောက်မှာ မက်ဒေါနယ်ဒေါက်ကလပ်စ် (စစ်လေယာဉ်ကန်ထရိုက်ရထားတဲ့ ကုမ္ပဏီ) ရှိတယ်လို့ ရေးခဲ့သလိုပါပဲ။ အခုစစ်အင်အားနဲ့ ကမ္ဘာလွှမ်းရေး (globalization) ကို သံလက်သီးနဲ့ ထိန်းညှိနေတာပါ။

ကုန်လွန်သွားတဲ့ ကမ္ဘာ့စနစ်တုန်းက ဗမာပြည်အနေနဲ့ အနေချောင်ခဲ့ပါတယ်။

တရုတ်ပြည်က မူကြိုး (၅) ချက် ချမှတ်လိုက်နာနေတယ်။ ၁၉၇၁/၇၂ မှာ မော်စီတုန်း၊ ချိုအင်လိုင်းတို့က စစ်အေးတိုက်ပွဲမှာ အနေအထားသစ်ကို ယူလာတယ်။

အိန္ဒိယကလည်း ကြားနေဘက်မလိုက် ခေါင်းဆောင်အနေအထား ယူထားတယ်။

ဒီနှစ်ခုကြောင့် အနေချောင်ပါတယ်။ ဗမာပြည်က ဦးသန့်တောင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဖြစ်လိုက်ပါသေးတယ်။ အိန္ဒိယ ပါကစ္စတန် စစ်ပွဲတွေရဲ့ ဂယက်လည်း မရိုက်ခဲ့ပါဘူး။ တရုတ်နဲ့ အိန္ဒိယ ခဏကလေး စစ်ထတိုက်တော့တောင် ဂယက်မရိုက်ခဲ့ပါဘူး။

အခုခေတ်က အဲဒီလို မဟုတ်တော့ပါ။ အိမ်နီးချင်းတိုင်းပြည်ကြီးတွေ သူတို့ချင်း ချစ်ကြည်ရေးရှိမှ – သူတို့ပြည်တွင်းရေးတွေ တည်ငြိမ်မှ ဗမာပြည် အနေချောင်ပါလိမ့်မယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးရှိမှ အနေချောင်ပါလိမ့်မယ်။

စစ်ဖြစ်လာရင် ဘာစစ်ပဲဖြစ်ဖြစ် အနေမချောင်ပါဘူး။ အင်အားကြီးတွေက ဗမာပြည်ကို ခလုတ်တိုက်ကြတော့မှာပါ။

ဒါကြောင့် ဗမာပြည်အတွက် အကောင်းဆုံးလမ်းကို ရွေးကြရပါမယ်။ သူက "အကြမ်းဖက်သမား" ပါလို့ အပြန်အလှန် ပြောနေကြလို့ရှိရင် အန္တရာယ်ကို ဖိတ်ခေါ်တာပဲ ဖြစ်ပါလိမ့်မယ်။

(၁၀)

ကမ္ဘာ့စနစ်သစ် ပေါ်တော့မယ်ဆိုရင် တိုင်းပြည်ကြီးတွေ အနေအထားသစ် ယူကြသလို တိုင်းပြည်ငယ်တွေကလည်း အနေအထားသစ် ယူရပါတယ်။ အနေမတတ်ရင် အတွဲလိုက်ရောင်းစားတာ ခံရတတ်ပါတယ်။ ၁၈၁၄ – ၁၅ ဗီယင်နာကွန်ဂရက်မှာ အတွဲလိုက် အရောင်းခံရတဲ့အထဲ ဗမာပြည် ပါသွားပါတယ်။

အင်္ဂလိပ်နဲ့ ပြင်သစ်က ဥရောပမှာသာ တိုက်ကြတာ မဟုတ်ပါဘူး။ ၁၈ ရာစုကတည်းက အိန္ဒိယမှာ၊ အမေရိကတိုက်မှာ တိုက်နေပါတယ်။ ဗီယင်နာကွန်ဂရက် ဆုံးဖြတ်ချက်ကျတော့ ပြတ်သွားပါတယ်။ အိန္ဒိယတပြည်လုံးကို အင်္ဂလိပ် ရလိုက်သလို ဗမာပြည်ရဲ့ ကံကြမ္မာလည်း အဆုံးအဖြတ်ကျသွားတာပါ။

အခု ကမ္ဘာ့စနစ်သစ် လာနေပါပြီ။ ဗမာပြည်အနေနဲ့ အနေအထားသစ် ယူရပါမယ်။ ဘယ်လိုယူသင့်သလဲ၊ ဝိုင်းဝန်းစဉ်းစားကြရပါမယ်။

အနေအထား ယူတယ်ဆိုတဲ့ ပြဿနာမှာ အုပ်စိုးသူ (အစိုးရ) က အခရာ

ကျပါတယ်။ ပြည်သူက ဆန္ဒသာဖော်ပြနိုင်ပါတယ်။ တရားဝင်အဆုံးအဖြတ် ပြုနိုင်သူနဲ့ နိုင်ငံတကာက အဓိကထားသူက အစိုးရပါ။ ဒါကြောင့် အစိုးရပြဿနာကို အရင်ဆုံး ကိုင်ရပါမယ်။

(၁၁)

အမေရိကန်က ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအလံလွှင့်ပြီး ကမ္ဘာ့စနစ်သစ်ချဖို့ လုပ်ခဲ့ပါတယ်။ မအောင်မြင်လှဘူး။ အခုတော့ အဲဒီအလံနှစ်ခု ဘေးချိတ်လိုက်ပြီး "အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး" အလံထူလိုက်တယ်။ ဒါမှ ပါကစ္စတန်လို တိုင်းပြည်မျိုးကို သိမ်းသွင်းနိုင်မှာ မဟုတ်လား။ ဗိုလ်ချုပ်ကြီး ပါဖက်ဇ်မူရွာရက်ကို မဟာမိတ်ဖွဲ့ပြတာဟာ ဗမာပြည်က ဗိုလ်ချုပ်ကြီးတွေကို မျက်စေ့လှမ်းပစ်လိုက်သလို ဖြစ်နေပါတယ်။ စစ်အာဏာသိမ်းတာတွေ၊ ဒီမိုကရေစီမရှိတာတွေကို ဂရုမထားဘူး။ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး စစ်ပွဲကြီးမှာ ငှဲ့ဘက်ပါရင်ငှဲ့လူပဲလို့ ပြောလိုက်သလိုပါပဲ။

စစ်အစိုးရက သွေးတိုးစမ်းတုံ့ပြန်နေပါတယ်။ စစ်အစိုးရက အမေရိကန်ရဲ့ မဟာမိတ်ဖြစ်သွားရင်လည်း ဗမာပြည်ကွန်မြူနစ်များက အံ့သြမှာ မဟုတ်ပါဘူး။

ထို့အတူ အကြမ်းမဖက်ရေး လုပ်နေတဲ့ NLD နဲ့ မင်းတို့ချင်း အဆင်ပြေအောင်လုပ်ကြ၊ အဆင်ပြေမှ တို့ထဲပါနိုင်မယ်ဆိုတဲ့ အချက်ပြမှုလည်း တွေ့နေရပါတယ်။ အဲဒီလိုဖြစ်သွားရင်လည်း အံ့သြစရာလို့ မထင်ပါဘူး။ တခြားအင်အားကြီး တိုင်းပြည်တွေက ဒီဖြေရှင်းနည်းကို ပိုလိုလားကြပါလိမ့်မယ်။

ဒီစစ်ပွဲဟာကြာမယ်လို့ အမေရိကန်က ပြောထားပါတယ်။ ဘယ့်လောက်ကြာမယ်ဆိုတာ မပြောပါ။ ရေဆုံးမြေဆုံး လိုက်တိုက်မယ်လို့တော့ ကြိမ်းထားပါတယ်။ "အကြမ်းဖက်လုပ်ကြံရေး" သာမက "အကြမ်းဖက် တော်လှန်ရေး" ကိုပါ တိုက်ဖျက်မယ်လို့ ဆိုလာရင် ကွန်မြူနစ်ဆန့်ကျင်ရေးအလံ ထူလိုက်တာ ပါ။ ပြဿနာ ကြီးသွားပါပြီ။ "တတိယကမ္ဘာစစ်" ပဲလို့ ရေးနေသူတွေက ဒီအကွက်ကို ဖော်နေတာလို့ ယူဆပါတယ်။

အဲဒီလို အခြေအနေမျိုးဖြစ်လာရင် ဗမာပြည်ကွန်မြူနစ်ပါတီက ကြားနေမှာ မဟုတ်ပါဘူး။ လက်ပိုက်ပြီးထိုင်ကြည့်နေမှာ မဟုတ်ပါဘူး။ စည်းလုံးနိုင်သမျှ အင်အားစုတွေနဲ့ လက်တွဲပြီး ဆန့်ကျင်သွားပါမယ်။

အဲဒီလိုမဖြစ်အောင်တော့ တားပါမယ်။ တားမရလို့ ဖြစ်လာရင်လည်း မကြောက်ပါ။

(၁၂)

အာဖဂန်စစ်ပွဲ တကယ်က ပြီးနေပါပြီ။ ဂျာမဏီမှာ အစိုးရဖွဲ့ပေးပြီးပြီ။ ဂျပန်မှာ ဘဏ္ဍာရေးအကူအညီ ပေးပြီးနေပါပြီ။ ဆက်လုပ်စရာရှိတာက ပြည်တွင်းစစ်မဖြစ်ရေးနဲ့ ပြည်တွင်းတည်ငြိမ်ရေးပါ။

စုစည်းထားတဲ့ အမေရိကန်တပ်ကြီး အလုပ်မရှိသလို ဖြစ်နေပါတယ်။ အလုပ်ရှာနေရင်းက ဘုရှ် (အငယ်) က "အီရန်၊ အီရတ်၊ မြောက်ကိုရီးယား ဝင်ရိုးတန်း (၃) နိုင်ငံ" လို့ ပြောလိုက်ပါတယ်။ ဒီ (၃) နိုင်ငံကိုပဲ ဆက်တိုက်တော့မလို လေသံပစ်ကြည့်လိုက်တာပါ။ အီရတ်ကိုတိုက်ရင် အာရပ်ကမ္ဘာက ငြိမ်နေမှာ မဟုတ်သလို မြောက်ကိုရီးယားကိုတိုက်ရင် အာရှကငြိမ်နေမှာ မဟုတ်ပါ။

ဘုရှ် (အငယ်) ဟာ "ရောမ၊ ဘာလင်၊ တိုကျို ဖက်ဆစ်ဝင်ရိုးတန်း (၃) နိုင်ငံ" ကို တိုက်ရင်း ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်လာတဲ့ ရုစဗဲ့၊ ချာချီတို့ကို အားကျနေဟန် ရှိပါတယ်။

အမေရိကန်ပြည်သူတွေနဲ့ အမေရိကန်စစ်တပ်မှာ "ဗီယက်နမ်ရောဂါ" ရနေတာကို တွက်ချက်မိဟန် မတူပါဘူး။

ဟိုတုန်းက စစ်မရှုံးဖူးတဲ့ အမေရိကန်ကို ရုစဗဲ့ကခေါင်းဆောင်ခဲ့တာ ဖြစ်တယ်။ အခု ဘုရှ် (အငယ်) ခေါင်းဆောင်နေရတာက ဗီယက်နမ်စစ်ပွဲမှာ ရှုံးထားတဲ့အမေရိကန်ကို ခေါင်းဆောင်နေရတာပါ။

ဖြစ်ချင်းဖြစ်ရင် ဘုရှ် (အငယ်) ဟာ ခေတ်သစ် ဒွန်ကွိဇုတ် (Don Quixote) ပဲ ဖြစ်ပါလိမ့်မယ်။ ။

(Don Quixote - စပိန်စာရေးဆရာတဦး ရေးသားပြီး ၁၆၀၅ ခုနှစ်တွင်ထုတ်သော ဝတ္ထုပြဇာတ်ကောင် ၏အမည် ဖြစ်သည်။ ထိုဇာတ်ကောင်က ရွေးခေတ်သူရဲကောင်းများအကြောင်း စာတွေအဖတ်များပြီး မိမိကိုယ်ကို သူရဲကောင်းတဦးဟု ထင်လာကာ ကမောက်ကမတွေ လျှောက်ပြောလျှောက်လုပ်သည့် စိတ်ဝေဒနာသည် ဖြစ်သည်။)

အမေရိကန်ထူထောင်နေတဲ့ ကမ္ဘာ့စနစ်

*** အသေခံပြီး တဦးချင်းတုံ့ပြန်တိုက်ခိုက်ရရှာတဲ့ အာရပ်တွေကို အကြမ်းဖက်သူလို့ စွပ်စွဲတယ်။ ခေတ်မီလေယာဉ်တွေ၊ တင့်ကားတွေ၊ မြေထိုးစက်တွေနဲ့ ကျူးကျော်သတ်ဖြတ်တဲ့ဂျူးကို ခိုးကျူးတဲ့ စနစ်။**

*** အသေခံဗုံးခွဲသူတွေကို မတားဆီးနိုင်ရကောင်းလားလို့ ပါလက်စတိုင်းခေါင်းဆောင် အာရဖတ်ကို အပြစ်တင်တယ်။ အိုကီနာဝါမှ ဂျပန်အမျိုးသမီးလေးတယောက်ကို အမေရိကန်မရိန်းတပ်ကြပ်ကြီး မတရားပြုကျင့်မှုတွင် အမေရိကန်သမ္မတမှာလဲ တာဝန်ရှိတယ်လို့ ... မပြောကြတဲ့ စနစ်။**

*** ဇင်ဘာဘွေရွေးကောက်ပွဲကို ညစ်ပတ်တယ်လို့ ပြောတယ်။ ဘုရှ် (အငယ်) အနိုင်ရတဲ့ ရွေးကောက်ပွဲကျတော့ စံပြလွတ်လပ်တဲ့ ရွေးကောက်ပွဲလို့ပြောတဲ့ စနစ်။**

*** ဘာသာတရားချင်းအခြေခံတူရင်၊ အသားအရောင်ချင်းတူရင် 'ဝံသာနု' ပြီး၊ မတူရင် ဖိနှိပ်တဲ့ စနစ်။**

အဲဒီစနစ်ကို ငါတို့ပြတ်ပြတ်သားသား ကန့်ကွက်တယ်။ ဆန့်ကျင်တယ်။

ဗြာ့ဒ်သူ့ အာ့ဂျာ့ ဒ့ဂျာ့

ထုတ်ပြန်ကြေညာချက်

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏
ထုတ်ပြန်ကြေညာချက် ၅/၂၀၁၁

၁။ အမေရိကန်က အာရှဘက်မှာ မကြုံဖူးအောင် စစ်အင်အား ဖြန့်ကြက်ချထားလိုက်တယ်။ သူ့မဟာမိတ်တွေကိုလည်း တပ်လှန့်စုစည်းလိုက်ရုံမက မဟာမိတ်သစ်တွေကိုလည်း စုစည်းနေတယ်။ စုစည်းတဲ့ပုံစံကတော့ ဗြောင်ခြိမ်းခြောက်တာရော၊ မက်လုံးပေးတာရော စုံနေတာပဲ။

လုပ်ကြံရေးဂိုဏ်း တခုသာဖြစ်တဲ့ အိုစမာဘင်လာဒင်ကိုဖမ်းဖို့ ဒီလောက်လုပ်စရာ မလိုပါဘူး။ လျှို့ဝှက်ပြီး သိပ်သိပ်သည်းသည်း လုပ်ရမှာ ဖြစ်တယ်။ အခုတော့ ရပ်ကျော်ရွာကျော် အော်ကြီးဟစ်ကျယ် လုပ်နေတယ်။ ကလင်တန်က သူ့တုန်းက ဘယ်လိုလုပ်ခဲ့တယ်လို့ ပြောထုတ်လာတာဟာ ဘုရှ်ကို ရှေ့လောမကြီးဖို့ သတိပေး အရှိန်သတ်ပေးချင်ပုံ ပေါ်ပါတယ်။ "ခရူးဆိတ်စစ်ပွဲ" လေသံတိတ်သွားအောင်လည်း အမေရိကန်နိုင်ငံရေးသမားတွေကပဲ ကျိတ်ပြီးဆုံးမလိုက်ကြတာပဲ။ ဘုရင်ဂျီရဟန်းမင်း (ပုပ်) လည်း လိုက်ပြီးစကားချိုသွေး ဖာရထေးရလုပ်နေတာ တွေ့ရတယ်။ ဘုရှ်မှာ တခြားရည်ရွယ်ချက်ကြီးကြီး ရှိတယ်ဆိုတာကို ဒီလုပ်ရပ်တွေက ဖော်ပြနေတယ်။

၂။ သူ့ရည်ရွယ်ချက်က နှစ်ခုရှိနိုင်တယ်။ တခုက ဝင်ရိုးတခုသာရှိတဲ့ ကမ္ဘာ့စနစ်နဲ့ ဝင်ရိုးအများရှိတဲ့ ကမ္ဘာ့စနစ် လွန်ပွဲမှာ မိမိဘက်က အသာစီးရဖို့နဲ့ နောက်တခုက အမေရိကန်စီးပွားရေး တုံ့ဆိုင်းနေးကွေးရာက အကျဘက်ကို ယိမ်းနေတာကို "စစ်လုပ်ငန်း" နဲ့ ထိန်းမတ်ပေးဖို့ပဲ။

၁၉၃၀ ခုနှစ်လွန်ကာလတွေက ကမ္ဘာ့အရင်းရှင် နိုင်ငံရေးသမားတွေရဲ့ လုပ်နည်းဆီ ပြန်သွားဖို့ ကြံရွယ်တာလို့လည်း ယူဆနိုင်တယ်။ ကမ္ဘာ့အရင်းရှင်စီးပွားရေးစနစ်ကို ကြပ်မတ်ထိန်းသိမ်းတာမှာ "သံမဏိလက်သီး" က အခရာပဲဆိုတာ မမေ့ကြဖို့ လိုပါတယ်။

၃။ ဦးနေဝင်း ထွက်လာပြီး နိုင်ငံရေးသဘောပါတဲ့ လှုပ်ရှားမှုလုပ်လာတာကို သတိပြုသင့်တယ်။ နိုင်ငံရေးအကင်းမဲ့တဲ့ "အိမ်ကျယ်" (နအဖ) ကို ပညာသင်ပေးလိုက်တာသာမကဘူး နိုင်ငံတကာ့ခွင်မှာ ဗမာပြည်ရဲ့ နေရာယူမှုအသစ်အတွက် ခြေလှမ်းစလှမ်းဖို့ အချက်ပြလိုက်တာလည်း ဖြစ်တယ်။ ဦးနေဝင်း လုပ်ပြလိုက်မှ (နအဖ) လန့်နိုးလာတယ်။ ASEAN ထဲက သူတို့အနေနဲ့ ရှိုးတိုးရှန့်တန့် မဖြစ်ဘဲ ဆက်ဆံနိုင်တဲ့ မလေးရှားကို ဗိုလ်သန်းရွှေသွားတယ်။ ဗီယက်နမ်ကတော့ ကွန်မြူနစ်ဖြစ်နေလို့ မသွားဝံ့ဘူး။ အမေရိကန်ကို နားရွက်တံတွေးဆွတ်လိုက်သလိုဖြစ်သွားမယ်။ အင်ဒိုနီးရှားသွားဖို့က ဆူဟာတိုကို အားနာစရာပဲ။ မိဂါဝတီကလည်း အမေရိကန်က ပြန်လာကာစရှိသေးတယ်။ ထိုင်းကိုသွားဖို့တော့ မစဉ်းစားနိုင်၊ တုတ်တပြက် ဓားတပြက် ဖြစ်ထားတာ မကြာသေးဘူး။ ဒါကြောင့် မလေးရှားသွားတာ ဖြစ်တယ်။

၄။ ကမ္ဘာ့စနစ်သစ်ဆိုတာ စစ်နိုင်သူတွေကသာ ချမှတ်နေကျ ဖြစ်ပါတယ်။ ဗီယင်နာ ကွန်ဂရက် (Congress of Vienna 1814 - 15) ကို နပိုလီယံစစ်ပွဲအပြီးမှာ စစ်နိုင်သူတွေ ချမှတ်ခဲ့တာပဲ။ ဗမာပြည် ကိုလိုနီဖြစ်ဖို့ ကံကြမ္မာကို ဘဲဒီမှာ ပြဋ္ဌာန်းလိုက်ကြတာ ဖြစ်ပါတယ်။

နောက်ဆုံးချမှတ်တဲ့ စစ်အေး ကမ္ဘာ့စနစ်ကိုလည်း ဒုတိယကမ္ဘာစစ် စစ်နိုင်သူတွေက ချမှတ်ခဲ့တာပါပဲ။ ကုလသမဂ္ဂ (UN) ဟာ ဘဲဒီ ကမ္ဘာ့စနစ်ရဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ အမေရိကန်က ဘေးချိတ်ချင်ပေမယ့် ဘေးချိတ်လို့မရသေးတဲ့ အဖွဲ့အစည်းပါ။

နေတိုးအာဏာစက်ဖြန့်ရာ မဟုတ်တဲ့ အာရှတိုက်မှာ ဖြစ်နေလို့သာ အမေရိကန်က အခုလို လုပ်နေတာ ဖြစ်တယ်။ ဒါပေမဲ့ အီရတ် ကူဝိတ် ကိစ္စတုန်းကနဲ့မတူဘဲ အခု အရှေ့ဘက်ဖြန့်လာနေတယ်။ ဗမာပြည် ဘယ်အနေအထား နေရမလဲဆိုတဲ့ကိစ္စကို ဗမာပြည် ပြည်ချစ်ဝါဒီတွေ စဉ်းစားထားကြရပါလိမ့်မယ်။

အခုအခါမှာ – "ဗီယင်နာကွန်ဂရက် စနစ် " ကို ပြန်သွားရင်တော့ ကျွန်ဖြစ်ရေးပဲ ဖြစ်လိမ့်မယ်။

စစ်အေးခေတ်ကို ပြန်သွားလို့လည်း မဖြစ်ဘူး။ ဆိုဗီယက်ယူနီယံ မရှိတော့ဘူး။ ဘက်မလိုက်ခေါင်းဆောင်တွေလည်း တချို့က ဘက်လိုက်နေကြပြီ၊ တချို့ကလည်း မရှိတော့ဘူး။

ကုလသမဂ္ဂကတော့ ရှိသေးတယ်။ စစ်အေးခေတ်လွန်ကာလ နိုင်ငံတကာ့ရေးရာကို သူပဲထိန်းသိမ်းနေတာ ဖြစ်ပါတယ်။ အခုကိစ္စမှာလည်း သူကပဲ ထိန်းသိမ်းပေးရမယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

၅။ အမေရိကန်မှာ ဖြစ်ခဲ့တဲ့ ၉ လ၊ ၁၁ ရက် အဖြစ်အပျက်ရဲ့ နောက်ဆက်တွဲအကျိုးဆက်ဟာ ရှည်ကြာပါလိမ့်မယ်။ ရှုပ်ထွေးပါလိမ့်မယ်။ အနေမတတ်ရင် ဗမာပြည်ဟာ ကျွန်ဝယ်ရာ အဆစ်ပါသွားနိုင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက မျက်မှောက်ကမ္ဘာ့ အခြေအနေနှင့် ဗမာပြည် လိုက်ရမယ့်လမ်းနဲ့ ပတ်သက်ပြီး သုံးသပ်ဆုံးဖြတ်ထားတဲ့ စာတမ်း ရှိပါတယ်။ မကြာမီ ထုတ်ပြန်နိုင်ပါလိမ့်မယ်။

၁၃၆၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်။
၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။

ဗမာပြည် ဘယ်အနေအထားမှာ နေရမလဲဆိုတဲ့ကိစ္စကို ဗမာပြည် ပြည်ချစ်ဝါဒီတွေ စဉ်းစားထားကြရပါလိမ့်မယ်။

ထုတ်ပြန်ကြေညာချက်

နယူးယောက်၊ ဝါရှင်တန် (၉ လ ၁၁ ရက်) အဖြစ်အပျက်နှင့်ပတ်သက်၍
ဗမာပြည်ကွန်မြူနစ်ပါတီ – ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်
အမှတ် ၆ / ၂၀၀၁
၁၅ – ၁၀ – ၂၀၀၁

၁။ အကြမ်းဖက်ဝါဒဟု (Terrorism) ကို ဘာသာပြန်သည်မှာ မပြည့်စုံပါ။ အကြမ်းဖက်လုပ်ကြံမှုဟု အပြည့်ပြောရပါမည်။ ထိုလုပ်ရပ်မျိုးကို ကွန်မြူနစ်များ မထောက်ခံပါ။

၂။ မည်သည့်စစ်ဖြစ်ဖြစ် အကြမ်းဖက်မှုချည်း ဖြစ်ပါသည်။ တိုင်းပြည်ကြီးများ စစ်အုပ်စုဖွဲ့၍ ကမ္ဘာနှင့်အဝှမ်းစစ်တိုက်ကြလျှင် ကမ္ဘာစစ်၊ ဒေသန္တရတိုင်းပြည်များသာတိုက်လျှင် ဒေသန္တရစစ်၊ တိုင်းပြည်တပြည်တည်းအတွင်း အချင်းချင်းတိုက်လျှင် ပြည်တွင်းစစ် ဖြစ်ပါသည်။ စစ်ဟူသမျှ အကြမ်းဖက်မှု အကြီးအသေးသာကွာမည်။ နှစ်ဘက်စလုံး လုပ်ကြပါသည်။ မည်သူလုပ်လုပ် အကြမ်းဖက်မှုချည်း ဖြစ်ပါသည်။ ပုလဲဆိပ်ကမ်းတိုက်ပွဲမှာ အကြမ်းဖက်မှုဖြစ်သည်။ ဟီရိုရှီးမားကို အနုမြူဗုံးကြဲခြင်းသည် ပိုကြီးသော အကြမ်းဖက်မှု ဖြစ်သည်။ ဟီရိုရှီးမားထက်ပင် ဆုံးရှုံးမှုများသော တိုကျိုဗုံးကြဲမှုကြီးသည်လည်း အကြမ်းဖက်မှု ဖြစ်ပါသည်။ ဂျာမနီမှ တမြို့လုံးပြာကျအောင် ဗုံးကြဲမှု၊ လန်ဒန်ဗုံးကြဲမှုများသည်လည်း အကြမ်းဖက်မှုချည်းပါ။

ဗမာပြည်တွင် ပြည်တွင်းစစ် ဖြစ်နေသည်မှာ နှစ် ၅၀ ကျော်ပါပြီ။ နှစ်ဘက်စလုံး အကြမ်းဖက်စစ် တိုက်ကြပါသည်။ ထို့ကြောင့် ‘ ကမ္ဘာ့ပုလိပ်ကြီး လုပ်လိုသော အမေရိကန် ’ ကို ‘ ဟိုလူဟာ အကြမ်းဖက်သမားပါ၊ သူ့ကို ပြစ်ဒဏ်ပေးပါ ’ ဟု တိုင်ကြတောကြခြင်းကို မနှစ်သက်ပါ။

ဗမာပြည် ပြည်သူလူထုသို့သာ မည်သူက ‘ အကြမ်းစ၍ ဖက်ပါသည် ’ ဟုသာ တင်ပြအဆုံးအဖြတ် ခံယူပါမည်။ မည်သည့်နိုင်ငံခြားကိုမှ ဒဏ်ရာလှန်ကာပြပြီး တိုင်လားတောလားလုပ်မည် မဟုတ်ပါ။

၃။ ဘုရှ်က ‘ ၂၁ ရာစု၏ ဗွေဆော်ဦးစစ်ပွဲ ’ ဟု ဆိုပါသည်။ မဟုတ်ပါ။ ၂၁ ရာစု၏ ဗွေဆော်ဦး စီးပွားရေးတုံ့ဆိုင်းမှုကို စစ်ဖြင့်ကယ်တင်ရန် အထူးသဖြင့် အမေရိကန်၏ စီးပွားရေးကျရိပ်ကို ဟစ်တလာ၏ ဂျာမနီပြည်ကြီး နာလန်ထူရေးနည်းဖြင့် ကယ်တင်ရန် ဖြစ်ပါသည်။

၄။ ဟစ်တလာက “ လွှတ်တော်ကို ကိုယ့်ဘာသာ မီးရှို့ပြီး ” ပြည်သူ့လွတ်လပ်ခွင့်ကို ရုပ်သိမ်းပါသည်။ အမေရိကန်က (၉/၁၁) အရေးအခင်းကို အကြောင်းပြပြီး ပြည်သူ့လွတ်လပ်ခွင့်များကို တစတစ ရုပ်သိမ်းနေပါသည်။ ကွာခြားချက်မှာ ဤမျှသာ ဖြစ်ပါသည်။ အမေရိကန်တပြည်လုံးကို ‘ အကြမ်းဖက်လုပ်ကြံမှု ရှိနေဆဲ ’ ဟု အကြောင်းပြချက် တခုပြီးတခု ဖော်ထုတ်ပြပြီး လွတ်လပ်ခွင့်များ ရုပ်သိမ်းပါလိမ့်မည်။ အမေရိကန်လက်ဝါးကြီးအုပ်များကို ကယ်တင်ရေးသာ အဓိက လုပ်နေပါသည်။ သေကြေရသူများအတွက် ဘာမှလုပ်မပေးသေးပါ။ ကော်ပိုရေးရှင်းကြီးများကိုကား ထောက်ပံ့ငွေ ဘီလျံချီပြီး ပေးနေပါပြီ။

၅။ အမေရိကန်စစ်တပ်များ ကမ္ဘာအနှံ့ ချထားပါသည်။ သူတို့၏ မူဆလင်အထွတ်အမြတ်မြေတွင် အမေရိကန်တပ်ကြီး ချထားသည်ကို မူဆလင်များ မကျေနပ်ပါ။ ရွှေတိဂုံဘုရားကုန်းတော်အနီးက ဂေါ်ရာကုန်းတွင် အင်္ဂလိပ်နယ်ချဲ့စစ်တပ်များ ချထားသည်ကို ဗုဒ္ဓဘာသာများ မကျေနပ်သလိုပင် ဖြစ်ပါသည်။

ခရစ်ယာန်လူဖြူများက ‘ကရူးဆိတ်’ (Crusade) ဟု ပြောခွင့်ရှိလျှင် မူဆလင်များက ဂျီဟတ် (Jihad) ဟု ပြောခွင့် ရှိပါသည်။ ဂျပန်ပြည်သူများက အိုကီနာဝါရှိ စစ်စခန်းကို ဆန့်ကျင်တာ တရားပါသည်။ တောင်ကိုးရီးယား ပြည်သူများက အမေရိကန်စစ်စခန်းထားသည်ကို ဆန့်ကျင်တာ တရားပါသည်။ ဆော်ဒီအာရေဗျတွင် အမေရိကန်စစ်စခန်း ချထားသည်ကို အိုစမာဘင်လာဒင် မကျေနပ်သည်မှာ တရားပါသည်။ သူ၏တုံ့ပြန်သည့်နည်းလမ်းကိုကား ကွန်မြူနစ်များ လက်မခံနိုင်ပါ။ သူ့နည်းလမ်းမှာ သူအာသာပြေရုံသာ ရှိမည်။ အောင်ပွဲမရရုံမက အကျိုးဆက်

မကောင်းနိုင်ပါ။ ယခုအမေရိကန်က ဒုတိယကမ္ဘာစစ်တွင် ပုလဲဆိပ်ကမ်း ဗုံးကြဲခံရမှုဖြင့် ယှဉ်နှိုင်းပြောကာ အာဖဂန်ကို ဒဏ်ခတ်နေပါပြီ။ အနီးအနားဝန်းကျင် နိုင်ငံများကလည်း ' ယမ်းချေးပန်း ' မှာ ကြောက်နေကြရပါသည်။

၆။ အမေရိကန်စစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌသစ်က အာဖဂန်စစ်ဆင်ရေးကို အင်းထဲမှရေများ ဖောက်ထုတ်ပြီး အကြမ်းဖက်သမားများကို ဖမ်းဖို့ဟု ပြောပါသည်။ အင်းထဲမှရေ ဖောက်ထုတ်လျှင် ငါးတွေသေမည်မှာ မုချဖြစ်ပါသည်။ ခရုကို မိမမိ မသေချာပါ။

ရေဆုံးမြေဆုံးလိုက်တိုက်မည်ဟုဘုရှ်က ပြောထားတာလည်း ရှိပါသည်။ တရားခံပြေးကို လိုက်တိုက်သည်ဟုပြောပြီး ကမ္ဘာတခွင် လိုက်တိုက်နေလျှင် ' မတော်တကယ် ' ဒုံးပျံများ၊ ဗုံးများဖြင့် ကြဲချနေလျှင် စစ်ကိုကျယ်ပြန့်စေသလို ဖြစ်ပါလိမ့်မည်။

မိမိတိုင်းပြည်က အလိုရှိတဲ့ တရားခံတဦးကိုအကြောင်းပြုပြီး သူများတွေရဲ့နိုင်ငံထဲ စစ်တပ်စေလွှတ်တဲ့ အစဉ်အလာ အဖြစ်မခံနိုင်ပါ။

၇။ အာဖဂန်မှာ ရုရှနှင့်တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်တို့ကို ' ခွချက် ' (double check) လုပ်နိုင်သည့်နေရာ ဖြစ်ပါသည်။

ပါကစ္စတန်တွင် ဗိုလ်ချုပ်မှုရှာရက်ဖ် အစိုးရပြုတ်ကျပြီး (ယခုအဆန့်ကျင်ခံနေရပြီ) မူဆလင်အခြေခံဝါဒီများအစိုးရ တက်လာမည်ကို စိုးရိမ်ကြောင်းကို ထင်ရှားသည့် အမေရိကန်ပါမောက္ခ ချွမ်စကီ (Chomsky) က တွက်ချက်ပြပါသည်။ သူက တက်လာမည့် အစိုးရသစ်လက်တွင် အနုမြူဗုံး ရောက်သွားလိမ့်မည်ဟု ပြောပြပါသည်။ စိုးရိမ်ထိုက်ပါသည်။

၈။ အိုစမာဘင်လာဒင်ကို နယ်ချဲ့နိုင်ငံရေး ရည်မှန်းချက်ကြောင့်၊ ကမ္ဘာကျော်အောင် အမေရိကန်အစိုးရနှင့် သတင်းသမားများက လုပ်နေပါသည်။ သူတို့လုပ်၍ အိုစမာတယောက် ကျော်ကြားလှပါပြီ။ သူ့ရုပ်ပုံပါသည့်တီရှပ် အရောင်းသွက်သည်ဟု ဆိုပါသည်။ အတည်မပြုနိုင်သော သတင်းများအရ ဗလီဆရာက အကြမ်းဖက်သမားအိုစမာကို ' တရားဝင် ' ဆန့်ကျင်ကြောင်း ကြေညာပြီး သူတို့၏အိမ်တွင်းတွင်ကား အိုစမာကို ဂုဏ်ပြုသည့် ထမင်းစားပွဲများ လုပ်ကြသည်ဟု ဆိုပါသည်။ ဖြစ်နိုင်ပါသည်။ ဒေါသထွက်နေသူက တုံ့ပြန်သည်မှာ သဘာဝကျပါသည်။

အမေရိကန်၏ ယမ်းချေးအပန်း မခံရရန် 'တရားဝင်' ပြောသည်နှင့် လူတွေ၏ နှလုံးသားကလာသောစိတ်တို့ ကဏ္ဍက ဖြစ်တတ်ပါသည်။

ကိုယ့်ရှူးကိုယ်ပတ်မည့်အရေးကိုလည်း မြင်ယောင်ပါသည်။ တခုခုလုပ်ပြပြီး ကျော်ကြားအောင်လုပ်သည့် ရောဂါမှာ အမေရိကန်မှာ ပေါ် ပြူလာ ဖြစ်နေပါသည်။ အိုကလာဟိုမားတွင် ဗုံးခွဲပြပြီး ရဲရဲကြီး အသေခံပြသွားသော မက်ဗေး အမေရိကန်တွင် ရှိပါသည်။ ကိုလမ်ဘိုင်း ကျောင်းတွင် ကျောင်းသားချင်းပစ်သတ်ပြီး ဒေါသစိတ်ကို ဖြေဖျောက်ကာ ကျော်ကြားမှုယူသွားသည့် ကလီးဘိုးနှင့် ဟဲရစ်တို့ဟာ အမေရိကန်ပြည်တွင်းထွက်ပါ။ ကလေးချင်း ပစ်သတ်ပြီး ကျော်ကြားမှုယူသည့် သူငယ်ကလေးများလည်း ရှိပါသည်။

ယခုခေတ် လုပ်ကြံမှုမှာ 'တတိယလှိုင်း လုပ်ကြံမှု' ဖြစ်ပါသည်။ အဆင့်မြင့်ပါသည်။ ငွေကုန်ပါသည်။ အဆက်အသွယ် ကောင်းရပါသည်။ ဆင်းရဲသည့်တိုင်းပြည်များ မလုပ်နိုင်ပါ။ ချမ်းသာသည့် တိုင်းပြည်များကလူများ၊ အမေရိကန်လူဖြူများ လုပ်နိုင်ကြပါသည်။ ကျော်ကြားမှု ရယူလိုသည့်ရောဂါ၊ သမ္မတများ – သမ္မတလောင်းများတွင်ပင် စွဲကပ်နေသည့်ရောဂါမှာ အမေရိကန်တွင် ချိုးကပ်နေပါသည်။ ' အကြမ်းဖက်သမား ' ကို ရေဆုံးရေဖျားလိုက်ရင်း အမေရိကန်များ ကိုယ့်ရှူးကိုယ်ပတ်ကာ အဓိကပစ်ကွင်းက အမေရိကန်ပြည်ထဲ ရောက်သွားမည်ကို စိုးရိမ်ပါသည်။ (၉ / ၁၁) ကို တုံ့ပြန်သည့် နည်းလမ်းမှာ မှားနေပါသည်။ ဤအမှားအတိုင်းလုပ်နေလျှင် "ကူးတို့ဆိပ် မှို့အိတ်ဖွင့်လိုက်သလို" ဖြစ်ပါလိမ့်မည်။

၉။ 'နည်းလမ်းမှား' ကို အမေရိကန်လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများနှင့် သူ့နိုင်ငံရေးကိုယ်စားလှယ်များ ဘာ့ကြောင့် လိုက်ကြသနည်း။

စီးပွားရေးအရ ကမ္ဘာလွှမ်းခြုံရေး (Economic Globalization) မှာ အခြေခံအားဖြင့် အောင်မြင်နေပါပြီ။ WTO / IMF / WB တို့လို အကောင်အထည်ဖော်ပေးမည့် အဖွဲ့အစည်းများ အစီအရီ ရှိပါသည်။

သို့သော် နိုင်ငံရေးအရ ကမ္ဘာလွှမ်းခြုံရေး (Political Globalization) မရှိပါ။ ကမ္ဘာ့ကုလသမဂ္ဂ (UN) မှာ ကမ္ဘာ့စနစ်ဟောင်းအတွက် ဖွဲ့ထားခြင်း ဖြစ်ပါသည်။ သူတို့အနေဖြင့် ပြုပြင်ဖွဲ့စည်းချင်နေကြပါသည်။

UN ထဲတွင် နိုင်ငံလတ်၊ နိုင်ငံငယ်များက အမေရိကန်ကို အရှက်ရစေခဲ့ကြပါသည်။ မဲခွဲလျှင် အမေရိကန်ရှုံးပါသည်။ တကြိမ်တည်း မဟုတ်။ အကြိမ်ကြိမ်ရှုံးပါသည်။ တောင်အာဖရိက အစည်းအဝေးတွင်ကား ကျွန်ကုန်ကူးခဲ့ခြင်း၊ ကိုလိုနီပြုခဲ့ခြင်း ကိစ္စတို့အထိ စိန်ခေါ်လာပါသည်။ လျော်ကြေးပင် ပေးခိုင်းမလို ဖြစ်ခဲ့ပါသည်။ 'ဇီယွန်ဝါဒ'ကို ဆန့်ကျင်သည့်အပြောအဆိုများကို မကျေနပ်၍ဆိုကာ အမေရိကန်က သပိတ်မှောက် ထွက်ခဲ့ပါသည်။ မထွက်ဘဲနေလျှင် မဲရှုံးပြီး အရှက်ကွဲမည်စိုး၍ ' ဇီယွန်ဝါဒ ' အကြောင်းပြချက်ဖြင့် ထွက်ခဲ့ခြင်း ဖြစ်ပါသည်။ ဦးနင်းပဲ့ထောင် ဖြစ်နေသည်ကို ငြိမ်ဝပ်သွားအောင် လုပ်ရဦးမည်ဟု အမေရိကန် ကောင်းကောင်းသဘောပေါက်ပါသည်။ နိုင်ငံရေးအရ Globalization မလုပ်လျှင် စီးပွားရေးအရ ကမ္ဘာလွှမ်းထားသည်မှာ စိတ်မချရပါ။ ရေပြင်တွင် အရုပ်ရေးသလို ဖြစ်တော့မည်ဟု သဘောပေါက်ပါသည်။ ထို့ကြောင့် ' သံလက်သီး ' ကို ထုတ်သုံးလာရခြင်း ဖြစ်ပါသည်။

၁၀။ ကမ္ဘာစနစ်ဆိုသည်မှာ စစ်နိုင်သူများ ချမှတ်ကြခြင်း ဖြစ်ပါသည်။ ဗီယင်နာကွန်ဂရက် (၁၈၁၄ – ၁၈၁၅) < Congress of Vienna > ကို နပိုလီယံစစ်ပွဲနိုင်သူများ ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဗမာပြည် အင်္ဂလိပ်ကိုလိုနီဖြစ်စေ၊ ဗီယက်နမ် – လော – ကမ္ဘောဒီးယား– ပြင်သစ်ကိုလိုနီဖြစ်စေ၊ ယိုးဒယား ကြားခံဖြစ်စေဟုစီရင်ချက်ချသည့် ကမ္ဘာ့စနစ် ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ (UN) မှာ ဒုတိယကမ္ဘာစစ် စစ်နိုင်သူများ ချမှတ်သည့်စနစ် ဖြစ်ပါသည်။ ကြီး (၅) ကြီးထဲ ပြင်သစ်ပါသည်မှာ နောက်ကျမှ ဖြစ်ပါသည်။ အစပိုင်းက ကြီး (၄) ကြီးသာ ရှိပါသည်။ ပြင်သစ် မပါပါ။ ဒီဂေါသည် ထို့အတွက် အမေရိကန်အပေါ် သေသည်အထိ အခဲကျေမသွားပါ။

အိန္ဒိယသည် ကိုလိုနီဖြစ်နေ၍ တိုင်းပြည်ကြီးထဲ မပါလိုက်ရပါ။ ဂျာမနီ၊ ဂျပန်တို့လို စစ်ရှုံး၍ မဟုတ်ပါ။ ကိုလိုနီ ဖြစ်နေ၍ မပါရပါ။

ဒုတိယကမ္ဘာစစ်တွင် ကုလားစစ်သား သန်းနှင့်ချီ၍ စစ်တိုက်ခဲ့ပါသည်။ ကိုလိုနီတပိုင်းတရုတ်က စစ်နိုင်သူ စာရင်းဝင်ပြီး ကြီးတကြီး ဖြစ်သွားပါသည်။ ယခု (UN) ကို ပြုပြင်ဖွဲ့စည်းမည်ဆိုလျှင် အိန္ဒိယက အသေအလဲပါချင်နေပါသည်။ ထို့ကြောင့် အာဖဂန်စစ်ပွဲနှင့် ပတ်သက်ပြီး အမေရိကန်အကြိုက် လိုက်လုပ်ပါသည်။

သို့သော် အမေရိကန်က ပါကစ္စတန်ကို ပိုလိုချင်ပါသည်။ ဗိုလ်ချုပ်ကြီးမှုရှာရက်ဖ်၏ စစ်အာဏာသိမ်းမှုကို လွှတ်ငြိမ်းခွင့် ပေးပါသည်။

မှုရှာရက်ဖ်၏ နမူနာကို SPDC ထိပ်သီးများ အားကျကြပါသည်။ မှုရှာရက်ဖ်လိုလုပ်လျှင် လွှတ်ငြိမ်းခွင့်ရမည်ထင်ပြီး အမေရိကန်ကို မျက်နှာချို သွေးနေကြပါပြီ။ နယ်ချဲ့အရင်းရှင်များကလည်း SPDC ကို ဒဏ်မပေးချင်ကြတော့ပါ။ ဆုပေးချင်နေကြပြီ။ အစွမ်းလဲ၊ ILO ကိုယ်စားလှယ်အဖွဲ့၊ ပင်ဟဲရိုးတို့က မစစ်ဆေးရသေးဘဲ SPDC ကို အောင်မှတ်ပေးချင် နေကြပြီ။

ကမ္ဘာ့စနစ်သစ် ချမှတ်ရတော့မည်မှာ သေချာပါသည်။ သို့သော် နိုင်သူရှုံးသူ မရှိသည့် စစ်အေးလွန်ခေတ် ဖြစ်နေ၍ မည်သူဦးဆောင် ချမှတ်ရမည် မသေချာပါ။

အမေရိကန်က နိုင်သူ ' ဟန်ဓာတ်ခုတ် ' ပါသည်။ သို့သော် သူအပြတ်မနိုင်ခဲ့မှန်း သိပါသည်။ သူ့အိမ်အနီး ကွန်မြူနစ်ကျူးဘား ရှိနေသည်။ အာရှတွင်လည်း သေနင်္ဂဗျူဟာ မိတ်ဖက်လော၊ ပြိုင်ဖက်လော ဝေခွဲမရသော ကွန်မြူနစ်တရုတ်ပြည် ရှိနေသည်။ နဖူးတွင် သေရာပါမည့် အမာရွတ်ရစေသော ကွန်မြူနစ်ဗီယက်နမ် ရှိသည်။ ' ဆိုးသွမ်းနိုင်ငံ ' ဟု သတ်မှတ်ချင်သော ကွန်မြူနစ်မြောက်ကိုးရီးယား ရှိနေသည်။ မီးမသေသော ကုလသမဂ္ဂလည်း ရှိနေသည်။ ထို့ကြောင့် အပြတ်နိုင်လိုက်ခြင်း မဟုတ်။

ရှုရှုကလည်း ရှုံးသူဟု လက်မခံ။ အနာရှိန်တက်နေချိန်က သမ္မတလုပ်သည့် ယဲ့လ်စင်လို လူကပင် လက်မခံ။ ယခု အနာကျက်နေပြီ ဖြစ်သည့် ပူတင်ခေတ်တွင် ပို၍ပင် လက်မခံပါ။

ရှုံးသူနိုင်သူ မရှိသည့်ပွဲတွင် ကမ္ဘာ့စနစ်သစ်ကို အမေရိကန်က ဦးဆောင်ပြီး ချမှတ်ချင်၍ မဖြစ်ပါ။

ထို့ကြောင့် အပြတ်နိုင်သည့် စစ်ပွဲတပွဲကို ဖန်တီးချင်ကြသူ ' ခေါင်းမာဂိုဏ်း ' က အာဖဂန်မှ အိုစမာကိုဖမ်းရန် ခါးတောင်းကျိုက်ပြသည်။ ပြီးတော့ ' တတိယကမ္ဘာစစ် ' ဟု ရေးကြသည်။ သမ္မတကိုယ်တိုင်က မနှိုင်းကောင်း မနှိုင်းရာ ပုလဲဆိပ်ကမ်းတိုက်ပွဲဖြင့် နှိုင်းသည်။ ကရူးဆိတ် စစ်ပွဲဖြင့် နှိုင်းသည်။

' ပုလဲဆိပ်ကမ်းတိုက်ပွဲ ' မှာ ရောမ၊ ဘာလင်၊ တိုကျို ဝင်ရိုးတန်းနိုင်ငံများက တိုက်သည့်တိုက်ပွဲ ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ဖြစ်နေသည်မှာ ၁၉၃၉ စက်တင်ဘာကတည်းက ဖြစ်နေပြီ။ ပုလဲဆိပ်ကမ်းတိုက်ပွဲက ၁၉၄၁ ဒီဇင်ဘာ ဖြစ်သည်။ ပုလဲဆိပ်ကမ်းတိုက်ပွဲမှာ ကမ္ဘာစစ်အတွင်းက တိုက်ပွဲတပွဲသာ ဖြစ်သည်။

အိုစမာဘင်လာဒင်နှင့် အယ်လ်ကေဒါအဖွဲ့တို့မှာ လုပ်ကြံရေးဂိုဏ်းသာ ဖြစ်သည်။ ရောမ၊ ဘာလင်၊ တိုကျို ဝင်ရိုးတန်းနှင့် နှိုင်း၍ မရပါ။

အမေရိကန်တွင် နေတိုး (Nato) စစ်အုပ်စု ရှိသည်။ ပြိုင်ဘက်စစ်အုပ်စု မရှိပါ။ လေထဲလက်ဝှေ့ထိုးသလိုသာ ဖြစ်မည်။ တတိယ ကမ္ဘာစစ်ကား ယခုအခြေအနေအရ မဖြစ်နိုင်ပါ။ အမေရိကန်က အလွန့်အလွန် ဖြစ်ချင်လျှင်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုက တားဆီးကြမည် ဖြစ်သည်။

အမေရိကန်အုပ်စိုးသူများ စစ်သံပေးနေသည်မှာ အဓိကအားဖြင့် အောက်ပါအချက်များကြောင့် ဖြစ်ပါသည်။

(က) အမေရိကန်နိုင်ငံရေးသမားတိုင်း၏ လှုပ်ရှားမှုတိုင်းသည် ' ရွေးကောက်ပွဲ ' ကို မျက်စောင်းထိုးပြီး လှုပ်ရှားကြခြင်း ဖြစ်သည်။ ၂၀၀၂ – ၂၀၀၄ ရွေးကောက်ပွဲများက မဝေးတော့ပါ။ ရေရှည်တိုက်ရမည့်စစ်ပွဲဟု ဘုရှ်အငယ် ပြောထားသည်မှာ သူ့အဖေဂျော့ခ်ျဘုရှ်၏ ရေပွက်ပမာ သင်ခန်းစာကို ယူထား၍ ဖြစ်မည်။

သူ့အဖေသည် ပင်လယ်ကွေ့စစ်ပွဲတွင် တရှိန်ထိုးတက်ခဲ့ပြီးမှ ကျမယ့်ကျတော့ ဗီယက်နမ်စစ်ပွဲကို ကြောက်၍ရှောင်သူ ကလင်တန်ကို ရှုံးခဲ့ပါသည်။ (ကလင်တန်သည် မိုဟာမက်အလီလို ဗီယက်နမ်ကျူးကျော်စစ် ဆန့်ကျင်ပြီး အနစ်နာခံခဲ့သူမျိုး မဟုတ်။)

ဘုရှ်အငယ်၏ အားတင်းသံများကို ကြည့်ပါ။ ' တို့မောပန်းသွားမှာ မဟုတ်၊ မပြတ်မသား ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေမှာ မဟုတ်၊ ရှုံးမှာမဟုတ် '၊ သူ့အဖေကို ဝေဖန်နေသလားဟု ထင်ရပါသည်။

(ခ) အမေရိကန်လက်ဝါးကြီးအုပ် အရင်းရှင်ကော်ပိုရေးရှင်းများက စီးပွားရေးကို နိုင်ငံရေးက ကျားကန်ပေးစေချင်ကြသည်။ ကျားမကန်လျှင် ယိုင်သွားနိုင်သည်။ ပြို့ချပင် ကျသွားနိုင်သည်။ ထို့ကြောင့် ကျားကန်ပေးမည့် မိုက်မိုက်ကန်းကန်း လုပ်မည့်သူ လိုသည်။

(ဂ) ကမ္ဘာ့စနစ်သစ်တွင် နေရာဦးလိုသူများ ရှိသည်။ ကုလသမဂ္ဂကို ပြုပြင်လျှင် ကြီး (၅) ကြီးဖြင့် မလုံလောက်၊ ကြီးတွေ များရမည်။ စစ်ရှုံးဂျာမနီနှင့် ဂျပန်က စီးပွားရေး အင်အားကြီးတွေ ဖြစ်နေပြီ။ သူတို့ ပါလာရမည်။

အိန္ဒိယက ကြီးတကြီး ဖြစ်ချင်သည်။ သူပါလျှင် ငါပါရမည်ဟု ခွတိုက်နေသည့်ပါကစ္စတန် ရှိသည်။

တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့ကလည်း မှန်းသူ မနည်းပါ။

မှန်းသူတွေကို မက်လုံးပေးပြီး တပည့်မွေးရန် အကောင်းဆုံးအချိန်ဟု အမေရိကန်နိုင်ငံရေးသမားများက တွက်ကြသည်။

(ဃ) ကော်ပေါက်တိုးမိလျှင် အမေရိကန်ကို ဝင်ရိုးပြုပြီးထားသည့်ကမ္ဘာ့စနစ် ပေါ်ကောင်းပေါ်လာမည်ဟု စိတ်ကူးယဉ်ကြသည်။

(င) အင်္ဂလိပ်စကားပြော လူဖြူနိုင်ငံများက တို့ခေတ်ရောက်ပြီဟု ထင်ကြသည်။ အင်္ဂလိပ်၊ ကနေဒါနှင့် ဩစတြေးလျ ချိုကြွကြသည်။ အမေရိကန်ကို ထိပ်တင်၍ အာရှသို့ တိုးဝင်ချင်ကြသည်။

၁၁။ ဗမာပြည်၏ အတွေ့အကြုံအရ ဝင်ရိုးတခုတည်းရှိသော ကမ္ဘာ့စနစ်သည် မည်သည့်အခါကမှ ကောင်းကျိုးမပေးပါ။ ထို့ကြောင့် ဝင်ရိုးအများရှိသည့် ကမ္ဘာ့စနစ်ကိုသာ လိုလားပါသည်။ ကမ္ဘာ့သမိုင်းတွင် ကာလကြာရှည်တည်တံ့သော ဝင်ရိုးတခုတည်းရှိသည့် ကမ္ဘာ့စနစ်ဟူ၍ များများစားစားမရှိခဲ့ပါ။

NLD - SPDC နှစ်ဘက်ရင်ကြားစေ့ရုံဖြင့်မပြီး တမျိုးသားလုံး သွေးစည်းညီညွတ်ရေးအတွက်ပါ လုပ်ရဦးမည့် အခြေအနေဖြစ်၍ ပိုစိုးရိမ်ပါသည်။

၁၉ ရာစုက အဖြစ်မျိုး ၂၁ ရာစုတွင် မကြုံချင်တော့ပါ။

“NLD-SPDC စကားပြောပွဲမှ နိုင်ငံရေး ဆွေးနွေးပွဲသို့”

ထုတ်ပြန်ကြေညာချက်

NLD ဆုံးဖြတ်ချက် (၇) ရပ်နှင့်ပတ်သက်၍
ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်
အမှတ် ၁/၂၀၀၂
၇၊ ၁၊ ၂၀၀၂။

၁။ ဆုံးဖြတ်ချက် (၇) ရပ်ကို အခြေခံအားဖြင့် ထောက်ခံပါသည်။ ဆုံးဖြတ်ချက်များအရာထင်ရေးအတွက် အလျင်အမြန်လှုပ်ရှားဖို့ လိုပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီက စွမ်းအားပြည့် ပါဝင်လှုပ်ရှားပါမည်။ အချိန်ဆိုင်း၍ မဖြစ်ပါ။

၂။ ဗိုလ်နေဝင်းက ၁၉၅၀ ပြည့်နှစ်များတွင် နိုင်ငံတော်၏ စစ်တပ်ကို နိုင်ငံရေးအာဏာရရေးအတွက် အသုံးချခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်များတွင် အာဏာသိမ်းခဲ့ပါသည်။ သူဩဇာအာဏာရှိစဉ်က သူ့ကိုကွန်တော်တို့ အကြိမ်ကြိမ် ချဉ်းကပ်ခဲ့ပါသည်။ စစ်တပ်ကို စစ်တန်းလျားသို့ ပြန်ပို့ပေးခဲ့ရန်၊ စစ်ခေါင်းဆောင်များ နိုင်ငံရေးလောကတွင် ဝင်မရှုပ်ကြရန်၊ နိုင်ငံရေးအာဏာကို ပြည်သူသို့ပြန်အပ်ရန် နည်းမျိုးစုံတိုက်တွန်းခဲ့ပါသည်။ မအောင်မြင်ခဲ့ပါ။ တတိယ စစ်အုပ်စု (နဝတ) သို့သာ အာဏာထိန်းရန်လွှဲပြီး "အနားယူသွား" ပါသည်။ ယခုလူ့ဘဝမှ လုံးဝအနားယူပါတော့မည်။

၃။ ဗိုလ်နေဝင်း အာဏာလွှဲခဲ့သော တတိယစစ်အုပ်စုသည် ကတိမတည်ပါ။ သစ္စာအကြိမ်ကြိမ်ဖောက်ပါသည်။ NLD နှင့် စကားပြောနေသည်ဟု ယခုလိမ်ညာနေပါသည်။ ပြည်တွင်းလိမ်တာအားမရ၍ ပြည်ပကိုလိမ်ပါသည်။ ရာဇာလီအစ္စမေးလ်ကိုပါ လိမ်ပါသည်။ သူတို့စစ်အုပ်စု၏ကတိကို ယုံကြည်၍မရပါ။ နိုင်ငံရေးကို စစ်ရေးပရိယာယ်ကစားသလို လုပ်နေကြသူများ ဖြစ်ပါသည်။

၄။ ဗိုလ်နေဝင်းသိမ်းပေးခဲ့သော "နိုင်ငံရေးအာဏာ" ကို သူတို့အစွမ်းကုန် ထိန်းကြပါလိမ့်မည်။ သူတို့၏ မျိုးဆက်သစ်သို့သာ အာဏာ လွှဲပါလိမ့်မည်။ ပညာရေးတွင် စနစ်နှစ်မျိုးကျင့်သုံးခြင်းသည် စစ်အုပ်စု မျိုးဆက်သစ်များ မွေးမြူရေးစီမံကိန်းဖြစ်ပါသည်။ 'တတိယလှိုင်း' ဆိုသော ပညာများကို ဗိုလ်လောင်းများသာ ရပါလိမ့်မည်။ ကွန်ပျူတာ၊ အဏုမြူဓာတ်ပေါင်းဖို စသည်များအနားသို့ သူတို့၏ မျိုးဆက်သစ် ကျောင်းသားများသာ ကပ်နိုင်ပါလိမ့်မည်။ သာမန်ပြည်သူ့သားသမီးများ ကပ်နိုင်မည်မဟုတ်ပါ။

အဖိုးစစ်ဗိုလ်၊ သား – သမက်စစ်ဗိုလ်၊ မြေးစစ်ဗိုလ်၊ စစ်ဗိုလ်မျိုးဆက် ပေါ်နေပြီဖြစ်ပါသည်။ ယခုအတိုင်းသွားလျှင် စစ်ဗိုလ်မင်းဆက် ပြတ်တော့မည်မဟုတ်ပါ။

၅။ NLD - SPDC ကျိတ်ဝိုင်းစကားပြောပွဲကို ကျွန်တော်တို့ အချိန်လုံလောက်စွာ ပေးခဲ့ပြီးပါပြီ။ NLD ၏ ဆုံးဖြတ်ချက် (၇) ရပ်ကို ကြည့်ခြင်းအားဖြင့် ဘာမှခရီးမပေါက်ကြောင်း တွေ့ရပါသည်။ ဤဆုံးဖြတ်ချက် (၇) ရပ်သည် စကားပြောပွဲ၏ အခြေအနေကို လူထုသို့ အစီရင်ခံခြင်းဟု ကျွန်တော်တို့ သဘောပေါက်ပါသည်။

၆။ NLD နှင့် SPDC အကြားတွင်ရှိသည့် ပြဿနာသည် အနှစ်သာရအားဖြင့် "နိုင်ငံရေးအာဏာ" ပြဿနာဖြစ်ပါသည်။ နိုင်ငံရေးအာဏာကို ပြည်သူ့မဲရသူ ယူမည်လော – သေနတ်ကိုင်ထားသူ ယူမည်လောဟူသည့်ပြဿနာဖြစ်ပါသည်။ "ရင်ကြားစေ့ရေး" "စေ့စပ်ဆွေးနွေးရေး" မည်သို့ပင် နာမည်တပ်တပ် "နိုင်ငံရေးအာဏာ" ကို မည်သူကိုင်မလဲဆိုသော ပြဿနာကို ဖြေရှင်းခြင်း ဖြစ်ပါသည်။

၇။ ပြည်သူ့မဲ ရသူသာ "နိုင်ငံရေးအာဏာ" ရှိစေရပါမည်။ လက်တွေ့ "နိုင်ငံရေးအာဏာ" ကိုင်ထားသူက နေ့ရွှေ့ရက်ရွှေ့မဟုတ်ဘဲ၊ နှစ်နဲ့ချီ အချိန်ရွှေ့နေခြင်းကို လက်ပိုက်ပြီး ကြည့်နေတော့မည် မဟုတ်ကြောင်း တိုင်းပြည်သို့ အသိပေးအပ်ပါသည်။

ထုတ်ပြန်ကြေညာချက်

"၈၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့" အထိမ်းအမှတ်အဖြစ် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက ထုတ်ပြန်သည့် ပန်ကြားလွှာအား ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြန်ကြားစာ

၁၀၊ ၁၊ ၂၀၀၂။

၁။ ပန်ကြားလွှာပါ စိတ်ဓာတ်နှင့်အခြေခံကို လှိုက်လှဲစွာ ထောက်ခံကြိုဆိုပါသည်။

၂။ ၂၁ ရာစု စိန်ခေါ်ချက်များကိုရင်ဆိုင်ရန်နှင့် အခွင့်အလမ်းများကို အသုံးချရန် "အမျိုးသားညီညွတ်ရေး" လိုအပ်ကြောင်းကို သဘောပေါက်ပါသည်။

၃။ **"NLD - SPDC စကားပြောပွဲမှ နိုင်ငံရေးဆွေးနွေးပွဲသို့"။ "ရင်ကြားစေ့ရေးမှ အမျိုးသားညီညွတ်ရေးသို့"** တက်လှမ်းရပါမည်။ ချီတက်ရမည့်ခရီး ဝေးပါသည်။ အတားအဆီး အဟန့်အတား များပါသည်။

လက်မှတ်ထိုးထားသော ပုဂ္ဂိုလ်များ များပြားစွာတွေ့ရ၍ အားတက်ပါသည်။ သို့သော် စစ်အစိုးရနှင့် ပတ်သက်သူများ ပါဝင်ခြင်း မရှိသည့်အတွက် စိတ်ပျက်ပါသည်။ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးဟု တဖွဖွပြောနေသူများက မည်သည့်အတွက် အမျိုးသားညီညွတ်ရေး တည်ဆောက်ရာတွင် မပါကြသနည်း။ သူတို့တွင် သီးခြားရည်ရွယ်ချက် ရှိ၍သာ ဖြစ်ပါလိမ့်မည်။ "၁၉၄၅ အမျိုးသားသွေးစည်း ညီညွတ်ရေး" တွင် "စော စိန် မော်" တို့ မပါသလို ယခုလည်း ၎င်းအင်အားစုများ မပါကြခြင်းဖြစ်မည်ဟု ယူဆပါသည်။

၄။ "အမျိုးသားညီညွတ်ရေး" ကို မလိုလားသူများသည် ဗိုလ်နေဝင်းမရှိတော့သည့် "နေဝင်းလွန်ခေတ်" အတွက်သာ အရေးတကြီး ပြင်ဆင်နေတာ တွေ့ရပါသည်။ NLD နှင့် ရင်ကြားစေ့ရေးထက် သူတို့ထိပ်သီးချင်း ရင်ကြားစေ့ရေး ကိုသာ ဇောက်ချလုပ်နေတာ တွေ့ရပါသည်။ (နအဖ) နာမည်ဖြင့် "ပြန်တမ်းများ" တခုပြီးတခုထုတ်နေပါသည်။ ဗိုလ်နေဝင်း **"သိမ်း"** ပေးခဲ့သော နိုင်ငံရေးအာဏာကို နေဝင်းလွန်ခေတ် စစ်အုပ်စုဝင်များ ဆက်လက် **"ထိန်း"** ထားရန်သာ လုပ်နေကြောင်း ထင်ရှားနေပါသည်။

၅။ ဗမာပြည်ကွန်မြူနစ်ပါတီသည် **အမျိုးသားညီညွတ်ရေးရှိမှ ပြည်တွင်းငြိမ်းချမ်းရေးရှိ၍ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မည်** ဟု မမှိတ်မသုန် ယုံကြည်ပါသည်။ **"အမျိုးသားညီညွတ်ရေး"တည်ဆောက်ခြင်းကို အဟန့်အတား ပြုနေသော အင်အားစုမှန်သမျှကို ဖယ်ရှားရန်** သန္နိဋ္ဌာန်ချထားပါသည်။

၆။ NLD ၏လွတ်လပ်ရေးနေ့ ဆုံးဖြတ်ချက် (၇) ရပ်နှင့်ပတ်သက်သည့် CPB ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်ကို သိရှိပါရန် ဤစာနှင့်အတူ ပူးတွဲပေးပို့ပါသည်။

၇။ *တိုင်းကျိုးပြည်ကျိုးကို စွမ်းအားရှိသမျှ လုပ်ဆောင်နေကြသော တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်ကြီးများ အသက်ရာကျော်ရှည်ပါစေ။

*မျိုးချစ်ပြည်ချစ် တပ်မှူးတပ်သားများ "နေဝင်းလွန်ခေတ် စစ်အုပ်စု" ၏ ဩဇာအောက်မှ ရုန်းထွက်နိုင်ကြပါစေ။

*တန်းတူသော၊ သွေးစည်းညီညွတ်သော၊ ငြိမ်းချမ်းတည်ငြိမ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေး အောင်မြင်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

ထုတ်ပြန်ကြေညာချက်

<u>လက်ရှိအခြေအနေအပေါ် အကဲဖြတ်ချက်နှင့် ကွန်မြူနစ်တို့၏ ဆော်ဩချက်။</u>

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏
ထုတ်ပြန်ကြေညာချက် အမှတ် ၂/၂၀၀၂
(၁၀၊ ၃၊ ၂၀၀၂)

၁။ ဗိုလ်ကျော်ဝင်း၏ ဖုံးတဝက်ဖော်တဝက် ပြောပြချက်အရပင် ပြဿနာအလွန်ကြီးမားကြောင်း တွေ့နိုင်ပါသည်။ ဗိုလ်နေဝင်းသည် သူမသေမီ 'နေဝင်းမင်းဆက်' ကို အသက်ဆက်ပေးခဲ့ချင်ပါသည်။ 'နန်းညွန့်နန်းလျာ' တဦး ထားခဲ့ချင်ပါသည်။

၁၉၈၈ ကလည်း 'အနား'မယူမီ နန်းညွန့်နန်းလျာတဦး (စိန်လွင်ကို) ခန့်ခဲ့ဖူးပါသည်။ စိန်လွင်မှာ ရက်ပိုင်းသာ ခံပါသည်။ လူထုအင်အားကြောင့်တကြောင်း၊ သူတို့၏အုပ်စုတွင်းမှ ဆန့်ကျင်သူများနေ၍တကြောင်း နုတ်ထွက်ခဲ့ရခြင်း ဖြစ်ပါသည်။

နေဝင်းတယောက်ဘုန်းမီးနေလ တောက်ပစဉ်ပင် 'နန်းညွန့်နန်းလျာ' တယောက် ဖြစ်ဖြစ်မြောက်မြောက် မမွေးမြူနိုင်ခဲ့ပါဘဲလျက် ယခုသေခါနီးမှ မွေးမြူချင်၍ မရနိုင်တော့ပါ။ လူထုက လက်မခံရုံသာမက သူတို့အတွင်းနှင့် နိုင်ငံတကာအသိုင်းအဝန်းကပါ လက်မခံနိုင်သော အခြေအနေ ဖြစ်ပါသည်။

သို့သော် နေဝင်းနှင့် နေဝင်းသစ္စာတော်ခံများသည် ဒီအတိုင်းငြိမ်နေကြမည် မဟုတ်ပါ။ ဆက်လက်ရုန်းကန်ကြပါလိမ့်ဦးမည်။ သူတို့ကို ပေါ့ပေါ့တွက်၍ မရပါ။ အနှစ် '၄၀' စုထားသောအင်အားများ သူတို့တွင် ရှိပါသည်။ သတိပေါ့ကြလျှင် တတိုင်းပြည်လုံး ဒုက္ခရောက် သွားနိုင်ပါသည်။ ၁၉၆၂ ခုနှစ်က 'တိုင်းပြည်ပြိုကွဲမည်စိုး' ၍ အာဏာသိမ်းခဲ့သည်ဆိုသော နေဝင်း၊ သူသေခါမှ တိုင်းပြည် တကယ်ပြိုကွဲမည့် အဖြစ်မျိုး ကျရောက်ရမလို ဖြစ်နေပါသည်။

၂။ အာဏာသိမ်းစစ်အုပ်စုတွင် 'နံပါတ်တစ်' တယောက် ရှိရပါသည်။ ထို 'နံပါတ်တစ်' သည် တန်ခိုးအာဏာ ကြီးမားပြီး ဩဇာကြီးမီးသေသူ ဖြစ်ရပါသည်။ သူကသေဆိုသေ ရှင်ဆိုရှင် ကျိုးနွံနေသူများဖြင့် မိမိကိုယ်ကို ဝန်းရံထားရပါသည်။ ဝန်းရံနေသူများအပေါ် နည်းနည်းမယုံမကြည် ဖြစ်လာလျှင် မြန်မြန်ဖြုတ်ပစ်ရပါသည်။ 'နံပါတ်နှစ်၊ သုံး၊ လေးများ' နေဝင်းနောက်ပါးတွင် ကြာကြာ မခံကြသည်ကို ကြည့်ပါ။

ယခုအာဏာရယူထားသော SPDC တွင် နေဝင်းလို မီးသေသူ တယောက်မှ မရှိပါ။ အာဏာသိမ်း စစ်အုပ်စုတွင် 'စုပေါင်းခေါင်းဆောင်မှု စနစ်လည်း' မရှိနိုင်ပါ။ SPDC မှ 'တစ်၊ နှစ်၊ သုံး' များ ညီညွတ်နေ ကြသည်ဟု ဗိုလ်ကျော်ဝင်းပြောခြင်းမှာ ဗြောင်လိမ်ခြင်း ဖြစ်ပါသည်။ စစ်အုပ်စုသည် နိုင်ငံရေးပါတီ မဟုတ်ပါ။ စစ်တပ်သည်လည်း ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် ဖွဲ့စည်းထားခြင်း မဟုတ်ပါ။ အမိန့်အာဏာဖြင့် အဆင့်အဆင့်ကွပ်ကဲသောစနစ်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ နံပါတ်တစ်မရှိ မီးမသေလျှင် 'တတော တကြက်ဖ' ဖြစ်နေကြပါလိမ့်မည်။

ကွန်မြူနစ်များ အမြဲတစေစိုးရိမ်ခဲ့သည့် အဖြစ်မျိုးဆီသို့ ယခုတာစူနေပြီဟု မြင်ပါသည်။ ထစ်ခနဲရှိ အာဏာသိမ်းကြ၊ နောက်တစုက တန်ပြန်အာဏာသိမ်းကြဖြင့် အာဏာသိမ်းပွဲ တခြိမ်းခြိမ်းဖြစ်နေမှာကို စိုးရိမ်ခြင်း ဖြစ်ပါသည်။ နေဝင်းစစ်အုပ်စုကို အမြစ်မဖြတ်လျှင် အာဏာသိမ်းဝဲသြဃထဲ တိုင်းပြည်စုံးစုံးမြုပ်သွားနိုင်ပါသည်။

၃။ ဗမာပြည်ကွန်မြူနစ်ပါတီက အောက်ပါအတိုင်း တင်ပြဆော်ဩပါသည်။

(က) NLD နှင့် စေ့စပ်ဆွေးနွေးပွဲကို တဆင့်မြှင့်ပါ။ ဆွေးနွေးပွဲအဝန်းအဝိုင်းကို တိုးချဲ့ပါ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရကြသော ပါတီများအားလုံးနှင့်လည်း ဆွေးနွေးပါ။ SNLD၊ တစညပါတီ စသည်များနှင့်ပါ အမြန်ဆွေးနွေးစေလိုပါသည်။

ဆွေးနွေးပွဲများကို အချိန်မဆွဲစေလိုပါ။ အချိန်ဆွဲနေလျှင် အာဏာသိမ်းပွဲ တခြိမ်းခြိမ်းဖြစ်ရေးဆီသို့သာ တွန်းဆော်ပါလိမ့်မည်။

(ခ) နေဝင်းစစ်အုပ်စုမင်းဆက်ကို အမြစ်ပြတ်ရေး၊ ဒီမိုကရေစီစနစ်ထူထောင်ရေး၊ နိုင်ငံတော်ကာကွယ်ရေးတပ်မတော်ကို ပြုပြင်ရေးစသော ကိစ္စများသည် တဦးကောင်းတဖွဲ့ကောင်း လုပ်နိုင်သည့်အရာများ မဟုတ်ပါ။ မျိုးချစ်ပြည်ချစ်များအားလုံး ဝိုင်းကြဝန်းကြရမည့်အရေး ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းပြည်ကယ်တင်ရေး နေဝင်းစစ်အုပ်စုမင်းဆက် အမြစ်ပြတ်ရေးအတွက် ဒီမိုကရေစီညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းသင့်ပါသည်။

တာဝန်ထမ်းဆောင်ဆဲ ပြည်ချစ်စစ်သည်များ အငြိမ်းစားပြည်ချစ်စစ်သည်များ၏ ပူးပေါင်းဆောင်ရွက်မှုကို ထိုအစိုးရက မှီခိုရပါမည်။ သူတို့ကို မမှီခိုလျှင် ဘာမှဖြစ်မြောက်အောင်မြင်မည် မဟုတ်ပါ။

ကွန်မြူနစ်ပါတီသည် မည်သူ့အပေါ်မဆို တိုင်းပြည်ချစ်မချစ်ဖြင့်သာ အကဲဖြတ်ပါသည်။ ဒီမိုကရေစီညွှန့်ပေါင်းအစိုးရသည် တိုင်းချစ်ပြည်ချစ်အားလုံး၏ ထောက်ခံကူညီမှုကို ရယူနိုင်မှသာ အရာရာအောင်မြင်ပါလိမ့်မည်။

နေဝင်း နှစ် ၄၀ ဖျက်ခဲ့သည့်အလုပ်ကို တနေ့တရက်တည်းနှင့် ပြုပြင်၍ မရပါ။ နှစ် ၅၀ မငြိမ်းမချမ်းခဲ့သည်ကိုလည်း တခဏဖြင့် ငြိမ်းချမ်းအောင် မလုပ်နိုင်ပါ။ ဒီမိုကရေစီညွှန့်ပေါင်းအစိုးရ၏ တာဝန်ကြီးပါသည်။ ကျွန်တော်တို့ တတ်အားသမျှ ဝိုင်းဝန်းကူညီပါမည်။

“ ရင်ဘတ်ကားခေါင်ရေးဖျ အာဖျိုးသားညီညွတ်ရေးဆို ”

ဗိုလ်ကျော်ဝင်းရဲ့ ဒုအကြိမ်ရှင်းလင်းပွဲနဲ့ ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်
အမှတ် ၃/၂၀၀၂
(၁၃ - ၃ - ၂၀၀၂)

၁။ ဗိုလ်ကျော်ဝင်း၏ ဖွင့်ဟပြောဆိုချက်တွင် နေဝင်းလုပ်နေကျလှည့်ကွက် (၂) ခု တွေ့လိုက်ရသည်။
၂။ ပထမလှည့်ကွက်မှာ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့် - ဤဖဲသုံးချပ်ကို ကစားပြပြီး နေဝင်းက သူ့ 'ထီးမွေနန်းမွေ' ကို လွှဲခဲ့ဖို့ ဖြစ်သည်။ ဖမ်းခေါ်လာပြီး သစ္စာခံခိုင်းလျှင် မည်သူထိပ်ကထွက်ပြီး သစ္စာခံမလဲဆိုတာ ဗေဒင်မေးစရာ မလိုပါ။ တတိုင်းပြည်လုံးသိပြီး ဖြစ်ပါသည်။

နေဝင်းက သူ့သြဇာသုံးပြီး 'စစ်အုပ်စုသစ်' ကို စုစည်းပေးကာ 'နံပါတ်တစ်' တင်ပေးခဲ့ရန်လှည့်ကွက် ဖြစ်သည်။ သူ့အနေနှင့် ထီးမွေနန်းမွေ ပေးခဲ့ချင်သူမှာ ကိုယ့်အစွမ်းအစဖြင့် 'စစ်အုပ်စုသစ်' စုစည်းနိုင်မည့်သူ မဟုတ်မှန်း သိပါသည်။ ထို့ကြောင့် စိန်လွှင်ကို လွှဲပေးခဲ့သလို လွှဲပေးရန် ဗိုလ်နေဝင်းက စီစဉ်ခြင်း ဖြစ်ပါသည်။

'မြင်းသမား' စိတ်ဓာတ်ဖြင့် နိုင်ငံရေးလောင်းကစားကာ အာဏာကို အပိုင်အနိုင် သိမ်းယူနိုင်ခဲ့သူ ဗိုလ်နေဝင်းသည် သူမသေမီ ဖဲ (၃) ချပ် ကစားပြီး ထီးမွေနန်းမွေ လွှဲပေးခဲ့ချင်ပါသည်။
၃။ ဒုတိယလှည့်ကွက်မှာ NLD နှင့် စကားပြောပွဲ ဖြစ်သည်။ "အမျိုးသားညီလာခံ" ဆိုတာက ချမှတ်ထားသော "မူ" များ သူတို့တွင်ရှိပြီး ဖြစ်သည်။ ဤမူများကို ဗိုလ်နေဝင်းကြိုက်ပါသည်။ ပထမအသုတ်အဖြတ်ခံရသော ဗိုလ်မျိုးညွန့်၊ ဗိုလ်ထွန်းကြည်တို့လည်း ကြိုက်ပါသည်။ နောက်အသုတ် ဗိုလ်ဝင်းမြင့်၊ ဗိုလ်တင်လှတို့လည်း ကြိုက်ပါသည်။ (တစည) လည်း ကြိုက်ပါသည်။ 'ကြံ့ခိုင်ရေး' လည်း ကြိုက်ပါသည်။ ဗိုလ်နေဝင်း လောလော လတ်လတ် စုစည်းနေသည့် 'စစ်အုပ်စုသစ်' လည်း ကြိုက်ပါသည်။ 'အခြေခံဥပဒေ' ဖြင့် အပိုင်ချည်ထားပြီး စစ်တပ်အာဏာပိုင်များက နိုင်ငံရေးအာဏာ ထာဝစဉ်ကိုင်ထားနိုင်သည်ပဲ၊ မည်သူမကြိုက်ဘဲ နေမည်လဲ။ ဤပြဿနာကြောင့် သူတို့တွင်း သွေးမကွဲပါ။ သွေးကွဲသည်မှာ ဘယ်သူနံပါတ်တစ် လုပ်မလဲဆိုသောကိစ္စ ဖြစ်ပါသည်။ ဤကိစ္စမှာ သူတို့တွင်း မည်သို့မျှ မညီညွတ်နိုင်သောကိစ္စဖြစ်၍ နေဝင်းထွက်လာရခြင်း ဖြစ်ပါသည်။ မသေမီ ဖဲ (၃) ချပ်နည်းဖြင့် နံပါတ်တစ် တင်ပေးခဲ့ရန် အကွက်ဆင်ခြင်း ဖြစ်သည်။

ဤအကွက်ကို မြွေမြွေချင်း ခြေမြင်ပြီး ဗိုလ်နေဝင်းနှင့်တပည့်များကို ဒေါက်ဖြုတ်နေကြခြင်း ဖြစ်ပါသည်။ နေဝင်းသမက်နှင့် မြေးများမှာ ဘာကောင်များမှ မဟုတ်ပါ။ ဓားစာခံများ၊ ဆက်သားများသာ ဖြစ်ပါသည်။ ဖမ်းမိသော ပစ္စည်းများဆိုသည်မှာလည်း ရယ်စရာမျှသာ ဖြစ်ပါသည်။ ခါတိုင်းလို နေဝင်းက "လာကြဟေ့" ဟု မပြောနိုင်တော့သောကြောင့် ဤနည်းဖြင့် ဗိုလ် (၃) ယောက်ကို လူစုခြင်း ဖြစ်ပါသည်။ ဗမာပြည်မှာပါမက ကမ္ဘာမှာပါ ထင်ပေါ်မည့် 'ဦးထင်ပေါ်' အလုပ် ရှင်းလင်းပွဲများကို ဗိုလ်ကျော်ဝင်းကပဲ ဒိုင်ခံလုပ်နေသည်ကိုလည်း ကြည့်ကြစေလိုပါသည်။
၄။ NLD နှင့် SPDC ဆွေးနွေးပွဲကို အရှိန်မြှင့်ရမည့်အချိန် ဖြစ်ပါသည်။ မည်သည့်စိတ်ကူးယဉ်မှုမျှ မရှိဘဲ "အာဏာအားလုံး ပြည်သူသို့အပ်" "ပြည်သူက NLD ကို ၁၉၉၀ ကတည်းက အာဏာအပ်ပြီး ဖြစ်သည်။" ဟူသော မူအပေါ်တွင် ကြံ့ကြံ့ခိုင်ခိုင် ရှိရပါမည်။ စစ်အုပ်စုက အမျိုးမျိုးဆင်ခြေပေးပြီး အချိန်ဆွဲနေခြင်းကို ခွင့်မပြုသင့်ပါ။
၅။ ဗိုလ်နေဝင်းသည် နိုင်ငံရေးဇာတ်ခုံပေါ် ရောက်ကတည်းက မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်အပေါ်မျှ သစ္စာမရှိခဲ့။ ယခုလည်း သူ့အခြေခံဖြစ်သည့် 'တပ်မတော်' အပေါ် သစ္စာဖောက်နေပေပြီ။ တပ်ကို ဖြိုခွဲနေပေပြီ။ တိုင်းချစ်ပြည်ချစ် တပ်မတော်သားများ သတိရှိကြလော့။

ထုတ်ပြန်ကြေညာချက်

“(၅၇) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့” ကို ဝဏ်ပြုပါ၏

ဤနေ့ထူးနေ့မြတ်ကို အထိမ်းအမှတ်မပြုခဲ့သည်မှာ ကြာခဲ့ပြီ။ ယခုမှပြန်၍အထိမ်းအမှတ်ပြုခြင်းမှာ ကမ္ဘာမှာရော ဗမာပြည်မှာပါ ဖက်ဆစ်ဝါဒ ခေါင်းပြန်ထောင်လာ၍ဖြစ်သည်။

ဘုရှိ (အငယ်) သည် ရုစဗဲလ်တို့ ချာချီတို့ကိုအားကျသည်။ သူတို့လိုနာမည်ကျော် စစ်ခေါင်းဆောင်ဖြစ်လိုလှသည်။ သို့သော် သူတိုက်ရသည့်စစ်ပွဲက ကလေးကစားသလို တိုက်ရသည့်စစ်ပွဲ၊ မည်သူခေါင်းဆောင်ပြီးတိုက်တိုက် နိုင်မှာသေချာသည်။

ဘုရှိသည်ကြာလေ ဟစ်တလာ၊ မူဆိုလိုနီတို့နှင့်တူလာသည်။ ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ကင်းကွာလာတာ၊ ငါတကောကောတာ၊ ငါ့တိုင်းပြည်သာအကြီးမြတ်ဆုံး – ငါ့လူမျိုးသာအမြတ်ဆုံးဟုပြောတာ၊ စစ်ပြင်ဆင်မှုဖြင့် စီးပွားရေးကျဆင်းမှုကို ကယ်မတာ၊ အများတကာနှင့်မတူအောင် တမင်တမူထူးခြားပြတာ တော်တော်တူနေပါသည်။ ဟစ်တလာက ၁၉၃၆ ဘာလင်အိုလံပစ်ကို အကြောင်းပြုပြီး နာဇီဝါဒဖြန့်သလို ဘုရှိ (အငယ်) က ဆော့လိတ် ဆောင်းရာသီအိုလံပစ်ကို အကြောင်းပြုပြီး အမေရိကန်စူပါပါဝါ၏ တန်ခိုးအရှိန်ကို ဖြန့်တာပါ သွားရ၍တူနေပါသည်။

သို့သော် မတူသည်ကခေတ်ပါ။ ၂၁ ရာစုသည် ဟစ်တလာ၊ မူဆိုလိုနီတို့၏ခေတ်မျိုး မဟုတ်ပါ။ စောစောပိုင်းကာလများက ဟစ်တလာ၊ မူဆိုလိုနီတို့သည် အတော်ကြာကြာ သူ့ပရိတ်သတ်နှင့်သူ ဇာတ် အဆင်ပြေခဲ့ပါသည်။ ဘုရှိကမူ အဆင်မပြေလှပါ။ (၉/၁၁) ပြီးစက သွေးပူတုန်းမို့ အမေရိကန်လူထု၏ ဒေါသစိတ်၊ နာကျည်းစိတ်ကို အသုံးချနိုင်ခဲ့ပါသည်။ သို့သော် ကြာလေကြာလေ အသုံးချ၍မရတော့သလို ဖြစ်လာသည်။

သူက မိန္ဆာဝင်ရိုးတန်း (၃) နိုင်ငံဟု အီရတ်၊ အီရန်၊ မြောက်ကိုရီးယားကို တန်းစီပြသောအခါ အမေရိကန်နာမည်ကြီး ဆောင်းပါးရှင်တဦးက ဥရောပမဟာမိတ်တွေကတော့ အဲဒီလိုမယူဆဘူး၊ ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲ၊ ဒုသမ္မတချေနီနဲ့ ကွန်ဒိုလီဇာရိုက် တို့သာ မိန္ဆာ (၃) ကောင်ပဲလို့ ထင်နေကြပြီဟု ရေးခဲ့သည်။

အီရတ်ကိုမတိုက်နဲ့ဟု အာရပ်ကမ္ဘာက ပြောသည်။ အီရန်ကိုမထိနဲ့ဟု မဟာမိတ်တွေက တားသည်။ မြောက်ကိုရီးယားကို သွားရန်မစပါနဲ့ဟု ဂျပန်၊ တောင်ကိုရီးယားတို့က ဟန့်သည်။ အမေရိကန်သမ္မတမှာ အာဖဂန်ပြီးရင် ဘယ်ဘက်လှည့်တိုက်ရမလဲ ဝေခွဲမရ ဖြစ်နေသည်။ ခပ်လွယ်လွယ် အနိုင်ရနိုင်မည့်နေရာ ဆိုမာလီယာကိုရွေးလို့လည်းမရ။ အမေရိကန်လူထုမှာ ဗီယက်နမ်ရောဂါနှင့် ဆိုမာလီယာရောဂါ ပူးတွဲပြီးရနေသည်။ ဗီယက်နမ်နှင့် ဆိုမာလီယာရောဂါများကိုပေါင်းပြီး “ဗီယက်မာလီယာရောဂါ” ဟုပင် ဝေဟာရ အသစ်ထွင်နေကြပြီ။

ဘုရှိနောက်တွင်ရှိသူများမှာ စစ်ကန်ထရိုက်ရထားသူ ကုမ္ပဏီကြီးများသာ ဖြစ်နေသည်။ ဤကိစ္စတွင်ကား ဟစ်တလာနှင့်တူနေသေးသည်။ သို့သော် မည်မျှကြာကြာတူနိုင်မလဲ စောင့်ကြည့်ရဦးမည်။ ဘုရှိ၏ရီပတ်ဘလစ်ပါတီရော ကလင်တန်တို့၏ ဒီမိုကရက်ပါတီပါ ဤကုမ‘ဏီကြီးများကို ကျောထောက်နောက်ခံ ပြုထားကြသည့် ပါတီချည်းဖြစ်ရာ ငါတကောကောသောဘုရှိကို သူတို့ဆက်၍ ထောက်ခံဦးမလားဆိုသည်မှာ သံသယဝင်စရာဖြစ်သည်။

ဖက်ဆစ်ဝါဒ ခေါင်းထောင်ထမှုမှာ ပြည်တွင်းတွင် ထင်ရှားသည်။ ဖက်ဆစ်ဝါဒအတွက် အားလုံးပြည့်စုံနေပြီ။ မြန်မာ့ဖက်ဆစ်လမ်းစဉ်ပါတီ (မဆလ ဟုပဲ ဆက်သုံးလို့ရသည်။) မထောင်သေးတာသာ ရှိသည်။ စစ်အစိုးရအဖို့ ပါတီထောင်ချင်လျှင် “ကြံ့ခိုင်ရေး” ကို အမည်ပြောင်းလိုက်ရုံသာရှိ၍ လွယ်ပါသည်။

မလွယ်သည်မှာ အခြားနိုင်ငံရေးအင်အားစုများ လက်ခံရန်နှင့် လူထုကလက်ခံရန်ဖြစ်သည်။ “မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ” တုန်းကလိုလွယ်မည် မဟုတ်ပေ။ ထိုစဉ်က “မဆလ” ကို အတိအလင်း ဆန့်ကျင်သည်မှာ ဗကပ နှင့် ဗကသ သာရှိသည်။ ယခုဆိုလျှင် ပါတီတိုင်းက ဆန့်ကျင်ကြမည်။ (တစည်) ပါတီပင် ကျန်နေမည် မထင်ပါ။

မတ်လ ၂၇ ရက်သည် “ဖက်ဆစ်တော်လှန်ရေးနေ့” ဟူသောနာမည်မှန် ပြန်ရတော့မည်ဟု ထင်ပါသည်။ နေဝင်းကြောင့် ဤနေ့ရက်သည် “တပ်မတော်နေ့” ဟု ဖြစ်နေခဲ့ခြင်း ဖြစ်သည်။ နေဝင်းကပင် ထို “တပ်မတော်နေ့” တွင် နအဖ ထိပ်သီး (၃) ဦးကို ဖမ်းရန် ကြံစည်နေသည်ဟုဆိုတော့ “တပ်မတော်နေ့” ကို သူတို့ယခင်ကလို လုပ်ပုံကြဦးမလား စောင့်ကြည့်ရပါမည်။ လုံခြုံစိတ်ချရသည့် ကိုယ့်တပ်ဝင်းအတွင်း စစ်သားချည်းစုပြီး “တပ်မတော်နေ့” လုပ်ကြလေမလား၊ “ပြည်ထောင်စုနေ့” လို သဝဏ်လွှာပဲပေးဖတ်ခိုင်းမလား။

မည်သို့ပင်ဆိုစေ “ဖက်ဆစ်တော်လှန်ရေးနေ့” ကို ပြည်သူတို့ ၂၀၀၂ ခုနှစ်မှစပြီး ပြန်ရကြပါတော့မည်။

၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်။
၂၀၀၂ ခုနှစ်၊ မတ်လ ၂၀ ရက်။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

သဝဏ်လွှာ

သို့
သဘာပတိအဖွဲ့
တဆယ့်ခုနစ်ကြိမ်မြောက်ကွန်ဂရက်
အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ)

မှ
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

သက္ကရာဇ် ၂၀၀၂ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ရက်။

အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသောရဲဘော်တို့–

ဤမဂ်လာရှိသော အခါသမယတွင် ရဲဘော်တို့နှင့်တကွ ကွန်ဂရက်သို့တက်ရောက်လာသူ အပေါင်းတို့အား ကျွန်ုပ်တို့နှင့် ပါတီဝင်တရပ်လုံးက နွေးထွေးစွာဂုဏ်ပြုနှုတ်ဆက်လိုက်ပါသည်။ ဤကွန်ဂရက်သည် အောင်မြင်သော ကွန်ဂရက်ဖြစ်ပြီး ပါတီဝင်တရပ်လုံးအား ဗဟိုကော်မတီ၏ပတ်လည်တွင် ဝန်းရံစေနိုင်ကာ လက်ရှိ နိုင်ငံတကာအခြေအနေ၊ အိန္ဒိယပြည်၏ အခြေအနေတို့နှင့် လျော်ညီသော လမ်းစဉ်တရပ်ကို ချမှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ယနေ့အခါ အမေရိကန်နိုင်ငံသည် အမေရိကန်ခေတ်ဆိုသော ၎င်းတို့၏စိတ်ကူးစံကို အကောင်အထည်ဖော်မည့် ကမ္ဘာ့အခင်းအကျင်းသစ်တရပ်ကို တည်ထောင်ရန် ရသမျှဆင်ခြေဆင်လက်ကိုအသုံးပြုကာ လုံးပန်းနေသည့်သမိုင်းအကွေ့အချိုးကို ကျွန်ုပ်တို့ ကြုံတွေ့နေရပါသည်။ သူတို့သည်အင်အားကို သူတို့အဖို့အသုံးတည့်မည်ထင်တိုင်းအသုံးပြုနေပါသည်။ အပူကွက်များနှင့် အနောက်တိုင်းစစ်တပ်များ ကျွန်ုပ်တို့နယ်စပ်နှင့် နီးသထက်နီးလာနေသည်ကို ကျွန်ုပ်တို့သတိမပြုဘဲ မနေနိုင်ပါ။ ကမ္ဘာ့အင်အားကြီး နိုင်ငံများအနေဖြင့် လာမည့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် ဖြစ်ပေါ်လာမည့် ယင်းတို့၏အဆင့်နေရာအတွက် လုံးပန်းအလုပ်များနေချိန်တွင် ကျွန်ုပ်တို့အနေဖြင့် မိမိနိုင်ငံအတွင်း၌ ငြိမ်းချမ်းတည်ငြိမ်မှုကို အလွန်ရလိုပါသည်။ သို့မှသာ ကမ္ဘာ့လှုပ်မိုးမှုနှင့် အမေရိကန်စစ်ဝါဒတို့ကဖန်တီးလာမည့် အခက်အခဲများကို ကျွန်ုပ်တို့နိုင်ငံ ရင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

နအဖအစိုးရနှင့် အကြီးဆုံးအတိုက်အခံပါတီ၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့၏ ဆွေးနွေးပွဲမှာ တနှစ်ကျော်ကြာလာခဲ့ပြီဖြစ်သော်လည်း ဘာအဖြေမှ မယ်မယ်ရရ မရရှိဘဲ ဖြစ်နေပါသည်။ ဤဆွေးနွေးပွဲမှာ ဖြစ်နိုင်ခြေ နှစ်မျိုးရှိသည်ဟု ကျွန်ုပ်တို့အနေဖြင့် တွက်ချက်မိပါသည်။ ကျွန်ုပ်တို့နိုင်ငံအတွက် ငြိမ်းချမ်းတည်ငြိမ်မှုကို သယ်ဆောင် လာမည့် အဖြေမျိုးကို ကျွန်ုပ်တို့မျှော်လင့် ပါသည်။ ဗမာပြည်၏ ပြည်တွင်းစစ်မှာ ဖဆပလနှင့် ဗကပတို့ ပြန်လည် ညီညွတ်ရေးအတွက်ဆွေးနွေးမှု မအောင်မြင်ရာကနေ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လက်ရှိ ဆွေးနွေးပွဲမှာ နှစ်ပါတီပြန်လည်ညီညွတ်ရေးအတွက် ဆွေးနွေးခြင်း မဟုတ်ဘဲ နိုင်ငံငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ဆွေးနွေးနေခြင်း ဖြစ်ပါသည်။ ဗကပသည် ဤဆွေးနွေးပွဲကို ဖြစ်မြောက်စေချင်ကြောင်း တလျောက်လုံး ဖော်ပြခဲ့ပါသည်။ ဤဆွေးနွေးပွဲ ပျက်ပြားခဲ့လျှင် ကျွန်ုပ်တို့နိုင်ငံအတွင်း ငြိမ်းချမ်းတည်ငြိမ်မှုရှိမည် မဟုတ်တော့ပါ။ အနှစ် ၆၀ ကျော် ပါတီသက်တမ်းအတွင်း တရားဝင်ပါတီအဖြစ် သုံးနှစ်ကျော်မျှသာ တည်ရှိဖူးသည့် ပါတီတရပ်အနေဖြင့် ဗကပသည် အခြားသောဗမာ နိုင်ငံသားများနည်းတူ ငြိမ်းချမ်းတည်ငြိမ်မှုကို အင်မတန်လိုလားပါသည်။

ကျွန်ုပ်တို့နိုင်ငံ၏ ထူးခြားချက်များအရ အဖိနှိပ်ခံပြည်သူများအဖို့ မိမိတို့တည်ရှိမှုနှင့် လွတ်မြောက်ရေး အတွက် လက်နက်ကိုင်တိုက်ပွဲကို ရွေးချယ်စရာနည်းလမ်းတရပ်အဖြစ် ချမှတ်ထားရပါသည်။ တကယ်တွင် ဗမာပြည်၏ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအနေဖြင့် ပြည်တွင်းစစ်စတင် ဖြစ်ပွားချိန်မှစ၍ သံလွင်ခက်ကို တလျှောက်လုံး ဇွဲယမ်းပြခဲ့ပါသည်။ သို့သော် အစိုးရ အဆက်ဆက်တို့ သည် ပြည်သူလူထုကြီး၏ဆန္ဒကို လုံးဝဂရုမထားဘဲ သူတို့ကိုဆန့်ကျင်သူမှန်သမျှအား အကြမ်းဖက်၍သာ နှိမ်နင်းခဲ့ပါသည်။ အကယ်၍သာ ကျွန်ုပ်တို့အနေဖြင့် ၁၉၄၈ခုနှစ်ဆီက လက်နက်ကိုင်တိုက်ပွဲမဆင်နွှဲခဲ့လျှင် ဗကပဆိုသည့်ပါတီ စောစွာကတည်းကပင် ပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံရေးပါတီတရပ်အနေဖြင့် ခံစားခွင့်ရှိသည့် အင်မတန်အခြေခံကျသည့် နိုင်ငံရေးအခွင့်အရေးများကို ခံစားလိုသောဆန္ဒသာရှိကြောင်း အကြိမ်ကြိမ်ဖော်ပြခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်တို့အနေဖြင့် စစ်တပ်ကိုစစ်တန်းလျားပြန်ပို့နိုင်သူဟာ နိုင်ငံကိုကယ်တင်သူဖြစ်မည်ဟု တင်ပြနေပါသည်။ နိုင်ငံရေးကို စစ်တပ်က ဝင်နောက်နေသမျှ ကာလပတ်လုံး ပြည်တွင်းတွင်သန့်ရှင်းသောနိုင်ငံရေးလေထုတရပ် မရှိနိုင်ပါ။ စစ်တပ်သည် စစ်တပ်နှင့်ဆိုင်သော နေရာသို့သာ ပြန်နေရပါမည်။

ပစ္စည်းမဲ့ပါတီများအချင်းချင်း အပြန်အလှန်နားလည်ခြင်း၊ အပြန်အလှန်ထောက်ခံကူညီမှုနှင့် အချိန်မီအမြင်ဖလှယ်ခြင်းဖြင့် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအား ရှင်သန်ထွန်းကားစေမည်ဟု ကျွန်ုပ်တို့ယုံကြည်မျှော်လင့်ပါသည်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ အဓွန့်ရှည်ပါစေ။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) အဓွန့်ရှည်ပါစေ။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့အကြားမှ ညီနောင်ဆက်ဆံရေး အဓွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ
၂၀၀၂ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ရက်။

အမျိုးသားညီညွတ်ရေးရှိမှ ပြည်တွင်းငြိမ်းချမ်းရေးရှိ၍
ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မည်။

နိုင်ငံခြားသားကြောက်ရောဂါ (Xenophobia)
ပြဿနာ

ရောဂါလက္ခဏာ

ဒီရောဂါလက္ခဏာက ရှုပ်ရှုပ်ထွေးထွေးပါ။ ကြောက်စိတ် အခြေခံလို့သာ ကြောက်တဲ့ရောဂါလို့ နာမည် ပေးရတာပါ။ ကြောက်ကန်ကန်တာ၊ ရန်လုပ်တာ၊ ကျိုးနွံတာ အဲဒီလို တခုကတခုပြောင်းပြီး သံသရာလည်နေတတ်ပါတယ်။ ရောဂါ အမြစ်မပြတ်သမျှ ဒီသံသရာ လည်နေမှာပါပဲ။

ဒီရောဂါ ဘယ်လိုဗမာပြည်မှာ စရတယ်။ ရောဂါရဲ့ဖြစ်စဉ်၊ ဗမာပြည်ရဲ့ ထူးခြားတဲ့ ဖော်ပြချက် အသေးစိတ်လေ့လာထားမှ အမြစ်ပြတ် ကုနိုင်မှာပါ။

ရောဂါရလာပုံ

ရောဂါစရတာက အရင်းရှင်နယ်ချဲ့တွေနဲ့ ထိတွေ့ရတော့မှ ရတာပါ။ ကုန်းဘောင်မင်းဆက်အစပိုင်းမှာ အရင်းရှင်နယ်ချဲ့နဲ့ စတွေ့ပါတယ်။ ကုလားဖြူကို မုန်းပါတယ်။ ကြောက်လည်းကြောက်ပါတယ်။ ဒါကြောင့် ခပ်ကြမ်းကြမ်းကိုင်ကြပါတယ်။ အလောင်းဘုရားက စပြီးလုပ်ခဲ့တာပါ။ နောက်ပိုင်းမင်းဆက်တွေလည်း ကုလားဖြူကို အပြတ်နှိမ်ခဲ့ကြပါတယ်။ နောက်ပိုင်းစစ်ရှုံးတော့မှ မာန်လျှော့ပြီး ဆက်ဆံကြတာပါ။ နဂိုက ဒီရောဂါ မရှိနိုင်ပါဘူး။ မရှိဘူး ဆိုတာထက် ဒီရောဂါ နာတာရှည်စွဲကပ်မနေဘူးလို့ပြောမှ ပိုပြီးတိကျပါလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ တခါတခါ လူမျိုးခြားတပ်ကြီးတွေ ရောက်လာတတ်လို့ပါ။ ဒီတပ်ကြီးတွေက ကြာကြာ မနေပါ။ ပဒေသရာဇ်ချင်း လုပ်စရာရှိတာလုပ်ပြီးရင် ပြန်ပါတယ်။ ကျောက်ချပြီး နေလေ့မရှိပါ။ အာရှပဒေသရာဇ်လုပ်နည်းလို့ ပြောနိုင်သလို ဥရောပနဲ့မတူတဲ့ အာရှရဲ့ထူးခြားချက်ကြောင့် ဖြစ်နိုင်ပါတယ်။

အာရှနဲ့ဥရောပ မတူညီကြပုံ

ပထမဆုံး ပထဝီချင်းမတူတာက စရပါမယ်။ အာရှက ဥရောပထက် လေးဆခွဲကြီးပါတယ်။ အာရှမှာက သဘာဝအတားအဆီး ကြီးပါတယ်။ ဟိမဝန္တာတောင်တန်းအပါအဝင် တောင်တန်းအသွယ်သွယ် မြစ်ကြီးအသွယ်သွယ်နဲ့ သဲကန္တာရကြီးတွေ ရှိပါတယ်။ ဟိုခေတ်က ဖြတ်ကျော်လို့ မရတာတွေပါ။ သဘာဝကိုက တသီးတခြားစီ နေကြပေရော့ဆိုပြီး လုပ်ထားသလို ဖြစ်နေပါတယ်။ နည်းနည်းပါးပါး ဝင်ရောက်နေထိုင်ရင်လည်း များတဲ့လူမျိုးနဲ့ သွေးနှောသွားကြတာပါပဲ။

နောက်ပြီး ဒုတိယက နိုင်ငံရေးသမိုင်းချင်း မတူတာပါ။ ဥရောပမှာက ရောမအင်ပါယာကြီး ရှိခဲ့ပါတယ်။ အာရှမှာ မရှိပါ။ အာရှတတိုက်လုံး လွှမ်းသွားတဲ့အင်ပါယာ မရှိပါ။ အာရှမှာ ရောမနဲ့ခေတ်ပြိုင် ပါရှားအင်ပါယာရှိဖူးပါတယ်။ ဒါပေမဲ့ တတိုက်လုံး မလွှမ်းပါ။ ရောမအင်ပါယာက အခုအထိ ခရစ်ယာန်ဘာသာရေးကို ဥရောပတတိုက်လုံးနီးပါး လွှမ်းအောင်လုပ်သွားနိုင်ပါတယ်။ ပါရှားအင်ပါယာက မလုပ်နိုင်ရုံမက သူ့ Zoroaster ဘာသာတောင် ပျောက်သလောက် ဖြစ်နေပါပြီ။

ရောမအင်ပါယာနဲ့ နှစ် (၁၀၀၀) ကျော်ခြားပြီး မွန်ဂိုအင်ပါယာလည်း အာရှမှာ ပေါ်ဖူးပါတယ်။ တရုတ်ပြည်တပြည်လုံးနဲ့ ပါရှားရော ဗမာပြည်ပါမကျန် သူ့အောက် ရောက်ဖူးပါတယ်။ ဒါပေမဲ့ မကြာပါဘူး။ သူ့ရဲ့ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးဩဇာကို အခွန့်ရှည်အောင် မလုပ်နိုင်ခဲ့ပါဘူး။ ရောမ အင်ပါယာကတော့ အခုအထိ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး အခွန့်ရှည်အောင် လုပ်ခဲ့နိုင်ပါတယ်။

အာရှကအင်ပါယာတွေ ဘယ်လောက်ပဲ ကျယ်ပြန့်တယ်ဆိုစေ တရုတ်၊ ကုလားနဲ့ ပါရှားကို တပြိုင်တည်း သိမ်းသွင်းမထားနိုင်ခဲ့ပါ။ မွန်ဂိုအင်ပါယာက တရုတ်၊ ပါရှားကို သိမ်းနိုင်ပါတယ်။ ကုလားကို မရခဲ့ပါ။

နောက်ပိုင်းမှာ မွန်ဂိုမျိုးဆက်တွေ ဖြစ်တဲ့ မဂိုမင်းတွေတန်ခိုးထွားတော့လည်း ကုလားပြည်ကိုတော့ ရပါတယ်။ တရုတ်ပြည်ကို မရပါဘူး။ မဂိုတွေက မူဆလင်တွေ ဖြစ်ကြပါတယ်။ ကုလားတပြည်လုံး မူဆလင် ဖြစ်အောင် မလုပ်နိုင်ကြပါဘူး။

ဒါကြောင့် ရောမအင်ပါယာမျိုး အာရှမှာ မရှိခဲ့ဘူးလို့ ပြောနိုင်ပါတယ်။

ဥရောပမှာ အားကြီးလာသူတိုင်းက ရောမအင်ပါယာမျိုး ထူထောင်ချင်ကြပါတယ်။ ဟစ်တလာ နာဇီအထိ ဒီလောဘရှိပါတယ်။

ဥရောပမှာ အင်ပါယာပိုင်ရှင် ဖြစ်ဖူးသူတွေကလည်း ပြွတ်သိပ်နေပါတယ်။ စပိန်၊ ပရပ်ရှား၊ ပြင်သစ်၊ ရုရှား၊ တူရကီ စသဖြင့် ရှိပါတယ်။ အင်ပါယာတွေကြားမှာ နေရတဲ့ တိုင်းပြည်ကလေးတွေဟာ ဝင်ခလုတ် ထွက်ခလုတ် အတိုက်ခံရပါတယ်။ အသိမ်းခံရရင်လည်း တော်တော်နဲ့ မလွတ်ပါဘူး။ သိပ်ကြာတတ်ပါတယ်။ အရှေ့ဥရောပနဲ့ ဘော်လ်ကန်နိုင်ငံငယ်တွေဟာ ရာစုနှစ်နဲ့ချီပြီး အသိမ်းခံရဖူးပါတယ်။ အခုအထိ အဲဒီဒုက္ခက မလွတ်သေးပါ။

ဘာသာရေးစစ်ကလည်း ဥရောပ

မှာ မပြတ်ခဲ့ပါ။ မူဆလင်နဲ့တိုက်လိုက်၊ ခရစ်ယာန်ချင်းတိုက်လိုက် တိုက်ကြပါတယ်။ ခရဆိတ်စစ်ပွဲတွေ ၁၁ ရာစုကနေ ၁၃ ရာစုအထိ ရှိခဲ့ပါတယ်။ နောက်ကျတော့ ခရစ်ယာန်ချင်း တိုက်ကြပါတယ်။ အင်္ဂလိပ်နဲ့ ပြင်သစ် နှစ် (၁၀၀) တိုက်တာလည်း ဥရောပမှာပါ။ နှစ် (၃၀) စစ်လည်း သူတို့ဆီမှာပါပဲ။

မင်းဆွေမင်းမျိုးတွေက ရောထွေးယှက်တင်ဖြစ်နေတော့ ထီးမွေနန်းမွေလုရင်း စစ်တိုက်ကြပါတယ်။ အာရှမှာက အဲဒါမျိုး လုံးလုံး မရှိပါဘူး။ ကုလားပြည်၊ တရုတ်ပြည် ဆိုတာ ဧရာမတိုင်းပြည်ကြီးတွေ၊ ဒါပေမဲ့ သူ့မင်းဆက်နဲ့သူပါ။ ရောနှောယှက်တင် မဖြစ်ကြပါ။ ထီးမွေနန်းမွေ လုစရာအကြောင်းမရှိပါ။ ဟိမဝန္တာခြားနေတဲ့ ကျေးဇူးကြောင့် သူတို့ချင်းလည်း ဟိုတုန်းက စစ်မဖြစ်ခဲ့ဖူးပါ။ ကုလားရော တရုတ်ပါ ခရစ်မပေါ်မီ ခေတ်တွေကတည်းက အနောက်ဘက်ကလာပြီး ရန်ရှာတာပဲခံရပါတယ်။ ဒါကြောင့် အနောက်ဘက်ကလာမယ့် ရန်ကိုပဲ သူတို့သတိထားနေကြပါတယ်။ ဗဒ္ဓစ်ကိုဒါဂါမာ (Vasco da Gama) ရဲ့သဘော်ဝမရောက်မီအထိ ပင်လယ်ကလာမယ့်ရန်ကို မကြောက်ကြရပါ။ ဥရောပမှာတော့ စစ်ကပြတ်တယ်မရှိ တိုက်နေကြတာပဲ။

အဲဒီလို ဥရောပနဲ့မတူတဲ့အတွက် ဗမာပြည်ဟာ ဟိုတုန်းက အနေချောင်ခဲ့ပါတယ်။ ကိုယ်နဲ့အင်တူအားတူ တိုင်းပြည်ချင်းလို့ ပြောနိုင်တဲ့ ယိုးဒယား၊ အာသံ၊ လော (ခပ်လွယ်လွယ် လူထုသုံးဝေါဟာရ ယိုးဒယား၊ အာသံ၊ လောဟု သုံးလိုက်ပါသည်။ ထိုခေတ်က ဗမာပြည်ဆိုတာလည်း မရှိပါ။ တောင်ငူ၊ ဟံသာဝတီ၊ အင်းဝစတဲ့ တိုင်းပြည်တွေသာ ရှိပါသည်။ သူတို့ဆီမှာလည်း အယုဒ္ဓယ၊ ဇင်းမယ်၊ လင်းဇင်း၊ ကချာ၊ မဏိပူရ စတာတွေသာ ရှိပါသည်။) တို့နဲ့စစ်ဖြစ်ရင် လည်း နိုင်တဲ့လူက ဆင်ဖြူတို့ လက်ဆောင် ပဏ္ဏာတို့ရရင် ပြန်ပါတယ်။ တခါတလေ မင်းညီမင်းသားနဲ့ ပညာတတ်တွေ သုံ့ပန်း အဖြစ် ခေါ်လာပါတယ်။ အထက်ဗမာပြည်မှာ အဲဒီလို သုံ့ပန်းတွေ ခေါ်လာပြီးထားတဲ့ အရပ်တွေ၊ ရွာတွေရှိပါတယ်။ ပြန်တဲ့လူပြန် ကျန်တဲ့လူ ကျန်ပါတယ်။ လင်းဇင်း၊ ကသည်း၊ ဗရင်္ဂါတွေ ရပ်နဲ့ရွာနဲ့ နေကြပါတယ်။ လူမျိုးရေးပဋိပက္ခ မရှိခဲ့ပါ။ သူ့စည်းကိုယ့်စည်းနဲ့ လေးလေးစားစား နေခဲ့ပါတယ်။

ဗမာပြည်က အလေးထားဆက်ဆံရတာက ကုလား (အိန္ဒိယ) နဲ့ တရုတ်ပါ။ ဗမာပြည်က တရုတ်နဲ့စစ်တိုက်ဖူးပေမယ့် ကုလားပြည်နဲ့ တခါမှ စစ်မတိုက်ဖူးပါ။

လူမျိုးပျောက်မှာကြောက်ခြင်း

လူမျိုးပျောက်မှာ စိုးတာဟာ ရောဂါရဲ့လက္ခဏာတခုပါ။ ခနရှင်ပေါက်စ ပညာတတ်တွေ နိုင်ငံရေးဇာတ်ခုံပေါ် တက်လာကတည်းက "တို့ပြည် တို့စာ တို့စကား" ကြွေးကြော်ပါတယ်။ လူမျိုးရေးလှုံ့ဆော်တဲ့ သီချင်းတွေ ပေါ်ပါတယ်။ ပဒေသရာဇ်ခေတ်ကို "ရွှေခေတ်" လို့ တမ်းတပါတယ်။

"ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်၊ အမျိုးပျောက်မှာ စိုးကြောက်ပါတော့သည်။ – –" လို့ သီချင်းရေးပါတယ်။ ဒီလိုဖြစ်တာ တို့ဗမာဘုရင် မရှိလို့ပဲ၊ ကြာရင်နစ်မွန်းတော့မယ်လို့ ရေးပါတယ်။ ဒါဟာ "တို့ဗမာဝါဒ" ပါ။ နိုင်ငံခြားသားကြောက်ရောဂါပါ။

"တို့ဗမာဝါဒ" နဲ့ လမ်းခွဲသူတွေက မှော်စံဝါဒလေ့လာသူတွေပါ။ နိုင်ငံခြားသားကြောက်ရောဂါကို ဆန့်ကျင်ပြီး လူတန်းစား ချစ်ကြည်ရေးကို တင်ပြပါတယ်။

"တို့ဗမာဝါဒ" နဲ့ "မှော်စံဝါဒ" တိုက်ပွဲဟာ အစောကြီးကတည်းက ဖြစ်နေတာပါ။ တို့ဗမာဝါဒက လူမျိုးရေးဝါဒပါ။

၁၉၃၀ ကုလား ဗမာ အဓိကရုဏ်းအပြီး ပေါ်ပေါက်လာတဲ့ တို့ဗမာဝါဒကို မှော်စံဝါဒက စိန်ခေါ်လာရင်း ၁၉၃၈ ခုနှစ် ကုလား ဗမာ အဓိကရုဏ်းကျတော့ လုပ်ဟန်ချင်းပါပြတ်ပြတ်ကွဲပါတယ်။ ဘယ်တော့မှလည်း ပြန်လည်ရင်ကြားမစေ့တော့ပါ။

လုပ်ဟန်ချင်းကွဲပုံက တို့ဗမာဝါဒက ၁၉၃၈ ကုလား ဗမာအဓိကရုဏ်းမှာ ကိုယ်ထိလက်ရောက် ဝင်ပါခဲ့တယ်။ ကိုယ်တိုင် ခေါင်းဆောင်ပြီး ကုလားတွေ လိုက်သတ်ပါတယ်။ ကုလားဆိုင်တွေ လုပါတယ်။ ကုလား ပေမယ့် ဟိန္ဒူပါဆိုပြီး ဆိုင်တွေအလုမခံရအောင် "သံဃာဩဝါဒခံဟိန္ဒူဆိုင်" ဆိုတဲ့ဆိုင်းဘုတ်တွေ ဟိန္ဒူတွေက တင်ကြပါတယ်။ မူဆလင်နဲ့ ဘာသာရေးအဓိကရုဏ်းသမိုင်း အဲဒီက စခဲ့ပါတယ်။

ဗုဒ္ဓဘာသာနဲ့ ဟိန္ဒူဘာသာက ရန်မဖြစ်ခဲ့ပါ။ မူဆလင်ဘာသာနဲ့သာ ရန်ဘက်ဖြစ်လို့ ကုလားလူမျိုးဆန့်ကျင်ရေးမှာ ဟိန္ဒူ – မူဆလင်ခွဲပြီး ရန်လုပ်ပါတယ်။ ဘာသာရေးအဓိကရုဏ်းသဏ္ဌာန် ဖြစ်သွားပါတယ်။

အသတ်ခံရတဲ့ ကုလားရော ဗမာပါ အားလုံးက လမ်းသွားလမ်းလာတွေပါ။ အိမ်ထဲဝင်သတ်တာ မရှိသလောက် ရှားပါတယ်။ ဒါကြောင့် တနေ့လုပ်မှ တနေ့စားရတဲ့ ဆင်းရဲသားတွေပဲ သေကြပါတယ်။ သူ့ဌေးတွေ စားနိုင်သောက်နိုင်သူတွေက အိမ်တွေထဲ တလကိုးသီတင်း ရိက္ခာအပြည့်နဲ့ နေနိုင်ပါတယ်။ သူတို့အသတ်မခံရပါဘူး။ လူအုပ်နဲ့ဝိုင်းတာတို့ ဘာတို့ပဲခံရပါတယ်။ သူဌေးတွေကို အင်္ဂလိပ် အုပ်ချုပ်ရေးကလည်း အကာအကွယ် ပေးပါတယ်။

မှော်စံဝါဒသမားတွေက အဝိုင်းခံရတဲ့အိမ်တွေ ဘေးလွတ်ရာသို့ ပြောင်းပေးတာလုပ်ပါတယ်။ ကုလားအရပ်ထဲ ရောက်နေတဲ့ ဗမာအိမ်၊ ဗမာအရပ်ထဲရောက်နေတဲ့ ကုလားအိမ် အဲဒါတွေကို လွတ်ရာသို့ ပြောင်းပေးပါတယ်။ လူမျိုးရေးခွဲပြီး မဆက်ဆံပါဘူး။ အဓိကရုဏ်းထဲမပါပါဘူး။ ဦးသိန်းဖေမြင့်ရဲ့ စာအုပ်တအုပ်မှာ စိတ်ကူးလား ကိုယ်တွေ့လား မသိနိုင်တဲ့ ကုလားအဝိုင်းခံနေရတဲ့ ဗမာအိမ်က လင်ရှိအမျိုးသမီးကြီးနဲ့ ကယ်ဆယ်သူ ရှုပ်တဲ့ ဇာတ်လမ်း ရေးထားတာ တွေ့ဖူးကြပါလိမ့်မယ်။

ကုလားမုန်းတီးတာရဲ့အစ

ဗမာပြည်သိမ်းတပ်က အင်္ဂလိပ် ဗိုလ်ဦးစီးတဲ့ ကုလားကြေးစားတပ်ပါ။ ကိုယ်နဲ့ရန်သူဖြစ်တဲ့ ကြေးစားစစ်သားကုလားကို မုန်းတာဟာ သဘာဝအရ ဖြစ်လာတာပါ။

တကယ့် ကုလားမုန်းတီးရေး သမိုင်းရဲ့အစက အင်္ဂလိပ် – ဗမာ စစ်ပွဲသုံးပွဲက စပါတယ်။ အနာကို ဆားသိပ်ပေးလိုက်သလို အင်္ဂလိပ် က ဗမာပြည်ကို ကုလားပြည်အောက်ထိုးထည့်လိုက်တော့ ပိုပြီးနာ ပိုပြီးမုန်းပါတယ်။

အင်္ဂလိပ်ကလည်း စစ်ပွဲသုံးပွဲတိုက်ပြီး အာခံရကောင်းလားဆိုပြီး နံနှိမ်လိုက်တာပါ။ တိုင်းပြည်ပျောက်အောင် ဒဏ်ခတ်လိုက်တာပါ။ ကုလားတို့၊ တရုတ်တို့က တိုင်းပြည်ကြီးတွေပါ။ သူတို့ရဲ့ ပြည်နယ်ဆိုတာက ဗမာပြည်ထက်ကြီးတာတွေ အများကြီးပါ။ သူတို့ရဲ့ ပြည်နယ်တခု ဖြစ်သွားရင် ထင်ပေါ်ဖို့ထက် မြို့ပိသွားဖို့ပဲရှိပါတယ်။

ကုလားပြည်ရဲ့ ပြည်နယ်ဖြစ်တာက နှစ် (၅၀) ကျော်ကြာပါတယ်။ တို့ဗမာအစည်း

အရုံးမှာ ကုလားကြောက်ရောဂါရှိတာ မဆန်းပါ။ နယ်ချဲ့ဆန့်ကျင်ရေးကို ကုလားဆန့်ကျင်ရေးနဲ့ တွဲမိတဲ့အမှားကို သူတို့ဒါကြောင့် မှားမိတာပါပဲ။

ဗမာပြည် တိမ်မြုပ်သွားတာ ဘယ်လောက်အထိ ကြာသွားသလဲဆိုရင် ဘားမား (Burma) လို့ ပြောရင် ဘဟားမား (Bahama) လို့ ကမ္ဘာက နားလည်သွားကြတဲ့အထိပါ။ ဘဟားမားက ဗမာပြည်ထက် အဆ (၅၀) ငယ်ပြီး လူဦးရေအဆ (၁၇၀) နည်းပါတယ်။ ဒါပေမဲ့ သူကထင်ပေါ်ပါတယ်။

၁၉၃၆ ဘာလင်အိုလံပစ်ကို ဦးဇော်ဝိတ် သွားပြိုင်တော့ ကုလားအဖြစ် သွားရတာပါ။

နိုင်ငံရေးအရ နာကျည်းမှု မီးတောက်ကို ဓာတ်ဆီလောင်းပေးတဲ့ စီးပွားရေး၊ လူမှုရေး နာကျည်းမှုတွေကလည်း အများကြီးပါ။

အင်္ဂလိပ်ဟာ သူတို့ရဲ့ စီးပွားရေး လုပ်ငန်းကြီးတွေကိုသာ ဝင်မပြိုင်ခဲ့ရင် ကုလားခနရှင်ကို ဦးစားပေးပါတယ်။ (တရုတ်က အင်္ဂလိပ်ကိုလိုနီမဟုတ်ဘဲ ထုံးတို့ထားရုံသာရှိသေးလို့ ကုလားနဲ့စာရင် တရုတ်ကို ဦးစားမပေးပါ။)

ကုလားသူဌေး 'မနှင်းဆီ' လို ဇရာဝတီကို ဝင်ပြိုင်တာမျိုးတော့ လက်မခံပါ။ ချိုးနှိမ်ပစ်ပါတယ်။ မပြိုင်ရင် နေရာပေးပါတယ်။ BOC ရဲ့ လက်ဝေခံကုလား 'နတ်ဆင်း' ရဲ့ ရေနံကုမ္ပဏီ (NOC) ကို လက်ခံထားပါတယ်။ စတီးဘရားသားကို မပြိုင်ရင် 'မိုးလာ' တို့လို ကုလားဝါစက်တွေကို အားပေးပါတယ်။ ဗမာဝါစက်ကို အားမပေးပါ။ ကုလားဝါစက်ပိုင်က ဗမာဝါစက်ပိုင်ကို ပြိုင်ဘက်လို သဘောထားပြီး နှိမ်ပါတယ်။ ဗမာဝါစက်က ဂျပန်နဲ့ပဲ နည်းနည်းပါးပါး ရောင်းဝယ်ရပါတယ်။

အင်္ဂလိပ်က ဗမာလက်ဝေခံကို စတီးပွဲစားအဖြစ်ပဲ မွေးပါတယ်။ တောထဲဝင်ပြီး လက်လီစိတ်ရတာအပြင် လုံခြုံရေးလည်းမရှိလို့ အင်္ဂလိပ်ရော ကုလားပါ ဒီအလုပ်မျိုး မလုပ်ခဲ့ပါဘူး။ ဝါထွက်ရာဒေသတွေကလည်း မင်းလောင်းတွေ (မောင်သန့်တို့၊ ဗန္ဓကတို့) ပေါ်ရာဒေသပါ။

စပါးတွေ၊ ဝါတွေနဲ့ သစ်တွေက ကျေးလက်နဲ့ တောထဲကယူရတာပါ။ အင်္ဂလိပ်နဲ့ ကုလားက တပ်မပါဘဲ မသွားဝံ့ပါဘူး။ ဒါကြောင့် မြန်မာက 'ပွဲစားကြီး' တွေပဲ ဖြစ်လေ့ရှိပါတယ်။

ရိုး (Rowe) တို့ ဂိုက်တဝေး (Whiteway) တို့လို ကုန်တိုက်ကြီးတွေနဲ့ မပြိုင်ရင် ကုလားကုန်တိုက်တွေ ရှင်သန်နိုင်ပါတယ်။ မြန်မာပိုင် 'မြန်မာအဆွေ' ဆိုတာကတော့ ဂျပန်ပစ္စည်းအဓိက ထားရပါတယ်။ ဂျပန်ပစ္စည်းက အဲဒီတုန်းက ညံ့ပါတယ်။ ဥရောပကုန်ကို မမီပါဘူး။

လက်ဝေခံကိုမွေးရာမှာ ကုလားကို ဦးစားပေးသလို ဗျူရိုကရေစီ ယန္တရားမှာလည်း သူတို့ကိုပဲ ဦးစားပေးပါတယ်။ မြန်မာပညာတတ်တွေ ဝင်မတိုးနိုင်တဲ့ အစိုးရဌာနတွေ အများကြီးပါ။ ဗမာ့ဓနရှင်ပေါက်စ ပညာတတ်က ကုလားမုန်းတီးတာ ကြောက်တာဟာ အဲဒီအခြေခံနဲ့ပါ။

အကြီးတန်းဗျူရိုကရက်တွေကို အိန္ဒိယ ပဋိညာဉ်ခံဝန်ထမ်း ICS လို့ပဲ ခေါ်ပြီး အင်္ဂလိပ်နဲ့ ကုလားကိုပဲ ရွေးပါတယ်။ မြန်မာက နောက်မှဝင်ရတာပါ။

မြန်မာတွေဟာ စီးပွားရေးမှာ ကြီးကြီးကျယ်ကျယ် ဝင်မပါခဲ့ရတာရဲ့ အကျိုးဆက်က လွတ်လပ်ရေးရတဲ့အထိ ပါလာပါတယ်။ လွတ်လပ်ရေးခေတ်မှာလည်း ဖဆပလ အစိုးရက ဒါဝတ်တို့၊ မဒါးတို့ကိုပဲ မှီခိုပါတယ်။ စီးကရက်လို၊ နိုင်လွန်လို အသစ်တည်ဆောက်ရတဲ့ နယ်ပယ်ကျမှ တရုတ်တွေ၊ မြန်မာတွေကို မှီခိုပါတယ်။ တရုတ်က အရင်းအနှီးရှိပြီး အဆက်အသွယ်ကောင်းလို့ ဦးစားပေး ခံရပါတယ်။

ကိုလိုနီခေတ်တုန်းက မြန်မာတွေဟာ လက်ဝေခံအရင်းရှင်လုပ်ငန်းမှာ ဝင်တိုးလို့ မရပေမယ့် နိုင်ငံရေးမှာတော့ ဝင်တိုးနိုင်ပါတယ်။ အစိုးရအုပ်ချုပ်ရေးမှာ အလိုတော်ရိ နိုင်ငံရေးသမားတွေအဖြစ် ပါကြပါတယ်။ ကုလား တရုတ် အလိုတော်ရိနဲ့ မြန်မာအလိုတော်ရိ ပဋိပက္ခ ရှိပါတယ်။

ဒီလောက်နဲ့ ကုလားတရုတ် မုန်းတီးတဲ့၊ (ကြောက်တဲ့) ရောဂါ မရနိုင်ပါဘူး။ မြန်မာလူထုကြီးကို အဲဒီရောဂါရစေတာက ဆူးအက် (Suez) တူးမြောင်းဖောက်ပြီးမှ ရတာပါ။

ဆူးအက်တူးမြောင်း ပေါက်သွားတော့ ဆန်တွေရောင်းကောင်းပါတယ်။ လယ်တွေအသစ်တီရပါတယ်။ လယ်သမားတွေလိုပါတယ်။ သဘော်ကြီး ကုန်တင်ကုန်ချ အထမ်းသမားတွေလိုပါတယ်။

ဒီနှစ်ခု (လယ်သမားနဲ့ အလုပ်သမား) ကို ဖြည့်တင်းပေးတာက အိန္ဒိယက ပြည်နယ်တွေပါ။ ကုလားတွေဟာ ဗမာပြည်ထဲ ဒလဟောဝင်လာကြပါတယ်။ အိန္ဒိယရဲ့ ပြည်နယ်တခုဖြစ်တဲ့ ဗမာပြည်ကို ဝင်ဖို့ ဘာအတားအဆီးမှ မရှိဘူး။ ဗီဆာ (Visa) မလိုဘူး။ ဒီတော့ တံခါးမရှိ ခေးမရှိ ဝင်ကြတာပါပဲ။

ဆယ်စုနှစ်တခု လောက်လည်း ကြာရော ရန်ကုန်က ကုလားမြို့ ဖြစ်သွားတယ်။ မြန်မာတွေချောင်ကပ်ရတယ်။ မြစ်ဝကျွန်းပေါ်မှာ ကုလားလယ်သမားတွေ များလာတယ်။ စိုက်ခွိုန်ပျိုးခွိုန် ရိတ်သိမ်းခွိုန်မှာ ရောက်လာပြီးပြန်သွားတဲ့ ကုလားတွေ များလာတယ်။ သဘော်ကြီး ကုန်တင်ကုန်ချ အလုပ်သမား ကလည်း ကုလားချည်းပါပဲ။

ကုလားနဲ့မြန်မာ လယ်သမားချင်း အလုပ်သမားချင်း ပဋိပက္ခဖြစ်တယ်။ ချစ်တီးမြေရှင်စနစ် ပေါ်လာတော့ ပိုဆိုးသွားတယ်။ ကြွေးနဲ့မြေသိမ်းခံရပါတယ်။ မြေတွေ ချစ်တီးလက်ရောက်ပါတယ်။ ဦးစောလို ဗမာမြေရှင်ကလည်း ကုလားမုန်းတီးရေး လှုံ့ဆော်ပါတယ်။

ပထမဆုံး ကုလားဗမာ အဓိကရုဏ်း ၁၉၃၀ မှာ ဖြစ်တာဟာ အလုပ်သမားချင်း အဓိကရုဏ်းပါ။ မြန်မာအလုပ်သမားတွေက ကုလားအလုပ်သမားတွေရဲ့ သပိတ်တိုက်ပွဲကို ဝင်ဖျက်သလို ဖြစ်သွားပါတယ်။ အင်္ဂလိပ်ရဲ့ လှည့်ကွက်မှာ အမိခံပြီး ကုလားနဲ့ အဓိကရုဏ်း ဖြစ်ရတာပါ။

ဒုတိယ ကုလားဗမာ အဓိကရုဏ်းက ၁၉၃၈ ကျမှပါ။ အင်္ဂလိပ်ရဲ့ သွေးခွဲနိုင်ငံရေးကြောင့်ဖြစ်ရတဲ့ အဓိကရုဏ်းပါ။ အင်္ဂလိပ်နဲ့ အလိုတော်ရိအစိုးရရဲ့ လှည့်ကွက်ထဲ အမိခံရတာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာနဲ့ မူဆလင် ဘာသာရေးအဓိကရုဏ်း သဏ္ဌာန်ဟာ အဲဒီတုန်းက စခဲ့တာ ဖြစ်ပါတယ်။ အခုစစ်အစိုးရခေတ်အထိ အဲဒီရောဂါက ဒုက္ခပေးဆဲဖြစ်ပါတယ်။

၁၉၃၈ က ကုလားဗမာ ဘာသာရေးအဓိကရုဏ်းဟာ အင်္ဂလိပ်၊ ကုလား (မူဆလင်) နဲ့ မြန်မာ ဒီသုံးဦးသုံးဖလှယ်ရဲ့ ကိစ္စဖြစ်ပေမယ့် အခုခေတ်မှာတော့ သုံးဦးသုံးဖလှယ်ကိစ္စ မဟုတ်နိုင်တော့ပါ။ နိုင်ငံတကာ

ကိစ္စအဖြစ် တက်သွားနိုင်ပါတယ်။ စစ်အုပ်စု အနေနဲ့ တနပ်စားကြံရင် အမေရိကန်ရဲ့ အကွက်ထဲဝင်သွားနိုင်ပါတယ်။

တရုတ် ဗမာ အဓိကရုဏ်း

၁၉၃၁ တုန်းက ကုလားဗမာ အဓိကရုဏ်းရဲ့ နောက်ဆက်တွဲ အဓိကရုဏ်း ကလေး ခဏဖြစ်ဖူးပေမယ့် မကျယ်ပြန့်ပါ။ ကျယ်ပြန့်စရာ အကြောင်းအချက် မရှိပါ။ တခြားအရှေ့တောင်အာရှ တိုင်းပြည်တွေလောက် ဗမာပြည်မှာ တရုတ်တွေ မများသေးပါ။ နည်းနည်းချင်း တစိမ့်စိမ့်ရောက်လာပြီး မြန်မာတွေနဲ့ ရောနှောသွားကြတာ များပါတယ်။ တချို့တလေက တရုတ်နာမည် ပျောက်သွားပါတယ်။ စာရေးဆရာကြီး ဦးထင်ဖတ်လို့၊ ဆရာမကြီး ဒေါ်ရီကြိန်လို တရုတ်နာမည် ဆက်ရှိပြီး မြန်မာစိတ်ဓာတ် ဖြစ်သွားသူတွေလည်း ရှိပါတယ်။ နိုင်ငံရေးနယ်ပယ်ထဲမှာ ပိုများပါတယ်။ လူမျိုးနှစ်ခုအကြားမှာ ဘာသာရေးနဲ့ ယဉ်ကျေးမှု ကွာခြားမှု မရှိတာရယ်၊ ကုလားလို ဇာတ်စနစ် တရုတ်နဲ့မြန်မာမှာ မရှိတာရယ်ကြောင့် ရောနှောသွားတာပဲလို့ ထင်ပါတယ်။

ဒီလိုပြောလို့ တရုတ်နဲ့မြန်မာ လုံးလုံးပြဿနာမရှိဘူးလို့ ဆိုလိုတာမဟုတ်ပါ။ ပြဿနာရှိပါတယ်။ ပြဿနာရဲ့ ဇာစ်မြစ်က နိုင်ငံရေးပေါ် တည်ပါတယ်။

ဗမာပြည် လွတ်လပ်ရေးရတာနဲ့ တရုတ်ပြည်မှာ ကွန်မြူနစ်တွေအနိုင်ရတာ မရွေးမနှောင်းပါ။ နိုင်ငံရေးစနစ်ချင်း မတူကြပါဘူး။ စစ်ပြေး KMT တရုတ်ဖြူတပ်တွေ ဝင်လာတာတို့၊ ကိုရီးယားစစ်တို့၊ ဗီယက်နမ်စစ်တို့ ဖြစ်တာရယ်၊ အမေရိကန် ဦးဆောင်တဲ့ ဆီးတိုး (SEATO) ကွန်မြူနစ်ဆန့်ကျင်ရေး စစ်အုပ်စုဖွဲ့တာရယ်၊ ကွန်မြူနစ်ဆန့်ကျင်ရေး အာဆီယံ ASEAN ပေါ်တာရယ် စတဲ့စတဲ့ ကိစ္စတွေက ဗမာပြည်နိုင်ငံရေးကို ဂယက်ရိုက်ပါတယ်။ ဗမာပြည် ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်တွင်းစစ်ကလည်း ၁၉၄၈ ကတည်းက ဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံရေးနဲ့နှယ်တဲ့ တရုတ်ကြောက်ရောဂါ အစိုးရထဲမှာ အမြဲမပြတ် ရှိနေပါတယ်။

၁၉၆၇ မှာတော့ ကွန်မြူနစ် တရုတ်ပြည် ဆန့်ကျင်ရေး၊ တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းကို နေဝင်းကဖန်တီးမိပါတယ်။ ပြဿနာ သိပ်ကြီးသွားပါတယ်။ "မြေမြှိုလို့ လူမျိုးမပျောက် လူမြှိုမှပျောက်မယ် " ဆိုတဲ့ ကြွေးကြော်သံပေါ်တာ အဲဒီတုန်းကပါ။ ဒီတခါ အမျိုးပျောက်မှာ စိုးကြောက်တာက ကုလားဘက် မဟုတ်ဘဲ တရုတ်ဘက် လှည့်လာပါတယ်။ (ဗကပ) လည်း "အမျိုးသားသစ္စာဖောက်" ဘွဲ့ထူး အပေးခံရပါတယ်။ နိုင်ငံ့ဂုဏ်ရည်တို့ဘာတို့ သူများတွေကို ဖောဖော သီသီပေးနေချိန်မှာ ဗမာပြည် ကွန်မြူနစ်တွေက "အမျိုးသား သစ္စာဖောက် " ဘွဲ့ရတာပါ။ အဲဒီဘွဲ့ကို ၁၉၈၉/၉၀ ကျမှ ကွန်မြူနစ်တွေ ဆုံးရှုံးသွားပါတယ်။ NLD ကို ပေးလိုက်လို့ပါ။

ဒီလိုဖြစ်တာကလည်း စစ်အေးလွန်ကာလ နိုင်ငံရေး အပြောင်းအလဲကြောင့်ပါပဲ။ "နိုင်ငံခြားသားကြောက်ရောဂါ" ကတော့ ပျောက်သွားတာ မဟုတ်ပါ။ အမေရိကန်ကြောက်ရောဂါ အရှိန်တက်နေဆဲမို့ တရုတ်ကြောက်ရောဂါ ငုပ်သွားတာသာ ဖြစ်ပါတယ်။ ဘယ်တော့ပြန်ပေါ်မယ် မပြောတတ်ပါ။ နိုင်ငံရေးရာသီဥတုပေါ် မူတည်ပြီး ဖြစ်တတ်တဲ့ ရောဂါဖြစ်လို့ နိုင်ငံရေးရာသီဥတု ပြောင်းလဲရင် ပေါ်နိုင်ပါတယ်။

ဗမာပြည်ရဲ့ ကံကောင်းမှု

လွတ်လပ်ရေးကို တိုင်းပြည်တစည်းတလုံးတည်း အခြေအနေမှာရခဲ့လို့ ကံကောင်းပါတယ်။ တိုင်းရင်းသားအားလုံးရဲ့ နိုင်ငံရေး နိုးကြားမှုရေချိန် မြင့်တာနဲ့ ခေါင်းဆောင်တွေရဲ့ အမြော်အမြင်ကြီးမှုကြောင့် တိုင်းပြည်တကွဲတပြား ဖြစ်မသွားပါ။ တိုင်းပြည်တစည်းတလုံးတည်း လွတ်လပ်ရေးရခဲ့ပါတယ်။

အိန္ဒိယပြည်ကြီးဟာ လွတ်လပ်ရေးရတော့ ကံမကောင်းပါ။ တိုင်းပြည်နှစ်ပြည်ဖြစ်သွားပါတယ်။ အိန္ဒိယနဲ့ ပါကစ္စတန် တကျက်ကျက်ပါ။ နဂိုက တတိုင်းပြည်ထဲသားတွေဟာ လွတ်လပ်ရေးရတော့ အပြန်အလှန် နိုင်ငံခြားသားတွေ ဖြစ်သွားပါတယ်။ အိန္ဒိယသားက ပါကစ္စတန်သားကို နိုင်ငံခြားသားလို့ သတ်မှတ်ပြီး မုန်းတီးကြောက်ရွံ့သလို ပါကစ္စတန်သားကလည်း အိန္ဒိယသားကို မုန်းတီးကြောက်ရွံ့ပါတယ်။ အစိုးရတွေကလည်း သူဖြူရင် ကိုယ်မဲဖြစ်ကုန်ပါတယ်။ စစ်အေးခေတ်ဆိုလည်း စစ်အေးခေတ်မို့ အခု စစ်အေးလွန်ခေတ်ဆိုလည်း စစ်အေးလွန်ခေတ်မို့ အင်အားကြီးသူတွေကို ကပ်ကြပါတယ်။ တဦးကိုတဦး တိုင်းပြည်ပြိုကွဲအောင် ချောက်ချကြပါတယ်။ တဦးကောင်းစားရင် မနာလိုမရှစိမ့်ဖြစ်ပြီး ဒုက္ခရောက်နေရင် ဝါးကူပြီးထိုးပါတယ်။ နှစ်ဘက်စလုံးမှာ အဓိကရုဏ်းတွေလည်း ဖန်တီးပါတယ်။ ဒီသံသရာ ဘယ်တော့ဆုံးမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ပါဘူး။

တရုတ်ပြည် ကြည့်ပြန်တော့လည်း သူကတမျိုးပါ။ တရုတ်ပြည်မကြီးနဲ့ ထိုင်ဝမ်ဆိုပြီး ကွဲနေဆဲပါ။ ကြားလူဝင်မွှေနိုင်ဖို့ ဟာကွက်ကြီးဖြစ်နေပါတယ်။ အာရှငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကိုပင် အန္တရာယ်ပေးနိုင်တဲ့ပဋိပက္ခ ဖြစ်လာပါတယ်။

အိန္ဒိယနဲ့ တရုတ်ကြားမှာရှိတဲ့ ဗမာပြည်ဟာ တိုင်းပြည်တစည်းတလုံးတည်း လွတ်လပ်ရေးရခဲ့လို့ ကံကောင်းရုံမက နယ်နိမိတ် ပြဿနာလည်း ဖြေရှင်းပြီး ဖြစ်နေလို့ ဒုတိယပိုကံကောင်းပါတယ်။ အိန္ဒိယ၊ ပါကစ္စတန်တို့နဲ့က နယ်နိမိတ်ပြဿနာ အင်္ဂလိပ်က အခြေခံအားဖြင့် ရှင်းပေးထားခဲ့ပြီး ဖြစ်လို့ ကြွင်းကျန်ခဲ့တဲ့ သမိုင်းပြဿနာ မရှိပါ။

တရုတ်ပြည်နဲ့ကတော့ ရှိပါတယ်။ ပြဿနာ မကြီးကြီးအောင်လည်း အမေရိကန် နယ်ချဲ့သမားက သွေးထိုးပေးပါတယ်။ ဦးကျော်ငြိမ်းတို့ အလိုအရဆိုရင် ဒီပြဿနာ ပြေလည်ဖို့ ခက်ပါတယ်။ ဦးနရဲ့ အမြော်အမြင် ရှိမှုကြောင့် ဒီပြဿနာ ပြေလည်သွားတာကို မှတ်တမ်းတင်ရပါမယ်။ စစ်အေးလွန်ခေတ်အထိ ဒီပြဿနာ ပါမလာတာက တတိယ ကံကောင်းခြင်းပါ။

စတုတ္ထ ကံကောင်းခြင်းကတော့ အင်္ဂလိပ်က ၁၈၂၄ – ၅၂ – ၈၅ စစ်ပွဲတွေရဲ့ နောက်ပိုင်း ခေါ်လာပြီး နေရာချပေးခဲ့တဲ့ ကုလားအမျိုးသားတွေကို ၁၉၄၂ မှာ ဂျပန်ထိုးစစ်ကြောင့် ခွာစစ်ဆင်ရတော့ တပါတည်း ခေါ်ပြေးသွားလို့ပါ။ ကုလားတွေ သိန်းသန်းခြီပြီး ပြေးကြတာပါ။ ပြေးစရာ မရှိသူပဲ ကျန်ပါတယ်။ ၁၉၈၈ ခုနှစ်နဲ့ နောက်ပိုင်းမှာဖြစ်တဲ့ "ကုလားဗမာ အဓိကရုဏ်း" ဆိုတာတွေက စစ်အစိုးရတမင်ဖန်တီးတဲ့ ကိုယ့်ပြည်တွင်းသား (ပြေးစရာမရှိသူ) မူဆလင်တွေကို ရန်ရှာတာသက်သက် ဖြစ်ပါတယ်။ အဓိကရုဏ်းလို့တောင် ခေါ်လို့ မရပါဘူး။ ၁၉၆၇ တရုတ် ဗမာ အဓိကရုဏ်း လောက်လည်း မကျယ်ပြန့်ပါ။ နေဝင်းစစ်အစိုးရကိုယ်တိုင် ပေါ်လစီချပြီး သတင်းစာထဲကနေ လှုံ့ဆော်လို့ တရုတ်ဗမာ အဓိကရုဏ်းက ကျယ်ပြန့်ပါတယ်။

အခု စစ်အစိုးရခေတ်မှာလည်း

"ကုလားဗမာ အဓိကရုဏ်း" ဆိုတာ ဖြစ်အောင် ဖန်တီးနေပေမယ့် မကျယ်ပြန့်ပါ။ နိုင်ငံခြားက လာသူတွေ မဟုတ်တဲ့ ဗမာပြည်မှာ ဗမာရှင်ဘုရင်တွေ လက်ထက်ကထည်းက နေခဲ့တဲ့ 'မူဆလင်' တွေကို ဆွဲထုတ်ပြီး နှိပ်စက်တာဟာ အလွန်အမြော်အမြင် မဲ့ပါတယ်။ အန္တရာယ်လည်း ကြီးပါတယ်။ နေဝင်းက တရုတ် ဗမာ အဓိကရုဏ်း ဖန်တီးတာနဲ့တောင် မတူပါဘူး။

နေဝင်းလုပ်ခဲ့တာက ၁၉၆၇ မှာပါ။ "စစ်အေးခေတ်" ဖြစ်ပါတယ်။ ရူပါ ပါဝါတခုကို ဆန့်ကျင်ဖို့ တခုကိုခိုလို့ရတဲ့ခေတ်ပါ။

အခု "စစ်အေးလွန်ခေတ်" ပါ။ အမေရိကန် အကဲဆတ်နေချိန်ပါ။ အိုစမာဘင်လာဒင်ကို နှိမ်ဖို့ဆိုပြီး စစ်အင်အားစုစည်းတာ သိပ်များပါတယ်။ သတ္တဝါနဲ့ လက်နက်မမျှပါ။ လာဒင်ကိုနှိမ်ဖို့ ဒီလောက်မလိုပါ။ တခြား ရည်ရွယ်ချက်တွေရှိတာ သေချာပါတယ်။ (ဖိလစ်ပိုင်မှာ အမေရိကန်တပ် ရောက်နေပါပြီ)

လန်ဒန်ထုတ် ဂျိန်း (Jane) စာစောင်က လာဒင်ရဲ့ အဆက်အသွယ်တွေ ဗမာပြည်မှာရှိတယ်လို့ ရေးပါတယ်။ ဟုတ်မဟုတ် အတည်မပြုနိုင်ပါဘူး။ စစ်အစိုးရကို အခဲမကြေတဲ့ မူဆလင်တစုတော့ ရှိကောင်းရှိနိုင်ပါတယ်။ ဘဏ္ဍာရေးမှီခိုချင်တာ အဓိကပါ။ ဒါကို ပုံကြီးချဲ့ပြီးရေးတာပဲ ဖြစ်ပါလိမ့်မယ်။

အိုစမာ ဘင်လာဒင်ကိုသာ ဒဏ်မခတ်ပါနဲ့၊ တပါတည်း ဗမာပြည်စစ်အစိုးရကိုပါ ဒဏ်ခတ်လိုက်ပါ။ မူးယစ်ဆေးဝါးဂိုဏ်းတွေလည်း အပြတ်ရှင်းပေးခဲ့ပါဆိုတဲ့လေသံ ကြားရပါတယ်။ ဒါက မူဆလင်တွေဆီက မဟုတ်ပါဘူး။ တထောင့်က လေသံပါ။ ကြွက်မနိုင် ကျီမီးရှို့ခိုင်းတဲ့ ပေါ်လစီလုပ်လို့ မဖြစ်ပါဘူး။

ကံကောင်းခဲ့တဲ့ ဗမာပြည် ကံမဆိုး ပါစေနဲ့။

အမျိုးသားညီညွတ်ရေးရှိမှ ပြည်တွင်းငြိမ်းချမ်းရေးရှိ၍
ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မည်။

ကိုလိုနီသစ်ဖြစ်တဲ့ပုံစံ (၂) မျိုး

(၁)

ကိုလိုနီသစ်ပုံစံများ မည်မျှရှိမည်မပြောတတ်ပါ။ ယခုအထိ တဖြည်းဖြည်းပုံဖော်ဆဲ ဖြစ်ပါသည်။ ပုံစံ (၂) မျိုးတော့ တွေ့နေရပါပြီ။

ကိုလိုနီသစ်အကြောင်းကို ကွန်မြူနစ်များကစပြီး ပြောခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် (NLD က ရွေးကောက်ပွဲ နိုင်သောအခါ NLD ကို အပုပ်ချရန်) စစ်အစိုးရက သံယောင်လိုက် ပြောပါသည်။ ပြောသာပြောရသည် ကိုလိုနီသစ်၏ အနှစ်သာရကို သူတို့မသိပါ။ NLD အထူး သဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို သိကွာချရန်အသုံးချခြင်းသာ ဖြစ်ပါသည်။

သူတို့ရေးသမျှ ပြောသမျှမှာ ကိုလိုနီဟောင်းပုံစံများကို ပြောနေခြင်းဖြစ်ပါသည်။ (ယခုတော့ မပြောတော့ပါ။ ရင်ကြားစေ့လို၍ မပြောခြင်း မဟုတ်ပါ။ အမေရိကန်ကိုကြောက်၍ ဖြစ်ပါသည်။)

ကွန်မြူနစ်များက ကိုလိုနီဟောင်းပုံစံ ပြန်မဖြစ်နိုင်တော့ကြောင်း၊ အဖိနှိပ်ခံပြည်သူများ အဖိနှိပ်ခံ အမျိုးသားများက သုတ်သင်မြေမြှုပ်ခြင်းခံရ၍ ပြန်မလာတမ်း နိဂုံးချုပ်သွားပြီဖြစ်ကြောင်း ပြောခဲ့ပါသည်။ သဘာဝသယံဇာတများနှင့် ကုန်ကြမ်းများရရန် တိုက်ရိုက်ဖိနှိပ် သွေးစုပ်သည့် ကိုလိုနီဟောင်းပုံစံ လုပ်၍မရတော့ကြောင်း ပြောခဲ့ပါသည်။ သိပ္ပံနှင့်နည်းပညာ ထွန်းကားနေသောခေတ်တွင် (ကမ္ဘာ့ရွာဟုပြောကြသောခေတ်တွင်) ပုံစံသစ်တမျိုးဖြင့်သာ ဖိနှိပ်ကြတော့မည် သွေးစုပ်ကြတော့မည်ဟု ပြောခဲ့ပါသည်။

ဤပြောဆိုချက်များသည် တွေးခေါ်မြော်မြင်ထားမှုချည်း ဖြစ်ပါသည်။ လက်တွေ့ပြုရန် လိုနေသေးသည့် တွေးခေါ်မြော်မြင်မှုမျှသာ ဖြစ်ပါသည်။ ၂၁ ရာစုသို့ ရောက်လာသောအခါ တွင်ကား ကိုလိုနီသစ်ပုံစံတချို့ကို စတွေ့လာရပါပြီ။ လက်တွေ့အားဖြင့် အာဖဂန်ပုံစံနှင့် တောင်နှင့်အလယ် အမေရိကမှ ပုံစံများဖြစ်ပါသည်။

(၂)

ကိုလိုနီပုံစံသစ်ပေါ်သည့် ဖြစ်စဉ်သည် ၁၉ ရာစုက ကိုလိုနီဟောင်းဖြစ်စဉ်နှင့် အတော်ကလေး တူနေပါသည်။ ခရစ်ယာန် သာသနာပြုရေး၊ ကုန်သွယ်ရေးဟု မပြောတော့ဘဲ "လွတ်လပ်မှု" နှင့် ဘာသာရေးအစွန်းရောက် ဆန့်ကျင်ရေးဟု ပြောပါသည်။

၁၉ ရာစုက အင်္ဂလိပ်နယ်ချဲ့သည် စီမံကိန်းအသေးစိတ်ချပြီး ဗမာပြည်ကို ရောက်လာခြင်း မဟုတ်ပါ။ စစ်ပွဲ (၃) ခ်ီတိုက်မည်၊ တပိုင်းပြီးတပိုင်းသိမ်းမည်၊ ရုပ်သေးဘုရင်စနစ်မထား၊ ကုလားပြည်အောက် ပြည်နယ်အဖြစ် သွင်းလိုက်မည်စသဖြင့် လုပ်ငန်းစီမံကိန်းချပြီးမှလာသည် မဟုတ်ပါ။

ကုလားပြည် အတွေ့အကြုံကိုယူပြီး အခြေအနေအရ အဆင်ပြေသလို လုပ်သွားခြင်း ဖြစ်ပါသည်။

ဖက်ဆစ်ဂျပန်သည်လည်း စီမံကိန်းချပြီး လာခြင်းမဟုတ်ပါ။ တရုတ်ပြည် အတွေ့အကြုံကိုယူပြီး ဗမာပြည်တွင် အဆင်ပြေသလို လုပ်သွားပါသည်။ တရုတ်ပြည်တွင် တရုတ်သစ္စာဖောက် ဝမ်ကျင်ဝေ့ကို ရုပ်သေးရုပ်လုပ်ခဲ့သလို ဗမာပြည်တွင် ဒေါက်တာဗမော်ကို "အဓိပတိ" ထားပြီး ရုပ်သေးရုပ်လုပ်ခဲ့ပါသည်။ ဂျပန်တွင် ဘုရင်စနစ်ကျင့်သုံးနေ၍ ဗမာပြည်တွင် ဘုရင်စနစ် ပြန်ဖော်မပေးပါ။ (ဘုရင်ဖြစ်ချင်သူများ ဂျပန်ကတင်ပေးမည့် ပလွင်ပေါ်တက်ရန် လှုပ်လှုပ်ရွရွ ဖြစ်လိုက်သေးသည်) ဗမာပြည်တွင် အင်္ဂလိပ်လုပ်သလို "ဘုရင်ခံ" မထားပါ။ "သံအမတ်" ထားပါသည်။ တရုတ်ပြည်ကို နှစ်ပိုင်းခွဲ၍ အရှေ့မြောက်တွင် "မန်ချူးကော" ဘုရင့်နိုင်ငံ ထူထောင်ပေးသော်လည်း ဗမာပြည်တွင် မလုပ်ပါ။ အင်္ဂလိပ်လုပ်ခဲ့သလို "ပဒေသရာဇ်ကောင်စီ" ပင် ထားသည်ကို မတွေ့ရပါ။

ချုပ်၍ပြောလျှင် ရှိပြီးအတွေ့အကြုံကိုယူပြီး အခြေအနေအရ စခန်းသွားခြင်း ဖြစ်ပါသည်။

(၃)

၂၁ ရာစုသို့ဝင်သောအခါ ကိုလိုနီသစ်ပုံစံတခု အာဖဂန်နစ္စတန်တွင် ပန္နက်ချနေပါသည်။ လုပ်နေပုံက ၁၉ ရာစုနှင့်မတူပါ။

၁၉ ရာစုတုန်းက အာဖဂန်ကို အင်္ဂလိပ် ဝင်တိုက်ပါသည်။ ယခုလို တပ်ပေါင်းစု

ဖွဲ့ပြီးတိုက်ခြင်း မဟုတ်ပါ။

ဟိုတုန်းက ဝင်တိုက်သော အင်္ဂလိပ်တပ်တွင် "နာမည်ကျော်" ချာချီ စစ်ဗိုလ်ကလေးအဖြစ် ပါခဲ့ပါသည်။ ၁၈၉၇ ခုနှစ်ကပါ။

သူ၏ "ငယ်ငယ်က ဘဝ အကြောင်း" စာအုပ်တွင် အာဖဂန်အကြောင်း အောက်ပါအတိုင်း ရေးပါသည်။ (သဘောကို သာ ယူပါတယ်။ အတိအကျ ဘာသာပြန်တာ မဟုတ်ပါ)

– သီးနှံရိတ်သိမ်းချိန် မဟုတ်ရင်

အာဖဂန်ဒုက္ခသည် ကလေးငယ်

ပထန်တွေဟာ စစ်ချည်းတိုက်နေကြတာပဲ။ လူတိုင်းစစ်သား၊ နိုင်ငံရေးသမားနဲ့ ဘာသာရေးသမားတွေချည်းပဲ။ အိမ်တိုင်းက ခံတပ်ပဲ။ အိမ်ထောင်စုတိုင်းမှာ လက်စားချေစရာ ရန်သူရှိတယ်။ လူမျိုးစုတိုင်းမှာ ရန်ငြိုးရှိတယ်။

– "များပြားလှတဲ့ လူမျိုးစုတွေ – မဟာမိတ်အဖွဲ့တွေမှာ တခြားလူမျိုးတွေ – မဟာမိတ်အဖွဲ့တွေနဲ့ ရှင်းစရာသွေးကြွေးတွေ ရှိတတ်ကြတယ် " ဘယ်တော့မှ မေ့မပစ်ဘူး။ သွေးကြွေးကို မရ ရတဲ့နည်းနဲ့ ပြန်ယူကြတာပဲ။

– အဲဒီလိုလူ့လောကထဲ ၁၉ ရာစုက အချက်အလက်နှစ်ခု သွင်းပေးလိုက်တယ်။ တခုက ရိုင်ဖယ်၊ နောက်တခုက ဗြိတိသျှအစိုးရ။ "ပထမဟာကို သူတို့ပထန်တွေ သိပ်ကြိုက်တယ်။ ဒုတိယဟာကိုတော့ ဘာမှကောင်းကျိုးမပြုတဲ့အရာလို့ ယူဆတယ် "

ရိုင်ဖယ်က ကိုက် ၁၅၀၀ ကရန်သူကို မလွဲတမ်းမှန်အောင်ပစ်နိုင်လို့ သိပ်ကြိုက်တယ်။ တမိုင် အကွာက အိမ်နီးချင်းကို သတ်နိုင်တဲ့လက်နက် အိမ်ထဲမှာ ဆောင်ထားနိုင်လို့ သိပ်ကြိုက်တယ်။

ဒါက ချာချီရဲ့ ပထန်တွေအပေါ် အကဲဖြတ်ချက်ပဲ။ ပထန်တွေက အာဖဂန် နစ္စတန်မှာ လူမျိုးကြီးပဲ။ ဒါပေမဲ့ စုစုပေါင်း လူဦးရေရဲ့ ၃၈% ပဲ ရှိတယ်။ ဒုတိယလိုက်တဲ့ တာဂျစ်က ၂၅% နဲ့ ဟာဇာရာက ၁၉% ရှိနေတယ်။ တခြားလူမျိုးစုတွေလည်း အများကြီး ရှိသေးတယ်။ ချာချီရေးတာ ဆက်ရရင်

– စစ်တပ်ကြီးဝင်တယ်၊ တိုက်တယ်၊ ပြန်ထွက်သွားတယ်။ ဒီလိုဆိုရင် ဘာမှကိစ္စ မရှိဘူး။ ရေရှည်နေရာယူ တပ်စွဲနေရင်တော့ ကိစ္စဖြစ်ပြီ။

– စစ်တပ်နဲ့ပါလာတဲ့ နိုင်ငံရေး အရာရှိတွေ (ဗမာပြည်သိမ်း စစ်တပ်က ကာနယ်စလေဒင် လိုဟာမျိုး) ကလည်း တမျောင့်ပဲ။ သူတို့ကို စစ်ဗိုလ်တွေက မုန်းတယ်။ တို့နဲ့အတူပါတဲ့ နိုင်ငံရေးအရာရှိဟာ အလွန်ထက်မြက်ပါတယ်။ လူမှုနွန်းလည်း များတယ်။ စစ်ဆင်ရေးတွေကို အမြဲတမ်းရပ်စဲခိုင်းနေလို့ပဲ။ စစ်ကိုပဲကောင်းကောင်း မတိုက်ရဘူး။ တိုက်တော့မယ်ဆိုရင် သူဝင်ရှုပ်ပြီ။

ကိုလိုနီဟောင်းခေတ်က အင်္ဂလိပ် စစ်ဗိုလ်နဲ့ အင်္ဂလိပ်နိုင်ငံရေးအရာရှိရဲ့ ပဋိပက္ခကို ဖတ်ရပါသည်။ အင်္ဂလိပ်ချင်းပင် ဖြစ်သော်လည်း စစ်ဖြင့် အပြတ်အနိုင်ယူလိုသူနှင့် အာဖဂန်လူမျိုးစုချင်း ပဋိပက္ခထဲမှာ နိုင်ငံရေး အမြတ်ထုတ်လိုသူ၏ပဋိပက္ခ ဖြစ်ပါသည်။

အာဖဂန်တွင် ယခုဖြစ်နေသည်မှာ ၁၉ ရာစုကလို မဟုတ်ပါ။ အမေရိကန်နှင့် အခြားအင်အားကြီးများက စစ်ဝင်တိုက်ပါသည်။ ကုလသမဂ္ဂက ဂျာမဏီတွင် အာဖဂန် အစိုးရ ဖွဲ့ပေးပါသည်။ အစိုးရအဖွဲ့တွင် ဂိုဏ်းပေါင်းစုံ လူမျိုးစုံ ပါသည်။ အိမ်နီးချင်း ပါကစ္စတန်၊ အီရန်နှင့် မြောက်ဘက်မှ တာဒ်ခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်စတန် နိုင်ငံတွေ အကြိုက်လည်း ဖွဲ့ပေးရသည်။

နိုင်ငံရေးအရ ဂျာမဏီတွင် ဖွဲ့ပေးသည်မှာ (၆) လခံအစိုးရ ဖြစ်သည်။ စီးပွားရေးအရ အကူအညီပေးရန်ကျတော့ ဂျပန်တွင် အစည်းအဝေး လုပ်ကြသည်။ ပြည်တွင်း လုံခြုံရေး အတွက်ကျတော့ အင်္ဂလိပ် ဦးစီးသည့်တပ်ဖွဲ့ ထားသည်။ အာဖဂန်တွင် အင်္ဂလိပ်ကို ပုလိပ်အလုပ် ကြာကြာလုပ်ခိုင်းထားလျှင် စိတ်မချရ၍ (၆) လပဲ သတ်မှတ်ထားသည်။

အမေရိကန်က ပုလိပ်အလုပ်ထဲ ဝင်မပါပါ။ စစ်ကိုပဲ ဆက်တိုက်နေသည်။ အာဖဂန်မှ စစ်ဘုရင်တွေကို မှီခိုရ၍ တာလီဘန် အစိုးရကို ဖြုတ်ချထားရခြင်းဖြစ်ရာ စစ်ဘုရင်တွေကို ကြာရှည်ထိန်းထားနိုင်မည်လော ဆိုသော ပြဿနာကလည်း ရှိနေသည်။ စစ်ဘုရင်များတွင် ကိုယ်စီအကျိုးစီးပွား ရှိသည်။ အမှီလည်းရှိကြသည်။ ပဋိပက္ခလည်း ရှိကြသည်။ မည်မျှကြာရှည် ထိန်းထားနိုင်မည်နည်း။ အာဖဂန်၏ ဖြစ်ပေါ်ပြောင်းလဲမှုတိုင်းကို စောင့်ကြည့်ရပါမည်။ ကိုလိုနီသစ် အာရှပုံစံ ဖြစ်နေ၍ ဗမာပြည်အတွက် အရေးကြီးပါသည်။ အာဖဂန်ပုံစံမှာ "ရင်ခွင်ပိုက် ကိုလိုနီသစ်ပုံစံ" ဟု ခေါ်လျှင်ရမည် ထင်ပါသည်။

(၄)

တောင်နဲ့ အလယ် အမေရိကမှ ပုံစံတခုကိုလည်း တွေ့ရပါသည်။ ထိုပုံစံက တမျိုးဖြစ်ပါသည်။ ထိုဒေသတွင် အခြားအင်အားကြီးနိုင်ငံများ ဝင်မစွက်နိုင်ပါ။ (out of bounds) အပြင်လူ မဝင်ရန်ယမ်မြေ ဖြစ်ပါသည်။ "မွန်ရိုးဩဂါဒ" အရ အမေရိကန်က အပိုင်စီးထားသည်မှာ ကြာပါပြီ။ အသားကျ၍လည်း နေပါသည်။

ဤဒေသတွင် သမိုင်းရေး ထူးခြားချက် ရှိပါသည်။ ထိုဒေသက တိုင်းပြည်များ "လွတ်လပ်ရေး" ရကြသည်မှာ ၁၉ ရာစုအစက ဖြစ်ပါသည်။ နပိုလီယံစစ်ပွဲများတွင် စပိန်နှင့် ပေါ်တူဂီတို့ စစ်ရှုံးရာမှနေ၍ ကွက်လပ်ဖြစ်သွားကာ "လွတ်လပ်" လာကြခြင်း ဖြစ်ပါသည်။ သူတို့ "လွတ်လပ်ရေး" ရစဉ်က ဗမာပြည်က အင်္ဂလိပ်နှင့် ပထမစစ်ပွဲပင် မတိုက်ရသေးပါ။

နေထိုင်သည့်လူများ၏ ထူးခြားချက်လည်း ရှိပါသည်။ လူဖြူ၊ လူညို၊ လူမဲ သွေးနှောနေသူများ၏ နိုင်ငံ၊ လူဖြူများ၏နိုင်ငံ၊ တိုင်းရင်းသားများ၏နိုင်ငံဟူ၍ ရှိပါသည်။ သိပ်ကြီးသည့် နိုင်ငံ၊ သိပ်ငယ်သည့်နိုင်ငံဟူ၍လည်း ရှိပါသည်။

ချုပ်၍ပြောလျှင် အာရှတိုက်နှင့် မတူပါ။ ထိုသို့မတူသော အကြောင်းကြောင့်ပင် ကိုလိုနီသစ်ဖြစ်သည့်ပုံစံ မတူနိုင်ပါ။

အာဂျင်တီးနားနိုင်ငံ သတင်းများ ယခုတလော ကြားနေရပါသည်။ အကြွေးဒေါ်လာ ၁၄၁ ဘီလျံတင်နေ၍ ပြဿနာ

ဖြစ်နေပါသည်။ ပြည်တွင်းသုံးငွေကြေး (peso) ကို ရုပ်သိမ်းပြီး အမေရိကန်ဒေါ်လာကို ပြည်တွင်းသုံးငွေကြေး (dollarize) လုပ်မလုပ် တချို့က စဉ်းစားနေသည်ဟု ဆိုပါသည်။

(စကားချပ် – အကြွေးဒေါ်လာ ၁၄၁ ဘီလျံယူ၍ရသည်မှာ တောင်အမေရိက နိုင်ငံလည်းဖြစ်၊ လူဖြူနိုင်ငံလည်းဖြစ်၍ ရခြင်း ဖြစ်ပါသည်။ ဗမာပြည်လို တိုင်းပြည်က မမှန်း နိုင်ပါ။ ၁၀ ဘီလျံရဖို့ပင် မလွယ်ပါ။ ဒီမိုကရေစီ နိုင်ငံဖြစ်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဒလဟောရပြီး တိုင်းပြည်ဖွံ့ဖြိုးနိုင်မည်ဟု စိတ်ကူးယဉ်နေသူများ ဆင်ခြင်စရာ ဖြစ်ပါသည်။)

ဒေါ်လာကို တရားဝင်လုပ်သည့် နိုင်ငံ (dollarization) လည်း ဗမာပြည်က ဖြစ်နိုင်စရာ မရှိပါ။ ကိုလိုနီသစ်၏ ပုံစံတမျိုး ဖြစ်နေ၍သာ အမေရိကတိုက်က ထူးခြားသည့် ပုံစံကို တင်ပြခြင်း ဖြစ်ပါသည်။

ကိုလိုနီဟောင်းခေတ်က ဤပုံမျိုး မရှိပါ။ ရှိလည်း မရှိနိုင်ပါ။ ထိုစဉ်က ရှေ့ကို ကမ္ဘာသုံးငွေကြေးလုပ်နေချိန် ဖြစ်ပါသည်။ ယခုခေတ်တွင် အမေရိကန်ဒေါ်လာက ကမ္ဘာသုံးငွေကြေးကဲ့သို့ ဖြစ်နေ၍သာ ဤပုံစံအသစ်ပေါ် ခြင်းဖြစ်သည်ဟု ထင်ပါသည်။ တောင်အမေရိက၊ အလယ်အမေရိက၏ ထူးခြားချက်က အဓိကဖြစ်ပါလိမ့်မည်။ (အမေရိကန်သဘောမတူဘဲ dollarize လုပ်မရကြောင်း သတိပြုပါ)

တချို့က အာဂျင်တီးနားကို dollarize လုပ်စေချင်ပါသည်။ ယခုမလုပ်သေးပါ။ လုပ်ထားသည့်နိုင်ငံ သုံးနိုင်ငံတော့ ရှိပါသည်။ ပနားမား၊ အယ်လ်ဆာဗေဒါနှင့် အက်ကွေဒေါ နိုင်ငံတို့ ဖြစ်ပါသည်။ သို့သော် အာဂျင်တီးနားက နိုင်ငံငယ်များနှင့် မတူပါ။ အမေရိကန် ပြည်ထောင်စုထဲက ပြည်နယ်လည်း မဟုတ်၊ ကုလသမဂ္ဂဝင် သီးခြားတိုင်းပြည်ဖြစ်ပြီး အမေရိကန်၏ ငွေကြေးအောက် လုံးဝဝင်နေသောပုံစံ ဖြစ်ပါသည်။ ထိုပုံစံမျိုးမှာ "အထူး" ပုံစံ ဖြစ်ပါသည်။

dollarize လုပ်ခြင်းသည် မိမိ၏ အချုပ်အခြာအာဏာ တစိတ်တပိုင်းကို အမေရိကန်သို့ လွှဲပေးခြင်း ဖြစ်ပါသည်။ ငွေကြေးကိစ္စ မလွတ်လပ်တော့ပါ။

dollarize လုပ်သောနိုင်ငံများမှာ အမေရိကန်က သေဆိုသေ ရှင်ဆိုရှင် မီးသေသည့် တိုင်းရင်းသားများ၏ နိုင်ငံလေးများ ဖြစ်ပါသည်။ "ငှက်ပြောသီး သမ္မတနိုင်ငံ" ဟု နှိမ်ခေါ်ခံရသော အမျိုးအစားနိုင်ငံများဖြစ်ပြီး သမ္မတထက် အမေရိကန်ကော်ပိုရေးရှင်း၏ ဌာနေမန်နေဂျာက ပိုသြဇာရှိသော နိုင်ငံငယ်

များ ဖြစ်ပါသည်။

အာဂျင်တီးနားမှာ လူဖြူနိုင်ငံ ဖြစ်ရုံမက တောင်အမေရိက၏ 'ကျား' နိုင်ငံ ဖြစ်ပါသည်။ အင်္ဂလိပ်ကို စစ်ရေးဖြင့် အနှိတ်ခဲ့သော နိုင်ငံလည်း ဖြစ်ပါသည်။ လူဦးရေကလည်း သန်း ၄၀ နီးပါးရှိသည့် နိုင်ငံလတ် ဖြစ်ပါသည်။ အမေရိကန်နှင့်လည်း ဝေးပါသည်။ အလွန်မတတ်သာမှ dollarize လုပ်မည် ထင်ရပါသည်။ ယခုတော့ IMF ပြုသမျှ နေရမည့်ဘဝ ရောက်နေပါပြီ။

ကိုလိုနီသစ် ဖြစ်ကြသည့်ပုံစံ တူညီကြမည်မဟုတ်ပါ။ ကိုလိုနီဟောင်းခေတ်ကလည်း မတူခဲ့ပါ။ ဗမာပြည်လည်း အင်္ဂလိပ်ကိုလိုနီ၊ အိန္ဒိယလည်းကိုလိုနီ၊ ကနေဒါ၊ ဩစတြေးလျှလည်း ကိုလိုနီဖြစ်ပါလျက် ကနေဒါ၊ ဩစတြေလျှတို့နှင့် အိန္ဒိယ မတူခဲ့ပါ။ ဗမာပြည်နှင့်ကား ပို၍မတူခဲ့ပါ။ ချစ်တီးများကို ဗမာပြည်၏ အကြီးဆုံးမြေရှင်ဖြစ်အောင် လုပ်ပေးခံရသော နိုင်ငံဖြစ်ပါသည်။ ဗမာ့ရေနံ၊ ဝါကွမ်း လုပ်ငန်းလုပ်ကြသည့် ကုလားဓနရှင်ကြီးများ ရှိပါသည်။ ဗမာဓနရှင်ကြီးများ မရှိပါ။ ကိုလိုနီဆိုတိုင်း အဆင့်အတန်းမတူကြခြင်းကို ပြောခြင်းဖြစ်ပါသည်။

(၅)

၂၁ ရာစုတွင် ကမ္ဘာ့အခင်းအကျင်း (world order) အသစ်ပေါ်ပါလိမ့်မည်။ တိုင်းပြည်များ မဟာမိတ်ဖွဲ့မှုအသစ်၊ နေရာ

ဖြူနိုအေရီးစ်မှလူထုဆန္ဒပြပွဲ

ယူမှုအသစ် (new alignment) လုပ်ကြပါလိမ့်မည်။ ရှုပ်ရှုပ်ထွေးထွေးလည်း ဖြစ်ပါလိမ့်မည်။

ဗမာပြည် ဘယ်အနေအထား ရှိမည်နည်း။ ဤကိစ္စ အရေးကြီးပါသည်။ ထားရာနေ စေရာသွားဘဝလော။ လူကြီးတွေ စီမံရာ နာခံရမည့်ဘဝလော။ ကိုယ့်အဆင့် အတန်း ကိုယ့်ဘာသာသတ်မှတ်နိုင်မည့် ဘဝလော။ ကမ္ဘာ့စနစ်သစ်တွင် မည်သည့် အဆင့်နေရာ ရမည်နည်း။

ဤမေးခွန်းများကို မုချဖြေကြရပါမည်။ ရှောင်နေ၍မရသည့် စမ်းသပ်ခံပွဲ ဖြစ်ပါသည်။

အမျိုးသားညီညွတ်ရေး ပြိုကွဲနေချိန်၊ ပြည်သူလူထုနှင့် ကင်းကွာနေသည့် စစ်အစိုးရက တိုင်းပြည်၏ကံကြမ္မာ ဖန်တီးနေချိန် ဖြစ်၍ ကွန်မြူနစ်များ အလွန်စိုးရိမ်ပါသည်။

တိုင်းပြည်အဆင့်နေရာအတွက် စိတ်မအေးသူများအားလုံး သွေးစည်းပြီး လုံးပန်းကြရမည့်အချိန်ဟု ယူဆပါကြောင်း။

အနှစ် ၁၃၁ ပြည့်

အငြိမ်းစားနှုတ်ထွက်ပွဲ



နိုင်ငံတကာသီချင်းရဲ့ ဂီတသင်္ကေတ

ပီယဲဒေဂေးတား

ယူဂျင်းပေါ်တီယဲ

ကမ္ဘာ့ဘွန်ဖြူးနမ်များ၏ အရေးကြီးအာဒေသအနုပညာကိစ္စတွေမှာ အီဆိုဒိုးလန့်ဖြစ်ကြတဲ့ အင်တာနေရှင်နယ် အီဆွင်းကို ထူထောင်ခဲ့တာ အနုပညာဂျင် နမ်ဒေါင်း ၁၉၁ နှစ် ဂျီဒွာယ်ဖြစ်ပြီး အလုပ်သမားလူတန်းစားက ကမ္ဘာမှာ ပထမဆုံးအာဏာရခဲ့တဲ့ ပါရီမြို့အုပ်ချုပ်ရေး (၁၈၇၁ ခုနှစ်၊ မတ်လ-ဇွန်လ) ကို ဂုဏ်ပြုမှုပဲ အီဆွဲခဲ့တဲ့ အီဆိုဒိုးဟာ နိုင်ငံတကာလူပြဇာတ်မှုနဲ့အတူ ကနေ့အာထိ ဆက်လက်ရပ်တည်ခဲ့တဲ့ ပြည်ပါတယ်။

အဲဒီနိုင်ငံတကာ ဘွန်ဖြူးနမ်တွေဟာ ပါဝီဘို့ရဲ့ အခြားအနုပညာတွေ၊ ခုတေးသွန်ပြဇာတ်တွေနဲ့ လူထုရိုက်ပွဲတွေမှာ အီဆိုဒိုးကို အကြိုက်သဲကွဲကြီး အီဆိုးလေ့ ဂျီကျပါတယ်။ တချို့ဆိုရင် လူတန်းစားရေးရဲ့ ဆင်ဆိုင်းကို တက်ရောက်ခဲ့ခြင်းမှာ အီဆိုဒိုးကိုအီဆိုဒိုးဒီး သေမင်းကို ရဲဝံ့စွာ ရင်ဆိုင်သွားကျပါတယ်။

အီဆိုဒိုးကိုစီရေးသူဟာ ပြင်သစ်ဆိုင်ငံသား ယူဂျင်းပေါ်တီယဲ (EugenePottier) ပြဒ်ဒြို့ ဆေးသွားကို အသံသွင်းသူက ပီယဲဒေဂေးတား (Pierre Degeyter) ပြည်ပါတယ်။

ဘားတော့ဘရက်နဲ့ သူ့ကဗျာ

Bertolt Brecht and his Poetry

နှစ်ဆယ်ရာစုနှစ်အတွင်း အနောက်တိုင်းပြဇာတ်လောကတွင် ဩဇာသက်ရောက်မှု အကြီးမားဆုံးလူ၏ အမည်ကို ပြောပါဟုဆိုလျှင် အများစုက မဆိုင်းမတွပင် ဘားတော့ဘရက်ဟု ပြောကြလိမ့်မည်။ သို့သော်ယခုတိုင် အနောက်တိုင်းမှစာပေလောကသား အချို့ကမူ ဘရက်မှာ ပြဇာတ်ရေးသော ကဗျာဆရာဖြစ်သည်ဟု ဆိုနေကြသည်။ သူတို့စိတ်ထဲတွင် ဘရက်ရေးခဲ့သောကဗျာများ၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါတန်ဘိုးရှိနေသည်။ ယခုအခါ သူ့မွေးရပ် ဂျာမဏီနိုင်ငံအပါ နိုင်ငံအများအပြားတွင် သူ့ရုပ်တုများ၊ သူ့ကိုလေးစားတန်ဘိုးထားသူများ၏ အသင်းကလပ်များ ဖွဲ့စည်းထားကြလေသည်။

ဘားတော့ဘရက် (၁၈၉၈–၁၉၅၆) အား ဂျာမဏီနိုင်ငံဩဂ်စဘာဂ် (Augsburg) မြို့တွင်မွေးဖွားခဲ့သည်။ ဘရက်သည်အစတွင် မြူးနစ်တက္ကသိုလ်၌ ဆေးပညာသင်ခဲ့ပြီး စစ်ဆေးရုံတခုတွင် ဆရာဝန်အဖြစ် အမှုထမ်းခဲ့သည်။ သို့သော်သူသည် မကြာမီပင်စာပေဖက်သို့ ဘဝလမ်းကြောင်းကို ပြောင်းတင်လိုက်သည်။ ပထမကမ္ဘာစစ်အပြီး ၁၉၁၈ခုနှစ်တွင်သူသည် သူ၏ပထမဆုံးပြဇာတ် "ဘားလ်" "Baal" ကို ရေးသားခဲ့သည်။ သူ၏ဒုတိယပြဇာတ် ဖြစ်သော"ညဥ့်ယံဗုံသံများ"သည် ထိုစဉ်ကဂျာမဏီနိုင်ငံ၏ အမြင့်ဆုံးစာပေဆုကို ရရှိခဲ့သည်။ သူသည်ဇာတ်ခုံပေါ်မှအနုပညာကို တခေတ်ပြောင်းလဲပစ်လိုက်ကာ ပြဇာတ်များဆက်လက်တင်ဆက်ရင်း နာမည်တရှိန်ထိုး တက်လာခဲ့သည်။ ၁၉၂၈ခုနှစ်တွင် ကာတ်ဝေးလ်(Kurt Weill) နှင့်တွဲပြီးအတူ ရေးသားတင်ဆက်ခဲ့သည့် "သုံးပြားတန်အော်ပရာ"(The Three Penny Opera) မှာ အင်မတန်အောင်မြင်ပြီး လူသိများ ကျော်ကြား ခဲ့ကာ ယနေ့ထက်တိုင် လူကြိုက်များလှသည့် ပြဇာတ်တပုဒ် ဖြစ်နေသည်။ ထိုကာလများအတွင်းက သူ့လက်ရာများအား မာ့က်စ်ဝါဒအပေါ်သက်ဝင်မှုနှင့် ပြည်သူ့အကျိုးအတွက် ဖြစ်ရမည်ဟူသော ယုံကြည်ချက်ပေါ်တွင် အခြေပြုရေးခဲ့ခြင်း ဖြစ်သည်။

၁၉၃၃ ခုနှစ်တွင် ဂျာမဏီနိုင်ငံ၌ နာဇီများအာဏာရလာသောအခါ သူသည်ဇနီးသည်နှင့်အတူ စကင်ဒီနေးဗီးယားသို့ (သူသည် အများအားဖြင့် ဒိန်းမတ်နိုင်ငံတွင် နေခဲ့သည်) ထွက်ပြေးခဲ့ရသည်။ ထိုအရပ်တွင်သူသည် သူ၏နာမည်ကြီးကဗျာအမြောက်အများနှင့် ပြဇာတ်များကို ရေးသားခဲ့သည်။ ထိုအထဲတွင် "သတ္တိရှင်မိခင်နှင့် သူ့သားသမီးများ" (၁၉၃၉) (Mother Courage and Her Children) ၊ "ဂယ်လီလီယို၏ဘဝ" (၁၉၃၉) (Life of GAlileo)၊ "ဆစ်ချွမ်းကမိန်းမကောင်း" (၁၉၄၀) (Good Woman of Setzuan) တို့ ပါဝင်သည်။

ပထမကမ္ဘာစစ်၏ အနိဋ္ဌာရုံများနှင့် စီးပွားရေးကပ်များကို ကျော်ဖြတ်ရင်း သူသည်မာ့က်ဝါဒကို သက်ဝင်လာခြင်းဖြစ်ပြီး ထိုကာလက သူ့ရေးသားချက်များတွင် ဘူဇွာခနရှင်များနှင့် အာဏာရှင်များကို အပြတ်သရော် တိုက်ခိုက်ထားခြင်းများ တွေ့ရလေသည်။ ထိုစဉ်ကသူသည် ဓနရှင်အနုပညာကို နာကျည်းမုန်းတီးနေကြသော ဒါဒါဝါဒီများ (Dadaists) နှင့် တွဲမိခဲ့သည်။ သို့သော်ထိုစဉ်က သူ့အပေါ်ဩဇာအသက်ရောက်ဆုံးလူမှာ မာ့က်စ်ဝါဒသဘောတရားဆရာတဦးဖြစ်သော ကားလ်ကော့ရှ်(Karl Korsch) ဆိုသူ ဖြစ်သည်။ သူဂျာမဏီနိုင်ငံမှ ထွက်ပြေးသွားသောအခါ နာဇီများက သူ့ကိုနိုင်ငံသားအဖြစ်မှ ပယ်ဖျက်လိုက်ပြီး သူ့စာအုပ်များကိုလဲ သိမ်းဆည်းမီးရှို့ကြသည်။

၁၉၄၁ခုနှစ်တွင်သူသည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်သည်။ ထို့နောက် ဟောလီးဝုဒ်တွင်လည်း စမ်းသပ်လုပ်ကိုင်ခဲ့သေးသည်။

၄၀စုနှစ်များနောက်ပိုင်းနှင့် ၅၀စုနှစ်များအစောပိုင်းတွင် အမေရိကန်အစိုးရ၏ ကွန်မြူနစ်ဒိမ်နင်းရေးစီမံကိန်း ဖြစ်သည့် မက္ကာသီဝါဒ (McCarthyism) ကို စတင်အကောင်အထည်ဖော်သောအခါ ဘရက်ကို အမေရိကန်မဆန်သောလှုပ်ရှားမှုများ လုပ်သည်ဟုဆိုကာ

အောက်လွှတ်တော်ကော်မတီက ဆင့်ခေါ်ခြင်းခံရသည်။ သူထိုသို့ရုံးထွက်ပြီးနောက် ရက်ပိုင်းအတွင်းမှာပင် အရှေ့ဂျာမဏီသို့ ထွက်ခွာသွားခဲ့ပြီး ထိုနိုင်ငံမှာပင် ခေါင်းချသွားခဲ့သည်။

သူ့ရဲ့လက်ဝဲအယူအဆများကြောင့် အနောက်တိုင်းက သူ့ကိုကြဉ်ရန်မည်သို့ကြိုးပမ်းကြလင့်ကစား ၁၉၅၅ခု ပါရီနိုင်ငံစုံပြဇာတ်ပွဲတော်တွင် သူအောင်မြင်မှု အကြီးအကျယ် ရရှိခဲ့သည်။ သူ စတာလင် ငြိမ်းချမ်းရေးဆုကို ရရှိသည်မှာလည်း ထိုနှစ်ထဲမှာပင် ဖြစ်သည်။

နောက်တနှစ်တွင် နှလုံးရောဂါဖြင့် သူကွယ်လွန်သွားခဲ့သည်။

GENERAL, YOUR TANK IS A POWERFUL VEHICLE

It smashes down forests and crushes a hundred

men.

But it has one defect:

It needs a driver.

General, your bomber is powerful.

It flies faster than a storm and carries more than an

elephant.

But it has one defect:

It needs a mechanic.

General, man is very useful.

He can fly and he can kill.

But he has one defect:

He can think.

ဗိုလ်ချုပ်ကြီးရဲ့တင့်ကားဟာ အင်အားကြီးတဲ့ယာဉ်ပါ

သူဟာသစ်တောတွေကိုဖျက်ဆီး၊

လူတရာကိုနင်းချေနိုင်ပါတယ်။

ဒါပေမဲ့ သူ့မှာအားနည်းချက်တခုရှိတယ်၊

အဲဒါမောင်းမယ့်လူလိုတယ်ဆိုတာပဲ။

ဗိုလ်ချုပ်ကြီးရဲ့ဗုံးကြဲလေယာဉ်ဟာ တန်ခိုးထက်ပါတယ်။

သူဟာမုန်တိုင်းထက်မြန်ဆန်၊ ဆင်ကြီးတွေထက်

ပိုသယ်နိုင်ပါတယ်။

ဒါပေမဲ့ သူ့မှာအားနည်းချက်တခုရှိတယ်။

အဲဒါစက်ဆရာလိုတယ်ဆိုတာပဲ။

ဗိုလ်ချုပ်ကြီးခင်ဗျား၊ လူဟာအလွန်အသုံးဝင်ပါတယ်၊

သူဟာပျံသန်းနိုင်၊ သတ်ဖြတ်နိုင်ပါတယ်။

ဒါပေမဲ့ သူ့မှာအားနည်းချက်တခုရှိတယ်။

အဲဒါက သူဟာစဉ်းစားတတ်တာပါပဲ။

IN DARK TIMES

They won't say: when the walnut tree shook the wind

But: when the house-painter the crushed workers.

They won't say: when the child skimmed a flat stone across the rapids

But: when the great wars were being prepared for.

They won't say: when the woman came into the room

But: when the powers joined forces against the workers.

However, they won't say: the times were dark

Rather: why were their poets silent?

အမြောင်ခေတ်

သူတို့ဟာ သစ်ကြားသီးပင်က လေကိုလှုပ်ခါလိုက်တဲ့အခါမှာ
ဘာမှမပြောဘူး။
ဒါပေမဲ့ အိမ်ဆေးသုတ်သမားက အလုပ်သမားတွေကို
ဖြိုခွဲလိုက်တဲ့အခါမှာတော့ ပြောတယ်။

သူတို့ဟာ ကလေးငယ်က ချောင်းရေပြင်ကိုဖြတ်ပြီး
ခဲ(ဂဲ)ပြားလေးကို လျှပ်ပစ်လိုက်တဲ့အခါမှာ
ဘာမှမပြောဘူး။
ဒါပေမဲ့ စစ်ကြီးတွေအတွက်ပြင်ဆင်ပြီးတဲ့
အချိန်မှာတော့ပြောတယ်။

သူတို့ဟာ အမျိုးသမီးတယောက် အခန်းထဲကို
ဝင်လာတဲ့အခါမှာတော့
ဘာမှမပြောဘူး။
ဒါပေမဲ့ အလုပ်သမားတွေကိုဆန့်ကျင်ပြီး
အင်အားကြီးနိုင်ငံတွေ လက်တွဲတဲ့အခါမှာတော့ပြောတယ်။

ဒါပေမဲ့လဲ သူတို့ဟာ
ခေတ်ကြီးဟာ မှောင်လှတယ်လို့မပြောဘူး။
သူတို့ရဲ့ကဗျာဆရာတွေ
ဘာကြောင့်နှုတ်ဆိတ်နေတယ်ဆိုတာကိုသာ
ပြောတယ်လေ။

£ (အိမ်ဆေးသုတ်သမားဆိုတာ ဟစ်တလာကို ရည်ညွှန်းတာပါ)£ ©

တရားမျှတမှုရဲ့
‘‘မဟာချောက်ကမ်းပါးကြီး’’

တရားမျှတမှုရဲ့ ဘယ်ဝယ်ဘယ်ဆီမှာ
မဟာချောက်ကမ်းပါးကြီး လူနီတို့တေးသံသာ
အခွင့်အရေးများအား ကြားနိုင်ပါသလဲ။
တအိအို ရှေးဟောင်းလက်ရာနဲ့
တတိတိနဲ့ ရှားပါးအနုပညာပစ္စည်းများသာ
တိုက်စားဖဲ့ဖျက် ဒါတွေလောက်ပဲ
သက်တမ်းရှည်ခဲ့ပြီ ကိုလိုနီသုတ်သင်ရှင်းလင်းပွဲများအတွင်း
ထောင်စုနှစ်ဝက်။ ကြွင်းကျန်ရစ်။
ကြောင်းကျိုးကိုက်ညီစွာနဲ့ ရေကာတာအခြေမှ
လူနီများခမျာ အစာအဟာရ မပြည့်ဝတဲ့
သမိုင်းမှ ကော်လိုရာဒိုမြစ်မင်း စီးဆင်းနေဆဲ
မှိန်ပျပျောက်ကွယ်သွားရ လူဖြူလွတ်မြောက်ရေးရဲ့
ဖက်ဒရယ်အစိုးရက အကျင့်သီလညှိုးချုံးမှုအောက်မှာ
ကြင်နာတော်မူစွာ ဒီမိုကရေစီ ပျက်သုဉ်းမှုအောက်မှာ – – –။
သူတို့ဘိုးဘွားဘီဘင်တို့ရဲ့ ရပ်နေတဲ့ သစ်တပင်
ဇာတိ, အိုးအိမ်, ပြည်ရွာတွင် သေနေပါပြီ
အမျိုးသားဥယျာဉ် သုဉ်းနေပါပြီ
ဖန်ဆင်းစီရင်လိုက်တဲ့အခါ – – ။ ဆုံးပါးသွားပါပြီ။ ။
ဘယ်ဝယ်ဘယ်ဆီ
လူနီတို့အသံ
လွင့်ပျံရောက်သွားရှာ။

Tom Radzienda

(‘မဟာချောက်ကမ်းပါးကြီး’ Grand Canyon ဆိုတာ အမေရိကန် ပြည်ထောင်စု မြောက်အရိဇိုနာ ပြည်နယ်အတွင်းမှာရှိတဲ့ ကော်လိုရာဒို မြစ်ကြောင်းတနေရာမှ ချောက်ကမ်းပါးကြီးပါ။ ဒီချောက်ကမ်းပါးကြီးပတ်လည်မှာ ၁၀၀၉ စတုရန်းမိုင် အကျယ်အဝန်းရှိတဲ့ မဟာချောက်ကမ်းပါး အမျိုးသားဥယျာဉ် Grand Canyon National Park ကို သတ်မှတ်ပြုလုပ်ထားပါတယ်)

အမေရိကန်ခေတ်

ဆိုးယုတ်

စစ်ခေတ်

စစ်အေးစစ်ပွဲကြီးပြီးဆုံးသွားသော ဤကမ္ဘာကြီးတွင်စစ်စကားနှင့် စစ်အမြောက်သံများ ခြိမ့်ခြိမ့်ညံနေသည်မှာ အံ့သြစရာလို ဖြစ်နေပေသည်။ အမေရိကန်နိုင်ငံ ဝါရှင်တန်တွင် အခြေစိုက်သော အမျိုးသားကာကွယ်ရေးကောင်စီအဖွဲ့ ဆိုသည့်အကြံဉာဏ် စုဆောင်းရေးအဖွဲ့

National Defense Council Foundation ၏ ပြုစုထုတ်ပြန်ချက်အရ ဆိုလျှင် ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာပေါ်၌ လက်နက်ကိုင်ပဋိပက္ခဖြစ်နေခဲ့သော နေရာပေါင်း ၅၉ ခု ရှိသည်။ စစ်အေးကာလကဆိုလျှင် တနှစ်လျှင်ပျမ်းမျှ ၃၅ နေရာသာ ရှိသည်။ ကမ္ဘာပေါ်တွင် ဗိုလ်တဗိုလ်တည်း ရှိသောအခါ၌ စစ်ပိုဖြစ်နေပါပကောလား။

စစ်အေးခေတ်လွန်ကာလတွင် အမေရိကန်တပ်များ သူများနိုင်ငံတွင်းသို့ သွားရောက်တိုက်ခိုက်နေကြသည်မှာ တနှစ်ခြားလောက်ဖြစ်နေသည်။ ပြည်ပတွင် ချရပ်ထားသောစစ်စခန်းနှင့် စစ်သားအရေအတွက်မှာလည်း ရန်သူအတိအကျ မရှိတော့သည့် ကာလ၌ ၂၇၅၀၀၀ မျှရှိသည်။

ယနေ့အခါတွင် အရာကိစ္စများကို စစ်နဲ့ဖြေရှင်းသည်မှာ တရားတခုလိုပင် ဖြစ်လာနေသည်။ အမေရိကန်နှင့် အနောက်အုပ်စုဆိုလျှင် စစ်ခင်းရန်ဆုံးဖြတ်ပြီးမှ အကြောင်းပြစရာကို ရှာကြသည်။ အစွမ်းရေးလ်သည်လည်း အကြောင်းပြစရာဟောင်းကိုရှာပြီး အနိုင်ကျင့်မှုအသစ်တွေ လုပ်နေသည်။ ဂျပန်နှင့်ဂျာမဏီလို ဒုတိယကမ္ဘာစစ်တုန်းက စစ်ရှုံးနိုင်ငံများသည်လည်း အခါအခွင့်ရတိုင်း မိမိတို့ရဲ့ စစ်တပ်ကို နိုင်ငံတကာအလယ် ပွဲထုတ်နေသည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့လို သမိုင်းကြောင်းမရှင်းရသေးသောနိုင်ငံများဆိုလျှင် ထစ်ကနဲရှိတိုင်း သေနတ်ကို ထစပ်းနေကြပေသည်။

စစ်လက်နက်တပ်ဆင်မှုများမှာလည်း ငွေအလကားရနေသလား အောက်မေ့ရ၏။ မွဲတေနုံချာလှသည့် ဗမာပြည်လိုဟာကအစ ထိုင်ဝမ်အလယ် ဒုံးပျံကာကွယ်ရေး စနစ်သစ်တပ်ဆင်မည့် အမေရိကန်အဆုံး လက်နက်တပ်ဆင်မှုများမှာ အံ့ဘနန်းပင် ဖြစ်သည်။ သူတို့အထဲတွင် မည်သူမျှ တိကျသောရန်သူကို မပြောနိုင်။ သို့သော်စစ်ကြီးတပွဲအတွက် ပြင်ဆင်သည့်အလား ပြင်ဆင်နေကြပေသည်။

စစ်အေးကာလလွန် ကမ္ဘာ့အခင်းအကျင်းသစ်ကို စစ်ပွဲဖြင့် သတ်မှတ်သည့်အဆင့် မရောက်သော်လည်း စစ်အင်အားများပြသခြင်းဖြင့် ကိုယ့်နေရာကိုယ်အရယူရန် လုံးပန်းနေကြသည်မှာတော့ သေချာနေပေသည်။ ၂၀၀၁ ခုနှစ် အောက်တိုဘာ ၁၅ရက်ထုတ် နယူးစ်ဝိခ်ဂျာနယ်တွင် ဖော်ပြသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်လ်ရေးသောဆောင်းပါးအား ခေါင်းစဉ်တပ်ထားပုံကို ကြည့်ပါ "လုပ်ကြံအကြမ်းဖက်မှုကို ချေမှုန်းရေးတိုက်ပွဲ အစီအစဉ်က ကမ္ဘာ့အခင်းအကျင်းသစ်ကို မည်သို့ပုံပေါ်စေမည်ဆိုသည်ကို နိုင်ငံခြားရေးဝန်ကြီးက ပထမဆုံး

အကြိမ်ရှင်းပြလိုက်ခြင်း'' – ရှင်းလှပါသည်။

၉–၁၁ အဖြစ်အပျက်တွင် ဘုရှ်က ချက်ခြင်းပင် ဤသည်မှာ အမေရိကန်နိုင်ငံကို စစ်ပြုခြင်းဖြစ်သည်ဟု ပြောကြားလိုက်သည်။ အနောက်မီဒီယာများကလည်း ''ယခုအချိန် ကစပြီး ကမ္ဘာ့အခြေအနေ ပြောင်းသွားပြီ'' ဟူ၍ နှပ်ကြောင်းပေးကြသည်။ အိမ်ဖြူတော် သည် အကြမ်းဖက်လုပ်ကြံရေးသမားများ၏ အန္တရာယ်ကို ကားချဲ့ပြီး တနိုင်ငံလုံးနှင့် တကမ္ဘာ လုံးကို ခြိမ်းခြောက်သည်။ သူတို့ထင်ရာစိုင်းနိုင်ရန်အတွက် အကြောင်းပြစရာများ ဖန်တီးတော့သည်။ သမ္မတဘုရှ် အကြီးက စစ်အေးလွန်ကာလကို အမေရိကန်၏ခေတ် ဖြစ်ရမည်ဟု ကြေညာခဲ့သည်ကို သတိရသူများအဖို့ ဘုရှ်အငယ် ယနေ့ပြုလုပ်နေသည်များမှာ နားလည်ရန် မခက်ပေ။ အမေရိကန်အနေဖြင့် စစ်အေးလွန်ကာလ ကမ္ဘာ့အခင်းအကျင်းကို သူတို့အလိုအတိုင်း အကောင်အထည်ဖော် နိုင်ရန်အတွက် အီရတ်၊ ယူဂိုစလပ်စသည်တို့တွင် ဇာတ်တိုက်ခဲ့ပြီးနောက် ယခုအာဖဂန်စစ်ပွဲမှစ၍ တကယ့်ထိုးစစ်ကို စတင်လိုက်ပြီဟု ယူဆရတော့မလိုပင် ဖြစ်သည်။

ဤစစ်ပွဲတွင် အမေရိကန်သည် နျူကလီယာလက်နက်မှလွဲ၍ သူ့တွင်ရှိနေသော သစ်ပေ့၊ ဆန်းပေ့၊ ပြင်းထန်ပေ့ဆိုသည့် လက်နက်ခဲယမ်းများကို စမ်းသပ်အသုံးပြုနေသည်။ အစောကြီးကတည်းကပင် ဤစစ်ပွဲသည် အချိန်အရဖြစ်စေ၊ ဒေသအရဖြစ်စေ၊ လက်နက်သုံးစွဲမှုအရဖြစ်စေ ဘာအကန့်အသတ်မျှမထားဟု ဆိုခဲ့သည်။ သူတို့၏ စာနယ်ဇင်းများတွင်လည်း လုပ်ကြံအကြမ်းဖက်ရေးသမားများ ခိုအောင်းနေသော နိုင်ငံများဟူ၍ နိုင်ငံပေါင်း လေးဆယ်နီးပါးကို စာရင်းပြကြသည်။ အိမ်ဖြူတော်၏ လောဂျစ်အတိုင်းဆိုလျှင် သူတို့အနေဖြင့် ဤနိုင်ငံများအတွင်းသို့ အချိန်မရွေးဝင်ရောက်တိုက်ခိုက်ပိုင်ခွင့် ရှိနေပေသည်။ ၁၉၈၉ခုနှစ်နောက်ပိုင်းမှစ၍ တိုက်ခိုက်ခဲ့သော အမေရိကန်၏စစ်ပွဲတိုင်းသည် ဥရောအင်အား၊ လက်နက်အင်အား၊ မီဒီယာအင်အား၊ ရှိသမျှအင်အားတို့ကို ပုံအောကာ အားပြနေခြင်းဖြစ်ပြီး အမြီးရှိသူတိုင်း ရိပ်မိကြဟု ကြေညာနေခြင်းဖြစ်ကြောင်း ထင်ရှားလှသည်။

အမေရိကန်အုပ်စိုးသူလူတန်းစားနှင့် အမေရိကန် နိုင်ငံရေးသမားတွေ၊ အမေရိကန်မီဒီယာတွေ၏ ခေါင်းထဲတွင် အာဖဂန်စစ်ပွဲရဲ့ အခြေအနေ ယခုကဲ့သို့မဖြစ်မီ အစောကြီးကတည်းကပင် နောက်ပစ်မှတ်အကြောင်း ပြောကြားနေ၊ ရေးသားနေကြသည်မှာလည်း စဉ်းစားစရာ ကောင်းလှသည်။ စစ်ပွဲစကတည်းက အချိန်ကြာမြင့်စွာ တိုက်ရမည်ဖြစ်ကြောင်း သူ့တပ်သားများနှင့် သူ့နိုင်ငံသားများကို သတိပေးနေခဲ့သည်။ ကာဘူးလ်ကို သိမ်းပြီးတော့လည်း ဤအတိုင်းပြော၊ တာလီဘန်တွေကုန်သလောက် ရှိပြန်တော့လည်း ဤအတိုင်းပြော၊ စစ်ပြီးမည့်စကားကို တမင်ရှောင်ကွင်းနေလေသည်။ ထို့ကြောင့် ပင်တာဂွန်၏ ဤစစ်ပွဲမှာ ဘင်လာဒင်ကို ဖမ်းမိရေးမဟုတ်ကြောင်း၊ တာလီဘန်ကို ချေမှုန်းရေးလည်း မဟုတ်ကြောင်း ထင်ရှားနေပေသည်။

သူတို့ကတင်ပေးနေသည့် အာဖဂန် အစိုးရသစ်ဆို သည်မှာလည်း အနောက်က စစ်တပ်များ ဆက်လက်ချထားခွင့်အတွက် အကြောင်းပြချက်ဖန်တည်းပေးနေကြရသည်။ အမေရိကန်သည်အခါအခွင့်ကြုံတိုင်း ဘယ်သူတွေ ဘာပြောနေနေ၊ ကာဘူးလ်မှာ ဘယ်သူပဲအစိုးရ လုပ်နေနေ လက်ရှိအာဖဂန်နစ္စတန်မှာ တကယ်တမ်းအဆုံးအဖြတ်ပေးနေသူမှာ မိမိသာလျှင်ဖြစ်ကြောင်း အားလုံးသိရန် တနည်း မဟုတ် တနည်းဖြင့် ဖော်ပြသတိပေးနေပေသည်။

အာဖဂန်စစ်ပွဲ စကာစအချိန်တွင် အမေရိကန်သည် ဘော်လ်ကန်ဒေသအပါ ရေနံထွက်ရှိရာနေရာများကို ချုပ်ကိုင်ရန်အတွက် အကြောင်းပြချက်ရှာပြီး ဤဒေသကို ဝင်စီးခြင်းဖြစ်သည်ဟူသော အယူအဆတရပ် ပေါ်ထွက်လာခဲ့သည်။ ကျူးဘားနိုင်ငံခေါင်းဆောင် ကာစထရိုကမူဤသည်ကို သဘောမတူ။ မနှစ်နိုဝင်ဘာလ ၂ ရက်နေ့တွင်ပြောသော သူ့မိန့်ခွန်းတွင်သူက ''အမေရိကန်ရဲ့ အာဖဂန်စစ်ဟာ အဓိကအားဖြင့် ရေနံအတွက် ဖြစ်တယ်ဆိုတာကို ကျနော်အမြင်မတူဘူး။ ကျနော့်အမြင်မှာ ဒါဟာပထဝီ မဟာဗျူဟာတွက်ကိန်းနဲ့ လုပ်တာသာ ဖြစ်တယ်။ ရေနံလောက်နဲ့အတွက်တော့ ဘယ်သူမှ ဒီလိုအမှားမျိုးကို ကျူးလွန်မှာ မဟုတ်ဘူး။ အမေရိကန်အနေနဲ့ ရင်းနှီးမြှုပ်နှံနိုင်၊ ဝယ်နိုင်နေတာပဲ'' ဟုပြောခဲ့သည်။

အာဖဂန်ဒေသ၏ ပထဝီအနေအထားမှာ စစ်ရေးအရရော လက်ရှိပထဝီနိုင်ငံရေးသဘောအရပါ မည်မျှအရေးကြီးသည်ကို

လူတိုင်းနားလည်သည်။ အကယ်၍ ဤဒေသကို သာ အမေရိကန်က ချုပ်ကိုင်ခွင့် သာ ရရှိသွားလျှင် ရှရားနိုင်ငံအား (တရုတ်နိုင်ငံ လည်း ပါမည်) အောက်ဖက်မှ ညှပ်မိပြီး ဖြစ်သွားတော့မည်။ ချက်နိုင်ငံ ပရာဂ်ဖြို့တွင် ကျင်းပမည့် လာမည့်နေတိုးထိပ်သီး ဆွေးနွေးပွဲတွင် လာ့ဒီးယား၊ လစ်သူယေး နီးယားနှင့် အက်စတိုးနီးယားနိုင်ငံတို့မှာ နေတိုး အဖွဲ့ဝင် ဖြစ်လာတော့မည်။ သို့ဆိုပါက မော်စကိုနှင့် စိန့်ပီတာစဘာ့ဂ်(ယခင် လီနင်ဂရက်) တို့မှာ သာမန်ဒုံးတကမ်းစာတွင်သာ ရှိတော့မည်ဖြစ်သည်။

ဓနမာန်၊ စစ်မာန် တက်ချင်တိုင်း တက်နေသော အမေရိကန်ကို ရှရှားနှင့် တရုတ်တို့က မလိုအပ်သေးဘဲထိပ်တိုက် မတွေ့ဟု ယနေ့အခါမှာ သဘောထားကြဟန် တူသည်။ တတ်နိုင်သလောက် ရှောင်တိမ်းနေကြသည်။ သို့သော်အမေရိကန် အစိုးရ အဆက်ဆက်ကမူ "သံသေတ္ထာကြီး ချာချာလည်၊ ရန်ဖြစ်ချင်လို့ လာပါတယ်" ဆိုသလို နားရွက်ကိုလိုက်ပြီး တံတွေးဆွတ်နေသည်။ ဤနိုင်ငံနှစ်ခုပတ်လည်တွင် အခြေအနေ အမြဲလိုလို တင်းမာနေအောင် တမင်ဖန်တီးထားသည်။ ကိုဆိုဗိုနဲ့ ယူဂိုစလပ်ဗီစွမ်အစ ထိုင်ဝမ်ရေလက်ကြားနှင့် ယခုနောက်ဆုံး အာဖဂန်အဆုံး ဤနှစ်နိုင်ငံကို ဖန်တို့တမ်း ကစားသလို တို့နေလေသည်။

အမေရိကန်၏လုပ်ရပ်များအပေါ် မသင်္ကာဖြစ်စေသည့်အချက်များကို ထပ်မံအားဖြည့်လိုက်သောအချက်တခုမှာ ၁၉၇၂ ခုနှစ် ဆီကချုပ်ဆိုထားသော ဒုံးလက်နက် လျှော့ပေါ့ရေးစာချုပ်မှ နုတ်ထွက်လိုက်ခြင်းပင် ဖြစ်ပေသည်။ ဤအချက်အရဆိုလျှင် အမေရိကန်သည်ကမ္ဘာပေါ်တွင် ငြိမ်းချမ်းဖွံ့ဖြိုးသော ပတ်ဝန်းကျင်တခုဆိုတာထက် စစ်လက်နက် အပြိုင်အဆိုင်တပ်ဆင်နေကြသော ပတ်ဝန်းကျင်တခုကိုသာ လိုလားကြောင်း ထင်ရှားသွားပေသည်။ သူ၏အပြုအမူမှာ "ငါလိုခနအင်အား ရှိရင် ငါလို လက်နက်တပ်ဆင်ရေးအတွက် လုံးပန်းကြပါလား" ဟုစိမ်ခေါ်လိုက်သလို ရှိသည်။ ထို့ပြင်ကမ္ဘာကို စစ်ရေးအရ လှုပ်မိုးရေးအတွက် ဇောက်ချလုပ်တော့မည် ဖြစ်ကြောင်း ကြေညာလိုက်ခြင်းလည်း ဖြစ်ပေသည်။ အနာဂတ်လောကတွင် ရှူကလီယာထိပ်ဖူးတပ် ဒုံးလက်နက်များ ပိုမိုများပြားအဆင့်မြင့်လာမှု မှန်သမျှတို့အတွက် အမေရိကန်သည် သမိုင်းတွင်တာဝန်ယူရပေမည်။

အကယ်၍ ဒုတိယကမ္ဘာစစ်အပြီးတွင် အမေရိကန်က အဏုမြူလက်နက် အားကိုးဖြင့် စတင်ခဲ့သော စစ်အေးစစ်ပွဲမျိုး ထပ်မံပေါ်ပေါက်လာသည်ဆိုပါက ဤသမိုင်း အကွေ့တွင် အမေရိကန်၏ လုပ်ဆောင်ချက်များနှင့် တိုက်ရိုက်သက်ဆိုင်ပေလိမ့်မည်။

မိမိတို့၏အမျိုးသားစီးပွားအတွက် တပ်များကို စေလွှတ်ရပါသည်ဟုဆိုလေ့ရှိသော ဝါရှင်တန်အနေဖြင့် ယခုအခါတွင် မိမိတို့၏အမျိုးသားစီးပွားဆိုသည်ကိုပင် အနက်ဖွင့်မရလောက်အောင် ဖြစ်နေသည်။ တကမ္ဘာလုံးသူ့အကျိုးစီးပွားချည့် ဖြစ်နေသည်။

ပြီးခဲ့သည့် ၂၀၀၀ ခုနှစ်ဦးထုတ် အမေရိကန်နိုင်ငံမှ 'နိုင်ငံတကာ့ရေးရာ' ဂျာနယ်တွင် ကွန်ဒိုလီဇာရိုက်စ်ရေးသော ဆောင်းပါးအဖွင့်တွင် သူက "ဤသို့သော အကူးအပြောင်းကာလများ (စစ်အေးလွန်ကာလ) သည် မဟာဗျူဟာအခွင့်အရေးများကို ရရှိစေလေ့ရှိသည်ဖြစ်ရာ လွန်စွာမှ အရေးပါလှပေသည်။ ဤမတည်ငြိမ်သည့် ကာလသည် ပေါ်ပေါက်လာမည့် ကမ္ဘာ့အခင်းအကျင်းကို ပုံဖော် ရာ၌အကျိုးသက်ရောက်မှု ရှိပေသည်။" ဟုရေးထားသည်။

ဤဆောင်းပါးကို ၉–၁၁ အရေးအခင်း ဖြစ်စတွင် အမေရိကန်သမ္မတပြောခဲ့သော စကားများထဲမှကောက်နုတ်ချက်အချို့ဖြင့် အဆုံးသပ်ပါမည်။ ယနေ့ကမ္ဘာအား အမေရိကန်သည် ပုံစံအမျိုးမျိုးသော ဒေသထိုးစစ်များဖြင့် ချုပ်ကိုင်ရန် ကြိုးစားတော့မည်မှာ သေချာနေပေတော့သည်။

"အမေရိကန်နိုင်ငံသားများအနေနဲ့ စစ်ပွဲတွဲတည်းကိုသာ မျော်လင့်ထားလို့ မဖြစ်ဘူး။ ကျွန်ုပ်တို့တခါမျှ မကြုံဘူးတဲ့ ရေရှည်စစ်ရေးစီမံကိန်းကြီးတခုကို မျော်လင့် ထားကြရမယ်။"

"ဒီစစ်ပွဲဟာ စစ်ပွဲတိုလေး မဟုတ်ဘူး။ ကာလရှည်ကြာမယ်။ နှစ်ပေါင်းများစွာ ကြာမယ်၊ သမိုင်းမှာ ရှိဖူးမှာ မဟုတ်ဘူး။"

"သင်တို့ဟာ ကျွန်ုပ်တို့ဘက်မှာ ပါရင်ပါ မပါရင် အကြမ်းဖက် လုပ်ကြံရေးသမားတွေဘက်မှာပါတာ ဖြစ်မှာပဲ။"

"လူ့ကျင့်ဝတ်ဆိုတာကို ထည့်မတွက်နိုင်ဘူး၊ ကျုပ်တို့အနေနဲ့ ရှူကလီယာလက်နက်၊ ဓာတုဗေဒလက်နက်၊ ဇီဝဗေဒလက်နက်၊ ဘယ်လောက်ပဲကြမ်းကြုတ်ပြင်းထန်နေပစေ ဘယ်လိုနည်းနာကိုမျှ ချန်ထားမှာ မဟုတ်ဘူး။"

ဤသို့သော စကားမျိုးကို ဘင်လာဒင် ပင်လျှင် ပြောဝံ့မည် မထင်ပါ။

****

အမေရိကန်ထူထောင်နေတဲ့ ကမ္ဘာ့စနစ်

*** အသေခံပြီး တဦးချင်းတုံ့ပြန်တိုက်ခိုက်ရရှာတဲ့ အာရပ်တွေကို အကြမ်းဖက်သူလို့ စွပ်စွဲတယ်။ ခေတ်မီလေယာဉ်တွေ၊ တင့်ကားတွေ၊ မြေထိုးစက်တွေနဲ့ ကျူးကျော်သတ်ဖြတ်တဲ့ကျူးကို ခိုးကျူးတဲ့ စနစ်။**

*** အသေခံပုံးခွဲသူတွေကို မတားဆီးနိုင်ရကောင်းလားလို့ ပါလက်စတိုင်းခေါင်းဆောင် အာရဖတ်ကို အပြစ်တင်တယ်။ အိုဂီနာဝါမှ ဂျပန်အမျိုးသမီးလေးတယောက်ကို အမေရိကန်မရိန်းတပ်ကြပ်ကြီး မတရားပြုကျင့်မှုတွင် အမေရိကန်သမ္မတမှာလဲတာဝန်ရှိတယ်လို့ ... မပြောကြတဲ့ စနစ်။**

*** ဇင်ဘာဘွေရွေးကောက်ပွဲကို ညစ်ပတ်တယ်လို့ ပြောတယ်။ ဘုရှ် (အငယ်) အနိုင်ရတဲ့ ရွေးကောက်ပွဲကျတော့ စံပြလွတ်လပ်တဲ့ ရွေးကောက်ပွဲလို့ပြောတဲ့ စနစ်။**

*** ဘာသာတရားချင်းအခြေခံတူရင်၊ အသားအရောင်ချင်းတူရင် 'ဝံသာနု' ပြီး၊ မတူရင် ဖိနှိပ်တဲ့ စနစ်။**

အဲဒီစနစ်ကို ငါတို့ပြုတ်ပြုတ်သားသား ကန့်ကွက်တယ်။ ဆန့်ကျင်တယ်။

လူဆိုးတွေနဲ့ သူတိုင်ဖင်

အမေရိကန်အုပ်စိုးသူ လူတန်းစားဟာ သူတို့ရဲ့ဒီမိုကရေစီ၊ သူတို့ရဲ့ရွေးကောက်ပွဲ တို့နဲ့ ပတ်သက်ပြီး အသားယူဝါဒဖြန့်လွန်းလှတာကို လူတိုင်းသတိပြုမိကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ သမ္မတရွေးကောက်ပွဲဟာ အရင်းရှင်ကြီးတွေကို ကိုယ်စားပြုဖို့ အဲဒီအသိုင်းအဝိုင်းထဲက၊ အထူးသဖြင့် သန်းကြွယ်သူဌေးတွေထဲကပဲ ရွေးရတာ ပါလို့ပြောရင် တချို့ကသဘောမတူချင်ကြပါဘူး။ ၂၁ ရာစုရဲ့ ပထမဆုံး ရွေးကောက်ပွဲမှာ ကျမှ သာမန်အမေရိကန် ပြည်သူတွေတောင် စိတ်ပျက်သြဇာရတဲ့ကိစ္စတွေ တွေ့လာရပါတယ်။ သူတို့ရဲ့ ဒီရွေးကောက်ပွဲဟာ ပြည်သူတွေနဲ့ ဘာမှမဆိုင်၊ သူတို့အုပ်စိုးသူ အသိုင်းအဝိုင်းတွင်းမှာသာ အကြိတ် အနယ်လုံးပန်းနေရတဲ့ ကိစ္စဖြစ်ကြောင်းလဲ ပိုမိုပေါ်လွင်လာပါတယ်။

အခုတော့ ပဒေသရာဇ်မင်းတွေလိုမင်းဆက်တည်ထောင်တဲ့ ဘုရှ်အငယ်ကို ရွေးအင်္ဂလိပ်မင်းတွေကိုခေါ်သလို ဒုတိယမြောက် ဘုရှ်လို့တောင် သရော်ပြီးခေါ်ဆိုနေကြပါတယ်။ တကယ်ကျတော့ အဲဒီလိုခေါ်သူတွေကိုလဲ အပြစ်မတင်သာပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီဘုရှ်အငယ်က သူ့လက်ထောက်တွေ အဖြစ် ခန့်လိုက်တဲ့ ဝန်ကြီးဝန်ကလေး အများအပြားဟာ သူ့ဖခင်ပထမမြောက်ဘုရှ် လက်ထက်က လူတွေ ဖြစ်နေပါတယ်။ ဒါ့အပြင် အဲဒီလူတွေရဲ့ တဦးချင်းသမို့ငင်းကို ပြန်လည်ဆန်းစစ်ကြည့်လိုက်ရင် ဒီနေ့ဝါရှင်တန်က ကျင့်သုံးနေတဲ့ "ငါတကောပေါ်လစီ"ဟာ ဒါကြောင့်ကိုးလို့ တွေ့လာကြမှာ ဖြစ်ပါတယ်။ အိမ်ဖြူတော်မှာ ဒီမိုကရက်ပဲတက်တက်၊ ရီပတ်ဗလစ်ကင်ပဲ တက်တက် အခြေခံမူတွေ လုံးဝမပြောင်းလဲပါဘူး။

သူ့ဘေးပတ်လည်က လူတွေထဲမှာ အားလုံးဟာ လက်ယာသမားတွေ (အမေရိကန်နိုင်ငံရေးသဘောအရ) ချည့်ဖြစ်ရုံမက အားလုံးဟာ စီးပွားရေးသမားကြီး၊ ဒါမှမဟုတ် စစ်လိုလားသူ စစ်အနှစ်သက်တွေ ဖြစ်ကြပါတယ်။ နောက်ပြီးသူ့အဖေရဲ့လူယုံတော်တွေဖြစ်နေတာကလဲ အံ့သြစရာတိုက်ဆိုင်မှုပါ။ ဥပမာ ဆိုရင် သူ့အဖေရဲ့ပင်လယ်ကွေ့စစ်ပွဲတုန်းက လက်စွဲတော်တွေဖြစ်တဲ့ ဒစ်ခ်ချေနီ (Dick Cheyney) နဲ့ ကောလင်းပါဝယ်လ် (Colin Powell) တို့လိုလူတွေပေါ့။ ဟိုတုန်းက ကာကွယ်ရေးဝန်ကြီးလုပ်ခဲ့တဲ့ ချေနီဟာ အခုအခါမှာ ဒုသမ္မတဖြစ်လာပြီး အခု နိုင်ငံခြားရေးဝန်ကြီးလုပ်နေတဲ့ ပါဝယ်လ်ဟာ ဘုရှ်အကြီးတင်မြှောက်ခဲ့တဲ့ စစ်ဦးစီးချုပ် ဖြစ်ပါတယ်။

ပြည်တွင်းရေးရာကို ကိုင်တွယ်ကြတဲ့ ဂျွန်အက်ရှ်ခရော့ဖ် (John Ashcroft) [လူသေနဲ့ယှဉ်အရွေးခံရာမှာရှုံးခဲ့ဖူးသူ]၊ တော်မီသွန်မဆင် (Tommy Thompson) [ဝစ္စကောန်ဖဆင်ပြည်နယ်မှာ ပြည်နယ်အုပ်ချုပ်ရေးမှူးလုပ်တုန်းက လူဆင်းရဲအပေါ် အာဃာတကြီးသူဟု နာမည်ထွက်ခဲ့သူ]၊ ဂေးလ်နော်တင် (Gale Norton) [နာမည်ကြီးရှေးရိုးစွဲဝါဒီ] တို့ဟာလဲအားလုံးက အသိအမှတ်ပြုထားတဲ့ လက်ယာသမားတွေ ဖြစ်ပါတယ်။

ပြည်ပရေးရာကို ကိုင်တွယ်နေကြတဲ့ ကောလင်းပါဝယ်လ်၊ ဒေါ်နယ်ရမ်းစဖဲလ် (Donald Rumsfeld) နဲ့ ကွန်ဒိုလီဇာရိုက်စ် (Condoleezza Rice) တို့ သုံးဦးကတော့ ပိုလို့တောင်ဆိုးပါသေးတယ်။ ဒီသုံးဦးကို ဘုရှ်ရဲ့အဖွဲ့ (Bush's Group) လို့ သူတို့ရဲ့ မီဒီယာလောက ကခေါ်ကြတာပါ။ ပြီးခဲ့တဲ့ဆယ်စုနှစ်သုံးခုအတွင်း ပါဝယ်လ်ဟာ အမေရိကန် အုပ်စိုးသူလူတန်းစားရဲ့ သစ္စာရှိ

ခွေးအဖြစ် နာမည်ကြီးခဲ့ပြီး ဗီယက်နမ်စစ်ပွဲ တုန်းက ရွာသား၃၀၀ကို သတ်ဖြတ်ခဲ့တဲ့ အမေရိကန် စစ်တပ်ရဲ့ မိလိုင်ရွာလူသတ်ပွဲ (My Lai Massacre) ကို တာဝန်သိစွာ ဖုံးဖိပေးခဲ့သူဖြစ်ပါတယ်။ သူဟာ ရီဂင်လက်ထက်မှာ လုံခြုံရေးအဖွဲ့ထဲပါဝင်ခဲ့ပြီး ရက်စက်လှတဲ့ ကွန်ထရာ (နာကာရာဂွာမှာ ရွေးကောက်ပွဲနဲ့ တက်ခဲ့တဲ့ အိုတေဂါအစိုးရကို ဖြုတ်ပစ်တဲ့ စီအိုင်အေရဲ့ သူပုန်အဖွဲ့) တွေ ကိုယ်စားသူ့စကားအတိုင်းပြောရရင် "ရှေ့နေလိုက်ခဲ့သူ" ဖြစ်ပါတယ်။ လူမည်းအမျိုးသမီး ကွန်ဒိုလီဇာရိုက်စ်ဟာ ဘုရှ်အကြီး လက်ထက် တုန်းက လုံခြုံရေးအဖွဲ့ထဲမှာ ပါဝင်ခဲ့ပါတယ်။ သူဟာ တက္ကသိုလ်ပါမောက္ခတဦးလို့ဆိုပေမယ့် တခြား ကဲဘိနက်အဖွဲ့ဝင်တွေလိုပဲ စီးပွားရေးလောကထဲမှာ တွင်ကျယ်သူတဦးလဲ ဖြစ်ပါတယ်။ သူဟာကမ္ဘာ့ထိပ်တန်းရေနံ ကုမ္ပဏီကြီးတခုဖြစ်တဲ့ ရှယ်ဗရွန် (Chevron) မှာ ဘုတ်အဖွဲ့ဝင်ဖြစ်ပြီး ကမ္ဘာ့ဘဏ်လောကမှာ ထိပ်တန်းစာရင်းဝင်တဲ့ ဂျေပီမော်ဂန် (JP Morgan) မှာ အကြံပေး ပုဂ္ဂိုလ်လဲ ဖြစ်ပါတယ်။

ရမ်းစဖဲလ်ဟာ သမတဖို့ လက်ထက်တုန်းက ကာကွယ်ရေးဝန်ကြီးတာဝန်ယူခဲ့ပြီး ဂျီဒီဆီးယားလ် (GD Searle) ဆေးဝါး လုပ်ငန်းကြီးနဲ့ ဟိုင်းတက်ခ် (high tech) ကုမ္ပဏီကြီးနှစ်ခုတို့ရဲ့ အုပ်ချုပ်ရေးအဖွဲ့တွေမှာ ပါဝင်ပါတယ်။ သမ္မတကလင်တန်ရဲ့ လက်ထက်မှာ အမေရိကန်နိုင်ငံအပေါ် ဒုံးပျံခြိမ်းခြောက်မှု အခြေအနေ စုံစမ်းရေးကော်မရှင်ကို ခေါင်းဆောင်ခဲ့ပါတယ်။ တလလောက် အစည်းအဝေးထိုင်လိုက်ပြီးနောက် အမေရိကန်နိုင်ငံကို အီရန်နဲ့မြောက်ကိုရီးယားတို့ရဲ့ဒုံးပျံတွေက ခြိမ်းခြောက်နေပါတယ်လို့ အဖြေထုတ်ခဲ့တာ ဒီကော်မရှင်ပေါ့။ ဒီလိုနဲ့ဒီနေ့အခါမှာ နိုင်ငံအများအပြားကကန့်ကွက်နေကြတဲ့ နိုင်ငံတော် ကာကွယ်ရေးဒုံးပျံစနစ်ကို ဖော်ထုတ်ရမယ်လို့ ဆုံးဖြတ်ချက်ချခဲ့ကြတာပါ။ အခုနောက်ဆုံးမှာတော့ ဆယ်စုနှစ်သုံးခုလောက် စိတ်ရှည်လက်ရှည်နဲ့ ဆွေးနွေးညှိနှိုင်းကြပြီး ၇၂ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ ဒုံးလက်နက်ထုတ်လုပ်မှုကန့်သတ်ရေး စာချုပ်ထဲကနုတ်ထွက်လိုက်ခြင်းအားဖြင့် တကမ္ဘာလုံးကို စိန်ခေါ်လိုက်ပြန်ပါပြီ။

ဘုရှ်အစိုးရအကြောင်းပြောရင် မပြောမဖြစ်တဲ့အဖွဲ့တခု ရှိပါသေးတယ်။ အဲဒါကတော့ အရင်က ရီပတ်ဗလစ်ကင် သမ္မတများရဲ့ လက်စွဲတွေဖြစ်ခဲ့တဲ့ ကစ်စင်ဂါး၊ ရှလယ်ဇင်ဂျာ (James Shhlesinger)၊ ဒင်နှ်ကွေးလ် (Dan Quale) နဲ့ ညွှတ်ဂင်းဂရစ်ချ် (Newt Gingrich) တို့ပါဝင်တဲ့ ကာကွယ်ရေးပေါ်လစီ ဘုတ်အဖွဲ့ဆိုတာဖြစ်ပါတယ်။ ဒီအဖွဲ့က အာဖဂန်ကိုတိုက်ပြီး တာနဲ့တပြိုင်နက် ပစ်မှတ်ဟာ အီရတ်ဖြစ်ရမယ်လို့ တညီတညွတ်တည်း အကြံပေးခဲ့တာပါ။ ဂင်းဂရစ်ချ်ကဆိုရင် အမေရိကန်နိုင်ငံမှာလူ ဖ၀၀၀ သေဆုံးရတယ်ဆိုတဲ့အတွက် အခြေအနေပြောင်းသွားပြီဖြစ်ကြောင်း ကမ္ဘာကို သိစေရမယ် လို့ ပြောခဲ့ပါတယ်။

ဝါရှင်တန်ဟာ ဒီလိုလူတွေနဲ့ ဒီရာစုအကူးအပြောင်းမှာ အမေရိကန်ခေတ်တည်ထောင်မယ်လို့ ကြေညာနေတာ ဖြစ်ပါတယ်။

အမျိုးသားညီညွတ်ရေးရှိမှ ပြည်တွင်းငြိမ်းချမ်းရေးရှိ၍ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မည်။



“ငြိမ်းချမ်းရေး မျှော်လင့်ချက်”

အာဖဂန်နစ္စတန် နိုင်ငံကို အမေရိကန်တို့ ဝုံးစစ်ဆင် စတင်တိုက်ခိုက်ချိန်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ၎င်းရဲ့ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန်တို့ကို ကမ္ဘာ့ငြိမ်းချမ်းရေး နိဘယ်ဆု ချီးမြှင့်ကြောင်း ကြေညာခဲ့တာပါ။ နော်ဝေနိုင်ငံ အော်စလိုမြို့မှာ ကိုဖီအာနန် နိဘယ်ဆုကို ရယူလက်ခံနေတဲ့ အချိန်မှာတော့ အာဖဂန်နစ္စတန်ဟာ ဝုံးဒဏ်ကြောင့် စိစဉ်ကျဉ်းကြပ် ကြေနေပါပြီ။ “ကျွန်တော်ဆုယူနေတဲ့ ဒီအချိန် အာဖဂန်နစ္စတန် နိုင်ငံမှာ မိန်းကလေးတဦး ဖွားမြင်နေပါလိမ့်မယ်” လို့ ကိုဖီအာနန်က သူ့ရဲ့ ဆုယူမိန့်ခွန်းထဲမှာ ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။ အာဖဂန်နစ္စတန်မှာ ကိုယ်ဝန်ဆောင် မိခင်လောင်းများစွာ စစ်ပွဲရဲ့ ဘေးဒုက္ခမျိုးစုံ တွေ့ကြုံရင်ဆိုင်ကြရတာမို့ ဝုံးမိုးစဲစ ဒီအချိန်မှာ ကိုယ်ဝန်သည်တဦး မျက်နှာမြင်တဲ့ အခြေအနေ ရှိ့မရှိ မသေချာလှပါ။ မျက်နှာမြင်ခဲ့ရင်လဲ ဒီကလေးဟာ အမိဝမ်းထဲမှာ ပဋိသန္ဓေဘဝ နေခြင်း ကောင်းကောင်း နေခဲ့ရမှာ မဟုတ်ဘူးဆိုတာ ကတော့ သေချာပါတယ်။ စစ်မြေတလင်း မီးလောင်မြေမှာ ပန်းပင်ငယ် ရှင်သန်ပေါက်ဖွားရမယ့် အဖြစ်မျိုးပါ။ ဘာပဲဖြစ်ဖြစ် ကိုဖီအာနန်အနေနဲ့ သူဆုယူနေတဲ့ ဒီအချိန် ဒီအခိုက်အတန့်ကလေးမှာ အာဖဂန်နစ္စတန်နိုင်ငံအကြောင်း မမေ့မလျော့ ရှိနေတာကိုပဲ တော်လှပြီလို့ အောက်မေ့ရမှာပါ။

တကယ်က အာဖဂန်နစ္စတန်ဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတနိုင်ငံ ဖြစ်ပါတယ်။ အကြမ်းဖက်ဝါဒ ချေမှုန်းရေးကိုပဲ အကြောင်းပြပြု၊ တခြားဘယ်လို အကြောင်းပြချက်မျိုးကိုမှ တင်လာလာ၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတနိုင်ငံကို စစ်ပြုတော့မယ်ဆိုရင် ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ဆုံးဖြတ်ချက်ကို အရင်ဆုံး ရယူရမှာပါ။ ဒါမှမဟုတ် ကုလသမဂ္ဂ ဘောင်အတွင်းက ဖြေရှင်းမှုမျိုး ဖြစ်သင့်ပါတယ်။ အခုတော့ အမေရိကန်နိုင်ငံဟာ ကုလသမဂ္ဂကို ဘေးချိတ်ပြီး ငါတကော ကောကာ ဗိုလ်ကျစိုးမိုးရေးစစ်ပွဲကို စတင်ဆင်နွှဲလိုက်တာပါ။ သူတို့ထင်သလို ဝုံးကြဲပြီးချိန်ကျမှ ကုလသမဂ္ဂကို ကြည့်သာလုပ်ပေတော့ဆိုပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းမျိုး တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်။

ဆန်းတော့မဆန်းပါဘူး။ အမေရိကန်ဦးဆောင်တဲ့ အင်အားကြီးနိုင်ငံများဟာ ကုလသမဂ္ဂအဖွဲ့ကြီးကို ‘နယ်စပ်မျဉ်းစောင့်ပုလိပ်ကြီး’၊ အချင်းများ အငြင်းပွားမှု ပဋိပက္ခများ အကြားမှ ‘ပုဏ္ဏားတိုင်ကြီး’ အနေနဲ့ သာ တလျောက်လုံး သဘောထားလာခဲ့တာပါ။ ဒါကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ရည်မှန်းချက်များနဲ့ လက်တွေ့အကျိုးသက်ရောက်မှုများဟာ ‘ကြောက်ဖွယ် အဆီအငေါ်မတည့်မှုများ’ ဖြစ်ရခြင်းပါပဲ။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ကို “ငြိမ်းချမ်းရေးဆိုင်ရာ ယဉ်ကျေးမှုနှစ်” လို့ ကုလသမဂ္ဂက အမည်နာမ မှည့်ခေါ်လိုက်ပေမယ့် အဲဒီနှစ်မှာ ပြည်တွင်းစစ်ပေါင်း (၃၀) ကျော် တည်ရှိနေခဲ့ပြီး လူမျိုးရေးသန့်စင်မှုစစ်ပွဲ၊ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံးသော ဝုံးကြွမှုစစ်ပွဲ စတာတွေနဲ့ ဒီ ၂၀၀၀ ခုနှစ်ဟာ ပွဲသိမ်းအဆုံးသတ်ခဲ့ရပါတယ်။ အဲသလိုပဲ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ကိုဖီအာနန်တို့ကို ငြိမ်းချမ်းရေးဆုပေးနေတဲ့တချိန်ထဲမှာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ

တနိုင်ငံဟာ မငြိမ်းမချမ်းဖြစ်ရုံမက နာလန်ထူဖို့ ခက်လောက်အောင် တိုင်းပြည်ပျက်စီးဆုံးရှုံးနေရပါတယ်။

ဒီလို အဆိအငေါ်မတည့်မှုတွေနဲ့ ချွတ်ယွင်းချက်တွေ အမြောက်အမြားရှိနေတဲ့ တချိန်ထဲမှာ ကုလသမဂ္ဂအဖွဲ့ကြီးဟာ ကမ္ဘာ့နိုင်ငံအများစု (ဒါမှမဟုတ်) ကမ္ဘာ့ပြည်သူများရဲ့ မျှော်လင့်ချက် တည်ရှိရာလဲ ဖြစ်မြဲဖြစ်နေဆဲပါ။ ကုလသမဂ္ဂရဲ့ လုပ်ဆောင်နိုင်စွမ်းကို သေးသိမ်အောင် လုပ်လိုတဲ့ အမေရိကန်လွှတ်တော်ထဲက လက်ယာဂိုဏ်းနဲ့ ကုလသမဂ္ဂကို သူထင်သလို အမိန့်ပေးလို့ရရင်ရ၊ မရရင် ကုလသမဂ္ဂကို ဘေးချိတ်ထားလိုတဲ့ အမေရိကန် အာဏာပိုင်တို့ကြောင့် သာ ကုလသမဂ္ဂရဲ့ ရည်ရွယ်ချက်များနဲ့ အကျိုးသက်ရောက်မှုတို့ဟာ ပြဒါးတလမ်း၊ သံတလမ်းလို ကွဲပြားခြားနားသွားရတာပါ။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၊ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံများစတဲ့ နိုင်ငံအများစုကတော့ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအတွက် ကုလသမဂ္ဂအပေါ် ပုံပြီး မျှော်လင့်ထားခဲ့ကြပါတယ်။ ကမ္ဘာကို ဗိုလ်ကျစိုးမိုးလိုတဲ့ ခေတ်သစ်နယ်ချဲ့သမားတွေကတော့ ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍာကို ဖယ်ရှားချင်ပြီး၊ ကုလသမဂ္ဂကို တောင်ဖျက်သိမ်းချင်ပါတယ်။ ဒါပေမဲ့ အဲသလိုလုပ်ရင် ကမ္ဘာ့နိုင်ငံအများစုနဲ့ကမ္ဘာ့ပြည်သူများက ခွင့်ပြုကြလိမ့်မယ် မဟုတ်ပါ။

ကုလသမဂ္ဂဟာ ချွတ်ယွင်းချက်များ ရှိပေမယ့် အခြားတဖက်မှာကျ ပိုမိုအင်အားတောင့်တင်းလာနေပါတယ်။ အဖွဲ့ဝင်နိုင်ငံပေါင်း (၂၀၀) နီးပါးခန့် ရှိရုံမက၊ သက်တမ်း (၅၆) နှစ် ကျော်လာခဲ့ပါပြီ။ နိုင်ငံစုံ အဖွဲ့အစည်းတခု ဒီလောက်သက်တမ်းရှည်တာ ရှားပါတယ်။ သူ့အရင်က ရှိခဲ့တဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nations) ဆိုရင် သက်တမ်းတို့တယ်။ သူလဲ 'ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းဖို့' ရည်ရွယ်ချက်နဲ့ ဖွဲ့ခဲ့တာပဲ။

(နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ သင်ခန်းစာ)

(နိုင်ငံပေါင်းချုပ်အသင်းကြီး) (L N) ဘာကြောင့် သက်တမ်းတိုသလဲ၊ အစမကောင်းခဲ့လို့ပဲ။

သူ့ကို စဖွဲ့တုန်းက ပါသင့်တဲ့ နိုင်ငံတွေ မပါခဲ့ဘူး။ အမေရိကန်မပါတာ (L N) အတွက် သေနိုင်တဲ့ အားနည်းချက်ပဲ၊ (L N) စဖွဲ့တုန်းက သမ္မတဝီလဆင်ရဲ့ တင်ပြချက်နံပါတ် ၁၄ – အရ ဖွဲ့ခဲ့တာဖြစ်လို့ သူကစတင်ပြခဲ့တဲ့ အကြံဉာဏ် ဖြစ်ပေမယ့် တကယ်ဖွဲ့တော့ အမေရိကန်ကွန်ဂရက်က (ဗာဆေးစာချုပ်ကို သဘောမကျလို့ဆိုတာ အကြောင်းပြပြီး) သူမပါခဲ့ဘူး။ (အမေရိကန်ဓနရှင်တွေရဲ့ လုပ်နည်းက – ဥရောပနဲ့ ခပ်ကင်းကင်းနေ။ အမြတ်ရမယ်ထင်ရင် ဝင်ပြီး အမြတ်ထုတ်တာပဲ။ ဟိုတုန်းက ဒါမျိုး လုပ်လို့ ရတယ်။ ခု–ဒုတိယကမ္ဘာစစ်အပြီးမှာ သူ, ရှောင်လို့မရတော့ဘူး။ ဒီအချိန်ကျတော့ ဥရောပက သူ့ကို ထိပ်တင်ပြီး လုပ်နေကြပြီလေ။)

ဆိုဗီယက်ယူနီယံလဲ အစပိုင်းမှာ ပါခွင့်မရဘူး၊ သူကတော့ အမေရိကန်နဲ့ မတူဘူး။ သူကိုယ်တိုင် မပါချင်လို့ မဟုတ်ဘဲ သူ့ကို မပါရအောင် ဝိုင်းပယ်ထားလို့ပဲ။ L N မှာ အဓိကပါခဲ့တဲ့ စစ်နိုင်အင်အားကြီး နိုင်ငံတွေက ဘော်ရှီဗစ် ဆန့်ကျင်ရေးလုပ်ပြီး ဆိုဗီယက်ယူနီယံကို ဝိုင်းပယ်ခဲ့လို့ပဲ။ ဆိုဗီယက်ယူနီယံဟာ စစ်နိုင်သူထဲလဲ မပါ။ ကမ္ဘာ့စနစ်ချရာမှာလဲ မပါရဘူး။ ရုရှားပြည်မှာ ဆိုဗီယက်အာဏာ ဘယ်တော့ပြုတ်မလဲဆိုပြီး တထိတ်ထိတ်နဲ့ စောင့်နေရတဲ့ဘဝ၊ နယ်ချဲ့ကျူးကျော်မှုတွေ၊ ပြည်တွင်းစစ်တွေ၊ ပါတီတွင်းတိုက်ပွဲတွေနဲ့ မရှနိုင်မရှိုက်နိုင် ဖြစ်နေရတဲ့ဘဝ။ နိုင်ငံပေါင်းချုပ်အသင်းကြီး (L N) ထဲကို ၁၉၃၄ –ကျမှ ပါခွင့်ရပေမယ့် ဘာအာဏာ ပါဝါမှမရှိ။ (L N)ပျက်ကာနီးမှ ဝင်ပါရတာပဲ။ (L N)က ဒီအချိန်မှာ တကယ်က ပျက်နေပြီ။

(L N)ဖွဲ့ပြီးနောက်ပိုင်းမှာ အမေရိကန်နဲ့ ဆိုဗီယက်ယူနီယံတို့ မပါဝင်ခဲ့သလို –အင်္ဂလိပ်နဲ့ ပြင်သစ်တို့က စိတ်မပါလက်မပါနဲ့ ပါဝင်နေတာ ဖြစ်တယ်။ ဂျာမဏီအီတလီတို့က စစ်ရှုံးနိုင်ငံဖြစ်လို့ (L N) အဖွဲ့အတွင်းမှာ ဘာတာဝန်မှ မယူသလို ဂျပန်ကလဲ ခေါင်းရှောင်နေတယ်။

(L N)ကို အစကောင်း လုံးဝ မရှိဘူးလို့ ပြောနိုင်တဲ့ နောက်တချက်ကတော့ (L N) ဖွဲ့လိုက်တာနဲ့အတူ စစ်နိုင်လိုက်တဲ့ နယ်ချဲ့ဂိုဏ်းက စစ်ရှုံးတဲ့နိုင်ငံကို ဖိထောင်းတယ်။ သိပ်ကို တဖက်သတ်ကျတဲ့ စာချုပ်တွေ ချုပ်တယ်။ ကိုလိုနီတွေ ခွဲယူကြတယ်။ (ဂျပန်က အင်္ဂလိပ်နဲ့ ပြင်သစ် စစ်နိုင်ကာနီးကျမှ ဂျာမဏီကို စစ်ကြေညာတယ်။ ဂျာမဏီစစ်ရှုံးတော့ ဂျာမဏီပိုင်ထားတဲ့ တရုတ်ပြည်ထဲက နယ်မြေတွေကို ဝင်ယူတယ်။) စစ်နိုင်တဲ့ နယ်ချဲ့နိုင်ငံတွေက – စစ်လျော်ကြေးကို အဆမတန်တောင်းတဲ့အတွက် ဂျာမဏီဟာ စီးပွားရေးခြွတ်ခြုံကျတဲ့အထိ ဖြစ်သွားခဲ့ရတယ်။

အဲဒီအခဲမကြေမှုကနေ နာဇီဝါဒနဲ့ ဟစ်တလာ ပေါ်လာတာပဲ။

အဲသလို အစမကောင်းခဲ့လို့ အနှောင်းမသေချာတာတွေ ဖြစ်လာပုံကတော့–

(ကိုယ်ထင်သလို) လုပ်ချင်ရာလုပ်တဲ့ နိုင်ငံကို (L N) က အရေးယူတော့ (L N) ထဲက ထွက်တယ်ဆိုတာ ထပ်လုပ်တယ်။ ဒါကို ဘယ်သူကမှ ဘာမှမပြောကြဘူး။ အင်္ဂလိပ်၊ ပြင်သစ်၊ (စစ်နိုင်တဲ့ နယ်ချဲ့ဂိုဏ်း) က အားပေးတာတောင် လုပ်တယ်။ အဲဒီတုန်းက အင်္ဂလိပ်က လူတွင်ကျယ်ပဲ။ (အခု အမေရိကန်လိုပေါ့။) ပြင်သစ်က အင်္ဂလိပ်ကို မှီခိုနေရတာ။ (အခု အင်္ဂလိပ်က အမေရိကန်ကို မှီခိုနေရသလိုပေါ့။)

(L N) ထဲ ဆိုဗီယက်ယူနီယံ ပါခွင့်ရတဲ့အချိန် (၁၉၃၄) ခုနှစ်မှာကျတော့ (L N) ကို နာဇီဂျာမဏီက စိန်ခေါ်နေပြီ။ စစ်ရှုံးတုန်းက တဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်တွေ ဆွဲဆုတ်ပစ်နေပြီ။

အဲဒါရဲ့အရင် ၁၉၃၁ – ခုနှစ်ကတည်းက – ဂျပန်က တရုတ်ပြည် အရှေ့မြောက်ခြမ်းကြီးတခုလုံးသိမ်းပိုက်ပြီးနေပြီ။ (L N) က ဘာမှ မတတ်နိုင်ဘူး။ ကြည့်နေရတယ်။

၁၉၃၄– မှာ အီတလီက အီသီယိုးပီယား (Ethiopia) ကို ကျူးကျော်တယ်။ (L N) က ပိတ်ဆို့အရေးယူတာ (Sanction-) လုပ်ပေမဲ့ မထိရောက်ဘူး။ (L N) က ထွက်တယ်ဆိုပီး ထင်ရာစိုင်းတယ်။

၁၉၃၆– မှာ ဂျာမဏီက ရိုင်းလင်း (Rhineland) ကို သိမ်းတယ်။ အီတလီနဲ့လဲ စစ်ရေးစာချုပ် ချုပ်တယ်။ အဲဒီ (ရောမ ဘာလင် ဝင်ရိုးတန်း) ထဲကို ၁၉၄၀– ကျမှ ဂျပန်က ဝင်ပါတယ်။ ရောမ ဘာလင် တိုကျို ဝင်ရိုးတန်း ဖြစ်သွားတယ်။

ဖက်ဆစ်တွေ ထင်တိုင်းကြဲနေတာကို (L N) က ဘာမှ မတတ်နိုင်ဘူး။ အင်္ဂလိပ်

ပြင်သစ်တို့က ဝင်ပြီးထိန်းဖို့ နေနေသာသာ ဟစ်တလာကို ချော့မြူကြတယ်။ (မူဆိုလီနီနဲ့ ဟစ်တလာတို့ကလဲ "ဘော်ရှီဗစ်" ဆန့်ကျင်ရေးနဲ့ နိုင်ငံရေးစင်မြင့်ပေါ် တက်လာပြီး နိုင်ငံရေးအာဏာ ရလာကြသူတွေပဲ။) ဟစ်တလာကို ဆိုဗီယက်ဘက်ဦးတည်ပေးကြတယ်။ ဟစ်တလာကလဲ "ကွန်မြူနစ်ဆန့်ကျင်ရေး" လေသံ ပစ်ပေးနေတာဆိုတော့ သူတို့အကွက်ထဲ ဟစ်တလာ ဝင်တာပဲဆိုပြီး ချော့မြူတာပါ။ ဒါပေမဲ့ ဟစ်တလာက အားလဲရှိရော၊ ဆိုဗီယက်ဘက် ဦးမလှည့်ဘဲ အင်္ဂလိပ်ပြင်သစ်တို့ဘက် နောက်ပြန်လှည့်ပြီး ရန်ရှာတယ်။ အင်္ဂလိပ်က ကမ္ဘောသေပါး ပြင်သစ်ကနေ ဆုတ်ရတယ်။ ပြင်သစ်ကတော့ စစ်ရှုံးပြီး ဂျာမဏီအောက် ရောက်သွားတယ်။ (ဒါကြောင့် ပြင်သစ်ကို စစ်ရှုံးဂျာမဏီ အီတလီတို့နဲ့ တတန်းထဲထားပြီး U N စဖွဲ့ဖို့ စိုင်းပြင်းတော့ သူ့ကို ဖယ်ထားတာ ခံရတာပဲ)

ဖက်ဆစ်နိုင်ငံတွေ ပွဲကြမ်းလာတာကို မထိန်းနိုင်မသိမ်းနိုင်ဘဲ လက်မှိုင်ချနေရင်းက (L N) ဟာ တစတစ သေသွားခဲ့ရတာပဲ။ (L N) ကို သတ်ခဲ့တာဟာ စစ်ဝါဒနဲ့ ဖက်ဆစ်ဝါဒ ဖြစ်တယ်။ (U N ကို သတ်မှာကတော့ ဗိုလ်ကျစိုးမိုးရေးဝါဒ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ သူတို့သတ်ချင်သလို U N ကို လွယ်လွယ်နဲ့ သတ်လို့ ရမှာတော့ မဟုတ်ပါ။)

"(UN) ဘာကြောင့် သက်တန်း ရှည်သလဲ–"

ပထမအချက်က အစကောင်းခဲ့လို့ပဲ။

ဘာတွေ အစကောင်းသလဲ။

(၁၉၁၈) –တုန်းကလို စစ်နိုင်သူက စစ်ရှုံးသူကို ဖိထောင်းခွင့် မရှိဘူး။ နိုင်သူထဲမှာ ဆိုဗီယက် ပါနေပါတယ်။ ဆိုဗီယက်စစ်တပ်က ဘာလင်အပါအဝင် ဂျာမဏီတဝက် သိမ်းထားတယ်။ ပြင်သစ်၊ အီတလီ၊ ဂရိစတဲ့ တိုင်းပြည်တွေမှာ ကွန်မြူနစ်တွေ ရွေးကောက်ပွဲ ရလဒ်ကောင်းတွေ ရနေကြတယ်။ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ လှုပ်ရှားမှုတွေ မကြုံဖူးအောင် အားကောင်းနေတယ်။

အာရှမှာလဲ တရုတ်ကွန်မြူနစ်တွေက အင်နဲ့အားနဲ့ ဖြစ်နေပြီ။ အာရှတိုက်မှာလဲ ကွန်မြူနစ်ပါတီတွေ အားကောင်းနေတယ်။

နောက် နိုင်ငံပေါင်းချုပ်အသင်းကြီး (L N) ပေးတဲ့ သင်ခန်းစာတွေလဲ ရထားတယ်။

ဒါကြောင့် U N ဖွဲ့တော့ စနစ်ဇယားတွေက ပီပြင်တယ်။ တဖက်သတ် လုပ်ချင်လို့ မရဘူး။ ဆိုဗီယက်က လုပ်ချင်လဲ အမေရိကန်က တားမယ်။ အမေရိကန်က လုပ်ချင်လဲ ဆိုဗီယက်က တားမယ်။ ဗီတိုသုံးတဲ့ စာရင်းကို လေ့လာကြည့်ရင် ဆိုဗီယက်နဲ့ အမေရိကန်က တားဆီးတာ ပိုများတယ်။

ဒုတိယအချက်က နယ်ချဲ့စနစ် ဟောင်းပြိုကွဲပြီး လွတ်လပ်လာတဲ့ နိုင်ငံသစ်တွေ ကုလသမဂ္ဂထဲ အလုံးအရင်းနဲ့ ရောက်လာကြလို့ပဲ။ သူတို့က ကမ္ဘာကြီးငြိမ်းချမ်းမှ လွတ်လပ်ရေး တည်မြဲမှာ သိတယ်၊ နယ်ချဲ့ဗိုလ်ကျမှုကို ဘယ်သူလုပ်လုပ် လက်မခံဘူး။ ကုလသမဂ္ဂမှာ ကြားနေအင်အားစုကြီးတခု အဖြစ် ကြံ့ကြံ့ခိုင် ရပ်တည်နေကြလို့ပဲ။

၅၁– နိုင်ငံနဲ့ စခဲ့တာ အခု ၁၈၉ – နိုင်ငံ ရှိနေပြီ။ U N ရဲ့ လုပ်ငန်းလည်ပတ်တဲ့ စနစ်ကလဲ ရှိနေတော့ နိုင်ငံကြီးတွေက အဖွဲ့ဝင် နိုင်ငံလတ်၊ နိုင်ငံငယ်တွေကို အလေးထားရတယ်။

L N နဲ့U N- တို့ဟာ စာထဲမှာ "ကောင်းတဲ့ ရည်မှန်းချက်တွေ" ရှိကြတာ တူတယ်လို့ ဆိုနိုင်ပေမယ့်– ဒုတိယကမ္ဘာစစ်အပြီး ဖက်ဆစ်ဝါဒ ကျဆုံးခန်းနဲ့အတူ ကောင်းမြတ်မှုက မကောင်းမှုမိစ္ဆာ နတ်ဆိုးအပေါ် အနိုင်ရလိုက်ပြီဆိုတဲ့ ခံစားချက်နဲ့ လန်းဆန်းတက်ကြွတဲ့လေထု ဖြစ်ပေါ်လာတာမှာ U N က အားသာချက် ရှိပါတယ်။

ဒုံအပြင် ဒီ ၂ ဖွဲ့ရဲ့ ကွာခြားချက်ဟာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးတို့အပေါ် ခြိမ်းခြောက်လာမှုတွေကို တုံ့ပြန်တဲ့နည်းလမ်း ကွာခြားချက်တွေ အပေါ်မှာလဲ မူတည်နေပါတယ်။

ဒီလိုပြောလို့ ကုလသမဂ္ဂ အဖွဲ့ကြီး U N ဟာ အားလုံးကောင်းမွန်ပြည့်စုံနေတယ်လို့ ပြောလို့ မရပါဘူး။

ကုလသမဂ္ဂဟာ စစ်အေးတိုက်ပွဲ ကမ္ဘာ့အခင်းအကျင်း (World Order) ရဲ့ လိုအပ်ချက်အရ ပေါ်လာတာပါ။

ကမ္ဘာကြီး"ကျဉ်း" လာလေလေ ကမ္ဘာ့အခင်းအကျင်း (World Order) လိုအပ်လေလေ ဖြစ်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ဟာ ကမ္ဘာ့အခင်းအကျင်းဟောင်းကို ဖက်ဆစ်ဝါဒက စိန်ခေါ်ရာကနေ ဖြစ်လာတာပါ။

ဒုတိယကမ္ဘာစစ်ပြီးတော့ ဖက်ဆစ်ဝါဒ ရုံးသွားတယ်။ ကမ္ဘာ့အခင်းအကျင်း အသစ် ချမှတ်ရတော့မယ်။ ထုံးစံအတိုင်း စစ်နိုင်သူတွေ ချရမှာ ဖြစ်ပါတယ်။

ချမှတ်ရမယ့်သူတွေ (စစ်နိုင်သူတွေ) ထဲမှာ အရင်က မရှိဖူးတဲ့ အခြေအနေ ဖြစ်နေတယ်။ အရင်တုန်းကဆိုရင် စစ်နိုင်သူတွေထဲမှာ အားလုံးက စနစ်တခုထဲကို ကိုယ်စားပြုသူတွေ ချည်းပဲဆိုတော့ အခင်းအကျင်း အသစ်ချရတာ လွယ်တယ်။

နပိုလီယံစစ်ပွဲ နိုင်သူတွေဟာ ဘုရင်စနစ် ကျင့်သုံးသူတွေချည်းပဲ၊ အင်္ဂလိပ်၊ ဩစတြီးယား၊ ရုရှား ဘုရင်တွေ – ဘုရင့်ကိုယ်စားလှယ်တွေက တိုက်ရာပါ ပစ္စည်းခွဲဝေယူပြီးရင် ကိစ္စပြီးတယ်။ နောက် ပြဿနာပေါ်လာရင်လဲ စစ်တိုက်ပြီး ရှင်းလိုက်ကြပြန်တာပဲ။ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေ ဘာတွေ ဖွဲ့နေကြတာ မဟုတ်ပါ။

ပထမကမ္ဘာစစ် အပြီးမှာတော့ စစ်နိုင်သူထဲ လူသစ်အမေရိကန် ပါလာပါတယ်။ သူ့အကြံပေးချက်နဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီး ထားလာပါတယ်။ (နိုင်ငံပေါင်းချုပ်အသင်းကြီး၊ League of Nations)။ အားလုံးက အရင်းရှင်နယ်ချဲ့စနစ် ကျင့်သုံးသူချည်းဆိုတော့ ထုံးစံအတိုင်း တိုက်ရာပါပစ္စည်းခွဲဝေယူကြပြီးရင် ကိစ္စပြတ်ပါတယ်။ (L of N) အတွက် စည်းကမ်းနည်းလမ်းတွေ သိပ်စဉ်းစားကြတာ မဟုတ်ပါဘူး။

ဒုတိယကမ္ဘာစစ် အပြီးမှာတော့ ကျင့်သုံးတဲ့စနစ်ချင်း မတူကြဘူး။ ဆိုဗီယက်က ဆိုရှယ်လစ်စနစ်၊ ကျန်တာတွေက အရင်းရှင်နယ်ချဲ့စနစ် ဖြစ်နေတယ်။ ဒါကြောင့် ကုလသမဂ္ဂဖွဲ့တော့ နိုင်ငံပေါင်းချုပ် အသင်းကြီး သင်ခန်းစာယူပြီး အဖွဲ့ချုပ်အတွက် စည်းကမ်းနည်းလမ်းတွေ စနစ်တွေဘာတွေ အခိုင်အမာချတယ်။ အဓိကအကျဆုံးကတော့ လုံခြုံရေးကောင်စီ ဖွဲ့စည်းပုံပဲ။ အင်အားကြီးတွေ အားလုံး အမြဲတန်းပါရမယ်ဆိုတာ ဖြစ်လာတယ်။ ပြီးတော့ ဗီတို အာဏာ (Veto Power) ပေးရတယ်။ ကြီး (၅) ကြီး ဘယ်သူက ဘယ်သူ့ကိုမှ အများစုမဲနဲ့ အနိုင်ကျင့်မရအောင် လုပ်ထားရတာပဲ။

စဖွဲ့တုန်းက ကြီး (၅) ကြီး ထဲမှာ ဆိုရှယ်လစ်စနစ်ကျင့်သုံးသူက တဦးတည်းပဲ။

ကျန် (၄) ဦးက အရင်းရှင်နယ်ချဲ့စနစ် ကျင့်သုံးသူတွေ။

နောက် မကြာခင် တရုတ်က ဆိုရှယ်လစ်စနစ် ကျင့်သုံးသူဖြစ်လာတော့ တရုတ်ကွန်မြူနစ်ကို နေရာမပေးဘဲ ညစ်ထားတယ်။ ၁၉၇၁ ကျမှ နေရာ ရပါတယ်။

အခု စစ်အေးလွန်ခေတ် ရောက်ပါပြီ။ ကမ္ဘာ့အခင်းအကျင်းသစ် ချမှတ်ရပါတော့မယ်။ U N ပြုပြင်ရေး ပြောလာကြတာ ဒါကြောင့် ပါပဲ။

အင်အားကြီးမဟုတ်တဲ့ နိုင်ငံတွေအတွက်ပါ အနိုင်အကျင့် မခံရတဲ့စနစ်ဖြစ်အောင် ပြုပြင်ဖို့ အရေးကြီးပါတယ်။

U N ပြုပြင်ဖွဲ့စည်းရေး

ခုတလော (U N) ပြုပြင်ဖွဲ့စည်းရေးအကြောင်း အပြောများလာတယ်။

(U N) ပြုပြင်ရေးအကြောင်း ပြောခဲ့တာတော့ ကြာပါပြီ။ ၉၃ – ခုနှစ်ကတည်းက (U N) ပြုပြင်ပြောင်းလဲရေး အတွက် အကြံဉာဏ်တွေတောင်းပြီး ဒါကို စုံစမ်းစစ်ဆေးဖို့ အလုပ်အဖွဲ့ကလေးတခု တောင် ဖွဲ့ခဲ့သေးတာပဲ။ ဒါပေမဲ့ ထိရောက်တဲ့ အကြံဉာဏ်တခုမှ ရေရေရာရာ မယ်မယ်ရရ ပေါ်လာခြင်း မရှိပါဘူး။

ကုလသမဂ္ဂ ပြုပြင်ရေးအတွက် အမေရိကန်ရဲ့ သဘောထားကတမျိုး၊ စက်မှုထွန်းကားတဲ့ ချမ်းသာနိုင်ငံတွေရဲ့ သဘောထားက တဖုံ၊ ဖွံ့ဖြိုးဆဲနိုင်ငံနဲ့ တတိယ ကမ္ဘာနိုင်ငံတွေရဲ့ သဘောထားကတနည်း– ဆိုပြီး အမျိုးမျိုး ကွဲပြားနေလို့ပါပဲ။

အမေရိကန် လက်ယာဂိုဏ်းသားတွေအကြိုက် ပြောပါဆိုရင် U N ကို အမေရိကန် လုပ်သမျှ အလံစိမ်းပြ တံဆိပ်တုံးရိုက်ပေးတဲ့ အဖွဲ့ အဖြစ် ပြောင်းပစ် ချင်ကြတာပါ။

အမေရိကန် လက်ယာဂိုဏ်းသားတွေဟာ (NATO) ကို စည်းရုံးမိရင် NATO ကို သုံးကာ U N ဘောင်ထဲက ထွက်ပြီး လုပ်တယ်။ U N ကို အကဲစမ်းတယ်။ (အခု အာဖဂန်နစ္စတန်မှာလဲ U N ဘောင်ထဲက ထွက်ပြီးလုပ်ဖို့ အကဲစမ်းခဲ့သေးတာပဲ။)

ဒါကြောင့် U N ဘောင်ထဲက လုပ်ရေး၊ နိုင်ငံတကာဥပဒေထုံးတမ်းအရ လုပ်ရေးကို ကမ္ဘာကဝိုင်းပြီး ပြောနေတာပဲ။ သူ U N ဘောင်ကခွာပြီးလုပ်တာ တခါမကတော့ပါ။ အမျိုးမျိုးအကဲစမ်းတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ခန်ထားရေးမှာ ဘူးထရို ဂါလီကို ဖြုတ်တာလဲ သူတဦးထဲ သဘောနဲ့ပဲ။

သူလုပ်ချင်တိုင်း လုပ်ရအောင်လို့ ကုလသမဂ္ဂကို ငွေရေးကြေးရေးနဲ့ အကျပ်ကိုင်တယ်။

တကယ်ကကမ္ဘာကြီးမှာ လက်နက်တပ်ဆင်ရေးကိစ္စနဲ့ပတ်သက်လို့ တနှစ်တနှစ်ကို အမေရိကန်ဒေါ်လာ ဘီလီယံ ရှစ်ရာလောက်သုံးနေကြတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံ (ကြီး ၅ ကြီး) က ကမ္ဘာ့လက်နက် ရောင်းချရေးရဲ့ ၈၅% ကို လုပ်နေကြတယ်။ ဒါပေမဲ့ အဖွဲ့ဝင် နိုင်ငံတွေဟာ ကုလသမဂ္ဂအတွက် လိုအပ်တဲ့ တနှစ်အသုံးစရိတ် ဘီလီယံ အနည်းအပါးလောက်တောင် ရှာမပေးနိုင်ဘူး။

ကုလသမဂ္ဂမှာ ငွေကြေးအများဆုံး တာဝန်ယူထားရတာက အမေရိကန်ပါ။

အမေရိကန် လက်ျာဂိုဏ်းဟာ– ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွားအတွက် (U N) ရဲ့ လုပ်ဆောင်နိုင်စွမ်းကို တဖက်ကသေးသိမ်အောင်လုပ်နေသလို တဖက်ကလဲ (U N) ရန်ပုံငွေထည့်ရေးမှာ ကပျက်ယပျက် လုပ်တယ်။ သူက – ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းရေး လုပ်ငန်းဟာ အမေရိကန်အတွက် တိုက်ရိုက်ကျတဲ့ အကျိုးစီးပွားမရှိဘူးလို့ ယူဆတယ်။ ကုလသမဂ္ဂဟာ အရင်ကလို ချမ်းသာတဲ့ စက်မှုနိုင်ငံတွေရဲ့ အကျိုးစီးပွားထက် ဆင်းရဲတဲ့ နိုင်ငံအများစုရဲ့ အကျိုးစီးပွားကို ပိုလုပ်ပေးနေတယ်။ တတိယကမ္ဘာဘက် ပိုမျက်နှာမူနေတယ်။ ဒါကြောင့် အမေရိကန် ထည့်ဝင်တဲ့ ကုလသမဂ္ဂ ရန်ပုံငွေဟာ အမေရိကန်အကျိုးစီးပွားအတွက် မဟုတ်ဘဲ ကုလသမဂ္ဂက အရမ်းဖြုန်းတီးနေတယ်လို့ ထင်ထားပြီး ရန်ပုံငွေ ထည့်ရေးမှာ (သမ္မတအာဏာကိုတောင် အတိုက်အခံလုပ်ပြီး) အထစ်အငေါ့ဖြစ်အောင် လုပ်နေတာပဲ။

(ဒါပေမဲ့ အမေရိကန်လူထုရဲ့ သဘောထားကောက်ခံရာမှာတော့ ကုလသမဂ္ဂကို အခိုင်အမာထောက်ခံကြောင်း ဖော်ပြကြပါတယ်။)

အမေရိကန်ရဲ့ သဘောကတော့ သူ့အတွက် ထင်တိုင်းကြဲခွင့်ကို U N လုံခြုံရေးကောင်စီက သူ့ကို ပေးစေချင်တာပဲ။ ဆုံးဖြတ်ချက်ကို ကျော်လုပ်တာတွေလဲ အများကြီးပဲ။ အများသဘောနဲ့ လုပ်ထားတဲ့ သဘောတူညီချက်တွေ ဖျက်ပစ်တာလဲ ရှိတယ်။ [ကျိုတို သဘောတူညီချက် ဖျက်တာမျိုး၊ နှစ်ဘက်သဘောတူ စာချုပ်တဖက်သတ် ဖျက်ပစ်တာမျိုး၊ (ABM ကို ဖျက်တာ) တွေလဲ ရှိတယ်။]

အမေရိကန်လို –ကုလသမဂ္ဂကို အသစ်က ပြန်စပြီး ဖွဲ့ချင်တာမျိုး မဟုတ်ဘဲ လူသားအကျိုးစီးပွားအတွက် ပိုမိုကောင်းမွန်တဲ့ အဖွဲ့အစည်းမျိုးဖြစ်အောင် ပြုပြင်လိုတဲ့ဆန္ဒ ကမ္ဘာ့နိုင်ငံအများစုမှာ ရှိပါတယ်။

ကုလသမဂ္ဂ ပြုပြင်ရေးဆိုတာ တကယ်ကတော့ ကုလသမဂ္ဂမှာ အရေးပါတဲ့ (လုံခြုံရေးကောင်စီ) ပြုပြင်ရေးပါ။ (ကုလသမဂ္ဂ– စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ ပြောင်းလဲမှုတွေကတော့ လုပ်လဲလုပ်ပါတယ်။ အောင်မြင်မှုလဲ ထိုက်သင့်သလောက် ရခဲ့ပါတယ်။)

အမေရိကန်က ကုလသမဂ္ဂဟာ ဖွံ့ဖြိုးဆဲ နိုင်ငံများအကျိုးကို မျက်နှာလိုက်တယ် ထင်သလို ဖွံ့ဖြိုးဆဲနိုင်ငံများကလဲ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဟာ စက်မှုထွန်းကားတဲ့ နိုင်ငံကြီးများရဲ့ အကျိုးစီးပွားဘက်ကို ဘက်လိုက်နေတယ်လို့ စောဒက တက်ကြပါတယ်။

ကုလသမဂ္ဂ ဖွဲ့စည်းပုံမှာ အာဏာအရှိဆုံးက လုံခြုံရေးကောင်စီပါ။ အမြဲတမ်းအဖွဲ့ဝင် (ကြီး ၅– ကြီး) ကို ဗီတိုအာဏာ ပေးထားရပါတယ်။ အဲဒီစနစ်ကြောင့် အင်အားကြီးတွေအတွက် အာမခံချက်ရှိပေမယ့် အင်အားနည်းတဲ့ နိုင်ငံတွေအတွက် အာမခံချက် မရှိပါ။

ကုလသမဂ္ဂဟာ ဒုတိယ ကမ္ဘာစစ်အပြီးမှာ တည်ရှိနေတဲ့ ကမ္ဘာ့အခင်းအကျင်း (World Order) ကို ဖော်ပြတဲ့ ပုံရိပ်ပါ။ စစ်နိုင်တဲ့ အင်အားကြီးနိုင်ငံတွေ တဦးကိုတဦး အနိုင်မကျင့်နိုင်အောင် ထိန်းညှိပေးတဲ့စနစ်တီထွင်ထားရပါတယ်။ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်တွေထားတာနဲ့ သူတို့ကို ဗီတိုအာဏာ ပေးထားတာဟာ အင်အားချိန်ခွင်လျှာ ညှိပေးဖို့ပါပဲ။

နှစ် (၅၀) ကျော် ကြာတဲ့အခါ ကမ္ဘာ့အခင်းအကျင်းသစ် (New World Order) လိုလာပါတယ်။ ဒါကြောင့် ကုလ

သမဂ္ဂ ပြုပြင်ရေးကို ပြောလာကြတာပါပဲ။

ပြောသာပြောပေမယ့် ဘယ်အင်အားကြီး နိုင်ငံကမှ ဘယ်လိုပြုပြင်ရမယ် ဆိုတာကို ဆုပ်ဆုပ်ပိုင်ပိုင် အဆိုမပြုကြပါဘူး။

၁၉၄၄– ၄၅ တုန်းကတော့ စစ်နိုင်ထားသူတွေမို့ ပိုင်ပိုင်နိုင်နိုင် ပြောနိုင် အဆိုပြုနိုင်ပါတယ်။ အခု အဲဒီလို မပြောနိုင် အဆိုမပြုနိုင်ပါ။ အကဲစမ်းနေကြတာပဲ လုပ်ကြပါတယ်။

ဗမာပြည်အဖို့ ဒါဟာ ပထမဆုံး ကြုံရတဲ့ အခွင့်အရေး ဖြစ်ပါတယ်။ ဟိုတုန်းက ကိုလိုနီဖြစ်လို့ ပြောရေးဆိုခွင့် မရခဲ့ပါ။

ဒီအခွင့်အရေးရတုန်း ကောင်းကောင်း အသုံးချရပါမယ်။ ကိုယ်ပြောတာကို အများက လေးစားအောင်နဲ့ အရာရောက်အောင် ကြိုးတင်ပြီး လုပ်ထားရပါမယ်။ အထီးကျန် တကောင်ကြွက် စစ်အစိုးရဘဝနဲ့ (L.D.C) ဘဝက လွတ်အောင် ရုန်းထားရပါမယ်။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး ရှိနေရပါမယ်။ ဒါမှ ကိုယ်ပြောတာ လေးစားခံရမှာပါ။

အခု အချိန်ဟာ U N စဖွဲ့တဲ့ (၁၉၄၀) ခုနှစ်များနဲ့ ယှဉ်ကြည့်ရင် ကမ္ဘာ့မြင်ကွင်းဟာ အကြီးအကျယ် ပြောင်းနေပါပြီ။ လုံခြုံရေးကောင်စီဟာ ပထဝီနိုင်ငံရေး စွမ်းအားတွေ ဖြစ်ပေါ်နေတဲ့ လက်တွေ့ဖြစ်ရပ်တွေကို ထင်ဟပ်မပြနိုင်တာ ကြာပါပြီ။ ဂျပန်နဲ့ ဂျာမဏီတို့ဟာ ကမ္ဘာ့ဒုတိယနဲ့ တတိယ အကြီးဆုံး စီးပွားရေးအင်အား နိုင်ငံကြီးတွေ ဖြစ်နေကြပြီ။ သူတို့ဟာ (ကြီး ၅ ကြီး ထဲပါတဲ့) ပြိတိန်နဲ့ပြင်သစ်တို့ထက် ကုလသမဂ္ဂ ရန်ပုံငွေကို ပိုထမ်းနေရတယ်။ "နေရာမရဘဲ အခွန်ထမ်းနေရတဲ့ နိုင်ငံတွေ" လို့ ပြောလာကြပါပြီ။ ဒါပေမဲ့ သူတို့ဟာ လုံခြုံရေးကောင်စီမှာ အလှည့်ကျ အဖွဲ့ဝင် ဖြစ်ဖို့ Cape Verde လို နိုင်ငံမျိုးနဲ့ ပြိုင်တိုးနေရပါတယ်။

တတိယ ကမ္ဘာရဲ့ အဓိကနိုင်ငံတွေ ဖြစ်ကြတဲ့ အိန္ဒိယ၊ ဘရာဇီးနဲ့ နိုင်ဂျီးရီးယား နိုင်ငံတို့ကလဲ လုံခြုံရေးကောင်စီထဲမှာ နည်းနည်းပါးပါးလောက်ပဲ ပြောနိုင်ဆိုနိုင်ခွင့် ရှိတာပါလို့ ညည်းညူနေကြပါတယ်။ ဒါကို ဖြေရှင်းဖို့ အကြိုပြုတင်ပြချက် တခုကတော့ နိုင်ငံအလိုက် အဖွဲ့ဝင်ဖြစ်ရေးအစား ဒေသအုပ်စုတွေနဲ့ အစားထိုးရေးပါပဲ။ တချို့ကလဲ ဥရောပဟာ လုံခြုံရေးကောင်စီထဲမှာ တခုတည်းသော EU အနေနဲ့ အဖွဲ့ဝင်နိုင်ငံ ဖြစ်သင့်တယ်လို့ ဆိုနေကြပါတယ်။

အကြိုပြုချက်တွေက အများကြီးပါ။ အမျိုးလဲ စုံပါတယ်။

အရေးကြီးတာကတော့ U N ပြုပြင်ပြောင်းလဲရေးကို ဘယ်သူမှ ကန်ထရိုက် ဆွဲပြီး ပြုပြင်ခွင့်မပေးဖို့ပါပဲ။

"ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးနဲ့ ဗမာပြည်"

ပြုပြင်ရေးကို အားလုံးက သဘောတူရမယ်။ ဒါဟာ လူကြီးတွေ စီမံရာဆိုပြီး ခေါင်းညိတ်ရမယ့်ကိစ္စ မဟုတ်ပါဘူး။

နအဖ အစိုးရက ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးကို ရပ်ခံကြောင်း ပြောနေပါတယ်။

ဗမာပြည်က "အိမ်တွင်းပုန်းအစိုးရ" နဲ့ ဒီကိစ္စကို ဝင်ပါလို့ မဖြစ်ပါဘူး။ ကမ္ဘာလှည့်ပြီး စနည်းနာတာ၊ တူရာတူရာ ပူးပေါင်းဆောင်ရွက်ကြတာ၊ အရေးဆိုကြတာ လုပ်ရလိမ့်မယ်။ ဒါကြောင့် ပြည်သူကြိုက် အစိုးရ ရှိနေရမယ်။

ရှေ့နောက် ဝဲ ယာ ကြည့်ပြီး ခြေလှမ်းရမယ်။

ကမ္ဘာတခုလုံး ကြည့်တာအပြင် ကိုယ့်ပတ်ဝန်းကျင်ကိုလဲ ကြည့်ရပါမယ်။ ကိုယ်က အရှေ့တောင်အာရှနဲ့ တောင်အာရှရဲ့ အစပ်မှာ တည်ရှိနေတာ ဖြစ်ပါတယ်။ သမိုင်းကြောင်းအရလဲ အိန္ဒိယနဲ့ တရုတ်အရေးဟာ ဗမာပြည်ကို အမြဲတမ်းအဖျားခတ်လေ့ ရှိပါတယ်။

တရုတ်က ကြီး ၅ ကြီးထဲ နေရာရထားတာပါ။ သူ့သဘောထား အရေးကြီးပါတယ်။

နောက်ပြီး– အိန္ဒိယ။ ကုလသမဂ္ဂကို ပြုပြင်ရင် သူကလဲ ကြီးတကြီး ဖြစ်ချင်နေတာပါ။ သူနဲ့လဲ အဆင်ပြေရပါမယ်။ သူက အရင်ကလို ကြားနေဂိုဏ်း ခေါင်းဆောင် မလုပ်ချင်တော့ပါဘူး။ အာရှတောင်ပိုင်းမှာ သူ့ဩဇာ ထူထောင်ဖို့ လုံးပန်းနေဦးမှာပဲ။ အာရှတောင်ပိုင်း တည်ငြိမ်ရေး ငြိမ်းချမ်းရေးမှာ သူက အခရာကျနေပါတယ်။ ဒါပေမဲ့ ကပျက်ယပျက် လုပ်တယ်လို့ သူ့အနေနဲ့ ထင်နေတဲ့ ပါကစ္စတန် ရှိနေပါတယ်။ စစ်လည်း ၃ ကြိမ် တိုက်ပြီး ပါပြီ။ အနိုင်အရှုံး မပြတ်ပါ။ အခုလည်း စစ်ဖြစ်မလို ဖြစ်နေပါတယ်။

အားကစား (ဘောလုံးပွဲ) မှာ ပူးတွဲအိမ်ရှင်နိုင်ငံ လုပ်ကြလို့ ဆုံးဖြတ်ပေးလိုက်လို့ ရပေမယ့် နိုင်ငံရေးမှာ ပူးတွဲအင်အားကြီး နိုင်ငံဆိုပြီး (အိန္ဒိယနဲ့ ပါကစ္စတန်) ပူးတွဲပေးလို့ ရတာ မဟုတ်ပါဘူး။

NMD ကိစ္စမှာ အိန္ဒိယကို အလေးထားပြီး အမေရိကန်က Armitage လာရှင်းပြတော့ အိန္ဒိယက အတော်သဘောကျွေ့ သွားတယ်။ NMD ကို သူပဲ ထောက်ခံလိုက်တယ်။ လွတ်လပ်ရေးရအောင်လုပ်ခဲ့တဲ့ ကွန်ဂရက်ပါတီဟာ နေရှူမင်းဆက် ထောင်နိုင်ခဲ့တယ်။ တို့လဲ အိန္ဒိယကို ကြီးတကြီးဖြစ်အောင် လုပ်နိုင်ရင် ဘီဂျေပီ မင်းဆက် ထောင်နိုင်မှာပဲလို့ ထင်နေဟန် ရှိတယ်။

ကမ္ဘာ့ရွာမှာ ရွာသားလုပ်ရတာ လွယ်မယ် မထင်ပါ။ အမျိုးသားညီညွတ်ရေး ပြိုကွဲမှု ဆက်ရှိနေရင် ဒုက္ခရောက်နိုင်ပါတယ်။

အိမ်နီးချင်း နောက်တနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံအရေးကိုလဲ လွယ်လွယ်ပေါ့ပေါ့ သဘောထားလို့ မရပါ။ (၁၈၂၄) ခုနှစ် ဗမာပြည် အင်္ဂလိပ်နဲ့တိုက်တုန်းက သူက အင်္ဂလိပ်ဘက် ပါတယ်။ (ရန်ကုန်စာချုပ်ကြည့်)။ ၁၉၄၁ – မှာကျတော့ ဗမာပြည်ထဲဝင်မယ့် ဂျပန်ဘက်က ပါတယ်။ (ကျိုင်းတုံနယ် ဆုချခံရတယ်၊) SEATO ဖွဲ့တော့ အမေရိကန်ဘက်က ပါတယ်။ အမေရိကန်က ဒေါ်လာသန်း ၂၀၀၀ – ဆုချတယ်။ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်ကြေးစားလုပ်ပြီး တိုက်ပေးတယ်။ အမေရိကန် ဗုံးကြဲလေယာဉ်တွေအတွက် အခြေစိုက်စခန်း လုပ်ခွင့် ပေးတယ်။

အဲသလို အိမ်နီးချင်းမျိုးနဲ့ နေရတဲ့ ဗမာပြည်ဟာ သိပ်ကို သတိရှိရပါမယ်။ သူကိုယ်တိုင် ရန်ရှာမှာ (ရန်ရှာနိုင်တာ) မဟုတ်ပေမယ့် သူ့တိုင်းပြည်အကျိုး ထိပ်တင်ပြီး ကမ္ဘာ့နိုင်ငံရေးနဲ့ ဒေသနိုင်ငံရေးမှာ ကစားသွားတတ်တယ်။

ဗမာပြည်က လုပ်စရာတွေ အများကြီး လုပ်ရဦးမယ်။ အမြော်အမြင်က မျက်မွေးတဆုံးပဲ ကြည့်နေကြရင် – ဒုတိယအကြိမ် တိုင်းပြည်အဆင့်နေရာ ပျောက်လိမ့်မယ်။ ။

လုံခြုံရေးကောင်စီတွင်
နှစ်အလိုက် ဗီတိုအသုံးပြုမှုဇယား

ခုနှစ်	တရုတ်ပြည်*	ပြင်သစ်	ဗြိတိန်	အမေရိကန်	ဆိုဗီယက်/ရုရှား	စုစုပေါင်း
စုစုပေါင်း	၄ – ၅	၁၈	၃၂	၇၃	၁၂၀	၂၄၉
၂၀၀၁	–	–	–	၂	–	၂
၂၀၀၀	–	–	–	–	–	၀
၁၉၉၉	၁	–	–	–	–	၁
၁၉၉၈	–	–	–	–	–	၀
၁၉၉၇	၁	–	–	၂	–	၃
၁၉၉၆	–	–	–	–	–	၀
၁၉၈၆ – ၉၅	–	၃	၈	၂၄	၂	၃၇
၁၉၇၆ – ၈၅	–	၉	၁၁	၃၄	၆	၆၀
၁၉၆၆ – ၇၅	၂	၂	၁၀	၁၂	၇	၃၃
၁၉၅၆ – ၆၅	–	၂	၃	–	၂၆	၃၁
၁၉၄၆ – ၅၅	(၁*)	၂	–	–	၇၉	၈၂

* ၁၉၄၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ လုံခြုံရေးကောင်စီ၏ တရုတ်ပြည်နေရာကို ထိုင်ဝမ်မှ ရထားခဲ့သည်။

ANZUS အကြောင်း

အမေးအဖြေ

မေး။ ခုတလော နိုင်ငံတကာ့ နိုင်ငံရေးနယ်ပယ်မှာ ANZUS အကြောင်း ကြိုးကြာကြိုးကြာဆိုသလို ပါလာနေပါတယ်။ တချို့သူများ အတွက် ဒါဟာ စိမ်းနေတဲ့ ဝေါဟာရအသုံးအနှုန်း ဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် ANZUS-အကြောင်း ရှင်းပြပေးစေလိုပါတယ်။ ပထမဆုံး မေးလိုတာကတော့ ANZUS – ဆိုတာ ဘာကိုခေါ်ဝေါ်ပါသလဲ။

ဖြေ။ ANZUS- ဆိုတာ သဘောတူစာချုပ်တခုကို အတိုကောက် ခေါ်ဝေါ်ထားတဲ့ ဝေါဟာရပါ။ စာချုပ်အဖွဲ့ဝင် နိုင်ငံများ ဖြစ်ကြတဲ့ အမေရိကန်၊ နယူးဇီလန်နဲ့ ဩစတြေးလျား နိုင်ငံတို့ကို အတိုကောက် ANZUS – လို့ ခေါ်ထားတာပါ။

မေး။ ဒီ ANZUS- စာချုပ်ကို ဘယ်တုန်းက ဘာ့အတွက် ချုပ်ဆိုခဲ့ပါသလဲ။

ဖြေ။ (ပထမဆုံး ကြိုတင်ပြီး စကားပလ္လင်ခံထားလိုတာကတော့ – နိုင်ငံတကာ့ စာနယ်ဇင်းတွေထဲမှာပါတဲ့ အချက်အလက် တချို့နဲ့ အထူးသဖြင့် ဩစတြေးလျားကွန်မြူနစ်ပါတီရဲ့ ရေးသားချက်တွေထဲက နှစ်သက်တဲ့ အယူအဆနဲ့ အချက်အလက်တွေကို မူတည်ပြီး ကျွန်တော် ဖြေကြားသွားမယ် ဆိုတာပါပဲ။)

–(၁၉၅၁) ခုနှစ် စက်တင်ဘာ (၁၁) ရက်နေ့က ဆန်ဖရန်စစ္စကိုမြို့မှာ ဩစတြေးလျ၊ နယူးဇီလန်နဲ့ အမေရိကန် သုံးနိုင်ငံတို့ရဲ့ လုံခြုံရေးအတွက်ဆိုပြီး ဒီစာချုပ်ကို ချုပ်ခဲ့ပါတယ်။ လုံခြုံရေးကိစ္စလို့ ဆိုရာမှာ – ဒုတိယကမ္ဘာစစ်အတွေ့အကြုံကို သင်ခန်းစာယူပြီး၊ ရုတ်တရက် တိုက်ခိုက်မှုများ မဖြစ်ပေါ်ခင်ကတည်းက ကြိုတင်လက်ဦးမှုယူကာ ပြင်ဆင်တဲ့အနေနဲ့ စစ်မဟာမိတ်ဖွဲ့လိုတာလို့ ဆိုပါတယ်။

မေး။ စာချုပ်ထဲမှာ စစ်ရေးကိစ္စ ဘယ်လိုပါသလဲ။

ဖြေ။ စာချုပ်ထဲမှာပါတဲ့ စာပိုဒ်တပိုဒ်ကိုပဲ ကိုးကားဖော်ပြပါမယ်။ "ပစိဖိတ်သမုဒ္ဒရာအတွင်း စာချုပ်အဖွဲ့ဝင် နိုင်ငံတခုကို စစ်ရေးတိုက်ခိုက်မှုပြုတာဟာ မိမိတို့အားလုံးရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးကို ထိခိုက်စေတယ်လို့ အဖွဲ့ဝင် နိုင်ငံအသီးသီးက သဘောထားတယ်။ ဒီတိုက်ခိုက်မှုကို အားလုံးနဲ့ဆိုင်တဲ့ ဘုံအန္တရာယ်လို့ သဘောထားပြီး ရင်ဆိုင်ဖြေရှင်းသွားမယ်" လို့ ဖော်ပြထားပါတယ်။

ဟောင်္ကွတ်

မေး။ အမေရိကန်မှာ ၉၁၁ – အရေးအခင်းဖြစ်ပေါ်ပြီး နောက်မှာမှ ANZUS- စာချုပ်ကိစ္စ ပြန်ပေါ်လာတယ်လို့ ထင်ပါတယ်။ ၉၁၁– အရေးအခင်းနဲ့ ANZUS- ရဲ့ ဆက်စပ်မှုကို သိပရစေ။

ဖြေ။ အရပ်သားပြည်သူတွေ ထောင်နဲ့ချီသေကြေတဲ့ အရပ်သားပစ်မှတ်တွေကိုပါ တိုက်ခိုက်တဲ့ ၉၁၁– အရေးအခင်းလို အကြမ်းဖက် လုပ်ကြံမှုကို ကျွန်တော်တို့ ဆန့်ကျင်ပါတယ်။ ဒီအကြမ်းဖက်လုပ်ကြံမှုမှာ တာဝန်ရှိသူတွေကို အခိုင်အမာ သက်သေအထောက်အထားအခိုင်အလုံနဲ့ ရှာဖွေဖော်ထုတ်ပြီး တရားဥပဒေအတိုင်း စီရင်ရမှာပါ။ ဒါပေမဲ့ အမေရိကန်ရဲ့ တုံ့ပြန်ပုံဟာ တရားဥပဒေအတိုင်းလုပ်တာ မဟုတ်ပါဘူး။ တရားဥပဒေအတိုင်းဆိုရင် ကုလသမဂ္ဂဘောင်ထဲက လုပ်ရမှာ ဖြစ်ပါတယ်။ လုံခြုံရေးကောင်စီမှာ ဒီကိစ္စကိုတင်ပြပြီး လုံခြုံရေးကောင်စီကို နာခံလုပ်ဆောင်ရမှာပါ။ ဒါပေမဲ့ အမေရိကန်ဟာ ဒီအခြေအနေကို အခွင့်ကောင်းယူ အသုံးချပြီး ကမ္ဘာကြီးကို လွှမ်းမိုးရေးရည်ရွယ်ချက်အတွက် ခြေလှမ်းတွေ ပြင်ဆင်လိုက်ပါတယ်။ တရားဥပဒေနဲ့ ကိုက်ညီတဲ့ ခြေလှမ်းတွေကိုတော့ ဘာတခုမှ မလုပ်ခဲ့ပါဘူး။ တိုင်းပြည်အများအပြားက အခြေအနေကို ဝင်ထိန်းဖို့ တောင်းဆိုနေကြပေမယ့် ကုလသမဂ္ဂ (UN) ဟာ ဒါမျိုးလုပ်ဖို့ အခွင့်အလမ်းမရခဲ့ပါဘူး။ UN- လုံခြုံရေးကောင်စီဟာ လျစ်လျူရှုထားခံနေရပြီး ရှေ့လုပ်ငန်းတွေကို အမေရိကန်က တဖက်သတ် ဆုံးဖြတ်နေတာပါပဲ။ ဒါဟာ ကုလသမဂ္ဂ အဖွဲ့ဝင် တိုင်းပြည်တပြည်ကို ကျူးကျော်မှုပါ။ ပိုပြီးအရေးကြီးတာက – နောင်မှာ တခြားတိုင်းပြည် အများအပြားဟာလဲ ဒီလိုကျူးကျော်မှုမျိုး ခံရနိုင်တဲ့ အလားအလာ ပွင့်သွားတာပါပဲ။ သားသတ်သမားကို လက်ရဲဇက်ရဲဖြစ်အောင် "စမ်းသပ်မှု" အဖြစ် ခွင့်ပေးလိုက်တာပါပဲ။ အမေရိကန်က

အာဖဂန်အား တိုက်ခိုက်တာဟာ ရေရှည်အကန့်အသတ်မဲ့ စစ်ပွဲသဘောမျိုး ပြောဆိုပါတယ်။ တကမ္ဘာလုံးအနှံ့ လက်ရဲဇက်ရဲ တိုက်ခိုက်မှုဟာ ရေရှည်မှာပါ။ တကမ္ဘာလုံး လှုပ်မိုးအုပ်ချုပ်ရေးဆိုတာ ဒီစစ်ပွဲရဲ့ တကယ့်ရည်ရွယ်ချက်ပါပဲ။ မတရားမှုတွေ တင်းကျမ်းပေါ်မယ့် စစ်ပွဲပါ။

ကျွန်တော်တို့အနေနဲ့ အကြမ်းဖက် လုပ်ကြံရေးဝါဒကို ဆန့်ကျင်သလို အမေရိကန်ရဲ့ ဒီလိုမတရား ရည်ရွယ်ချက်နဲ့လုပ်တဲ့ လုပ်ရပ်ကိုလဲ ဆန့်ကျင်ပါတယ်။

ဒါပေမဲ့ ဩစတြေးလျက John Howard (ဟောင်းဝဲ့တ်) အစိုးရက ဒီစစ်ပွဲကို ထောက်ခံရုံမက ပါဝင်ပြီး အမြတ်ထုတ်ချင်နေတယ်။ ကမ္ဘာကြီးကို ဗိုလ်ကျလှုပ်မိုးရေးမှာ အမေရိကန်နဲ့ မိုက်ဖော်ဆိုးဖက်လုပ်ပြီး ဝေစုရချင်နေတယ်၊ ဒါကြောင့် ANZUS- စာချုပ်ကို ဆွဲထုတ်ပြီး အသုံးချလာပါတယ်။ ANZUS – ထဲက ပုဒ်မ ၄ – ကို သူက ကိုးကားပါတယ်။ စစ်ပွဲထဲ သူပါဖို့ အကြောင်းပြတာပါ။ ဒါပေမဲ့ စာချုပ်ရဲ့ တကယ့်ဆိုလိုချက်ကိုတောင် သူက ရှင်းရှင်းလင်းလင်း မတင်ပြပါဘူး။

မေး။ ANZUS - စာချုပ်အရကော – ဩစတြေးလျ အစိုးရအနေနဲ့ ဒီစစ်ပွဲထဲမှာ ပါဝင်နိုင်ခွင့် ပေးထားပါသလား။

ဖြေ။ ကျွန်တော် ခုနက ကိုးကားခဲ့တဲ့ စာချုပ်ပါ အချက်ဟာ – ပုဒ်မ ၄ ပါပဲ။ အဖွဲ့ဝင် နိုင်ငံတနိုင်ငံအား တိုက်ခိုက်တာဟာ ကျန်အဖွဲ့ဝင် နိုင်ငံ အားလုံးကို တိုက်ခိုက်တာလို့ ခံယူတဲ့သဘောထားပါပဲ။ စစ်ရေးအရ တိုက်ခိုက်မှုလို့ဆိုရာမှာ– အဖွဲ့ဝင်နိုင်ငံ တနိုင်ငံရဲ့ နေပြည်တော် ပိုင်နက် (သို့) ပစိဖိတ်သမုဒ္ဒရာအတွင်း ၎င်းရဲ့ စီရင်ပိုင်ခွင့်အောက်မှာရှိတဲ့ ကျွန်းနယ်မြေပိုင်နက် (သို့) ပစိဖိတ်သမုဒ္ဒရာအတွင်း ၎င်းနိုင်ငံရဲ့ လက်နက်ကိုင်တပ်များ၊ သဘော်များ (သို့) လေယာဉ်များကို တိုက်ခိုက်ရင် ဒါဟာ စစ်ရေးတိုက်ခိုက်မှုမှာ အကျုံးဝင်တယ်လို့ စာချုပ်က ဆိုထားတယ်။

Howard အစိုးရဟာ ဒါကို ကိုးကားပြတယ်။ သူက 'ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာန' နဲ့ 'ပင်တဂွန်' တို့ကို တိုက်ခိုက်တာဟာ 'ပစိဖိတ်ဒေသ' အတွင်း တိုက်ခိုက်တာ ဖြစ်တယ်လို့ အကြောင်းပြလိုပုံ ရပါတယ်။ ဒါသာမက ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းပါ စိတ်ဓာတ်ကို စစ်ရေးအရ တိုက်ခိုက်တာလို့လဲ ပြောကောင်းပြောပါလိမ့်မယ်။

ဒီလို ANZUS စာချုပ်ကို လိုရာဆွဲ ကိုးကားနေပေမယ့် တကယ်က Howard အစိုးရဟာ စာချုပ်ပါ မူတွေကိုတောင် ချိုးဖောက်နေတာပါ။ စာချုပ်ထဲမှာ

"ဤသို့ တိုက်ခိုက်လာသည့် မည်သည့် စစ်ရေးတိုက်ခိုက်မှုမှာမဆို ၎င်းတိုက်ခိုက်မှုကိုရော၊ အကျိုးဆက်အဖြစ် တုံ့ပြန်အရေးယူမှုပါ အားလုံးတို့ကို UN လုံခြုံရေးကောင်စီသို့ အကျိုးအကြောင်း ချက်ချင်းအစီရင်ခံရမည်။ ဤတုံ့ပြန်အရေးယူမှုများသည် လုံခြုံရေးကောင်စီက နိုင်ငံတကာ့ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းတည်တံ့စေရန်အတွက် လိုအပ်သော အရေးယူမှုများ ပြုလုပ်ဆောင်ရွက်သည်နှင့် တပြိုင်နက် ပြီးဆုံး ရပ်စဲသွားစေရမည်။" လို့ အတိအကျ သတ်မှတ်ထားပါတယ်။

ANZUS- စာချုပ်ရဲ့ ပုဒ်မ (၁) မှာလဲ

"ကုလသမဂ္ဂ ပဋိညာဉ် စာတမ်းပါ ကြေညာချက်အတိုင်း အဖွဲ့ဝင် နိုင်ငံများသည် မည်သည့် နိုင်ငံတကာ အငြင်းအခုံ ပြဿနာများတွင် မဆို ပြေလည်မှုရစေရေးအတွက် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တရားမျှတမှုတို့အား အန္တရာယ်မရှိစေသော နည်းလမ်းမျိုးဖြစ်သည့် ငြိမ်းချမ်းသော နည်းလမ်းမျိုးဖြင့် ပါဝင်ရန်နှင့် နိုင်ငံတကာဆက်ဆံရေးတွင် ခြိမ်းခြောက်မှု (သို့) အင်အားအသုံးပြုမှုတို့ကဲ့သို့သော ကုလသမဂ္ဂ၏ ရည်မှန်းချက်နှင့် မကိုက်ညီသည့် မည်သည့်နည်းလမ်းမျိုးကိုမဆို ရှောင်ရှားသွားရန် တာဝန်ယူကြသည်" လို့ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

အမေရိကန်ကို ထောက်ခံပြီး ကိုယ်တိုင်ပါဝင်ဖို့ ကြိုးစားကြတဲ့ ဘလဲ (Blair) အစိုးရပဲဖြစ်ဖြစ် Howard – အစိုးရပဲဖြစ်ဖြစ် အထက်ပါ စာချုပ်ပါ သတ်မှတ်ချက်ထဲက ဘယ်လိုစည်းကမ်းမျိုးတွေကိုမှ လိုက်နာကြတာ မဟုတ်ပါဘူး။ ဒီစည်းကမ်းချက်တွေနဲ့ အညီသာ စစ်ပွဲထဲ ပါဝင်နိုင်တာပါ။ ဒါပေမဲ့ ဩစတြေးလျရဲ့ တကယ့်ရည်ရွယ်ချက်က ဖြစ်တဲ့နည်းနဲ့ အမေရိကန်နောက်လိုက် လုပ်ရေးပါပဲ။ ဒါအတွက် ANZUS - စာချုပ်ကို ပြန်လည်ပွဲထုတ်တယ်။ လိုသလိုဆွဲယူ အသုံးချတယ်။

မေး။ ဩစတြေးလျဟာ အမေရိကန်ရဲ့ နောက်လိုက်ဖြစ်ဖို့ ANZUS - စာချုပ်ချုပ်စဉ်ကတည်းက ပြင်ဆင်ခဲ့တယ်လို့ ဆိုနိုင်ပါသလား။

ဖြေ။ အဲဒီအချိန် (၁၉၅၁) ခုနှစ်မှာ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဖြစ်သူ Herbert Morrison က ပါလီမန်ထဲမှာ ဖော်ထုတ်ဖွင့်ချလိုက်သလိုပဲ ဒီ ANZUS - စာချုပ်ဟာ ဩစတြေးလျနဲ့ နယူးဇီလန်တို့ အနေနဲ့ UK နိုင်ငံက ခွာပြီး USA ဘက် မျက်နှာမူလိုက်တာရဲ့ အမှတ်လက္ခဏာ ဖြစ်ပါတယ်။ ဒါပေမဲ့ နယူးဇီလန်အနေနဲ့ နောက်ပိုင်းမှာ ဒီစာချုပ်အဖွဲ့ဝင်အဖြစ် ဘာမှတက်ကြွမှု မရှိခဲ့ပါဘူး။ ဒါကြောင့် ANZUS ကို AUS လို့သာ ခေါ်သင့်ပါတယ်။ ဘာနာမည်တပ်တပ် ဂျွန်ဟော့ဝပ်ကတော့ အမေရိကန်ကို "ခင်ဗျားတို့ တိုက်မယ်ဆိုရင် ကျွန်တော်လဲ နောက်က ပါမှာပါ။" လို့ ပြောမှာပါ။ ၉၁၁ အရေးအခင်းစတင်ပေါ်တာနဲ့ ဟောဝပ်နဲ့ ဘလဲတို့ဟာ အမေရိကန်လေသံနဲ့ကိုက်အောင် အရင်ဆုံး ကြိုးစားခဲ့သူတွေ ဖြစ်ပါတယ်။

မေး။ (၅၁) ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ANZUS - စာချုပ်ဟာ အခုအချိန်အထိ တရားဝင်နေဆဲပါလား။

ဖြေ။ ဒီစာချုပ်ဟာ အချိန်အကန့်အသတ်မရှိ အတည်ဖြစ်တယ်လို့ သူတို့ ရည်ညွှန်းပြောဆိုကြပါတယ်။ ဒဲ့အပြင် စစ်ရေးစွမ်းရည်ကို အပြန်အလှန် ကူညီထောက်ပံ့တဲ့နည်းတွေနဲ့ ထိန်းသိမ်းမြှင့်တင်သွားရေးဆိုတဲ့ အချက်ကလဲ ပါနေတယ်။ ဒါဟာ ဩစတြေးလျဘက်က အမြဲတမ်းမျှော်လင့်တောင့်တနေတဲ့ အချက်ပါ။ စာချုပ်ကို အချိန်အကန့်အသတ်မဲ့ အတည်ဖြစ်စေချင်တဲ့ဆန္ဒ ဩစတြေးလျဘက်မှာ ရှိနေသလို နောက်လိုက်နောက်ပါ စုဆောင်းနေတဲ့ အမေရိကန်ဘက်မှာလဲ ရှိနေမှာပါပဲ။

မေး။ ဒီ"အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး" ဆိုတဲ့စစ်ရယ်၊ ANZUS - စာချုပ်ရယ်က ဗမာပြည်ကို ဘယ်လိုပတ်သက်လာနိုင်ပါသလဲ။

ဖြေ။ ဗမာပြည်အနေနဲ့ ANZUS - စာချုပ်ကိုရော၊ ဒီဗိုလ်ကျလှုပ်ရှားစစ်ပွဲကိုပါ ကိုယ်နဲ့ မသက်ဆိုင်ဘူးလို့ သဘောမထားသင့်ပါ။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဒေါ်နယ်ရမ်းစဖဲ (Donald Rumsfeld) ပြောပြချက်အရဆိုရင် အကြမ်းဖက်သမားတွေကို ကွန်းခိုခွင့်ပေးတဲ့ (ဒါမှမဟုတ်) "နိုင်ငံတော်အကြမ်းဖက်ဝါဒ" ကျင့်သုံးနေတယ်လို့ အမေရိကန်က သတ်မှတ်တဲ့ နိုင်ငံ (၆၀) ကို အချိန်မရွေး တိုက်ခိုက်နိုင်ပါတယ်။ ဒီနိုင်ငံ (၆၀) စာရင်းမှာ ဗမာပြည် ပါနေတယ်လို့ ဆိုကြတော့ ဗမာပြည်အနေနဲ့ သတိမပြုလို့ မဖြစ်ပါဘူး။ ANZUS - စာချုပ်ကိုကိုင်ပြီး ဒီစစ်ပွဲမှာ ရရာအဆင့် ရရာနေရာကပါမယ့် ဩစတြေးလျဟာ အာရှဘက်မှာဖြစ်တဲ့ စစ်ပွဲဆိုရင်လဲ လက်နှေးမှာ မဟုတ်ပါဘူး။ သူက ဗမာပြည်အရေးမှာ သူ့နည်းသူ့ဟန်နဲ့ လှုပ်ရှားနေသူ မဟုတ်လား။

ဩစတြေးလျဟာ 'အာရှနဲ့ ဖစိဖိတ်ဒေသ' မှာ သူ့အတွက် ဝေစုကို လိုချင်နေသူပါ။ အမေရိကန်ကလဲ လက်ထောက်တွေ ရှာနေတာပါ။ သူ့နေရာနဲ့သူ လက်ထောက်တွေကို သုံးသွားမှာပါ။ ဖိလစ်ပိုင်က မက်ကာပါဂယ် အရိုယို (Macapagal Arroyo) အစိုးရကဆို အမေရိကန်တပ်ကို ခေါ်သွင်းထားပါပြီ။ အာဆီယံ (ASEAN) ထဲမှာကိုပဲ ပြဿနာတွေ ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် တမျိုးသားလုံးအရေးကို ဦးစားပေးရပါမယ်။ နယ်ချဲ့လက်သစ် အန္တရာယ်ကို သတိရှိသင့်ပါတယ်။ မူးယစ်ဆေးဝါး (ဘိန်း) ကို အကြောင်းပြုပြီး ဗမာပြည်ကို ရန်ရှာချင်နေကြတာကို တွေ့နေရပြီ မဟုတ်ပါလား။

– နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ရှင်းကြရမယ်။
– ပြည်တွင်းပြဿနာကို ပြည်တွင်းအင်အားတွေနဲ့ပဲ ရှင်းကြရမယ်။

မက်ကာပါဂယ်အရိုယို

အရှေ့တောင်အာရှထဲ

ကုလားအုတ်ခေါင်းဝင်လာနေပြီ

သတိရှိကြ

ဘုရှ်အစိုးရဟာ မက်ကာပါဂယ်အရိုယို (Macapagal Arroyo) အစိုးရရဲ့ သဘောတူလက်ခံမှုဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ အမေရိကန် တိုက်ခိုက်ရေးတပ်ဖွဲ့ တပ်သား ၆၆၀ စေလွှတ်လိုက်ပါတယ်။ ဒီအထဲမှာ အထူးတပ်သား ၁၆၀ ပါဝင်တယ်လို့ ဆိုပါတယ်။ အဆိုပါတပ်ဟာ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း အဘူဆေယက်ဖ် မူဆလင်ပြောက်ကျားအဖွဲ့နဲ့ ဖိလစ်ပိုင်းအစိုးရတပ်တွေ တိုက်ခိုက်နေတဲ့ တိုက်ပွဲနယ်မြေကို ရောက်နေပြီလို့ သိရပါတယ်။

အခုလို အမေရိကန်တပ် ဝင်ရောက်စွက်ဖက်လာတာအတွက် အကြောင်းပြချက်ကတော့ ယုတ္တိမတန်လှပါဘူး။ အဘူဆေယက်ဖ် မူဆလင်ပြောက်ကျားအဖွဲ့ကို နှိမ်နင်းဖို့ ဘယ်လိကတန် လေ့ကျင့်ရေး (Balikatan Exercise) လို့ နာမည်ပေးထားတဲ့ ပူးတွဲစစ်ရေးလှုပ်ရှားမှုအတွက်လို့ ဆိုပါတယ်။ သူတို့ချေမှုန်းမယ့် အဘူဆေယက်ဖ် မူဆလင်အဖွဲ့ဆိုတာ CIA နဲ့ AFP က မွေးမြူထားတာပါလို့ ဖိလစ်ပိုင်အတိုက်အခံတွေက ပြောကြပါတယ်။

အမေရိကန်တပ်ဟာ ဖိလစ်ပိုင်နိုင်ငံမှာ ၆ လမှ ၁ နှစ်ထိ နေမှာဖြစ်ပြီး လက်နက်ကိုင်ထားမယ်၊ ကိုယ့်ကိုလာပစ်ရင် ပြန်ပစ်မိန့် ပေးထားပြီးလို့ ဆိုပါတယ်။ အထူးတပ်သား ၁၆၀ က ကင်းလှည့်မယ်လို့လည်း သိရပါတယ်။

အမေရိကန် တပ်သားများဟာ မင်ဒါနာအိုမှာသာမက ဖိလစ်ပိုင်မြောက်ပိုင်းရှိ လော်အာ (Laur) နဲ့ လူဇန်ကျွန်းအလယ်ပိုင်း (Nueva Ecija) မှာလည်း စခန်းများ ထူထောင်နေတာကြောင့် သူတို့ရဲ့ စစ်ရေးလှုပ်ရှားမှုဟာ တောင်ပိုင်းမှာသာ လုပ်မှာ မဟုတ်ကြောင်း ဖိလစ်ပိုင် အမျိုးသား ဒီမိုကရက်တစ်တပ်ဦး (NDF) ခေါင်းဆောင် လူးဝစ်စ်ဂျလန်ဒိုနီ (Luis Jalandoni) က ထောက်ပြထားပါတယ်။

မက်ကာပါဂယ်အစိုးရက အခုလို အမေရိကန်တပ်ခေါ်သွင်းလာတာဟာ မနီလာ အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မကိုက်ညီဘူး၊ အခြေခံဥပဒေကို ချိုးဖောက်တာပဲလို့ ဖိလစ်ပိုင်ပြည်သူများနဲ့ အတိုက်အခံ အဖွဲ့အစည်းများက ကန့်ကွက်နေတဲ့ကြားကပဲ ဇန္ဓဝါရီလကုန်ပိုင်းမှာ ပူးတွဲစစ်ရေးလှုပ်ရှားမှုကို စတင်နေပြီလို့ သိရပါတယ်။ ဖိလစ်ပိုင် ဖွဲ့စည်းပုံဥပဒေက နှစ်ဘက်သဘောတူစာချုပ်ဖြင့် ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားစစ်တပ်များ ဝင်ရောက်ခွင့်ကို တားမြစ်ထားပါတယ်။

ဖိလစ်ပိုင်နိုင်ငံဟာ အမေရိကန် နယ်ချဲ့ရဲ့ လှည့်စားကျူးကျော်တာခံရတဲ့ သမိုင်းအတွေ့အကြုံတွေ ရှိခဲ့ပြီး ဖြစ်ပါတယ်။ ၁၈၉၉ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ အမေရိကန်တပ်က ဖိလစ်ပိုင်တော်လှန်ရေး အင်အားစုများကို စတင်တိုက်ခိုက်ခြင်းဖြင့် ဖိလစ်ပိုင် – အမေရိကန်စစ်ကို စတင်ခဲ့ပါတယ်။ ၁၈၉၉ ခု၊ ဖေဖော်ဝါရီ ၁၅ ရက်မှာ မနီလာမြို့တော်မှာနေထိုင်သူ နိုင်ငံခြားသား အားလုံးကို ဖိလစ်ပိုင်တပ်က သတ်ဖြတ်မယ်ဆိုတဲ့ မမှန်မကန်သတင်းများ လွှင့်ထုတ်ပြီး အမေရိကန်တပ်သား ၁၂၆,၀၀၀ ကျော် ပို့လိုက်ကာ ဖိလစ်ပိုင်ပြည်သူများကို ကြမ်းကြမ်းတမ်းတမ်း နှိပ်ကွပ်ခဲ့တာပါ။ ၁၈၉၉ မှ ၁၉၁၃ အထိ ကာလအတွင်းမှာ ဖိလစ်ပိုင်ပြည်သူ ၁.၄ သန်း အထိ သေကျေခဲ့ရပါတယ်။ ဒီသမိုင်းသင်ခန်းစာတွေကို ဖိလစ်ပိုင်ပြည်သူတွေက မမေ့ကြသေးပါဘူး။

ဗီယက်နမ်ကို ဝင်ရောက်ကျူးကျော်တုန်းကလည်း ဒီလိုပါပဲ။ အကြံပေးတွေ၊ လေ့ကျင့်ပေးသူတွေဆိုပြီး စလာတာပါ။ ပြီးတော့ နောက်က စစ်တပ်တွေ လိုက်လာတာပါပဲ။ ဒီနည်းနဲ့ စစ်ကိုတစတစ တိုးချဲ့လာတာပါ။ အဲဒီတုန်းက လုပ်ခဲ့ပုံကို ပြန်ကြည့်လိုက်ရင် ရှင်းနေပါတယ်။

၁၉၅၀ မှာ သမ္မတ ထရူးမင်းက ၃၅ ဦးပါ စစ်ရေးအကြံပေးအဖွဲ့ကို လွှတ်လိုက်ပါတယ်။ ဗီယက်နမ်ကို ကိုလိုနီဆက်လုပ်ထားနိုင်ဖို့ တိုက်နေရတဲ့ ပြင်သစ်ကို ကူညီဖို့ပါ။ ဒီနောက် သမ္မတအိုက်ဆင်ဟောင်ဝါတို့ ကနေဒီတို့ လက်ထက်မှာလည်း ၁၉၅၄ ကနေ တောက်လျှောက်ပဲ – ပထမ အရပ်သားအကြံပေးဆိုပြီး လွှတ်ပါတယ်။ နောက် တောင်ဗီယက်နမ်တွေကို လေ့ကျင့်ပေးဖို့ဆိုပြီး စစ်ဘက်ဆိုင်ရာတွေ ပို့ပါတယ်။

ဖိလစ်ပိုင်ရောက်အမေရိကန်စစ်သားများ

၁၉၆၀ – ဖခ မှာတော့ အမေရိကန် စစ်ရေးအကြံပေးဆိုသူတွေ တောင်ဗီယက်နမ်မှာ ၉၀၀ ကနေ ၁၅,၀၀၀ ထိ ရှိလာပါတယ်။

၁၉၆၄ ခုနှစ်မှာ အမေရိကန်ဟာ စစ်ကိုတိုးချဲ့ဖို့ တုံ့ကင်ပင်လယ်ကွေ့ကိစ္စ ဆိုတာကို ဖော်ထုတ်လာပါတယ်။ မြောက် ဗီယက်နမ် စစ်သင်္ဘောလေးက တုံ့ကင် ပင်လယ်ကွေ့မှာ အမေရိကန် ဖျက်သင်္ဘောကြီး ကို တိုက်ခိုက်တယ်လို့ သတင်းလွှင့်ပါတယ်။ (ကင်းစောင့်လိုက်လာတဲ့ အမေရိကန် လေသူရဲ ကတော့ ဒါတမင်ဖန်တီးတာပဲ၊ မြောက်ဗီယက် နမ်က ဘာမှဝင်တိုက်တာ မဟုတ်ဘူးလို့ ပြောပါတယ်) လက်တုံ့ပြန်တဲ့အနေနဲ့ လေ ကြောင်းကတိုက်ခိုက်ဖို့ သမ္မတဂျွန်ဆင်က အမိန့်ပေးခဲ့ပါတယ်။

ဩဂုတ်လ ၇ ရက်မှာ အမေရိကန် ကွန်ဂရက်လွှတ်တော်က တုံ့ကင်ပင်လယ်ကွေ့ ဆုံးဖြတ်ချက်ကို အတည်ပြုပြီး၊ ဗီယက်နမ်စစ် အောင်နိုင်ရေးအတွက် "လိုအပ်တာအားလုံး ဆောင်ရွက်ဖို့" သမ္မတကို အာဏာပေးခဲ့ ပါတယ်။ စစ်ကိုတိုးချဲ့ဖို့ ခွင့်ပြုခဲ့ပါတယ်။

၁၉၆၅ ဇွန်လမှာ အမေရိကန် အကြံပေး ၂၃,၀၀၀ စစ်ပွဲထဲမှာ ပါဝင်ပါတယ်။ နှစ်ကုန်ပိုင်းမှာ တောင်ဗီယက်နမ်မှာ တိုက်ခိုက်နေတဲ့ အမေရိကန်တပ်သား ၁၈၄,၀၀၀ ရှိပါတယ်။ ၁၉၆၈ မှာ တောင် ဗီယက်နမ်မှာ အမေရိကန်အင်အား ၅၂၅,၀၀၀ ရှိလာပြီး၊ ၁၉၆၉ ဇူလိုမှာတော့ ၅၄၃,၀၀၀ အထိ ရှိနေပါပြီ။ အမေရိကန်သမိုင်းမှာ အရှည်ကြာဆုံး၊ အရက်စက်ဆုံးဖြစ်တဲ့ ဒီစစ်ပွဲ ကနေ ၁၉၇၃ ဇန္နဝါရီလကျမှ ပဲရစ်ငြိမ်းချမ်းရေး စာချုပ်အရ အမေရိကန်တပ်တွေ ထွက်သွား တာပါ။ ဒါတောင်မှ တောင်ဗီယက်နမ် ရုပ်သေး အစိုးရကို အကူအညီ အထောက်အပံ့တွေ ပေးပြီး ဆက်တိုက်ခိုင်းထားပါသေးတယ်။ ၁၉၇၅ ကျမှ ဗီယက်နမ်စစ် လုံးဝပြီးတာပါ။ ဒီစစ်ပွဲမှာ ဗီယက်နမ်ပြည်သူ ၁ . ၃ သန်း သေကျေပြီး၊ ဒုက္ခသည်ပေါင်း ၆ . ၅ သန်း ရှိပါတယ်။

အခုလည်း ဖိလစ်ပိုင်မှာ အမေ ရိကန်တပ်ဝင်စွက်လာတာဟာ ဗီယက်နမ်နိုင်ငံ အသစ်တခု ဖြစ်လာနိုင်တဲ့ အန္တရာယ် ရှိနေတယ်၊ ဒါကြောင့် ဖိလစ်ပိုင်ပြည်သူများ၊ မျိုးချစ်ပြည်ချစ်အင်အားစုများနဲ့ တိုးတက်တဲ့ အဖွဲ့အစည်းများဟာ ကျယ်ပြန့်တဲ့ ညီညွတ် ရေးတပေါင်းစုတရပ်ဖွဲ့ပြီး နောက်ဆုံးပေါ် အမေရိကန်စွက်ဖက်မှုကို စွမ်းအားရှိသမျှ ခုခံဆန့်ကျင်သွားကြဖို့ ဖိလစ်ပိုင် အမျိုးသား ဒီမိုကရက်တစ်တပ်ဦးက ဆော်ဩထား ပါတယ်။

ဖိလစ်ပိုင်လူငယ်များကလည်း နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု AIM ဖွဲ့ပြီး လှုပ်ရှားနေကြပါတယ်။

အမေရိကန်ဟာ "အကြမ်းဖက် ဝါဒဆန့်ကျင်ရေး ကမ္ဘာလုံးစစ် " ဆိုပြီး ကမ္ဘာကို ဗိုလ်ကျလွှမ်းမိုးရေးအတွက် တခြား နိုင်ငံတွေကို ဝင်ရောက်ကျူးကျော်စွက်ဖက်ဖို့ ခြေလှမ်းပြင်နေတာပါ။ အနောက်မီဒီယာတွေ ကဆိုရင် အကြမ်းဖက်ဝါဒ ချေမှုန်းရေးစစ် အဆင့် (၁) က အာဖဂန်မှာ ပြီးသွားပြီ၊ အဆင့် (၂) က အီရတ်ဖြစ်သင့်တယ်လို့ တချို့က ပြောကြပြီး၊ တချို့ကတော့ ဖိလစ်ပိုင်ဖြစ်သင့် တယ်လို့ နှပ်ကြောင်းပေးပါတယ်။

ဘုရှ်က သူ့ရဲ့ အရှေ့အာရှခရီးစဉ် အတွင်း ပြောတဲ့စကားထဲမှာ "ဂျပန်၊ ကိုရီးယား၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတို့အပေါ် အမေရိကန်နိုင်ငံရဲ့ တာဝန်ရှိမှုဟာ ရှိမြဲရှိနေပြီး အခုပိုပြီး တာဝန်ရှိလာတယ် " လို့ ပြောတာ ကြားလိုက်ရပါတယ်။

အခု အမေရိကန်တပ်ဟာ ဖိလစ်ပိုင်ကို ရောက်နေပါပြီ။ အရှေ့တောင် အာရှထဲ ကုလားအုတ်ခေါင်းဝင်လာနေပါပြီ။ နယ်ချဲ့လက်သစ် အန္တရာယ်ကို သတိရှိကြဖို့ လိုပါတယ်။

ဗမာပြည် စစ်အစိုးရ လုပ်နေပုံဟာ အမေရိကန်အနေနဲ့ ဗမာပြည်ဝင်ဖို့ အကြောင်း အချက်တွေ ဖန်တီးပေးသလို ဖြစ်နေပါတယ်။ "နိုင်ငံတော် အကြမ်းဖက်ဝါဒ" အကြောင်းပြ မလား၊ "မူးယစ်ဆေးဝါး" အကြောင်းပြမလား ရပါတယ်။ ဖင်မနိုင်ဘဲ ပဲကြီးဟင်းစားတဲ့ "အဏုမြူဓာတ်ပေါင်းဖို" ကိစ္စ အကြောင်းပြဦး မလား ရပါသေးတယ်။

တမျိုးသားလုံး သွေးစည်းညီညွတ် ကြမှသာ နယ်ချဲ့အန္တရာယ်ကို ကာကွယ် တားဆီးနိုင်မှာပါ။

အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားကြရပါမယ်။ စစ်အုပ်စုအနေနဲ့ တမျိုးသားလုံးအကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုး စီးပွားကိုသာ လုပ်နေရင်၊ စစ်အုပ်စုမင်းဆက် အသက်ရှည်ရေးကိုသာ လုပ်နေရင် အမျိုးသားသွေးစည်းညီညွတ်ရေး တည် ဆောက်နိုင်မှာ မဟုတ်ပါ။ တိုင်းပြည်နစ်မွန်း ပါလိမ့်မယ်။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ၏ (၁၇) ကြိမ်မြောက် ကွန်ဂရက်
နိုင်ငံရေးဆုံးဖြတ်ချက် (မူကြမ်း) နိုင်ငံတကာရေးရာအခန်း
(မတ်လ ၁၉ ရက်မှ ၂၄ ရက်၊ ၂၀၀၂ ခုနှစ်၊ ဟိုင်ဒရာဘတ်)

၁။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စုတွင် အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုများနှင့် ယင်းနောက်ပိုင်း အမေရိကန်နယ်ချဲ့နှင့် ၎င်း၏မဟာမိတ်အချို့တို့ ဆင်နွှဲခဲ့သောစစ်ပွဲတို့သည် နိုင်ငံတကာဖြစ်ပေါ်မှုများအပေါ်တွင် များစွာသက်ရောက်မှု ရှိခဲ့သည်။ အမေရိကန်နယ်ချဲ့သည် ဤအခြေအနေကို အသုံးချ၍ ကမ္ဘာအနှံ့တွင် စီးပွားရေးအရ၊ နိုင်ငံရေးအရနှင့် စစ်ရေးအရ ၎င်း၏ဗိုလ်ကျလွှမ်းမိုးမှုကို တိုးမြှင့်ခိုင်မာစေရန် ကြိုးစားနေသည်။ နိုင်ငံအများအပြားမှ လက်ယာမျက်ကန်းမျိုးချစ်များသည် သူတို့၏ဖောက်ပြန်သော ချုပ်ကိုင်လွှမ်းမိုးမှုကို ခိုင်မာစေရန် လုံးပန်းနေကြသည်။

၂။ ပြင်းထန်သော ကမ္ဘာ့စီးပွားရေးဆုတ်ကပ် ဖြစ်ပွားနေချိန်တွင် ကျွန်တော်တို့၏ပါတီကွန်ဂရက်ကို ကျင်းပနေရခြင်း ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးတိုးပွားမှုသည် ၂၀၀၀ ခုနှစ်တွင် ၄.၂% ရှိရာမှ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တို့တွင် ၂.၄% သာ ရှိမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) မှ အဓိက ၂၉ နိုင်ငံတို့၏ စီးပွားရေးတိုးတက်နှုန်းမှာ ၁ ရာခိုင်နှုန်းမျှသာရှိမည် ဖြစ်သည်။ ယင်းကြောင့် ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုနှုန်းသည်လည်း ၂၀၀၀ ခုနှစ်တွင် ၁၃.၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် ၂.၅ ရာခိုင်နှုန်းသို့ သိသာစွာ ကျဆင်းသွားခဲ့သည်။ စက်တင်ဘာ ၁၁ ဖြစ်ရပ်များနောက်ပိုင်းတွင် ဤနက်ရှိုင်းသော ကမ္ဘာ့အရင်းရှင်စနစ် အကျပ်အတည်းသည် ပိုမိုကြီးထွားလာလိမ့်မည်ဟု ယူဆရပေသည်။ ဤအကျပ်အတည်း၏ ဝန်ထုပ်ဝန်ပိုးများကို ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်သို့ လွှဲချပေးရန် နယ်ချဲ့တို့သည် ကြိုးစားကြပေလိမ့်မည်။ လာမည့်ကာလတွင် တတိယကမ္ဘာအပေါ် ပြင်းထန်စွာသွေးစုပ်နိုင်ရန် ပို၍ကြိုးစားလာကြသည်ကို တွေ့မြင်ကြရပေမည်။

၃။ အာဂျင်တီးနားနိုင်ငံကို စံပြအဖြစ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က သတ်မှတ်ခဲ့သည်။ အိုင်အမ်အက်ဖ်၏ သတ်မှတ်ပြဋ္ဌာန်းချက်အားလုံးကို အာဂျင်တီးနားက လိုက်နာဆောင်ရွက်ခဲ့သည်။ အဓိကစီးပွားရေး အစိတ်အပိုင်းများနှင့် ဘဏ်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့ပြီး နိုင်ငံ၏ငွေကြေးကိုလည်း အမေရိကန်ဒေါ်လာဖြင့် အသေချိတ်ဆက်ခဲ့သည်။ ဤဖြစ်စဉ်အတွင်းတွင် နိုင်ငံခြားကြွေးမြီသည် အမေရိကန်ဒေါ်လာ ၁၃၂ ဘီလျံအထိ ရောက်ရှိခဲ့ပြီး ပြန်လည်မဆပ်နိုင်တော့ပေ။ အလုပ်လက်မဲ့နှုန်းမှာ ၁၈.၃ ရာခိုင်နှုန်းအထိ ကြီးထွားခဲ့သည်။ နိုင်ငံ၏စီးပွားရေးမှာ ချွတ်ခြုံကျခဲ့ပြီး လတ်တလောအုံကြွပေါက်ကွဲမှုများကို ဖြစ်ပေါ်စေခဲ့သည်။ နယ်ချဲ့အရင်းက မဟာအမြတ်အစွန်းများ ရရှိခဲ့ချိန်တွင် ပြည်တွင်းစီးပွားရေးမှာ ပျက်စီးနစ်နာခဲ့ရပြီး ပြည်သူများမှာ အလုပ်လက်မဲ့ များပြားလာခြင်း၊ ဆင်းရဲဒုက္ခတွေ့ကြုံရခြင်းနှင့် နေထိုင်မှုအဆင့်အတန်းလျင်မြန်စွာ ကျဆင်းခြင်းစသော တန်ဖိုးများကို ပေးခဲ့ကြရသည်။

၄။ စက်တင်ဘာ ၁၁ မတိုင်မီကတည်းက အမေရိကန်နယ်ချဲ့က ၎င်း၏နိုင်ငံရေးအရ ဗိုလ်ကျလွှမ်းမိုးမှုကို တိုးချဲ့ခိုင်မာစေရန်အတွက် ရန်လိုကျူးကျော်သော လှုပ်ရှားမှုများကို တွေ့မြင်နေရပြီ ဖြစ်သည်။ ယင်းတို့မှာ ပါလက်စတိုင်းပြည်သူများအပေါ် အစွန်ရေးလ်၏ ရန်စကျူးကျော်မှုများကို တောက်လျှောက်ထောက်ခံအားပေးခြင်း၊ အီရတ်နိုင်ငံအပေါ် စစ်ရေးအရတိုက်ခိုက်မှုများနှင့် လူမဆန်သော တားမြစ်ပိတ်ဆို့မှုများ၊ အမေရိကန်ဦးဆောင်သော နေတိုးအဖွဲ့၏ ယူဂိုဆလားဗီးယားနိုင်ငံကို ၇၈ ရက်ကြာ ဗုံးကြဲတိုက်ခိုက်မှုနှင့် ကိုဆိုဗိုကို နေတိုးအစောင့်ရှောက်ခံအဆင့်သို့ လျှော့ကျစေခဲ့ခြင်းတို့ ဖြစ်သည်။ နေတိုးအဖွဲ့သည် အမေရိကန်၏ ဦးဆောင်မှုဖြင့် ယင်းတို့၏အကျိုးစီးပွားများ တိုးချဲ့ရန်အတွက် မည်သည့်

၂၀၀၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ကျင်းပသော အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ၏လူထုစည်းဝေးပွဲကြီး

ဒေသတွင်မဆို စစ်ရေးအရဝင်ရောက်စွက်ဖက်နိုင်ခွင့်ရှိသည့် မဟာဗျူဟာအယူဝါဒသစ်ကို ချမှတ်ခဲ့ကြသည်။ ဤကာလ၏ အထူးလက္ခဏာရပ်မှာ ကမ္ဘာ့ကုလသမဂ္ဂနှင့် ၎င်း၏နိုင်ငံတကာ အခန်းကဏ္ဍသည် အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏နေတိုးမဟာမိတ်များ၏ အမိန့် အာဏာအောက်သို့ တိုး၍တိုး၍ ရောက်ရှိခဲ့ခြင်းပင် ဖြစ်သည်။

၅။ အမေရိကန်ဦးဆောင်သော နယ်ချဲ့တို့သည် နိုင်ငံတကာဆက်ဆံရေးတွင် အဆင့်သစ်တရပ်ကို အစပျိုးရန်အတွက် လုံးပန်းနေကြပေသည်။ ယူဂိုဆလားဗီးယားနှင့် အီရတ်တို့တွင်တွေ့မြင်ခဲ့ရသော နိုင်ငံတို့၏ အမျိုးသားအချုပ်အခြာအာဏာကို ဖြောင်ကျကျ တိုက်ခိုက်သည့် ဖြစ်ရပ်များ၊ ဖုံဖြိုးဆဲနိုင်ငံတို့၏ စီးပွားရေးများကို ကျွန်ပြုသည့် ဖြစ်စဉ်များနှင့် စစ်အင်အားပေါ်တွင် အခြေခံသည့် ၎င်း၏ဘက်စုံဗိုလ်ကျလွှမ်းမိုးမှုကို တောင့်တင်းခိုင်မာစေသည့် ဖြစ်စဉ်များသည် စက်တင်ဘာ ၁၁ အခြေအနေ နောက်ပိုင်းတွင် ပို၍တိုးများလာခဲ့သည်။ အမေရိကန်နယ်ချဲ့သည် အကြမ်းဖက်ဝါဒအပေါ် ဆင်နွှဲသော ၎င်း၏စိတ်ကြိုက်ပုံစံစစ်ပွဲကို ထောက်ခံသည့်နိုင်ငံများနှင့် အခြားနိုင်ငံများအကြားတွင် ကွဲလွဲမှုဖြစ်ပေါ်စေရန် ကြိုးစားနေပေသည်။ ကမ္ဘာလှမ်းခြိမ့်မှု၏ ဘက်အသီးသီးကို အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတိုက်ပွဲနှင့် ဆက်စပ်ပေးနေသည်။ သဘောထားကွဲသူများနှင့် နယ်ချဲ့စနစ်ဆန့်ကျင်မှုများကို နှိပ်ကွပ်ရန်အတွက် နိုင်ငံတကာအရေးလည်းကောင်း၊ နိုင်ငံတခုချင်းအတွင်းတွင်လည်းကောင်း ဖိနှိပ်ချုပ်ခြယ်သော ဥပဒေများကို လုပ်ကြံအကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးကို အကြောင်းပြု၍ ချမှတ်ရန် ကြိုးစားနေသည်။ စစ်အေးကာလကြေးကြော်သံဖြစ်သော "ကွန်မြူနစ်စနစ် ဆန့်ကျင်ရေးတိုက်ပွဲ" အစား "လုပ်ကြံအကြမ်းဖက်ဝါဒဆန့်ကျင်ရေးတိုက်ပွဲ"ကို အမေရိကန်ဦးဆောင်သော နယ်ချဲ့စနစ်၏ စစ်ခေါ်သံအသစ်အဖြစ် အစားထိုးရန် လုံးပန်းနေကြပေသည်။ ကမ္ဘာ့နေရာအတော်များများတွင် ယင်း၏စစ်အင်အားကို တိုးမြှင့်ချထားရန်လည်း ကြိုးစားနေပေသည်။ တာလီဘန်တို့ကို ဖယ်ရှားပြီးနောက်တွင်လည်း အာဖဂန်နစ္စတန်ကို ၎င်း၏သြဇာအောက်တွင် ဆက်လက်ထားရှိရန် ကြိုးစားနေပေသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ရင်းမြစ်များ လွန်စွာကြွယ်ဝသော ဗဟိုအာရှ၏ဝင်ပေါက်နေရာတွင် တည်ရှိနေသည့် ဤနိုင်ငံ၏ မဟာဗျူဟာအနေအထားကြောင့် ယင်းသို့ကြံရွယ်ခြင်း ဖြစ်သည်။ ယခုအခါ စစ်ပွဲကို အာဖဂန်နစ္စတန်မှကျော်လွန်၍ အီရတ်နှင့်ဆိုမာလီယာကဲ့သို့သော နိုင်ငံများသို့ တိုးချဲ့ရန် ယင်းသည် ကြိုးစားနေပေသည်။

၆။ ဤကာလတွင် ကွန်မြူနစ်နှင့် တိုးတက်သော ဒီမိုကရေစီအင်အားစုများသည် နယ်ချဲ့မှအားပေးသော လူထုဆန့်ကျင်ရေး ပေါ်လစီများကို ဆန့်ကျင်သည့်တိုက်ပွဲများအတွင်းတွင် ပြန်လည်ရှင်သန်ပြီး ပြန်လည်စုဖွဲ့မှုများ ပြုလုပ်လာသည်ကို တွေ့မြင်နေရပေသည်။ ပစ္စည်းမဲ့နိုင်ငံတကာဝါဒအပေါ်တွင် အခြေခံသည့် အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် တိုက်ပွဲတွင် အိန္ဒိယပြည်သူတို့အား မနားတမ်း စည်းရုံးနေသည်။ ကမ္ဘာအနှံ့မှ အဖိနှိပ်အခံရဆုံးနှင့် သွေးစုပ်အခံရဆုံး ပြည်သူများကို စုစည်းနိုင်သည့် တခုတည်းသောနည်းလမ်းဖြစ်သည့် ဘာသာရေးမစွက်သည့် ဒီမိုကရေစီ ကမ္ဘာ့ခုခံတွန်းလှန်မှု ကြီးထွားလာစေရေးအတွက် ပါဝင်ပံ့ပိုးသွားမည် ဖြစ်သည်။ ဆိုရှယ်လစ်ဝါဒ ကာကွယ်ရေးအတွက်နှင့် နယ်ချဲ့တို့၏ ရန်လိုသော စီစဉ်လှုပ်ရှားမှုများကို ရင်ဆိုင်နေရသော ဆိုရှယ်လစ်နိုင်ငံများနှင့် သွေးစည်းညီညွတ်စွာ အခိုင်အမာရပ်တည်ရေးအတွက် မိမိတို့၏ နက်ရှိုင်းသော ပိုင်းဖြတ်ချက်ကို ထပ်လောင်း၍ အတည်ပြုလိုက်ပါသည်။ မိမိတို့၏ဒေသအတွင်းသို့ နယ်ချဲ့တို့သည် အလျင်အမြန် တိုး၍တိုး၍ ဝင်လာနေသော အခါသမယတွင် အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) သည် အိန္ဒိယပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေး အသိစိတ်ဓာတ် မြင့်မားနေစေရန်အတွက် တက်ကြွစွာဖြင့် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ၏ (၁၇) ကြိမ်မြောက် ကွန်ဂရက် နိုင်ငံရေးဆုံးဖြတ်ချက် (မူကြမ်း) နိုင်ငံတကာရေးရာအခန်းမှ ကောက်နုတ်ဘာသာပြန်ပါသည်။

ဒီ/ချုပ်နှင့် နအဖ
‘နိုင်ငံရေးအာဏာ’ ကို
မည်သူက
ကိုင်တွယ်မလဲဆိုသော
ပြဿနာကို မရှင်းနိုင်သမျှ
ဘာမှဖြစ်မြောက်မည်
မဟုတ်ပါ။

အမေရိကန်ထူထောင်နေတဲ့ ကမ္ဘာ့စနစ်

* အသေခံပြီး တဦးချင်းတုံ့ပြန်တိုက်ခိုက်ရရှာတဲ့ အာရပ်တွေကို အကြမ်းဖက်သူလို့ စွပ်စွဲတယ်။ ခေတ်မီလေယာဉ်တွေ၊ တင့်ကားတွေ၊ မြေထိုးစက်တွေနဲ့ ကျူးကျော်သတ်ဖြတ်တဲ့ဂျူးကို ခီးကျူးတဲ့ စနစ်။
* အသေခံဗုံးခွဲသူတွေကို မတရားဆီးနှိုင်ရကောင်းလားလို့ ပါလက်စတိုင်းခေါင်းဆောင် အာရဖတ်ကို အပြစ်တင်တယ်။ အိုကီနာဝါမှ ဂျပန်အမျိုးသမီးလေးတယောက်ကို အမေရိကန်မရိန်းတပ်ကြပ်ကြီး မတရားပြုကျင့်မှုတွင် အမေရိကန်သမ္မတမှာလဲ တာဝန်ရှိတယ်လို့ ... မပြောကြတဲ့ စနစ်။
* ဇင်ဘာဘွေရွေးကောက်ပွဲကို ညစ်ပတ်တယ်လို့ ပြောတယ်။ ဘုရှ် (အငယ်) အနိုင်ရတဲ့ ရွေးကောက်ပွဲကျတော့ စံပြလွတ်လပ်တဲ့ ရွေးကောက်ပွဲလို့ပြောတဲ့ စနစ်။
* ဘာသာတရားချင်းအခြေခံတူရင်၊ အသားအရောင်ချင်းတူရင် ‘ဝံသာနု’ ပြီး၊ မတူရင် ဖိနှိပ်တဲ့ စနစ်။

အဲဒီစနစ်ကို ငါတို့ပြတ်ပြတ်သားသား ကန့်ကွက်တယ်။
ဆန့်ကျင်တယ်။

– နိုင်ငံရေးပြဿနာကို
နိုင်ငံရေးနည်းနဲ့
ရှင်းကြရမယ်။
– ပြည်တွင်းပြဿနာကို
ပြည်တွင်းအင်အားတွေနဲ့ပဲ
ရှင်းကြရမယ်။

[illegible]

အမျိုးသားညီညွတ်ရေးရှိမှ ပြည်တွင်းငြိမ်းချမ်းရေးရှိ၍
ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မည်။

ပြည်တွင်းစစ်ပြဿနာ
ဖြေရှင်းရမယ့်တာဝန်ဟာ
မျိုးဆက်သစ်ရဲ့ ပခုံးပေါ်
ရောက်နေပါပြီ။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေဖြန့်ချိသည်